ဂု ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၈ ၊ ၂၀၁၁)



## ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ဒေါ်လာတန်ဖိုးကို ဈေးကွက်ပေါက်ဈေးအတိုင်း မကြာမီသတ်မှတ်ပေးနိုင်ဖွယ်ရှိ

ပြည်သိမ်း

**ရန်ကုန်၊ စက်တင်ဘာ-၅**

ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံခြားငွေလဲလှယ်ရာတွင် ပြည်တွင်း၌ လက်ရှိတန်ဖိုးဈေးကွက်ပေါက်ဈေးအတိုင်း ယခုလအတွင်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယခုကဲ့သို့ ခွင့်ပြုရခြင်းမှာ ပြည်တွင်း၌ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အရေးပိုမိုရရှိစေပြီး ပြည်တွင်းနိုင်ငံသားများလည်း အလုပ်အကိုင်အခွင့်လမ်းများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း အာဆီယံစီးပွားရေးအသိုင်းအဝန်း(AEC) ၂၀၁၅ ဆိုင်ရာဟောပြောဆွေးနွေးပွဲတွင် အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ဒီအမိန့်ကြော်ငြာစာနဲ့ပတ်သက်ပြီး ရှေ့နေချုပ်ရုံးက ရီဗျူးလုပ်ပြီးသွားပြီ။ နိုင်ငံတော်အကြီးအကဲတွေက အတည်ပြုပြီးရင် ရက်ပိုင်းအတွင်း ထုတ်ပြန်နိုင်မှာပါ"

အချုပ်ပို(D)သို့

## နောက်ကွယ်မှ ရင်းနှီးမြှုပ်နှံနေသော ပြည်ပလုပ်ငန်းရှင်များကိုခွင့်ပြုပေးရန် စီစဉ်

ပြည်သိမ်း

**ရန်ကုန်၊ စက်တင်ဘာ - ၁**

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများက နိုင်ငံသားအမည်ခံ၍ ရှဲဒိုးရင်းနှီးမြှုပ်နှံမှုအဖြစ် အဆိုတင်သွင်းမှုကို ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် ခွင့်ပြုပေးရန်စီစဉ်ထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

စာ(၁၂)သို့

## ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ဥပဒေမူကြမ်းငါးခု အတည်ပြု

**အမြတ်ခွန်ဥပဒေအား ရုပ်သိမ်းပြီး ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် ဥပဒေများကိုပြင်ဆင်လိုက်သည်**

သီဟ

**နေပြည်တော်၊ စက်တင်ဘာ - ၅**

ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာဥပဒေ မူကြမ်းငါးခုအား ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် အတည်ပြုလိုက်သည်။

အဆိုပါဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ဥပဒေမူကြမ်းငါးခုမှာ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်း ခွန်ကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုံးခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ဖြစ်သည်။

အဆိုပါဥပဒေကြမ်းများအား အတည်ပြုပေးနိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်တွင် ကျင်းပခဲ့သည့်

စာ(၁၂)သို့

Zkfur;'Pfu;ay;oGif;a&;a&mifolESifh 6Jyóenwuf
pm(7)odk

ygwDpdkS[ dkvkf rIqifjcufD&m;pdGH
pm(3)odk

oabFm;jzpf ukdifwef;zGGjk¾dukÜD;&
pm(4)odk

urÇjdefp;yGa&;ynm&SdpfDMDRIwG0ifnf
pm(4)odk

## အရန်ဆန်တန်ချိန်ငါးသိန်း ဒီဇင်ဘာလ စတင်ဝယ်ယူမည်

အောင်သူရ


**ရန်ကုန်၊ စက်တင်ဘာ-၁**

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုရှိစေရေးအတွက်ထားရှိမည့်အရန်ဆန်တန်ချိန်တစ်သန်းအနက် ဆန်တန်ချိန်ငါးသိန်းကိုစတင်ဝယ်ယူမည်ဖြစ်ကြောင်းသတင်းရရှိသည်။

စာ(၁၂)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆန်အထူးပြုကုမ္ပဏီများကိုသာ ၂၅မှတ်ဆန် ပြည်ပတင်ပို့ခွင့်ပြုတော့မည်

**ပြည်သိမ်း**


**ရန်ကုန်၊ ဩဂုတ်-၃၁**

ပြည်ပသို့ ဆန်တင်ပို့ရာတွင် ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်းပါဝင်သော ဆန်)အား အထူးပြုကုမ္ပဏီများကိုသာ ဦးစားပေးတင်ပို့ခွင့်ပြုထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

သာမန်ကုမ္ပဏီများထက် အထူးပြုကုမ္ပဏီများကိုသာ အခွင့်အရေး ပိုမိုပေးရခြင်းမှာ အထူးပြုကုမ္ပဏီများသည် လယ်သမားများကို ထောက်ပံ့မှုများ ပေးနေခြင်းနှင့် ရာသီဥတုဖောက်ပြန်သည့်ကာလ ကောက်ပဲသီးနှံများ ဈေးနှုန်းကျသည့်အချိန်တို့တွင် ဆုံးရှုံးမှုများရှိနေခြင်းကြောင့် အသင်း၌ မဲခွဲဆုံးဖြတ်ပြီး ယခုကဲ့သို့ သတ်မှတ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် သာမန်ပြည်ပသို့ ဆန်ပို့သောကုမ္ပဏီများကိုလည်း အထူးပြုကုမ္ပဏီဖွဲ့ရန် တိုက်တွန်းမှုတစ်ခုလည်းဖြစ်သည်။

အထူးပြုကုမ္ပဏီများသည် လယ်သမားများအတွက် ၂၀၀၉-၂၀၁၀မိုးစပါး၊ နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပံ့ပိုးငွေပမာဏ ကျပ်သန်း ၁၆၉၄၇ဒသမ၃၁(၁၆ဒသမ၉၄၇ ဘီလျံ)၊ ၂၀၀၉-၂၀၁၀ ပဲမျိုးစုံစိုက်တောင်သူကို စိုက်ပျိုးစရိတ်နှင့်



သွင်းအားစုတန်ဖိုးငွေ ကျပ် သန်း ၄၁၁၅ဒသမ၉၁သန်း (၄ဒသမ ၁၁၆ဘီလျံ)၊ ၂၀၁၀-၁၁အတွက် မိုး၊ နွေစပါးစိုက်ပျိုးရာသီတွင် ကျပ်သန်း ၂၉၃၁၈ ဒသမ ၆၇သန်း (၂၉ဒသမ၃၁ဘီလျံ)၊ ပဲမျိုးစုံ အတွက်၆၆၄၀ဒသမ၁၈သန်း(၆ဒသမ ၆၄ဘီလျံ)၊ ၂၀၁၁-၁၂ အတွက် မိုးစပါးစိုက်ပျိုးရန် ကျပ် ၁၆၃၃၃ ဒသမ ၅၅သန်း၊(၁၆ဒသမ ၃၃၄ ဘီလျံ) မိုးစိုက်ပဲမျိုးစုံအတွက် ကျပ်သန်း ၈၀၉ဒသမ ၄သန်း အထူးပြုများက ထောက်ပံ့ပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့လည်း နှစ်ဦး၊ သုံးဦးပေါင်းပြီး အထူးပြုဖွဲ့ဖို့စီစဉ်နေတယ်"ဟုပြည်ပသို့ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပဈေးကွက်သို့ ဆန်တင်ပို့ရာတွင် ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)ဆန်မှာ အများဆုံးဖြစ်သည်။ ၅မှတ်၊၁၀မှတ်နှင့်၁၅မှတ်ဆန်တို့ကို အနည်းငယ်သာ တင်ပို့ နိုင်သည်။မြန်မာ့ဆန်၏အဓိကပြည်ပဈေးကွက်မှာ အာဖရိကနိုင်ငံများဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အရှေ့အလယ်ပိုင်းသို့လည်း အနည်းငယ်တင်ပို့ရသည်။

# မိုးနှောင်းနှင့် မိုးလွန် မုန်တိုင်းများ ဖြစ်ပေါ် နိုင်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ -၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးမှအနောက်တောင်မုတ်သုံလေ ဆုတ်ခွာချိန် မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်နှစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မုန်တိုင်းငယ်ဖြစ်ပေါ်မှုကို မိုးနှောင်းကာလအတွင်း ပါဝင်သော စက်တင်ဘာ ၁ ရက်မှ လာမည့် အောက်တိုဘာ ၁၀ ရက် အတွင်းစောင့်ကြည့်ရမည်ဖြစ်သည်။

စာ(၁၂)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# နိုင်ငံရေးပါတီတစ်ခုမှ ဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်အမှုဆောင်ခြောက်ဦးအား အစိုးရဝန်ထမ်းများက တရားစွဲ

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဥက္ကဋ္ဌ အပါအဝင် အလုပ်အမှုဆောင်ခြောက်ဦးကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဝန်ထမ်းများက လှည်းကူးမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားကြောင်း သတင်းရရှိသည်။

အဆိုပါ ပါတီဥက္ကဋ္ဌမှာ ဦးအေးလွင်ဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောပါတီဖြစ်သည်။ ဦးအေးလွင်အပါအဝင် ဗဟိုအလုပ်အမှုဆောင်ခြောက်ဦးအား ဝန်ထမ်းများက လှည်းကူးမြို့နယ်တရားရုံး၌ပြစ်မှုကြီးအမှတ်-၁၁၆၅/၂၀၁၁ဖြင့် အမှုဖွင့်တရားစွဲဆိုထားသည်။ ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက်ညတွင် ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်လမ်း)ရှိ လမ်းဆုံတိုးဂိတ်မှ လမ်းအသုံးပြုခကောက်ခံမှုအပေါ် အထက်ပါပုဂ္ဂိုလ်များက ပြည်ထောင်စုဝန်ကြီးနှင့်အထက်အဆင့်ရှိ နိုင်ငံခေါင်းဆောင်များအား ထိခိုက်ပြောဆိုခြင်းအပြင် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း စော်ကားပြောဆိုသွားခဲ့ခြင်းကြောင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။


တိုးဂိတ်ဝန်ထမ်းများက လမ်းအသုံးပြုခ ကျပ် ၅,၀၀၀ကောက်ခံမှုနှင့်ပတ်သက်၍ ဖြစ်ပွားခြင်းဖြစ်ပြီး ပြောဆိုခံရသော သက်ဆိုင်ရာဝန်ထမ်းများက လှည်းကူးမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားတိုင်ကြားခဲ့သည်ဟုဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်ကလည်း ဥပဒေမဲ့တစ်ဖက်သတ်တရားစွဲဆိုခံနေရသည်ဟုဆိုကာ ၎င်းကိစ္စနှင့်ပတ်သက်၍ အဖြစ်မှန်အသိပေးတင်ပြခြင်းစာကို နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ပြည်ထောင်စုကော်မရှင်သို့လည်း တင်ပြထားကြောင်း သိရသည်။

# သက်တမ်းရင့်သစ်ပင်လဲ၍ ဂျစ်ကားပိမိ

**အိမြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ- ၂**



ဆူးလေဘုရားလမ်းမှ ကမ္ဘာအေးဘုရားလမ်းမသို့ အတက်ယောက်လမ်းကားမှတ်တိုင်ရှေ့တွင် သက်တမ်းရင့် သစ်ပင်တစ်ပင်သည် အမြစ်မှ ထက်ခြမ်းကွဲ၍ လဲကျခဲ့သောကြောင့်လမ်းပေါ်ဖြတ်မောင်းလာသည့် ဂျစ်ကားတစ်စီးပေါ် ပိမိခဲ့သည်။

သစ်ပင်ပိမှုကြောင့် ဂျစ်ကားယာဉ်မောင်းသူလက်ကို ထိခိုက်မိပြီး ဂျစ်ကား အနည်းငယ်ပျက်စီးခဲ့သည်။ ထို့အပြင် မှတ်တိုင်တွင် ရပ်ထားသော 'ဃ'ယာဉ်လိုင်းမှ ယာဉ်တစ်စီး၏ နောက်မှန်များလည်း ထိခိုက်ခဲ့သည်။

အဆိုပါသစ်ပင်သည် လက်ခုပ်ပင်ဖြစ်ပြီး ဗြိတိသျှသံအမတ်ဂေဟာဝင်းနှင့် ကပ်လျက်ခြံစည်းရိုးအစပ်တွင်ပေါက်နေသောအပင်ဖြစ်သည်။ လေတိုက်ခြင်း၊ မိုးရွာခြင်းတို့ကြောင့် မဟုတ်ဘဲ အမြစ်မှတစ်ခြမ်းကွာ၍ ပြိုလဲကျခဲ့ခြင်းဖြစ်ပြီး မလဲဘဲကျန်ခဲ့သောတစ်ခြမ်းမှာမူလအတိုင်းပင် ဆက်ရှိနေသည်။

သစ်ပင်လဲကျမှုကြောင့် ကားလမ်းပိတ်ဆို့မှု အချိန်တစ်နာရီခန့်ကြာအောင် ဖြစ်ပေါ်ခဲ့ရသည်။

ဩဂုတ်လ ၂၅ ရက်ကလည်း အနောက်ရွှေဂုံတိုင်လမ်းပေါ်တွင် သက်တမ်းရင့် ကုက္ကိုပင်တစ်ပင်သည် နှစ်ပင်ပူးပေါက်နေရာမှ တစ်ပင်လဲကျသွားခဲ့ပြီး ၁၀၇ ဟိုင်းလပ်ယာဉ်တစ်စီးပေါ် ပိမိခဲ့သည်။ ဇွန်လအတွင်းကလည်း လှိုင်မြို့နယ် သံလမ်းကားမှတ်တိုင်အနီးတွင်ကုက္ကိုပင်ကြီးတစ်ပင်လဲ၍ ၁၂၄ယာဉ်ပေါ်ပိမိခဲ့ကာ ယာဉ်မောင်းသူနှင့် ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့သည်။

# အဝေးပြေးကုန်တင်ကား လုပ်ငန်းရှင်များ ကုန်တင်ကားတင်သွင်းခွင့် ရလာဖွယ်ရှိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၅**

အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ ကားဂိတ်တိုင်းအား ကုန်တင်ယာဉ်များ တင်သွင်းခွင့်ပြုနိုင်အောင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌဦးလှဦးက စက်တင်ဘာ ၃ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့်အတူ အသင်းရုံး၌အစည်းအဝေးပြုလုပ်စဉ်တွင် ပြောကြားခဲ့သည်။

လတ်တလောအနေဖြင့် အသင်းမှ ကုန်တင်ကားအစီးရေ ၄၀၀ ဝန်းကျင်ထိတင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ အသင်းဝင်ကုန်တင်ယာဉ် ကားဂိတ်အရေအတွက်မှာ ၃၀၀ကျော်သာရှိသည့်အတွက် တစ်ဂိတ်လျှင် အနည်းဆုံးကားတစ်စီးတင်သွင်းနိုင်မည်ဖြစ်သည်။

"ကားတွေသွင်းနိုင်အောင်တော့ စီစဉ်မှုတွေလုပ်နေတယ်။ တင်သွင်းခွင့်ပေးတဲ့အခါမှာ ဂိတ်တွေက အာဆီယံစံနှုန်းနဲ့တင်တဲ့ သူတွေ သတင်းပို့စနစ်လိုက်နာမှုများတဲ့ ဂိတ်တွေကို ဦးစားပေးတင်သွင်းခွင့်ပေးသွားမယ်" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ကုန်တင်ကားများ ကားဂိတ်များမှ တင်သွင်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းကာ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ သို့သော် လက်ရှိကာလအထိ တင်သွင်းနိုင်မည့် ကားတန်ဖိုး၊ အမျိုးအစားနှင့် တင်သွင်းနိုင်မည့်ကာလကို မသိရှိရသေးကြောင်း ဦးလှဦးကပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

CRIME CORNER

## ပွဲတော်များတွင် ကလေးငယ်များ ဆွဲကြိုးကို လိုက်ဖြတ်သူတစ်ဦးအား ဖမ်းမိ

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ- ၂**

တပ်မတော်ခန်းမတွင် ပြုလုပ်သော MRTV-4 ပြပွဲတွင် ကလေးငယ်ထံမှ ဆွဲကြိုးဖြတ်၍ လုယက်သူကိုပြပွဲအတွင်းပင် ဖမ်းဆီးမိခဲ့ပြီးထိုသူသည် ထိုသို့ပွဲတော်များတွင် ကလေးငယ်များထံမှ ဆွဲကြိုးဖြတ်လုယူလေ့ရှိသူဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဆွဲကြိုးဖြတ်သူသည် ဖခင်ပွေ့ချီထားသော ၂ နှစ်အရွယ်ကလေး၏ လည်ပင်းမှ ဆွဲကြိုးကို အရှည် ၃ လက်မခန့်ရှိကတ်ကြေးဖြင့် ဖြတ်ယူခဲ့ခြင်းဖြစ်ပြီး ထိုသို့ဖြတ်ယူခြင်းကို ကလေးဖခင်ကတွေ့ရှိသောကြောင့်အော်ဟစ်အကူအညီတောင်းခံရာမှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

တပ်မတော်ခန်းမတွင်ပြုလုပ်သောပြပွဲများသည်ကြည့်ရှုသူများပြားသောကြောင့် ဝင်ပေါက်၌ လုံခြုံရေးစစ်ဆေးသူများရှိပြီး စက်ဖြင့် စမ်းသပ်ခြင်းအပြင် ခန္ဓာကိုယ်နေရာအနှံ့အား လက်ဖြင့်စမ်းသပ်ခြင်းများပါပြုလုပ်ခဲ့သည့်ကြားမှ ထိုသို့ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

ပြစ်မှုကျူးလွန်သူအား စစ်ဆေးချက်များအရ ထိုသူသည် ၂၀၁၁ နှစ်ဆန်းပိုင်းမှစ၍ တောင်ကြီးတန်ဆောင်တိုင်ပွဲ၊ တောင်ပြုံးပွဲ၊ ပြည်ရွှေဆံတော်ပွဲ၊ ကျောက်ဆည် အမေဂျမ်းပွဲနှင့် ရတနာ့ဂူပွဲတို့တွင် ကလေးများထံမှ ဆွဲကြိုးဖြတ်မှုများကျူးလွန်ခဲ့သည်ဟု သတင်းရရှိသည်။

အသက် ၂၅ နှစ်ရှိ ပဲခူးမြို့တွင် နေထိုင်သူ . . အား တပ်မတော်ခန်းမတွင် ဆွဲကြိုးဖြတ်မှု အတွက် ဒဂုံရဲစခန်း(ပ)၁၃၅/၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ (နိူက်)နှင့်အခြားဆွဲကြိုးဖြတ်မှု ၃ မှုတို့အတွက် ရဲတပ်ဖွဲ့မှ ဆက် လက်ဆောင်ရွက်နေကြောင်းသိရသည်။

## သင်္ဘောသားဖြစ် အကြိုသင်တန်းဖွင့်ခွင့် ပုဂ္ဂလိကကုမ္ပဏီများကိုပါ ခွင့်ပြု

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

သင်္ဘောသားအလုပ်အကိုင်ရရှိရန် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် တက်ရောက်ရသောသင်တန်းများကို ပုဂ္ဂလိကသင်္ဘောကုမ္ပဏီငါးခုကိုပါ စက်တင်ဘာလဆန်းမှစ၍ ဖွင့်ခွင့်ပေးလိုက်ကြောင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသင်တန်းများမှာ Basic Safety Training (BST) နှင့် Pre-sea Training Course များဖြစ်သည်။ ထိုသင်တန်းများကိုပုဂ္ဂလိကကုမ္ပဏီများသို့ ဖွင့်လှစ်ခွင့်ပေးလိုက် ပြီးနောက် သင်တန်းကြေးများကိုလည်း နှစ်ဆအထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ယခင် ရေကြောင်းကောလိပ်တစ်ခုတည်းက ဖွင့်လှစ်သင်ကြားနေချိန်တွင် သင်တန်းကြေးမှာ ၅၀,၀၀၀ ကျပ်ဖြစ်ပြီး၊ ယခု ပုဂ္ဂလိကကုမ္ပဏီများပါ ဖွင့်လှစ်ချိန်တွင် သင်တန်းကြေး ကျပ် ၁၀၀,၀၀၀ အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အထက်ပါ တာဝန်ရှိသူကပြောသည်။

“အရင်က အဲဒီသင်တန်းတွေတက်ရဖို့အချိန်တစ်နှစ်လောက်စောင့်ရတယ်။ အခုလိုဖွင့်လိုက်တဲ့အတွက် အချိန်စောင့်ရတာတွေတော့ တော်တော်သက်သာသွားမယ်။ ဒါပေမဲ့ သင်တန်းကြေး နှစ်ဆကောက်တာတော့ နည်းနည်းများတယ်”ဟု ၎င်းသင်တန်းတက်ရောက်ရန် ပြင်ဆင်နေသူတစ်ဦးကပြောသည်။


လက်ရှိ ဖွင့်လှစ်ခွင့်ပေးလိုက်သော သင်္ဘောကုမ္ပဏီငါးခုမှာ Uniteam Marine (Yangon) Ltd၊ Kabar Services Co.,Ltd၊ Unique Marine Service Co., Ltd၊ MYANSEA ကုမ္ပဏီနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း(MOSA) တို့ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်းမှလည်း အဆိုပါသင်တန်းများကို သင်ကြားသွားမည်ဖြစ်ရာ ကုန်သွယ်ရေကြောင်းကောလိပ်အပါအဝင် သင်တန်းနေရာ ၇ခုဖြစ်လာမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို ရေကြောင်းကောလိပ်တစ်ခုတည်းက ဖွင့်လှစ်ချိန်တွင် တန်းခွဲတစ်ခုလျှင် ကျောင်းသား ၁၂၀ဦးသာ တက်ရောက်နိုင်သော်လည်း ယခုအခါ တန်းခွဲတစ်ခုလျှင် ကျောင်းသား ၅၀၀ ကျော် တက်ရောက်နိုင်မည်ဟုဆိုသည်။

## ကမ္ဘာသိမြန်မာစီးပွားရေးပညာရှင်နှစ်ဦး မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့တွင် ပါဝင်မည်



၂၀၀၇ခုနှစ်က အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ကမ္ဘာကျော် စီးပွားရေးပညာရှင် စတစ်ဂလစ်နှင့်အတူ ဦးသက်ထွန်း၊ ဒေါက်တာဦးမြင့်၊ ရော်နယ်ဖင်လေနှင့် ဦးမြတ်သိန်းတို့ကိုတွေ့ရစဉ်



ဒေါက်တာဦးမြင့်နှင့် ဆရာ ဦးလှမြင့်

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ- ၁**

ကမ္ဘာသိ မြန်မာစီးပွားရေး ပညာရှင်နှစ်ဦးမှာ မကြာမီဖွဲ့စည်းမည့် မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အ ဖွဲ့ (MDRI) တွင်ပါဝင်မည်ဖြစ်ကြောင်းသမ္မတစီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်က ပြောသည်။

“စီးပွားရေးမှာ ကမ္ဘာကျော်၊ ကျွန်တော်တို့ရဲ့ ဆရာ၊ ကျွန်တော်တို့ လေးလည်းလေးစားတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ အားလည်းကိုးတယ်။ ဆရာနှစ်ယောက်ရှိပါတယ်။ တစ်ယောက်ကတော့ဆရာကြီးဒေါက်တာလှမြင့်ပါ။ ပြီးခဲ့တဲ့လက ဘန်ကောက်မှာ တွေ့တော့ သူ့ကို နာယကအဖြစ် ကျွန်တော်ဖိတ်ခေါ်တယ်။ သူလက်ခံပါတယ်။ နောက်တစ်ယောက်ကတော့ ဆရာဖင်လေပါ။ ဆရာဖင်လေ(ရော်နယ်ဖင်လေ)ကလည်း လာဖို့အစီအစဉ်ရှိပါတယ်” ဟု ဒေါက်တာဦးမြင့်က နေပြည်တော်၌ ကျင်းပသော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။ ထိုဆရာကြီးနှစ်ဦးစလုံးမှာ အဖွဲ့၏ အကြံပေးအဖြစ် ပါဝင်ကြမည်ဖြစ်ကြောင်း ဦးမြင့်က စက်တင်ဘာ၁ရက်တွင် ပြောကြားသည်။

မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့ (MDRI- Myanmar Development Resource Institute) ဖွဲ့စည်းရန် နိုင်ငံတော်မှ ခွင့်ပြုချက်ရပြီးဖြစ်ကာ အဖွဲ့ရုံးချုပ်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာစာအဖွဲ့ရုံးနေရာတွင် ဖွင့်လှစ်မည်ဖြစ်သည်။ **စာ(၁၂)သို့**

## လျှပ်စစ်မီးကြိုး ပြတ်ကျ၍ သားအမိနှစ်ဦးသေဆုံး

**စောရန်နိုင်**

**မြိုင်၊**

**ဩဂုတ်- ၂၉**

မြိုင်မြို့နယ်တွင် သားအမိနှစ်ယောက်၊ လက်ချင်းချိတ်ကာ လယ်တောသို့ လမ်းလျှောက်လာစဉ် လျှပ်စစ်မီးကြိုး အထက်မှ ပြတ်ကျပြီး လက်ပေါ်ကျရာမှ နှစ်ဦးစလုံး ဓာတ်လိုက်သေဆုံးခဲ့သည်။

ဩဂုတ်လ ၂၁ရက်၊ နေ့လယ် ၁၂နာရီချိန်ခန့်တွင် မြိုင်မြို့နယ်၊ ဗဟင်းရဲစခန်းမှ ဒုရဲအုပ်ဇော်မိုးဦးမှာ ခေတ္တစခန်းမှူး တာဝန်ယူဆောင်ရွက်နေစဉ် ကျောက်ခွက်ကျေးရွာရာအိမ်မှူး ဦးဖိုးသန်းဆိုသူက အသိပေးအကြောင်းကြားခဲ့သည်။

ဒေါ်ခင်စိုးနှင့် မသန်းရင်တို့ သားအမိမှာ လယ်တောသို့ သွားရန် ၎င်းတို့နှစ်ဦးသည် လက်ချင်းဆက်လမ်းလျှောက်ခဲ့ကြရာ ရေနံတွင်းအမှတ်(၂)ရေနံမြေမှ ကျေးရွာအရှေ့ဘက်ရှိ ဓမ္မပါလ ဘုန်းကြီးကျောင်းသို့သွယ်တန်းထားသော လျှပ်စစ်မီးကြိုးအောက်မှ ဖြတ်သန်းသွားခဲ့စဉ် လျှပ်စစ်မီးကြိုး ပြတ်ကျခဲ့ပြီး ဒေါ်ခင်စိုး၏ လက်ပေါ်ကျရာမှ နှစ်ဦးစလုံး ဓာတ်လိုက်သေဆုံးသွားကြောင်း သက်ဆိုင်ရာရဲစခန်းသို့အကြောင်းကြားသဖြင့် စစ်ဆေးခဲ့ရာ ထိုသေဆုံးမှုမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ်သိရှိနိုင်ရန် ဗဟင်းရဲစခန်းမှသေမှုသေခင်းအမှတ်စဉ် ၅/၁၁ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ကားအရောင်းအဝယ် ရပ်တန့်

ဇာဇာနို

**ရန်ကုန်၊ စက်တင်ဘာ - ၃**

ဇုန်ကားအမည်ခံ ပြည်ပမှတင်သွင်းလာသော ဘက်စုံသုံးယာဉ်များကို ဒဏ်ကြေးငွေပေးဆောင်ရာတွင် ကျပ်ငွေအစား ကန်ဒေါ်လာနှင့် သတ်မှတ်လိုက်သောကြောင့် ကားရောင်းချသူ၊ ဝယ်ယူသူနှင့်ထုတ်လုပ်သူများ မည်သို့ပေးဆောင်သင့်သည်ကို အကျပ်ရိုက်ကာ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးဈေးကွက်တွင်လည်း ယခုလဆန်းပိုင်းမှစ၍ ကားအရောင်းအဝယ် လုံးဝရပ်တန့်သွားကြောင်း အဆိုပါကားရောင်းဝယ်ရေးဈေးကွက်မှစုံစမ်းသိရသည်။

"စက်မှုဇုန်ကားတွေရဲ့ ဒဏ်ကြေးငွေကို ဒေါ်လာနဲ့ ဆောင်ရမယ်လို့ သိရပြီးနောက်မှာ ဒီမှာရောင်းသူ၊ ဝယ်သူပွဲစားတွေ သူတို့အချင်းချင်း ဘယ်သူက ပေးသင့်တယ်ဆိုတာညှိနှိုင်းနေကြရတယ်။ ဇုန်ကားအရောင်းအဝယ်က နည်းနည်းတော့ရှုပ်တယ်။ ပြောရရင် က. ည. နမ္မာနံပါတ်မကျခင်ရောင်းတဲ့သူရှိသလို၊ နံပါတ်လုပ်ပြီးရောင်းတဲ့သူလည်းရှိတော့ ဒီကိစ္စက သုံးဦးစလုံးနဲ့ဆိုင်နေတယ်။ ကားလက်ဝယ်ရှိသူတွေကလည်း ရောင်းလို့မရဖြစ်နေတယ်"ဟု ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားပွဲစားတစ်ဦးကပြောသည်။



**ရန်ကုန်မြို့တွင်း သွားလာနေသော ယာဉ်များကိုတွေ့ရစဉ်**
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဇုန်ကားများ၏ ဒဏ်ကြေးငွေကိုဒေါ်လာဖြင့်သတ်မှတ်လိုက်သည့်အတွက် လတ်တလော ကားဈေးကွက်တွင် ဇုန်ကား အရောင်းအဝယ် လုံးဝရပ်သွားကြောင်းနှင့် မြန်မာမီနီဆလွန်းကားလေးများလည်း ကျပ်သိန်း၃၀ နီးပါးကျဆင်းလာပြီး အခြားကားများလည်း အလားတူကျဆင်းလာသော်လည်း မဝယ်မရှိကြောင်းသိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကားထုတ်လုပ်သူတစ်ဦးက ပြောရာတွင် "ဒဏ်ကြေးငွေကို ဘယ်သူကပေးသင့်လဲဆိုတော့ ရောင်းဝယ်တဲ့ အရောင်းအဝယ်စာချုပ်ပေါ်မှာ မူတည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာချုပ်ထဲမှာ ကားထုတ်လုပ်သူတွေက နံပါတ်ထွက်တဲ့အထိ တာဝန်ယူပါတယ်ဆိုရင်တော့ ထုတ်လုပ်သူနဲ့ဆိုင်တယ်။ ဒါပေမဲ့ တချို့က ကြိုရောင်းတာရှိတဲ့အတွက် ဆောင်ခြင်း မဆောင်ခြင်းဟာ ဝယ်သူ၊ ရောင်းသူ ပေါင်းဆောင်ရတာလည်းရှိတယ်။ ဘယ်သူကတာဝန်ယူတယ်ဆိုတာပုံသေပြောလို့မရဘူး"ဟု 7Day News သို့ပြောသည်။

ယင်းဇုန်ကားများ၏ ဒဏ်ကြေးငွေကို ယခင်က Super Custom ဘက်စုံသုံးယာဉ်တစ်စီးလျှင် ကျပ်သိန်း ၁၀၀၊ အန်စာတုံးပုံ ဘက်စုံသုံးယာဉ်တစ်စီးလျှင် ကျပ်သိန်း ၁၅၀ သတ်မှတ်ခဲ့ရာမှ Super Custom ကားမှာ ဒေါ်လာ ၁၃,၀၀၀၊ အန်စာတုံးပုံကားမှာ ကျပ်သိန်း ၁၅၀ နှင့်ညီမျှသော ကန်ဒေါ်လာပေးဆောင်ရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားငွေရှိသူများအနေဖြင့် မကြာခင် ပြည်ပမှကားတင်သွင်းခွင့် ရတော့မည်ဟူသော သတင်းများလည်း ထွက်ပေါ်လျက်ရှိရာ ယင်းအခြေအနေများက လတ်တလော ကားအရောင်းအဝယ်ဈေးကွက်ကို ရပ်တန့်နေခြင်းဖြစ်ကြောင်းသိရသည်။

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ငွေချေးရာတွင် အတိုးပိုယူသူအချို့ရှိနေ

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်အဖြစ် ချေးငွေများထုတ်ပေးရာတွင် သတ်မှတ်အတိုးနှုန်းထက် ပိုမိုကောက်ခံနေသူအချို့ ရှိနေကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူများကို အတိုးနှုန်းသက်သာစွာဖြင့် အသေးစားငွေချေးပေးခြင်းလုပ်ငန်းများကို သမဝါယမအသင်းများနှင့် သက်ဆိုင်ရာဌာနတို့က စတင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ချေးငွေများပေးရာတွင် အချို့မြို့နယ်များ၌ ငွေချေးပေးသူများက အတိုးနှုန်းပိုယူနေခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ အတိုးနှုန်းကို ၂ ကျပ် ၅၀ ပြားသာ ကောက်ခံရန် သတ်မှတ်သော်လည်း အချို့မြို့နယ်များ၌ ၅ ကျပ်အထိ ကောက်ခံနေကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

ထို့ကြောင့် အတိုးနှုန်းပိုယူနေခြင်းကို စိစစ်ကြပ်မတ်ရန် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများသို့ညွှန်ကြားထားကြောင်းလည်းသတင်းရရှိသည်။

# ဒေါ်လာအပေါ်ယုံကြည်မှု ပြန်တက်လာ

အောင်သူရ

**ရန်ကုန်၊ စက်တင်ဘာ - ၃**


ပြင်ပငွေကြေးလဲလှယ်သောဈေးကွက်တွင် ဟွန်ဒီနှင့်လွှဲသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ဈေးကွက်အတွင်း တိုက်ရိုက်ရောင်းဝယ်သောဈေးထက် လျော့နည်းသွားကြောင်းသတင်းရရှိသည်။

ဩဂုတ်လနောက်ဆုံးပတ်မှစ၍ တိုက်ရိုက်ရောင်းချသောဈေးထက် လျော့နည်းလာခဲ့ပြီး စက်တင်ဘာ ၁ရက်တွင် ဟွန်ဒီဖြင့် လွှဲသောဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် ၇၅၀ကျပ်နှင့်ဈေးပိတ်ခဲ့ပြီး တိုက်ရိုက်ရောင်းချသောဈေးမှာ ၇၇၀ ကျပ်နှင့်ဈေးပိတ်ခဲ့သည်။

"အရင်ကတော့ အဝေး(ဟွန်ဒီ)က ၁၀ကျပ်လောက်အမြဲ ပိုတယ်။ ဒေါ်လာကို ယုံကြည်မှုပိုများလာပြီး အဝယ်လိုက်လာတော့ ဈေးတက်သွားတာ"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကသုံးသပ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းမှစ၍ ဈေးပြန်လည်တက်လာစေရန် ဇုန်ကားများ၏ ဒဏ်ကြေးကို ကျပ်ငွေအစား ဒေါ်လာဖြင့်ပေးချေရန် သတ်မှတ်ပေးခဲ့သည်။

ထို့ကြောင့် တစ်ဒေါ်လာလျှင် ကျပ် ၇၀၀အောက်ရောက်သွားသော ဒေါ်လာဈေးမှာ ဩဂုတ်လနောက်ဆုံးပတ်မှပြန်လည်ဈေးတက်လာခဲ့ပြီး တစ်ဒေါ်လာ ၇၇၀ကျပ်နှင့် ပို့ကုန်ရငွေတစ်ယူနစ်လျှင် ၇၈၀ ကျပ်နှင့်ဈေးပိတ်ခဲ့သည်။




Anti Aging Formula
ALODISE


ZECUF


CASIO
METAL FASHION
Analog Digital
Combination
Marco Worldwide Sdn Bhd

7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# ဇုန်ကားဒဏ်ကြေးပေးသွင်းရေး ရောင်းသူနှင့်ဝယ်သူပြဿနာတက်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ - ၁

**ဇုန်ကား ဒဏ်ကြေးပေးဆောင်ခြင်းနှင့်ပတ်သက်၍ ကားထုတ်လုပ်သည့်လုပ်ငန်းနှင့် ကားဝယ်ထားသူများကြား ပြဿနာများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။**



ရန်ကုန်မြို့တစ်နေရာတွင် ဟိုက်အေ့စ်အပါအဝင် ယာဉ်များကို တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်း၌ မထုတ်လုပ်ဘဲ ပြည်ပမှ အစီးလိုက် တင်သွင်းလာသော ဇုန်ကားအမည်ခံ တရားမဝင်ကားများကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဩဂုတ်လမှစ၍ ဒဏ်ကြေးပေးဆောင်ပြီးမှ အိုင်စီထုတ်ပေးနေသည်။ အဆိုပါဒဏ်ကြေးကို ကားထုတ်လုပ်သည့် စက်ရုံများကသာ ပေးသွင်းရန် တာဝန်ရှိပြီး၊ ပေးသွင်းစေခဲ့သည်။ သို့သော် အဆိုပါဒဏ်ကြေးကို ကားထုတ်လုပ်သည့် စက်ရုံအများစုက မဆောင်ဘဲ မသိဟန်ပြုကာ ကားဝယ်ထားသူများကိုသာ ပေးဆောင်နေစေသည်ဟု ကားဝယ်ထားသူများကပြောသည်။

"ကျွန်တော်က သူတို့ ကားထုတ်သူများကိုပြောတယ်။ ခင်ဗျားတို့ပေးရမှာ၊ ဝယ်တဲ့သူတွေမပေးရဘူး။ ထုတ်လုပ်သူတွေပေးရမှာ။ ဒါပေမဲ့ လက်တွေ့မှာ ဘယ်လိုဖြစ်နေလဲတော့မသိဘူး။ ထုတ်လုပ်တဲ့သူကပဲ ပေးရမှာ။ ဝယ်တဲ့သူကမပေးရဘူး"ဟုစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဩဂုတ် ၂၈ ရက်တွင် 7Day News ၏ မေးမြန်းမှုကို တရားဝင်ဖြေကြားခဲ့သည်။

ဒဏ်ကြေးကိုကားထုတ်လုပ်သူကသာ ဆောင်ရမည်ဖြစ်ပြီး၊ ဝယ်ထားသူများက မပေးရကြောင်း တရားဝင်သတင်းထွက်ပေါ်လာပြီးနောက် ထုတ်လုပ်သူနှင့် ကားဝယ်ထားသူများကြားတွင် အငြင်းပွားမှုများ ကျယ်ကျယ်လောင်လောင်ဖြစ်ပေါ်လာသည်။ စက်ရုံအချို့မှာ ဒဏ်ကြေးကို ပေးဆောင်သော်လည်း၊ စက်ရုံအများစုမှာ ဒဏ်ကြေးမဆောင်ကြပေ။

"ကားထုတ်လုပ်သူက သူတို့ကတော့ ဆောင်မပေးဘူး။ ကိုယ့်ဘာသာကိုယ် ဆောင်ရင်ဆောင်၊ မဆောင်ရင် ကိုယ်ဝယ်ထားတဲ့ကား without (တရားမဝင်ကား) ဖြစ်ရုံပဲလို့ပြောတယ်"ဟု Super Custom ကားတစ်စီး ဝယ်ထားမိသူတစ်ဦးကပြောသည်။

"ကျွန်တော့်သူငယ်ချင်းကတော့ ကားထုတ်လုပ်ရေးကို ခင်ဗျားတို့ သွင်းပေးရမယ်ပြောလိုက်တော့ သူတို့ကသွင်းပေးလို့အဆင်ပြေသွားတယ်။

စာ(၁၂)သို့

# မြန်မာသီချင်းများကို MP3 Format ဖြင့် ကူးယူပေးသူများအား တရားစွဲမည်ဟုဆို

အေးသူစံ

ရန်ကုန်၊ စက်တင်ဘာ- ၁

မြန်မာသီချင်းများကို MP3 Formatဖြင့် တယ်လီဖုန်းဟန်းဆက်များ၊ အမ်ပီသရီး၊ အမ်ပီဖိုးကဲ့သို့ ဒစ်ဂျစ်တယ်ပစ္စည်းများအတွင်းသို့ ကူးယူပေးသူများအား မြန်မာနိုင်ငံဂီတအစည်းအရုံးက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ကြောင့် ဟန်းဆက်များ၊ အမ်ပီသရီး၊ အမ်ပီဖိုးနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများ ရောင်းချသူများအနေဖြင့် လုပ်ငန်းအတွင်း တရားမဝင်ကူးယူရောင်းချနေခြင်းရှိပါက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် အသိပေးမေတ္တာရပ်ခံသော ကြေညာချက်ကို ဩဂုတ်လ ၂၅ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

'အချို့သောလုပ်ငန်းများသည် မြန်မာနိုင်ငံဂီတ အစည်းအရုံးဝင် အနုပညာရှင်အတတ်ပညာရှင်နှင့် ထုတ်လုပ်သူတို့ပိုင်ဆိုင်သော တေးသီချင်းများကို မိမိပိုင်ပစ္စည်းကဲ့သို့သဘောထား၍ MP3 Format ဖြင့် ပရိုမိုးရှင်းအဖြစ် အခမဲ့ကူးယူပေးခြင်း၊ အခကြေးငွေဖြင့် ကူးယူပေးခြင်းတို့ကို သတင်းစာ၊ ဂျာနယ်တို့တွင်ပါ ကြော်ငြာ၍ ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နေကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ကူးယူပေးနေခြင်းကြောင့် မူပိုင်ခွင့်ရှိသော အနုပညာရှင်၊ အတတ်ပညာရှင်နှင့် ထုတ်လုပ်သူများအနေဖြင့် များစွာထိခိုက်နစ်နာနေသကဲ့သို့ တည်ဆဲမူပိုင်ဥပဒေများကို ချိုးဖောက်ရာရောက်နေပါသဖြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေဖြင့် တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း' ကြေညာချက်တွင် ဖော်ပြထားသည်။

"ဒီကြေညာချက်တွေကို အခု ရန်ကုန်မြို့တွင်းကဖုန်းဆိုင်တွေကိုပို့ပေးထားပါတယ်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဟာအဖွဲ့ဝင် အနုပညာရှင်တွေပိုင်ဆိုင်တဲ့ တေးသီချင်းတွေနဲ့ပတ်သက်ပြီး ရပိုင်ခွင့် တွေတောင်းခံခြင်း၊ အလွဲအသုံးပြုမှုတွေကို ကာကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေတဲ့ အဖွဲ့ဖြစ်ပါတယ်။ အခု ဒီကြေညာချက်ကို ထုတ်ပြန်ရတာကလည်း လမ်းဘေးမှာ ခိုးကူးခွေတွေ ရောင်းမှ ခိုးကူးတာမဟုတ်ဘူး။ ဒီလို သီချင်းတွေကို ကိုယ့်သဘောနဲ့ကို သွင်းပေးတာကလည်း ခိုးကူးသဘောပါပဲ။ ခုနောက်ပိုင်းဒါကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားပါမယ်" ဟု ထိုအစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "သူတို့ကိုယ်တိုင်ကျတော့ နိုင်ငံခြားသီချင်းတွေကို ကော်ပီချည်းပဲဆို ပြီး အဲဒီကော်ပီသီချင်း ကူးနားထောင်တဲ့သူတွေကျတော့ ခိုးကူးနားထောင်တယ်ပြောတာ သိပ်မဟုတ်ဘူးထင်တယ်" ဟု သီချင်းစုံနားထောင်သူတစ်ဦးက သူ၏အမြင်ကိုပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## ၂၀၁၁ ခုနှစ် စက်တင်ဘာ ၇ရက်မှ ၁၃ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်သော်လည်း၊ မုန်တိုင်းတစ်ခုအဖြစ်ရောက်ရှိလာနိုင်ဖွယ်ရာ မရှိသေးဟု ခန့်မှန်းရပါတယ်။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အလယ်ပိုင်း၊ တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအနည်းငယ် ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် မိုးသက်လေပြင်းများ ရံဖန်ရန်ခါကျရောက်ပြီး ခေတ္တမျှလှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅ မိုင်မှ ၃၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကိုးကိုးကျွန်းအနီးတဝိုက်ရေပြင်မှာ လှိုင်းအမြင့် ၅ ပေခန့်အထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့် (၂၆-၈-၂၀၁၁) မှ (၂-၉-၂၀၁၁) ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်း မိုးရေချိန် ၀ဒသမ ၂ မှ ၀ဒသမ၈ လက်မ အထိ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုးရေချိန် ၀ဒသမ၈ လက်မမှ ၂ လက်မအထိ ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီတိုင်းအလယ်ပိုင်း နဲ့ မြောက်ပိုင်း၊ ရန်ကုန်တိုင်း၊ပဲခူးတိုင်းအရှေ့ပိုင်း၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မိုးရေချိန် ၂ လက်မ မှ ၄ လက်မအထိ ရခိုင်ပြည်နယ် အတွင်းပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်း အရှေ့ပိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်း နဲ့ တောင်ပိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း တို့ဖြစ်ကြပါတယ်။

ခန့်မှန်းရက်သတ္တပတ်အတွင်း မိုးအားလျော့သွားနိုင်တယ်လို့ ခန့်မှန်းရတာကြောင့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့မှာ (၇)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းတောင်ပိုင်းတို့မှာ (၆)ရက်ခန့်၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းမြောက်ပိုင်းတွေမှာ (၅)ရက်ခန့်၊ ကျန်ဒေသတွေ ဖြစ်ကြတဲ့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တို့မှာ (၂)ရက်မှ (၃)ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ တစ်ပြည်လုံးမှာ နေ့အပူချိန်များဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များအထက်ကို ဆက်လက်ပြီး ပြန်တက်လာနိုင်တဲ့အတွက် စိုးရိမ်ရေအမှတ်များအထက်ကျော်လွန်ရောက်ရှိနေသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဒုဋ္ဌဝတီမြစ်၊ သံလွင်မြစ်ရေနဲ့ စစ်တောင်းမြစ်ရေများကတော့ စိုးရိမ်ရေအမှတ်များဝန်းကျင်မှာ ဆက်လက် ရှိနေနိုင်ပါတယ်။ အခြားသောမြစ်များတွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်း(၂)လုံး ဆက်လက်ဖြစ်ပေါ်နေနိုင်သော်လည်း အရှေ့မြောက်ဘက်ကိုသာ ဦးတည်ရွေ့လျားသွားမှာဖြစ်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံအပေါ်ကို အရှေ့ဘက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှု မရှိနိုင်ပါ။ **ဒေါက်တာထွန်းလွင်**

# ပါရဂူစာပေမှုပိုင်ခွင့်ကော်မတီ ဖွဲ့စည်း

**သန်းဒွေး**

**ရန်ကုန်၊ ဩဂုတ်-၂၉**

စာရေးဆရာကြီးပါရဂူစာပေမှုပိုင်ခွင့် ကော်မတီအား ဖွဲ့စည်းပြီးဖြစ်သောကြောင့် ထုတ်ဝေသူများ ဆက်သွယ်ကာ စာမူခပေးအပ်ကြရမည်ဖြစ်ကြောင်း ကော်မတီဝင် စာရေးဆရာမှုပိုင်ခွင့် ဥပဒေပညာရှင်ဦးအောင်စိုးဦးကပြောသည်။

"သူဆုံးပါးသွားရင် သူရေးထားတဲ့ စာမူတွေကရတဲ့ စာမူခကို သူ့စာကြည့်တိုက်မှာ သုံးပါလို့မှာခဲ့လို့ပါ" ဟု ၎င်းကပြောသည်။

အဆိုပါ စာမူခများမှ ရရှိသည့် ငွေများကိုသီးသန့်ဘဏ်စာရင်းဖွင့်လှစ်ကာ အလှူရှင်များ ငွေနှင့်စုပေါင်းပြီး ငွေပဒေသာပင် စိုက်မည်ဖြစ်သည်။ ဘဏ်အပ်ငွေမှရသည့် အတိုးများကိုသာ စာကြည့်တိုက်အတွက် လစဉ်ကုန်ကျစရိတ်များတွင် သုံးစွဲမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

စာရေးဆရာကြီး ပါရဂူ တည်ဆောက်ထားသော စာကြည့်တိုက်အမည်မှာ ပါရဂူရဲ့ငြိမ်းချမ်းရာ ဘုံဌာနဟူ၍ အမည်ပွာယ်ရသော ပါရဂူရှန်တိနိကေတန်စာကြည့်တိုက်ဖြစ်သည်။

အကယ်၍ စာပေမှုပိုင်ခွင့်ကို ချိုးဖောက်ကာလုပ်ကိုင်ဆောင်ရွက်မှုများအား စုံစမ်းဖော်ထုတ်တွေ့ရှိပါက ဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း ၎င်းတို့ကော်မတီဝင်များကပြောသည်။

အထက်ပါ ကော်မတီအား ဩဂုတ် ၁၈ ရက်က ကော်မတီဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အလားတူ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး အီကြာကွေး၊ ဆရာကြီး လင်းယုန်သစ်လွင် စာပေမှုပိုင်ခွင့် ကော်မတီများကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မကြာမီကာလတွင် ဆရာကြီးပါရဂူဖောင်ဒေးရှင်းတစ်ရပ်ကို ပါထူထောင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ ဆက်သွယ်စုံစမ်းလှူဒါန်းလိုသူများ ဦးအောင်စိုးဦး ဖုန်း နံပါတ် ၀၉-၈၀-၂၄၁၄၁ နှင့် ကော်မတီဝင်များသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

# ကုန်သွယ်ခွန်ကောက်ခံခြင်းကင်းလွတ်ခွင့်ပြုသည့်ပို့ကုန်အမယ်များ ထပ်မံတိုးမြှင့်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

ပြည်ပပို့ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်းများ၏ ပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကိုငါးလခွဲအခွန်ကင်းလွတ်ခွင့်ပြုလိုက်သည်။

၎င်းတို့ကို အခွန်ကင်းလွတ်ခွင့်ပေးလိုက်ခြင်းမှာ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ-၈၊ ပုဒ်မခွဲ(ဃ)အရ ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၃/ ၂၀၁၁ ဖြင့် စက်တင်ဘာ ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြပါရှိသည်။

အဆိုပါ တန်ဖိုးမြင့်ပစ္စည်းများ၏ အခွန်ကင်းလွတ်ခွင့်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ အကျိုးသက်ရောက်စေမည်ဖြစ်သည်။

"အခွန်ကင်းလွတ်ခွင့်ပေးလိုက်လို့ တင်ပို့တဲ့ပမာဏကတော့ တက်မသွားနိုင်ဘူး။ ဒါပေမဲ့ လုပ်ငန်းရှင်တွေအတွက် အခွန်မဆောင်ရတော့ အမြတ်ငွေပိုရသလို ဖြစ်သွားတာပေါ့"ဟု သစ်အချောထည်ဈေးကွက်ရရှိရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ယင်းတန်ဖိုးမြင့်ပစ္စည်းများကိုဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ကို အဓိကတင်ပို့နေပြီး စင်ကာပူနိုင်ငံမှတစ်ဆင့် ဥရောပနိုင်ငံများဖြစ်သော အီတလီ၊ ဂျာမနီ၊ ပြင်သစ်စသောနိုင်ငံများသို့လည်း ရောက်ရှိကြောင်း သိရသည်။

"အခု အခွန်ကင်းလွတ်ခွင့် ပေးလိုက်တော့ နားမယ်ဆိုတဲ့ စက်ရုံတွေလည်း မနားဘဲ ဆက်လည်ပတ်ကြမယ်လို့တော့ ကြားနေရတယ်"ဟု သစ်အချောထည်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

သစ်အချောထည်စက်ရုံ ၁၀၀ ကျော်ရှိသည့်အနက် လတ်တလောတွင် စက်ရုံ ၅၀ ခန့်လည်ပတ်မှုရှိနေသေးကြောင်းသိရသည်။


ပို့ကုန်လုပ်ငန်းများအပေါ် ကုန်သွယ်ခွန်ကောက်ခြင်းကို ဇူလိုင် ၁ ရက်မှစကာ ၃ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်။ ထို့အပြင် ကုန်ပစ္စည်းခုနစ်မျိုးဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ရာဘာ၊ ပြောင်း၊ နှမ်း၊ ရေချိုနှင့် ရေငန်ထွက်ကုန် (ကန့်သတ်ထားသောကုန်စည်မပါ)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကို ခြောက်လ ကင်းလွတ်ခွင့်ပြုလိုက်သည်။

# အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲများကျင်းပသွားမည်

**ရန်ကုန်-စက်တင်ဘာ ၂**

**မြန်မာနိုင်ငံရှိအဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများလုပ်ဆောင်နေသူများနှင့်ပညာရှင်များပူးပေါင်းကာအစိမ်းရောင်စီးပွားရေးနှင့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာလဆန်းရက်များတွင် နေပြည်တော်နှင့်ရန်ကုန်မြို့များတွင်ပြုလုပ်သွားရန်စီစဉ်နေကြောင်းသိရသည်။**

အဆိုပါဆွေးနွေးပွဲတွင်အစိမ်းရောင်ဟုတင်စားခေါ်ဝေါ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့်ဆက်နွယ်၍ စီးပွားရေး၊ဘဏ္ဍာရေးနှင့် ပေါ်လစီဆိုင်ရာနိုင်ငံတကာအလားအလာများကိုဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲများကို နေပြည်တော်တွင်နိုဝင်ဘာ၁ရက်နှင့် ၂ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်တွင်နိုဝင်ဘာ ၃နှင့်၄ရက်များတွင် ကျင်းပဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲဖြစ်မြောက်ရေးတွင် သစ်တောပညာရှင်များ၊ ဗိသုကာ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ မိုးလေဝသနှင့်ဇလဗေဒပညာရှင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များပါဝင်သည်။ ဆွေးနွေးပွဲတွင် ဆွေးနွေးသွားမည့်အကြောင်းအရာများမှာ အကြမ်းဖျင်းအားဖြင့် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ပေါ်လစီအဆုံးအဖြတ်နှင့် အလားအလာများ၊ ဘဏ္ဍာရေးနှင့်စီးပွားရေး၊စသည့်အကြောင်းအရာများကိုနေပြည်တော်တွင် ၂ရက်ကြာဆွေးနွေးမည်ဖြစ်ပြီး ရန်ကုန်တွင်မူမြန်မာနိုင်ငံရှိအစိမ်းရောင်ကျေးရွာများဟုခေါ်သောသဘာဝနှင့်နီးစပ်သောရွာများအကြောင်းနှင့်သဘာဝနှင့် နီးစပ်အောင်ဆောက်လုပ်ထားသောအစိမ်းရောင် အဆောက်အအုံများနှင့် သဘာဝစနစ်များ ရေရှည်တည်တံ့စေရန် အချက်အလက်များကိုအဓိကထားဆွေးနွေးသွားကြမည်ဖြစ်သောဆွေးနွေးပွဲ အစီအစဉ်များအရသိရသည်။



Life
7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011



# ဆန္ဒအတိုင်းသာ ပြည့်ခဲ့လျှင်

နဝရတ်(ဂုဏ်/ရှုပ)

**လူတိုင်း လူတိုင်းတွင် ဆန္ဒကိုယ်စီရှိကြပေသည်။ ဆန္ဒဟူသည် ပြည့်ဝမှုရှိသကဲ့သို့ မပြည့်ဝမှုလည်းရှိတတ်ပေ၏။ မိမိ၏ဆန္ဒကို အကောင်အထည်ဖော်ရာတွင် ရည်မှန်းထားသည့်အချက်နှင့် ကိုက်ညီမှုရှိသကဲ့သို့ မကိုက်ညီသောအခါမျိုးတွင်လည်း ရောင့်ရဲမှုနှင့်အစားထိုးကာ စိတ်ကျေနပ်လိုက်ရမှုများလည်း ကြုံရတတ်ပေသည်။**

**အထူးသဖြင့် လိုအပ်ချက်များပြားလှသော ဤလောကကြီးထဲတွင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရုန်းကန်နေကြရသော လူတန်းစားထုကြီး၏ ရင်ထဲတွင်လည်း ဆန္ဒကိုယ်စီနှင့် လောကဓံတရား၏ စေညွှန်ရာနောက်သို့ တကောက်ကောက်လိုက်နေရပေသည်။**

ကျွန်မတို့ဖြစ်တည်နေသော ဘဝများစွာသည် 'ပျော်ရာမှာမနေရ၊ တော်ရာတွင်နေရ' ဟူသော စကားပုံကဲ့သို့ ရောက်ရာဘဝတွင် နေတတ်အောင်နေထိုင်ရင်း ကြီးပြင်းရှင်သန်ခဲ့ရာ ဒေသအလွမ်းကိုရင်မှာ ပွေ့ပိုက်ကာနေရသူအများအပြားရှိနေပေလိမ့်မည်။ အထူးသဖြင့် ကျွန်မတို့မိသားစုကို ကွက်ကွင်း၍ ကြည့်မည်ဆိုလျှင် အမေသည် တောတွင်မွေးဖွားကာ၊ တောတွင်ကြီးပြင်းခဲ့ရသူပင်။ တောတွင်ရှင်သန်ကြီးပြင်းရသူပီပီ သစ်ပင်ကိုချစ်သည်။ မြေကြီးကို ခင်တွယ်သည်။ တောဓလေ့၊ တောအငွေ့ကို မက်မောစွာရှူရှိုက်ချင်သူဖြစ်နေသည်။ သို့သော် သားသမီးများကြီးပြင်းအရွယ် ရောက်လာချိန်မှာ အမေက သူချစ်သော တောကိုစွန့်ခွာခဲ့ရသည်။

သားသမီးများ၏ ရှေ့ရေးကိုတွေးကာ မြို့ပြသို့ရောက်လာချိန်တွင် အမေ့ရင်ထဲမှ ဆန္ဒကွက်လပ်သေးသေးလေးကိုခြံဘေးကပ်လျက်ရှိ မြေကွက်လပ်အလွတ်ကလေးကဖြည့်ဆည်းပေးခဲ့သည်။

ကျွန်မတို့ခြံလေးသည် မင်းဘူးမြို့သစ်ဘက်တွင် ရှိသောကြောင့်ရောက်စကလူနေအိမ်မြေကျဲပါးသေးသည်။ ခြံနှင့်အိမ် အပြည့်ဖြစ်နေသော အမေ့မြေကွက်ခပ်ကျဉ်းကျဉ်းထဲတွင်စိုက်ပျိုးရန်တော့ မြေမသာခဲ့ချေ။ သို့သော် လူနေထိုင်ခြင်းမရှိသေးသောဘေးခြံမှမြေကွက်လပ်သည်အမေ့စိတ်ဆန္ဒ၏ ဖြေရာဖြစ်ခဲ့ရသည်။ တောတွင် အလေ့ကျပေါက်တတ်သော ဒေသထွက် အစားအစာအပင်အနုံလေးများကို အမေတောမှ တကူးတကမှာယူကာစိုက်ပျိုးထားတတ်သည်။ အားလပ်သည်နှင့် ပလိုင်းလေးဆွဲကာ အမေ့တစ်ဖက်ခြံသို့ ဟင်းရှာထွက်တတ်သည်။ အတို့အညွှန့်လေးများကို ဟိုဆိတ်၊ ဒီဆိတ်နှင့် ပလိုင်းထဲတွင် ဟင်းတစ်ခွက်စာရလျှင် အမေ့ မလွယ်ပေါက်လေးမှ ခေါင်းလျှိုကာ ပြန်လာတတ်သည်။ ပူပူလောင်လောင် ဟင်းချိုတစ်ခွက်ကိုချက်ကာ ကျွန်မတို့ကိုစားစေသည်။

"ငါတို့တောမှာဆိုရင် ဒီလိုစားခါနီးမှ ခူးဆိတ်ပြီး ချက်လိုက်တာပဲ။ ချိုပ့ါဟယ်"

ထိုစကားစုနောက် အမေ့ရင်ထဲမှ ဒေသအလွမ်းစိတ်ဖြေနေမှုကို ကျွန်မမမြင်တတ်ခဲ့ပေ။ အမေ့မျက်ဝန်းထဲတွင် အသီးအရွက်မှာ ဟင်းတစ်ခွက်အစားငယ် ဘဝတမ်းတမှုအလွမ်းများကို ပန်းကန်တစ်လုံးစာစီကုံးနေမှန်း မသိတတ်ခဲ့ပေ။

'အမေ ဟိုဘက်ခြံကို ခဏခဏဝင်မနေနဲ့နော်။ မြွေနဲ့ကင်းနဲ့။ ဒါမှမဟုတ်ရင် ခြံသမားခေါ်ပြီး ရှင်းခိုင်း'

ထိုစကားကို ပြောတိုင်း အမေခေါင်းခါသည်။ အမေ့ရင်ထဲတွင် ပေါင်းမြက်များနှင့် အရိုင်းဆန်ကာ ရှင်သန်တောထနေသော သဘာဝကို မွေးယူနေခြင်းပင်။ ဓားတိုလေးနှင့် ဟိုဒီဝေ့ယမ်းကာ တောသဘာဝအရသာကို ခံယူနေခြင်းပင်။ Nature ဆိုသော စကားကို ကျွန်မတို့တွင်တွင်သုံးကာ ပတ်ဝန်းကျင်တွင် အမိအရလိုက်ရှာနေကြချိန်တွင် အမေက သူမသိသော Nature ကို သူမစိတ်တွင်အမိအရဖမ်းယူကာတစ်ကိုယ်တည်းခံစားနေပေသည်။

ကျွန်မရုံးမှပြန်ရောက်သော တစ်နေ့က အမေ့ပါးပြင်ထက်တွင် မျက်ရည်စကိုတွေ့ရသည်။ အသက် ၇၀ကျော်အရွယ် တုန်ခိုက်နေသော အမေ့လက်ချောင်းရွတ်တွတွတွင် ဆုတ်ကိုင်ထားသော ကန်စွန်းညွှန့်လေးများပေါ်မှာ နှမြောတသမှုများ ပျော်ဝင်နေသည်။

"တစ်ဖက်ခြံမှာ အုတ်တွေလာချပြီ။အဆောက်အအုံဆောက်တော့မယ်နဲ့တူတယ်။ အမေ့ဥယျာဉ်လေးတော့ ပျောက်တော့မှာပဲ" အမေ့၏ စိတ်ကို စာနာမှုကြောင့် ကျွန်မ တစ်ညလုံး အိပ်မရခဲ့ပေ။ ထို့အတူ တစ်ဖက်ခုတင်မှ အမေ၏ သက်ပြင်းချသံကလည်း ကျယ်လောင်နေသည်။ မနက်လင်းအားကြီးသည်နှင့် သွားစုံစမ်းကြည့်သောအခါ ပိုင်ရှင်ကသူဌေးတစ်ဦးကို သိန်းနှစ်ရာကျော်နှင့် ရောင်းချလိုက်ပြီဟုသိရသည်။ ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်မမှာ ထိုအတိုင်းအတာမျှသော ငွေကြေးသည် တတ်နိုင်ကောင်းသောအရာမဟုတ်ပေ။

ယနေ့ခေတ် အိမ်ခြံမြေဈေးကွက်၏ မြင့်မားသော အရှိန်အဟုန်၏ လှုပ်ခတ်မှုအောက်တွင် အမေ့အိပ်မက်ကလေးက ဝေဝါးစွာ ပြိုကွဲသွားခဲ့ရပေပြီ။ ယခင်က ဆယ်ဂဏန်းသာရှိသော မြေဈေးသည် အချိန်တိုကာလတစ်ခုအတွင်းမှာပင် သိန်း ၂၀၀ ကျော်၊ ၃၀၀ နှင့်ညီမျှခဲ့ပေပြီ။ **စာ(၁၁)သို့**





## ဈေးဝယ်ထွက်မယ်

## ရှန်းစိုလှပထူးခြားတဲ့ မျက်ဝန်းတွေအတွက် မျက်ကပ်မှန်ဒီဇိုင်းစုံတဲ့နေရာ

**အိဖြူလွင်**

လူတစ်ယောက်ရဲ့ အရေးကြီးဆုံးအရာတွေထဲက တစ်ခုဖြစ်တဲ့ မျက်နှာအလှမှာလည်း အဓိကကျတဲ့ မျက်လုံးကို အရောင်အမျိုးမျိုး၊ ပစ္စည်းအမျိုးမျိုးနဲ့ခြယ်သပြင်ဆင်လေ့ရှိကြပါတယ်။

မျက်လုံးတွေကို အပြင်ပိုင်းခြယ်သမှုတင်မကဘဲ အတွင်းပိုင်းပြင်ဆင်မှုတွေကိုပါ လှသထက်လှအောင် လုပ်လာကြပါပြီ။

မျက်လုံးအတွင်းပိုင်းပြင်ဆင်မှုဆိုရာမှာ ခွဲစိတ်ပြုပြင်တာမျိုးမဟုတ်ဘဲမျက်ကပ်မှန်လေးတစ်စုံကိုတပ်လိုက်တာနဲ့တင် ကိုယ့်ရဲ့မျက်လုံးအရောင်မျက်ဆန်အရွယ်အစားတွေကို စိတ်ကြိုက် ပြောင်းလဲနိုင်ပြီး ပြီးပြည့်စုံတဲ့ မျက်ဝန်းအလှကို ရနိုင်သွားမှာပါ။

မျက်ကပ်မှန်တွေကိုအကြမ်းဖျင်းအနေနဲ့ အမျိုးအစား ငါးမျိုးခွဲခြားထားပြီး ဒီထဲကမှ ကိုယ့်ရဲ့နေ့စဉ်ဘဝ၊ သွားမယ့်နေရာတွေပေါ်မူတည်လို့ရွေးချယ်နိုင်မှာပါ။

အလှအတွက် တပ်မယ့်မျက်ကပ်မှန်တွေက ပင်ကိုယ်မျက်ဆန်ရဲ့အရွယ်ပမာဏအတိုင်း အရောင် ၃၀ လောက်ရွေးချယ်နိုင်တဲ့ ရိုးရိုးမျက်ကပ်မှန်၊

**စာ(၁၁)သို့**



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### ငါးဟင်းထုပ်



ဒီတစ်ပတ်ဝိုက်ဇီဟင်းလျာကိုနည်းနည်းအလုပ်ရှုပ်စေမယ့်ဟင်းထုပ်ကို စီစဉ်ထားပါတယ်။

ဟင်းထုပ်အတွက် လိုအပ်တာတွေက ရဲယိုရွက်အနည်းငယ်၊ ငါးဖယ်ခြစ်ဆယ့်ငါးကျပ်သား၊ ငှက်ပျောဖူးတစ်ခြမ်း၊ ဆန်မှုန့် အနည်းငယ်တို့ပဲ လိုအပ်ပါတယ်။ ဆန်မှုန့်က မွှေးတံဆိပ် ဆန်စိမ်းမှုန့်အထုပ်ကို ဝယ်ရင်ရပါတယ်။

ငါးဟင်းထုပ်ထုပ်ဖို့အတွက် ပထမဦးဆုံး ငှက်ပျောဖူးအတွင်းသားနုနုကိုခပ်ရိတ်ရိတ်လှီးပါမယ်။ပြီးရင် ဆား၊ ဆန်စိမ်းမှုန့်တို့နဲ့နယ်ထားပါ။ ငါးဖယ်ခြစ်ကို ချင်း၊ ကြက်သွန်ဖြူ ဆားထည့်ပြီး ထောင်းထားပါ။ ရဲယို ရွက်နုနုကို သန့်စင်အောင် ရေဆေးပြီးမှ ရေကိုခါကာ ဆီသုတ်ပါမယ်။ ဆီသုတ်ပြီးတဲ့ ရဲယိုရွက်ပေါ်ကို ငှက်ပျောဖူးနဲ့ ဆန်မှုန့်နယ်ထားတာကို အပြန့်လိုက်လေးခင်းပေးပါ။ ပြီးရင် အပေါ်တစ်ထပ်က ခုနက ထောင်းထားတဲ့ ငါးဖယ်ခြစ်ကို အနေတော် ထည့်လိုက်ပါ။

အစာတွေထည့်လို့ပြီးသွားရင်တော့ ရဲယိုရွက်ကို မုန့်ဖက်ထုပ်ထုပ်သလို အထုပ်လေးထုပ်လိုက်ပါမယ်။ ထုပ်ပြီးသားဟင်းထုပ်တွေကို ရေထည့်ထားတဲ့ထမင်းပေါင်းအိုးက ပေါင်းခံခွက်ထဲကို ဆီထည့်ပြီးနာရီဝက်လောက်ပေါင်းပေးပါ။ နာရီဝက်လောက်ဆိုရင် မွှေးပြီး အရသာစိမ့်တဲ့ ငါးဟင်းထုပ်တွေကိုရပါပြီ။ အဲဒီတော့မှ ငါးဟင်းထုပ်တွေကို အနေတော် အပိုင်းလေးတွေ ဓားနဲ့လှီးပြီး ပန်းကန်ထဲထည့်ကာ ကြိုက်ရာအချဉ်တစ်မျိုးမျိုးနဲ့တွဲဖက်စားသုံးလို့ရပါတယ်။

တကယ်လို့ ငါးဖယ်ခြစ်မသုံးဘဲ သက်သတ်လွတ် စားမယ်ဆိုတဲ့သူတွေကတော့ ငါးဖယ်ခြစ်အစား မုန်လာဥနီနဲ့ မုန်ညင်းထုပ်ကို ခပ်ပါးပါးလှီးပြီး သက်သတ်လွတ် အစာသွပ်လို့ရပါတယ်။

အလုပ်နည်းနည်းရှုပ်ပေမယ့် အရသာရှိတဲ့ ဟင်းထုပ်ကို ပိတ်ရက်တွေမှာ မိသားစုနဲ့အတူ စီစဉ်စားသုံးနိုင်ကြဖို့ တင်ဆက်လိုက်ရပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011



# လူတစ်ယောက်၊ လှေတစ်စင်းနှင့်ကိုဒူးကွဲအင်း

နောင်နောင်(ဘိုကလေး)

ဤနေရာ၊ဤပတ်ဝန်းကျင်၊ဤဒေသများသည်သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့် ကြုံ တွေ့ခဲ့ရသော်လည်း အသိသာ အထင်ရှားဆုံးပြောင်းလဲမှုကား တစ်ခုတည်းပင်။

ဤဒေသတွင်ရေလုပ်ငန်း(အင်းလုပ်ငန်း)ပြောင်းလဲမှုများကား မြန်ဆန်လွန်းလှသည်။ ပြောင်းလဲလာသည့် သဘာဝပတ်ဝန်းကျင်များကြောင့်လား၊ ရာသီဥတုဖောက်ပြန်ခြင်းများကြောင့်လား လူသားတို့၏ ပယောဂများကြောင့်ပေလား။ လွန်ခဲ့သော ဆယ်စုနှစ်များဆီကတော့ ဤနေရာရှိ ကိုဒူးကွဲအင်းကြီးကား ကြီးမားခန့်ထည်လွန်းလှသည်။ ငါး၊ ပုစွန်တို့ ပေါကြွယ်ဝမှုကား ယခုချိန်နှင့်နှိုင်းယှဉ်လိုက်လျှင်တော့ ပုံပြင်ပမာပင်။ ၁၉၈၇-၈၈ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေနက်ကွင်းများအား ရေငန်တားတမံများ ပတ်သည့်အချိန်တွင် ကိုဒူးကွဲ အင်းကြီး၏ ချောင်းဖျားများ ဖြတ်၍ ပိတ်ဖို့ခံလိုက်ရလေသည်။ ငါး၊ ပုစွန်တို့ တက်ဆင်းရာ လမ်းကြောင်းများ ပြောင်းလဲသွားခဲ့ပြီး အင်းကြီး၏ ငါး၊ ပုစွန်အထိအမိကျဆင်းသွားခဲ့လေသည်။

အနက်ရောင် ဘောင်းဘီတို၊ အပြာနုရောင်ရှပ်အကျႌနှင့် လူတစ်ယောက်၊ ကိုအေးလွင်ဟုတ်ပါသည်။ ယခုနှစ် ကိုဒူးကွဲ အင်းသားကြီး ကိုအေးလွင်၊ ကိုဒူးကွဲ အင်းဂရန်ချောင်းမကြီးမှ ခွဲ အင်းနှစ်အင်းခွဲထွက်သွားသည့် ချောင်းနှစ်ချောင်းဆုံသည့်နေရာ၊ ညာဘက်ကမ်းတွင် ဆောက်ထားသော ပိုက်တဲရှေ့ တံတားမှနေ၍ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသလို။ တကယ်တော့ စောင့်မျှော်နေသည်ဆိုခြင်းထက် သူ တစ်စုံတစ်ရာကိုတွေးနေသည်ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

ဟုတ်ပါသည်။ သူ တစ်စုံတစ်ရာကိုတွေးနေခြင်းပဲဖြစ်ပါသည်။ ကိုဒူးကွဲအင်းကား တန်ခူးလမှ ဝါခေါင်လအထိ မိုးတွင်းကာလငါးလသာ လုပ်ကိုင်ခွင့်ရသော မိုးပုစွန်အင်းဖြစ်လေရာ ယခု ဝါခေါင်လဝင်လာသည့် အချိန်အထိ သူ မျှော်မှန်းသော ငါး၊ ပုစွန်ကုန်တက်အခြေအနေ မရှိသဖြင့် သူစိတ်ပူပန်နေခြင်းပဲ ဖြစ်ပါသည်။

စာ(၁၁)သို့









7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## စာ-၁၀၊ လူတစ်ယောက်၊ လှေတစ်စင်းနှင့် ကိုဒူးကွဲအင်း မှ

နွေအင်းလုပ်ကိုင်ခွင့်ကာလရောက်လျှင်တော့ ကိုဒူးကွဲ အင်းအား သူလုပ်ကိုင်ခွင့်မရတော့ပြီဖြစ်ရာ ဒီနှစ်အင်းရာသီတွင်တော့ သူရှုံးရန် သေချာသလောက်ရှိနေပြီ။ သို့သော်လည်း ခံသာတာလေး တစ်ခုက ကိုဒူးကွဲအင်းချောင်းမကြီးမှ ခွဲထွက်သွားသော နွေအင်းနှစ်အင်းဖြစ်သည့် ကျုံတမာနှင့် ကဇောင်းငုတ္တိုအင်းတို့ကို သူဝယ်ယူထားပြီးဖြစ်လေရာ ထိုအင်းနှစ်အင်းမှ ငါးကုန်တက်ကလေးများ ထင်သလောက် ရရင်ဖြင့် အရှုံးသက်သာရန်ရှိလေသည်။

ကိုဒူးကွဲအင်းကြီးကား ဘိုကလေးမြို့နယ်၊ ကမကလူကျေးရွာအုပ်စုအတွင်းတွင်တည်ရှိသည်။ အင်းတည်နေပုံကား အင်္ဂလိပ်အက္ခရာ 'Y' ပုံသဏ္ဌာန်ရှိပြီး အောက်ခြေချောင်းမကြီးမှာ ကိုဒူးကွဲချောင်းမကြီးဖြစ်လေသည်။ ညာဘက်သို့ ခွဲသောချောင်းကား ကဇောင်းငုတ္တို၊ ဘယ်ဘက်သို့ ခွဲလျှင်တော့ ကျုံတမာနွေအင်း၊ ဂရန်နှစ်ခု ခွဲထားခြင်းပင်။ ကျုံတမာအင်း၏ အဖျားတွင်တော့ ကမ္ဘာ့ဘဏ်စီမံကိန်းမှ စံပုလဲ ရေတံခါးကြီး ခန့်ထည်စွာ တည်ရှိလေသည်။ ဤဒေသမှ အင်းများကား အထက်ဘက်မှ အင်းများကဲ့သို့မဟုတ်ပေ။ ချောင်းများကို အင်းအဖြစ်သတ်မှတ်ထားခြင်းသာ ဖြစ်လေသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးသည့်အချိန်မှစ၍ သဘာဝပတ်ဝန်းကျင်များ သိသိသာသာပြောင်းလဲသွားခဲ့ရာ အထင်ရှားဆုံးပြောင်းလဲမှုကတော့ ငါးပုစွန်ရရှိမှု လျော့နည်းသွားခြင်းပင်ဖြစ်လေသည်။ ထိုဒဏ်ကို ကိုအေးလွင်တို့လို အင်းသားကြီး များ၊ ရေလုပ်သားများ ရေလုပ်ငန်းကိုမှီခိုလုပ်ကိုင်စားသောက်ကြသူများ သိသာစွာခံစားခဲ့ရလေသည်။

ကိုဒူးကွဲအင်းကြီးကား လွန်ခဲ့သောဆယ်စုနှစ်တစ်ခုဝန်းကျင်များက ဝါဆိုလလောက်ဆိုလျှင် အင်းဖိုးငွေကျေအောင်ပင် ငါး၊ ပုစွန်များ ဖမ်းဆီးရရှိပြီဖြစ်လေသည်။ ယခုကိုအေးလွင် စိတ်ပူပန်နေသလို ပူပန်စရာမလို။ အင်းသားကြီးမှာ စိတ်အေးလက်အေး နေနိုင်လေသည်။ ယခုတော့ ထိုကာလများကို ပြန်လည်တမ်းတနေရလေပြီ။

ကိုအေးလွင်တစ်ယောက် ကိုဒူးကွဲအင်းအား လာမည့်နှစ်တွင် လေလံဆွဲဦးမည်လား။ မသေချာတော့။ သူကားမုန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့သောသူပင်။ သို့သော် သူတစ်ယောက်တည်း ထိုအရှုံးကို ခံစားခဲ့ရတာတော့မဟုတ်ပေ။ ရေလုပ်သားများ၊ သူတို့၏ မိသားစုများလည်း အရှုံးကို ခံစားကြရမည်ဖြစ်လေသည်။ ဒါဆို သူတို့တွေ နောက်နှစ် အင်းရာသီရောက်ရင်ဖြင့် ဒီလုပ်ငန်းကိုမလုပ်ကိုင်ကြတော့ဘူးလား။ မဟုတ်ပါ။ သူတို့တွေသည် ပိုက်သာထောင်တတ်သူများဖြစ်သဖြင့် သည်နှစ်အရှုံးကို နောက်နှစ်ပြန်ချေနိုင်အောင် ကြိုးစားကြရပေဦးမည်။ သည်အင်းလုပ်ငန်း သံသရာထဲမှာပဲ သူတို့တွေ ရုန်းကန်ကြရဦးမည်။


နောက်နှစ် အင်းလုပ်ငန်းချိန်ရောက်ရင်ဖြင့် ကိုအေးလွင်တို့လို အင်းသားကြီးတွေ၊ ရေလုပ်သားတွေ တွက်ခြေကိုက်ပါ့မလား။ ငါး၊ ပုစွန်တွေ ခန့်မှန်းသလောက်ရပါ့မလား။ ဒီနှစ်မှာ ရှုံးခဲ့တဲ့အကြွေးတွေကိုပြန်ဆပ်နိုင်ပါ့မလား။ ကဲ. မေးခွန်းတွေကိုအသာထား။ ရေကျတော့မယ်။ ပိုက်ထောင်ဖို့ပြင်ရတော့မယ်။ ကိုအေးလွင်ကတော့ မျှော်လင့်မရှိသလောက်နည်းသွားပေမယ့်လည်း သူ့မျက်နှာမှာတော့ အားမာန်အပြည့်နဲ့။ နေရောင်ကတော့ အတော်လေးကျသွားခဲ့ပြီ။ ညနေမစောင်း တစောင်းအချိန်။ ချောင်းမကြီးရဲ့ ရေပြင်ပေါ်မှာလှေတစ်စင်းနဲ့ လူတစ်ယောက်။ ဟုတ်ပါသည်။ ကိုဒူးကွဲအင်းသားကြီး ကိုအေးလွင်။ ပိုက်ထောင်နေသောရေလုပ်သားများကို လိုက်လံကြီးကြပ်နေခြင်းပဲ ဖြစ်ပါတော့သည်။

## စာ – ၉၊ ဈေးဝယ်ထွက်မယ် မှ

ပင်ကိုယ်မျက်ဆန်ရဲ့ အရွယ်ထက်ပိုကြီးတဲ့ဝိုင်းစက်စက်မျက်လုံးလေးဖြစ် သွားမယ့်ပုံစံ၊ သဘာဝအတိုင်းပဲ အရည်စိုစိုလေးနဲ့ ပိုလှသွားမယ့်ပုံစံ၊ မျက်လုံးထဲမှာ ကြယ်တွေနဲ့ စိန်တုံးတွေနဲ့ ဒီဇိုင်းဖော်ထားတဲ့ ပုံစံတွေ မျက်ဆန်အရောင်မှာကိုပဲ အရောင် သုံးရောင်စပ်ထားတဲ့ ပုံစံတွေ၊ ဒစ္စကို မီးရောင်တွေနဲ့မှ အရောင်ပြောင်းသွားမယ့် မျက်ကပ်မှန်တွေနဲ့ ဘောလုံးပုံစံ၊ မြွေပွေးပုံစံအထူးပြုလုပ်ချက်တွေနဲ့ တန်ဆာဆင်ထားတဲ့ မျက်ကပ်မှန်တွေဆိုပြီး အမျိုးစုံရှိတယ်လို့ သိရပါတယ်။

မျက်ကပ်မှန်တွေကို အလှ တပ်တဲ့နေရာမှာ အရည်အသွေးပိုင်း စိတ်ချရဖို့လိုသလို ထိန်းသိမ်းမှုအပိုင်းမှာလည်း နည်းစနစ်ကျအောင် ထိန်းသိမ်းနိုင်မှ မျက်လုံး ကို ထိခိုက်မှုတွေ မဖြစ်စေနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

အခုဆိုင်မှာ ရနိုင်တဲ့မျက်ကပ်မှန်တွေက အရည်အသွေးပိုင်း စိတ်ချရအောင် U.S.A ထုတ် Fresh Look (Color Fresh) အမျိုးအစားတွေဖြစ်တယ်လို့ သိရပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ ကျပ်တစ်သောင်းလောက်နေ သုံးသောင်းလောက်ကြားထဲမှာပဲရှိတဲ့အတွက်ပစ္စည်းကောင်းကို သုံးချင်သူတွေအတွက်တော့ ဈေးနှုန်းကြီးမြင့်တယ်လို့ မဆိုနိုင်ပါဘူး။ မျက်ကပ်မှန်တွေကို အလှတပ်ချင်သူတွေအနေနဲ့ ပုံမှန်ရောင်စုံမျက်ကပ်မှန်တွေတင်မကဘဲ ဒီဇိုင်းဆန်းဆန်းနဲ့ ဆွဲဆောင်မှုရှိတဲ့မျက်လုံးတွေ၊ ထူးဆန်းတဲ့အလှနဲ့ မျက်လုံးတွေကိုပိုင်ဆိုင်ချင်သူတွေအတွက်တော့ ဦးချစ်မောင်အိမ်ရာမှာရှိတဲ့ iQ Vision မျက်မှန်၊ မျက်ကပ်မှန်နဲ့ မျက်စိဆေးခန်းကိုသွားကြည့်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## သာသနာတော်သုံးရပ်. . .

ဗုဒ္ဓဘာသာတွင်ပရိယတ္တိသာသနာဟူသည့်ပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများ၊ ပဋိပတ္တိသာသနာဟူသည့်တရားတော်အတိုင်း ကျင့်ကြံအားထုတ်မှု၊ ပဋိဝေဓသာသနာဟူသည့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို သိကြရရှိမှုဟူသော သာသနာတော်သုံးရပ်ရှိသည်။ ဤသာသနာတော်သုံးရပ်ကိုမကွယ်ပအောင် ဘုရားလက်ထက်တော်မှစ၍ ကျမ်းဂန်တတ်သိပညာရှိအပေါင်းတို့ အဆက်ဆက်ဆောင်ရွက်တော်မူလာခဲ့ကြပေသည်။

အကယ်၍ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကိုကြည့်၍ တရားကိုချည်းအား ထုတ်နေခဲ့ကြ၍ သော်လည်းကောင်း၊ ရဟန်းသံဃာတော်များကို အဆက်ဆက် စာပေမပို့ချဘဲ အေးအေးနေခဲ့ကြ၍ သော်လည်းကောင်း၊ ဒကာ ဒကာမတွေကိုသာဟောပြ၍ နေခဲ့ကြသော်လည်းကောင်း ဤသာသနာသုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာခင်ကွယ်ပျောက်ဖွယ်ရာ၏။ စာချဆရာတော်တို့၏ အပင်ပန်းခံလျက်ကျမ်းဂန်ပြုခြင်း၊ အဆက်ဆက် စာပို့ချခြင်းကြောင့်သာ ယခုတိုင်အောင်ပင် ဤသာသနာတော်ကြီး အရှည်တည်တံ့လျက်ရှိပေသည်။ သံဃာတော်များသည် သာသနာတော် မဟုတ်၊ သာသနာ့ဝန်ဆောင်များဖြစ်ကြပေသည်။ ထိုသာသနာ့ဝန် ဆောင်ဖြစ်ကြသော သံဃာတော်များ၏ တာဝန်ကား သာသနာသုံးရပ်ကိုကိုယ်တိုင်အားထုတ်ခြင်း၊ သူတစ်ပါးကို နားလည်အောင်ဟောပြပို့ချခြင်းအားဖြင့် ကွယ်ပျောက်မသွားရလေအောင် စောင့်ရှောက်ရခြင်းတည်း။

ရည်ညွှန်း-'ရတနာ့ဂုဏ်ရည်' မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ



# ပြသမှုရောင်းခဲ့ရသော ကျေးလက်အရောင်များ

ဥက္ကာကိုကို

မြန်မာ ပြည်တွင်း ပန်းချီဈေးကွက်အတွင်း ပန်းချီပြပွဲတစ်ပွဲလုံးတွင် ပြသသည့် ပန်းချီကားအားလုံးရောင်းချရမှုမှာ ရှားပါးပါသည်။

ထို့အပြင် ပန်းချီပြပွဲတစ်ပွဲလုံးအတွက် ကုန်ကျစရိတ်ကို တာဝန်ယူစိုက်ထုတ်ကာ ပန်းချီကားရောင်းချငွေများထဲမှ ကော်မရှင်ခအဖြစ် တစ်ပြားတစ်ချပ်မှမယူဘဲ စေတနာသက်သက်ဖြင့် စီစဉ်ပေးသည့် ပြပွဲစီစဉ်သူမှာလည်း ရှားပါးသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ပန်းချီဇော်မောင်၏ စတုတ္ထအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို Rural Color အမည်ဖြင့်ဩဂုတ် ၂၆ရက်မှ၃၀ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery-65 တွင် ပြုလုပ်ခဲ့သည်။

ပြပွဲတွင် ခင်းကျင်းပပြသခဲ့သော ပန်းချီကားအားလုံးမှာ ရေဆေးပန်းချီများဖြစ်ပြီး ကားပေါင်း ၃၀ ချိတ်ဆွဲပြသခဲ့ရာတွင် ပန်းချီကားအားလုံးရောင်းချခဲ့ရသဖြင့် ရာနှုန်းပြည့်အောင်မြင်သော တစ်ကိုယ်တော်ပန်းချီပြပွဲ တစ်ခုဖြစ်ခဲ့သည်။

ပန်းချီဇော်မောင်၏ ယခုပြပွဲတွင် ပြသခဲ့သော အကြောင်းအရာများမှာ မြန်မာ့လူနေမှုစရိုက်ကို အဓိကဖော်ကျူးရေးဆွဲထားသော သရုပ်မှန် ပန်းချီကားများဖြစ်ပြီး အညာဒေလေ့ပတ်ဝန်းကျင်မြင်ကွင်းများ ပါဝင်ခဲ့သည်။

မြန်မာ့ကျေးလက်လူနေမှုစရိုက်မြင်ကွင်းများကို အမိအရဖမ်းဆုပ်ရေးဆွဲထားသည့် ရေဆေးပန်းချီကားများမှာ ပိုင်နိုင်ကျွမ်းကျင်သော စုတ်ချက်များကြောင့် သဘာဝအတိုင်းမြင်တွေ့နေရသကဲ့သို့ အသက်ဝင်လှုပလျက်ရှိသည်ကို တွေ့ရသည်။

ယခုပွဲအတွက်ပြသမည့်ပန်းချီကား ၃၀ ကို ငါးလခန့် တောက်လျှောက် ရေးဆွဲခဲ့ရပြီး ပန်းချီကားဈေးနှုန်းများမှာလည်း အနည်းဆုံး ကျပ်တစ်သိန်းခွဲမှ ကျပ်နှစ်သိန်းအထိ သတ်မှတ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယခုပွဲပြသရန် စီစဉ်ပေးသူမှာ မြင်ကွင်းမဂ္ဂဇင်းမှ ဦးမင်းဆွေဖြစ်ပြီး ရောင်းချရသမျှပန်းချီကားတန်ဖိုးများအား ဦးဇော်မောင်ထံသို့သာပြန်လည်ပေးအပ်ခဲ့သည်ဟု သိရသည်။

လက်ရှိမင်းကွန်းတွင်နေထိုင်သော စစ်ကိုင်းသား ပန်းချီဆရာဇော်မောင်၏ လက်ဦးဆရာများမှာ ကာတွန်းအောင်အောင် (ရွှေဂေါင်းပြောင်)နှင့် ကိုဆု(မင်းကွန်း)တို့ဖြစ်ကြပြီး သင်ဆရာ မြင်ဆရာများဖြင့်သာ လေ့လာရေးဆွဲခဲ့ကာ ပန်းချီနှင့်ပတ်သက်သည့်သင်တန်းကျောင်းများကို တက်ရောက်သင်ကြားဖူးခြင်းမရှိကြောင်း သူက ဆိုသည်။

ပန်းချီပညာကို ၁၉၈၄ ခုနှစ်ခန့်က စတင်ရေးဆွဲခဲ့သော်လည်း ပထမဆုံးတစ်ကိုယ်တော်ပန်းချီပြပွဲကို ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီတွင် မူ အဇဋ္ဌာပန်းချီပြခန်းတွင်ပြုလုပ်ခဲ့ကာ ပြသည့်ပန်းချီကား အားလုံးရောင်းချခဲ့ရသည်။

ယင်းနှစ် ဒီဇင်ဘာတွင် ဒုတိယအကြိမ်ပန်းချီပြပွဲကို FMI စင်တာ၌ထပ်မံပြုလုပ်ခဲ့ရာကားပေါင်း ၂၈ ကားအနက် ၁၇ကား ရောင်းချခဲ့ရသည်။တတိယအကြိမ်တစ်ကိုယ်တော်ပြပွဲကို ဟောင်ကောင်ရှိ Asia Fine Art Gallery တွင်ပြသခဲ့သည်။ ထိုပွဲမှာတော့ ကားပေါင်း ၂၀ ပြသသည့် အနက် ၇ ကားသာ ရောင်းချခဲ့ရသည်ဟုသိရသည်။

အုပ်စုပန်းချီပြပွဲများ ၁၀ ပွဲပါဝင်ပြသခဲ့ပြီး အချို့ပွဲများမှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ပြုလုပ်သော ပွဲများဖြစ်သည်။ ပန်းချီဆရာဇော်မောင်က ပြည်ပတွင်ပြသရသည့် ပန်းချီပြပွဲများထက် ပြည်တွင်းမှာ ပြသရသည့် ပန်းချီပြပွဲများကိုပိုမိုနှစ်သက်သည်ဟုဆိုသည်။ "ပြည်တွင်းက လူတွေကို ကြည့်စေချင်တယ်။ ပြည်ပမှာပြရတာက စိတ်မောရတယ်။ နိုင်ငံခြားသားတွေ လက်ထဲ သိပ်မထည့်ချင်ဘူး"ဟု သူကပြောသည်။

သူ၏ ဆန္ဒတစ်ရပ်မှာမြန်မာ့ပန်းချီလောကအတွင်း ရေဆေးပန်းချီဆရာမျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေလိုခြင်းပင်ဖြစ်သည်။

"ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တာ ပန်းချီပဲရှိတယ်။ ပန်းချီဆရာကောင်းတစ်ယောက်ဖြစ်ချင်ရင် ဆရာကောင်း သမားကောင်းရှာပြီး သင်ကြားသင့်တယ်။ ဒီပန်းချီအပေါ်မှာပဲ စွဲစွဲမြဲမြဲရေးဆွဲသင့်တယ်" ဟု ပန်းချီနှင့်ပတ်သက်၍ လူငယ်ပန်းချီမျိုးဆက်သစ်များကို သူကရည်ရွယ်ပြောဆိုသည်။

"အချိန်ပြည့် ပန်းချီပဲဆွဲတယ်။ စီးပွားရေးမလုပ်ဘူး။ ဘာအလုပ်မှလည်း မရှိပါဘူး" ဟု ဆိုသည့် ဦးဇော်မောင်က သူနေထိုင်ရာ မင်းကွန်းရွာကြီးတွင် Water Color Magic အမည်ဖြင့် ကိုယ်ပိုင်ပန်းချီစတူဒီယိုလေးတစ်ခုဖြင့် မြတ်နိုးသော ရေဆေးပန်းချီကားများကိုသာ တစိုက်မတ်မတ်ရေးဆွဲနေသူဖြစ်သည်။

ယခုပြုလုပ်ခဲ့သော ပြပွဲတွင် ကားပေါင်း ၃၀ ပြသသည့်အနက်မှ ၂၅ ကားကို ပြည်တွင်းရှိ ပန်းချီမြတ်နိုးသူတို့က ဝယ်ယူခဲ့တာဖြစ်ပြီး ငါးကားကိုတော့ ဆွီဒင်နိုင်ငံမှ မြန်မာအမျိုးသမီးတစ်ဦးက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ဆွီဒင်ကပဲ အဲဒီက ရှုခင်းတွေနဲ့ပတ်သက်တဲ့ပန်းချီကား ၂၀ ရေးဆွဲပေးဖို့ ကမ်းလှမ်းထားတယ်"ဟု သူက ပြောပြသည်။

ပဥ္စမအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို လာမည့် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မှာပဲလာရောက်ပြသဦးမည်ဖြစ်ပြီး ယင်းပွဲတွင် ပန်းချီကားအရေအတွက် ၄၀၊ ၅၀ ခန့်အထိ ပြသနိုင်ရန် သူက ရည်မှန်းထားသည်။

ယခင်ပြသခဲ့သော ပြပွဲများနှင့်မတူသည့် အကြောင်းအရာများ ပြောင်းလဲသွားမည်ဖြစ်ကာ ရောဝတီကို အခြေခံသော ပန်းချီကားများနှင့် ဝေးလံခေါင်းဖျားဒေသများမှ မြန်မာ့တောရွာဓလေ့ပန်းချီကားများကို ရေးဆွဲတင်ဆက်မည်ဟုသိရသည်။

ထိုပန်းချီကားများကိုလည်း ပန်းချီဇော်မောင်က ရေဆေးဖြင့်သာရေးဆွဲပြသလိမ့်မည်ဖြစ်သည်။

"ရေဆေးက မာယာများတယ်။ မလွယ်ဘူး"ဟုလည်း သူကပြုံး၍ ဆိုပါသည်။

## စာ – ၉၊ ဆန္ဒအတိုင်းသာ ပြည့်ခဲ့လျှင် မှ

မတတ်နိုင်သောဘဝများစွာအတွက် ဆန္ဒ အတုကလေးကိုပင် ရှင်သန်ခွင့်နှင့် ဝေးခဲ့ရပေသည်။ ယခုအခါတွင် ကျွန်မရင်ထဲတွင်ပြင်းပြသော ဆန္ဒတစ်ခုဖြစ်တည်နေမိသည်။ 'အခုနေများ ဖန်ဆင်းရှင်တစ်ယောက်သာဖြစ်ခဲ့လျှင် ဟင်းသီးဟင်းရွက်၊ သီးပင်၊ စားပင်နှင့် သစ်ပင်များစိုက်ရန် အမေလိုချင်သော မြေကွက်ကလေးတစ်ကွက်ကို ဖန်တီးပေးချင်သောဆန္ဒ'ပင်။ သို့သော် ကျွန်မတို့ကဲ့သို့ လူတန်းစားများအတွက် ဆန္ဒနှင့်ဘဝသည် တစ်ထပ်တည်း ကျကောင်းသောအရာမဟုတ်သောအခါ ဗုဒ္ဓမြတ်ဘုရားထံတွင် ဝပ်တွားကာ ဆုတောင်းအခါခါပြုရင်းနှင့် . . ။

7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## မျက်နှာဖုံး-နောက်ကွယ်မှ ရင်းနှီးမြှုပ်နှံနေသော ပြည်ပလုပ်ငန်းရှင်များကိုခွင့်ပြုပေးရန် စီစဉ် မှ

ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ပြည်ပမှ လာရောက်လုပ်ကိုင်လိုပြီး၊ ယခင်မြန်မာနိုင်ငံသားကို အမည်ခံ၍ နောက်ကွယ်မှ လုပ်ကိုင်နေသောပြည်ပလုပ်ငန်းရှင်များမှာ ထိုသို့လုပ်စရာမလိုဘဲ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ပြီဖြစ်သည်။

ရှဲဒိုးရင်းနှီးမြှုပ်နှံမှုသည် လက်ရှိအချိန်ထိ တွေ့ကြုံနေရပြီး အစိုးရသစ်လက်ထက်မှာပင် အဆိုပြုမှု ၁၂ခုလောက် ကြုံတွေ့ခဲ့ရကြောင်း ဦးအောင်နိုင်ဦးက ဆက်လက်ပြောကြားသည်။ ထိုသို့ ပြုလုပ်ရာတွင် ငွေကြေး အမှန်တကယ်ရင်းနှီးသူက အကြံပေးသူ ပညာရှင်အမည်ခံကာ လိုင်စင်ခွင့်ပြုချက်များရရန် လျှောက်ထားခြင်းဖြစ်သည်။

လက်ရှိအချိန်၌ ရင်းနှီးမြှုပ်နှံမှုအတွက် ကော်မရှင်က အဖွဲ့ဝင်များရှေ့တွင် တစ်ကြိမ်တည်း လုပ်ငန်းကို ဖော်ပြ၊ အဖွဲ့ဝင်များကလည်းလုပ်ငန်းနှင့်ပတ်သက်၍ သိချင်တာများကို တစ်ကြိမ်တည်း မေးပြီးအတည်ပြုကာ ဝန်ကြီးအဖွဲ့ကိုတင်ပြီး ပါမစ်ရအောင် စီစဉ်ထားသည်ဟု ဦးအောင်နိုင်ဦးက ဆိုသည်။

"Private Sector မှာ တကယ်ဖြစ်ခဲ့တာကိုတင်ပြတာပါ။ ကော်မရှင်လူကြီးတွေက လိုင်စင်လျှောက်သူတွေကို မေးခွန်းတွေမေးရင်းနဲ့ပဲ အမှန်ပေါ်လာတာပါ" ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။ ထို့အပြင် အဆိုတင်သွင်းမှု (Proposal)များတွင် အကျိုးအကြောင်းဆီလျော်မှုမရှိသည်များကိုလည်းတွေ့ရကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"ဘိလပ်မြေစက်ရုံထောင်ပြီး စက်ရုံနဲ့ လုပ်ငန်းပိုင်းမှာ မာစီဒီးဇင်ကားတွေ သုံးမယ်ဆိုတာမျိုးပေါ့"ဟု ဦးအောင်နိုင်ဦးကဆိုသည်။ မြန်မာနိုင်ငံအရ ရင်းနှီးမြှုပ်နှံမှုကို ဥပဒေသစ်တွင် ထုတ်ကုန်လုပ်ငန်းများ၌ ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားပြီး ဝန်ဆောင်မှုလုပ်ငန်းများတွင် ၇၀ ရာခိုင်နှုန်းခွင့်ပြုထားကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ဥပဒေက ၁၀၀ ရာခိုင်နှုန်းခွင့်ပြုထားသော်လည်း ဝန်ကြီးဌာနက မိမိတိုင်းပြည်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရန် ၇၀ ရာခိုင်နှုန်းသာ ခွင့်ပြုခြင်းဖြစ်ကြောင်းသိရသည်။

## မျက်နှာဖုံး-ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ဥပဒေကြမ်းငါးခုကို အတည်ပြု မှ

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့က တင်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေကြမ်းများအားပြည်ထောင်စုလွှတ်တော်က အတည်ပြုရာတွင် ပြည်ထောင်စုလွှတ်တော်နာယကဦးခင်အောင်မြင့်က လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကို မေးမြန်းရာ ကန့်ကွက်သူမရှိဘဲ ကိုယ်စားလှယ်အားလုံး၏ သဘောတူညီမှုဖြင့်အတည်ပြုလိုက်ခြင်းဖြစ်သည်။ ပြည်ထောင်စုဝန်ကြီး တင်သွင်းသည့် ဥပဒေကြမ်းငါးခု၏ ဥပဒေစာသားအပိုဒ်များတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမှအပ အခြားဥပဒေကြမ်းများ၏ ဥပဒေစာပိုဒ်များသည် ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း မရှိသဖြင့် တစ်ပိုဒ်ချင်းစီအား အတည်ပြုရန် မလိုအပ်ဘဲ ဥပဒေစာပိုဒ်များအား တစ်ပြိုင်တည်း အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

## မျက်နှာဖုံး-အရန်ဆန်တန်ချိန်ငါးသိန်း ဒီဇင်ဘာလ စတင်ဝယ်ယူမည် မှ

ထိုကဲ့သို့ ဝယ်ယူရာတွင် ဆန် တန်ချိန်နှစ်သိန်းကို ဆန်အဖြစ် ဝယ်ယူပြီး ဆန်တန်ချိန်သုံးသိန်းနှင့် ညီမျှသော စပါးခန့်မှန်းတင်းပေါင်း ၂၅၂ သိန်းကို စပါးအဖြစ် ဝယ်ယူသိုလှောင်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကဆိုသည်။

အဆိုပါ ဆန်တန်ချိန် ငါးသိန်းကို ၂၀၁၁ ဒီဇင်ဘာတွင် ဝယ်ယူမည့်ပမာဏ၏ ၂၀ ရာခိုင်နှုန်း၊ ၂၀၁၁ဇန်နဝါရီတွင် ၅၀ရာခိုင်နှုန်း၊ ဖေဖော်ဝါရီတွင် ၂၅ ရာခိုင်နှုန်းနှင့် မတ်တွင် ၅ ရာခိုင်နှုန်းဝယ်ယူရန် လျာထားကြောင်း သတင်းရရှိသည်။ ပြည်တွင်းစားသုံးသူဈေးကွက်တွင် စက်တင်ဘာမှ နိုဝင်ဘာအထိလည်းကောင်း၊ ဖေဖော်ဝါရီမှ မေအထိလည်းကောင်း အရောင်းအဝယ်သွက်ပြီး နှစ်စဉ် ဈေးတက်လေ့ရှိသောကာလများဖြစ်ကြောင်း ဘုရင့်နောင်မှ ဆန်ကုန်သည်များကဆိုသည်။

အဆိုပါ အစီအစဉ်အား အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အရန် ဆန်ထားရှိရေးအတွက် သိုလှောင်ရုံများ နည်းပညာနှင့် ငွေကြေးစသည်တို့ကို ပုဂ္ဂလိကမှတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

## စာ-၇၊ ဇုန်ကားဒဏ်ကြေး ပေးသွင်းရေး ရောင်းသူနှင့်ဝယ်သူ ပြ နာတက် မှ

ကျွန်တော့်ကားကျတော့ တစ်ဆင့်ပြန်ဝယ်ထားတာ။ ဘယ်လိုလုပ်ရမလဲမသိဘူး။ ဆောင်ရမယ်ဆိုလည်း ကျွန်တော့်ကားက အန်စာတုံးဆိုတော့ ဒေါ်လာ ၂၀,၀၀၀ဆောင်ရမှာ။ မသက်သာဘူး"ဟုကနဦးတွင် ဒဏ်ကြေးကျပ်သိန်း ၁၅၀ ပေးသွင်းရန် သတ်မှတ်ပြီး နောက်ဆုံး ဒေါ်လာ ၂၀,၀၀၀ ပေးရန်သတ်မှတ်လိုက်သောအန်စာတုံးပုံ ကားဝယ်ထားသူတစ်ဦးကလည်းပြောသည်။

"စက်ရုံကို ဆက်သွယ်ပြီးပြီ သူတို့က ဒဏ်ကြေးဆောင်မပေးဘူးလို့ပြောတယ်။ သူတို့နဲ့မဆိုင်ဘူး။ ဘယ်သူ့ကိုမှ ဆောင်မပေးဘူးလို့ပြောတယ်။ ကားကလည်း ဒဏ်ကြေးဆောင်ရမယ့် ၂၀၆စီးစာရင်းထဲမှာမပါသေးဘူး။ နောက်ဆုံးအသုတ် ၇၀၀ကျော်မှပါမလား မသိဘူး။ ဘယ်လိုလုပ်ရမလဲမသိသေးဘူး"ဟု Super Custom ကားဝယ်ထားသူတစ်ဦးက ပြောသည်။ အဆိုပါကားဝယ်ထားသူအချို့မှာ ကားထုတ်လုပ်သည်ဆိုသော စက်ရုံက ဝယ်သူသာ ဒဏ်ကြေးဆောင်ရမည်ပြော၍ ဒဏ်ကြေးအပြည့်ပေးသွင်းပြီးသူများလည်းရှိသည်။ ၎င်းတို့က ပေးသွင်းထားသော ဒဏ်ကြေးများကို ကားရောင်းလိုက်သည့်စက်ရုံမှ ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။



ကားထုတ်သည့်စက်ရုံပိုင်ရှင်တစ်ဦးက ဒဏ်ကြေးမည်သူဆောင်ရမည်ဆိုသည်မှာအရောင်းအဝယ်စာချုပ်ချုပ်သည်အပေါ်တွင် မူတည်ကြောင်း ပြောသည်။

ဒဏ်ကြေးပေးဆောင်ရန် ပထမအဆင့် ကား ၂၉၆ စီး၊ ဒုတိယအဆင့် ၂၀၉စီးနှင့်တတိယအဆင့် ၇၆၆ စီးသတ်မှတ်ထားပြီး ထိုကားများအားလုံး လာမည့်စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ငွေသွင်းရမည်ဖြစ်သည်။ ထိုကားများ ငွေသွင်းပြီးနောက် အလားတူကားများ ကျန်ရှိသေးပါက ဒဏ်ကြေးငွေပေးသွင်းနိုင်ရန် စီစဉ်ပေးမည်ဟု ဦးစိုးသိန်းကဆက်ပြောသည်။

**ယာဉ်မောင်း ဝန်ထမ်းအလိုရှိသည်**

အောက်ဖော်ပြပါ စာရွက်စာတမ်းများပါရှိရမည်။
၁။ ယာဉ်မောင်းလိုင်စင် အနည်းဆုံး (၃)နှစ်ရှိရမည်။
၂။ ပြစ်မှုကင်းရှင်းကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်။
၃။ မိမိနေထိုင်သော ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်။
၄။ မှတ်ပုံတင်/သန်းခေါင်းစာရင်း/ ယာဉ်မောင်းလိုင်စင်မိတ္တူ။

အထက်ဖော်ပြပါ စာရွက်စာတမ်းများကို အုပ်ချုပ်ရေးမှူး၊ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာဗဟို) အမှတ်(၂) အဝေးပြေးလမ်းမကြီး၊ ဒဂုံအရှေ့မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း- ၅၈၅၁၃၄**

## စာ-၄၊ ကမာသိ မြန်မာစီးပွားရေးပညာရှင်နှစ်ဦး မြန်မာဖွံ့ဖြိုးရေးအရင်းအမြစ်အဖွဲ့တွင် ပါဝင်မည် မှ

ထိုအဖွဲ့တွင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးပညာရှင်များ၊ စီးပွားရေးအသင်းအဖွဲ့နှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူ များ၊ မီဒီယာမှ တာဝန်ရှိသူများပါဝင်မည်ဖြစ်သည်။

"အထူးသဖြင့် ကျွန်တော်တို့ လိုချင်တာက ပြည်ပရောက်နေတဲ့ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖိတ်ခေါ် ချင်ပါတယ်။ လူငယ်တွေအများကြီးရှိတယ်။ တကယ်တော်တဲ့ လူတွေ၊ တတ်တဲ့ လူတွေ MDRIမှာကူညီဖို့ ပူး ပေါင်းဆောင်ရွက်ဖို့ရည်မှန်းပါတယ်။ မီဒီယာကလည်း ပြည်တွင်းကရော၊ ပြည်ပကရော ဖိတ်ခေါ် ချင်ပါတယ်" ဟု ဒေါက်တာ ဦးမြင့်က ပြောသည်။

အဆိုပါအဖွဲ့အောက်တွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးဌာန၊ မဟာဗျူဟာနှင့် နည်းဗျူဟာလေ့လာရေးဌာနနှင့် ဥပဒေရေးရာဌာနတို့ပါဝင်မည်ဖြစ်သည်။ မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့က အစိုးရ၏ ချမှတ်ထားသောမူဝါဒများကို လေ့လာသုတေသနပြုရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူထုဖွံ့ဖြိုးရေးလုပ်ငန်း၊ အစိုးရကဆောင်ရွက်သောလုပ်ငန်းများ ပြီးစီးအောင်မြင်မှုသုံးသပ်ချက် စသော လုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်ကြောင်း ဒေါက်တာဦးမြင့်ကပြောသည်။


## စာ-၂၊ မိုးနှောင်းနှင့် မိုးလွန်မုန်တိုင်းများ ဖြစ်ပေါ်နိုင် မှ

ယင်း မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်သည် မုန်တိုင်းငယ်အဖြစ်သို့ ကူးပြောင်းနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံ၏ မိုးနှောင်းကာလသည် ယခင်က ဩဂုတ်လကုန်မှ စက်တင်ဘာလလယ်အထိ ၁၅ရက်ရှိရာမှ ၁၉၇၈ ခုနှစ် နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲလာပြီး ကာလကြာရှည်လာရာ ဩဂုတ်လကုန်မှ အောက်တိုဘာ ၁၀ရက်အထိ ရက်ပေါင်း ၄၀ ကြာမြင့်လာသည်ဟုဆိုသည်။ မုန်တိုင်းဝင်ရောက်နိုင်သည့်အခြေအနေနှင့်ပတ်သက်၍ မိုးလေဝသဝက်ဘ်ဆိုက်နှင့် ထွန်းလွင်ဖောင်ဒေးရှင်း တည်ထောင်ထားသူ မိုးလေဝသပညာရှင်ဦးထွန်းလွင်က "မိုးနှောင်းကာလမှာ မုန်တိုင်းတော့ဖြစ်တယ်။ ဒါပေမဲ့ အများအားဖြင့် မြန်မာနိုင်ငံက မဖြတ်တာများတယ်။ မိုးလွန်ဆိုရင်တော့ မြန်မာနိုင်ငံကိုဖြတ်တာများတယ်"ဟု ခန့်မှန်းပြောကြား သည်။

မိုးလွန်ကာလတွင် အောက်တိုဘာ ၁၀ရက်မှ နိုဝင်ဘာလကုန်အထိ ရက်ပေါင်း ၅၀အတွင်း မုန်တိုင်းလေးလုံးဖြစ်ပေါ်နိုင်ပြီး မြန်မာနိုင်ငံအား မုန်တိုင်းဝင်၊ မဝင်ကိုသတိထားစောင့်ကြည့်ရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

၂၀၁၀ပြည့်နှစ် မိုးလွန်ကာလ (အောက်တိုဘာ ၂၂နှင့် ၂၃ ရက်) တွင် ရခိုင်ကမ်းရိုးတန်းမှ ဝင်ရောက်ခဲ့သော ဂီရိမုန်တိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းအထိ ဝင်ရောက်ခဲ့သော အင်အားပြင်းမုန်တိုင်းတစ်လုံးဖြစ်သည်။ မိုး/ဇလနှင့် မိုးလေဝသပညာရှင်တို့မှာ ၂၀၁၁ ခုနှစ် မိုးကြိုကာလတွင်လည်း ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့ကြပြီး၊ လက်တွေ့တွင် မုန်တိုင်းဖြစ်ပွားခဲ့ခြင်းမရှိပေ။ ယခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်တစ်ကြိမ်သာဖြစ်ပွားသေးသည်။



Health
7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ရင်သွေးငယ်ကို ဘယ်လို မွေးမလဲ



သီဟ

"ကလေးကိုယ်ဝန်ရှိတယ်လို့ သိတဲ့ အချိန်ကနေစပြီး ကိုယ့်ရဲ့စားသောက်မှုပုံစံကိုတော့ ပြောင်းလိုက်ရတာပေါ့။ အရင်တုန်းကလို ထမင်းများများ ဟင်းနည်းနည်းနဲ့  နယ်စားတဲ့အကျင့်ကနေ ဟင်းများများ ထမင်းနည်းနည်းနဲ့စားတာတို့၊ နွားနို့သောက်တာတို့၊ အသီးအရွက်များများစားတာတို့ လုပ်လာပါတယ်"ဟု သူ၏ကိုယ်ဝန်ဆောင်မိခင်ဘဝ စားသောက်မှုပုံစံအား ဂုဏ်ယူဝံ့ကြွားစွာပြောပြလာသူမှာ အသက် ၂၇ နှစ်အရွယ် သားဦးကိုယ်ဝန်ဆောင်ထားရသူ မခင်ခင်ငြိမ်းပင်ဖြစ်သည်။

ရှေးအခါက မိခင်လောင်းများကိုယ်ဝန်ဆောင်စဉ်  အချိန်များတွင် အယူအဆအစွဲများအရ အစားရှောင်ခြင်း အနေအထိုင်ဆင်ခြင်ခြင်းများရှိခဲ့ကြသော်လည်း ယခုနောက်ပိုင်း၌ ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဗဟုသုတရှိလာခြင်း ကျန်းမာရေးအသိရှိလာခြင်း၊ ခေတ်အမြင်ရှိလာခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်ဘဝတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်တက်လာကြသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် မိမိတို့၏ ရင်သွေးလေးမွေးဖွားလာပါကလည်း မည်ကဲ့သို့ ကျန်းမာရေးစောင့် ရှောက်မှုပေးမည်ဆိုသည်ကိုပင် ကြိုတင်စိတ်ကူးယဉ်သူများပင်ရှိလာကြပြီဖြစ်သည်။

မိခင်လောင်းတစ်ဦးသည် ကလေးငယ်တစ်ဦးအား စတင်ကိုယ်ဝန်ဆောင်သည့်အချိန်မှစ၍ မွေးဖွားကြီးပြင်းလာသည်အထိ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ရန်မှာ အ ဆိုပါ မိခင်လောင်းအတွက် အရေးကြီးသည့် တာဝန်တစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့် ကလေးငယ်ဝမ်းဗိုက်အတွင်းရှိနေချိန်မှစ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်အနေအထိုင်များဖြင့် ပြုမူနေထိုင်ရန်လည်း အရေးကြီးသည်။

ကိုယ်ဝန်ဆောင်ဘဝတွင် အရေးအကြီးဆုံးမှာ အစားအစာများအား ပိုမိုစားသုံးခြင်း၊  အာဟာရမျှတစွာစားသုံးခြင်း အင်အားဓာတ်၊ ကြီးထွားဓာတ်၊ ရောဂါကာကွယ်သည့်ဓာတ် အစရှိသည့်ဓာတ်များပါဝင်သည့်အစာအုပ်စုသုံးခုစလုံးပါဝင်စေရန်စားသောက်ရမည်ဖြစ်ကြောင်း သိရသည်။

"ဗိုက်ထဲက ကလေးက အမေစားတဲ့ အစာဆီကပဲ အာဟာရကရတာ အမေအာဟာရနည်းရင် ကလေးဆီကိုသွားတဲ့ အာဟာရလည်း နည်းမှာပဲ။ အဲဒီလိုဆိုရင် ဒီကလေးကလည်း အင်မတန်ကြုံလှီတဲ့ကလေးဖြစ်သွားမှာပဲ"ဟု ကလေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ယုဇနစောမြင့်ကပြောသည်။

ထို့အပြင်မိခင်၏ သိုင်းရွိုက်ဂလင်းမှထွက်သည့် ဟိုမုန်းတစ်မျိုးသည်ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုအား အထောက်အကူဖြစ်စေသဖြင့် သိုင်းရွိုက်ဖွံ့ဖြိုးမှုရှိစေရန် ဆားစားသုံးရာတွင်လည်း အိုင်အိုဒင်းဆားကိုသာ စားသုံးရန်လိုအပ်သည်။

ကိုယ်ဝန်ဆောင်တစ်ဦးအတွက် အနားယူခြင်းသည်လည်း မဖြစ်မနေလိုအပ်သည့်အချက်တစ်ခုဖြစ်သော်လည်း ကိုယ်ဝန်ဆောင်သည့်အချိန်မှစ၍ မလှုပ်မရှားနှင့် နေထိုင်ခြင်းသည်လည်း မသင့်တော်ကြောင်းသိရသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်များသည် သင့်တော်သည့် လေ့ကျင့်ခန်းများပြုလုပ်ပေးရန်လိုသည်။ ကိုယ်ဝန်ဆောင်များနှင့် အသင့်တော်ဆုံးသော လေ့ကျင့်ခန်းတစ်ခုမှာ လမ်းလျှောက်ခြင်းပင်ဖြစ်ကြောင်း ဆေးပညာရှင်များက ပြောသည်။

"အထူးတလည် လေ့ကျင့်ခန်းတော့ မလုပ်ဖြစ်ပါဘူး။ လမ်းကိုလည်း အချိန်ပေးပြီး လျှောက်တာမျိုးလည်း မရှိပါဘူး။ ဒါပေမဲ့ သွားရင်းလာရင်းနဲ့တော့ ပုံမှန်လမ်းလျှောက်ဖြစ်နေပါတယ်"ဟု မခင်ခင်ငြိမ်းက ပြောသည်။

ကိုယ်ဝန်ဆောင်စဉ်အချိန်တွင် ကလေးဖွံ့ဖြိုးမှုအား နှောင့်နှေးစေသည့် အပြုအမူများအားလည်း တတ်နိုင်သမျှ မပြုလုပ်မိရန် အရေးကြီးသည်။

အချို့သောဆေးဝါးများသည် ကိုယ်ဝန်အတွင်းရှိ ကလေး၏ ဖွံ့ဖြိုးမှုအား အနှောင့်အယှက်ပေးနိုင်ပြီး ထိုဆေးများမှီဝဲမိပါက မွေးရာပါနှလုံးရောဂါရခြင်း၊ ဉာဏ်ရည်မမီသည့်ကလေးများမွေးဖွားခြင်း စသည်များဖြစ်တတ်သဖြင့် အားဆေးမှလွဲ၍ အခြားသော ဆေးများအား ဆရာဝန် ညွှန်ကြားချက်မရဘဲ မသောက်သုံးသင့်ကြောင်းသိရသည်။ **စာ(၄၀)သို့**

## ချောကလက်ပုံမှန်စားခြင်းသည် နှလုံးရောဂါဖြစ်နိုင်ခြေနည်းဟုဆို



**ဘေဂျင်း၊ ဩဂုတ် - ၃၀**


ချောကလက်  ပုံမှန်စားသုံးခြင်းသည်  နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့ နည်း နိုင်ကြောင်း ဗြိတိသျှဆေးပညာ ဂျာနယ်တွင် ဖော်ပြခဲ့သည့် သုတေသနအသစ်တစ်ခုက ဆိုသည်။

ကိန်းဘရစ်ချ် တက္ကသိုလ်သုတေသီများက ပြုလုပ်ခဲ့သော လေ့လာမှုတွင်  ချောကလက်ပုံမှန်စားသုံးခြင်းသည် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို သုံးပုံတစ်ပုံခန့် လျော့ကျစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

သုတေသီများသည် လူပေါင်း ၁၁၄,၀၀၀ ခန့်ကို လေ့လာမှု ခုနစ်ကြိမ်လုပ်ခဲ့ပြီး ချောကလက်စားသုံးသူအများစုမှာ  နှလုံးရောဂါဖြစ်နိုင်ခြေ  ၃၇ ရာခိုင်နှုန်းလျော့နည်းကာ လေဖြတ်နိုင်ခြေလည်း  ၂၉ ရာခိုင်နှုန်း လျော့နည်းကြောင်း တွေ့ရှိခဲ့သည်။ သို့သော်သုတေသန၏  ဦးဆောင်ပညာရှင် ဒေါက်တာဖရန်ကိုက ချောကလက်သည် နှလုံးရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်သည်ဟူသောမျှော်လင့်ချက်ဖြင့် အများအပြားမစားသုံးသင့်ကြောင်း ထိုသို့စားပါကလည်း  အကျိုးမရှိနိုင်ကြောင်း သတိပေးထားသည်။

ယခုသုတေသနတွင်  တွေ့ရှိချက်များအရ  ချောကလက်မှထွက်ရှိသော ပိုလီဖီနိုလ်နှင့် အဲန်တီအောက်ဆီးဒင့်ဓာတ်ပေါင်းများက  ခန္ဓာကိုယ်၏ နိုက်ထရစ်အက်ဆစ်ထွက်ပေါ်မှုကို မြှင့်တင်ပေးကာသွေးဖိအားကိုလျော့ကျစေခြင်းဖြစ်ကြောင်း သိရသည်။

—Ref: Xinhua



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011



အကင်များအလွန်အကျွံစားသုံးခြင်းမှာ ကင်ဆာရောဂါဖြစ်နိုင်ခြေများစေသည်ဟုဆိုသည်

# ကင်ဆာရောဂါဖြစ်ပွားမှုများနေ

ဝတ်ရည်

**လူတို့၏ နေ့စဉ် စားသောက်မှုနှင့် နေထိုင်မှုပုံစံများကြောင့် ဖြစ်ပွားသောရောဂါများတွင် သေဆုံးမှုများသည့် ကင်ဆာရောဂါများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။**

ကင်ဆာရောဂါသည် အများအားဖြင့် ရောဂါရှိမှန်းအသိနောက်ကျသည့်အတွက် သေဆုံးမှုများရခြင်းဖြစ်သည်။ ရောဂါကုသသည့်ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများသည် ဝေဒနာရှင်အားအလွန်အမင်းပင်ပန်းစေနိုင်ခြင်း၊ ကင်ဆာဆဲလ်များ အရိုးထဲအထိပျံ့နှံ့သည့်အခါတွင် နာကျင်မှုများဖြစ်ပေါ်စေခြင်းတို့ကြောင့် လူအများကြောက်ရွံ့ကြသည့်ရောဂါတစ်ခုလည်းဖြစ်သည်။

"ကင်ဆာရောဂါက ဖြစ်ပွားမှုနှုန်း များပြားနေတဲ့အပြင် နာတာရှည်ဖြစ်တဲ့ရောဂါမျိုးလည်းဖြစ်တယ်။ ဆေးကုသနေတဲ့အချိန်မှာလည်းအရမ်းပင်ပန်းကြရတယ်" Right Medical Centre မှ ဒေါက်တာနီလာအောင်ကပြောသည်။ ထိုကဲ့သို့ဖြစ်ပွားမှုများပြားနေသည့် ကင်ဆာရောဂါဝေဒနာရှင်များအနေဖြင့် ရောဂါကုသရေးနှင့်ပြုစုစောင့်ရှောက်ရေးရရှိမှုများတွင် အခက်အခဲများစွာ ရှိနေကြောင်းသိရသည်။

ကင်ဆာရောဂါ ကုသသည့်အခါ ရောဂါအခြေအနေပေါ်မူတည်၍ ဆေးသွင်းကုသခြင်းနည်းလမ်း၊ ဓာတ်ကင်ကုသသည့်နည်းလမ်း၊ ခွဲစိတ်ကုသသည့် နည်းလမ်းများ အသုံးပြု၍ ကုသကြရခြင်းနည်းလမ်းများဖြင့် ကုသကြရလေ့ရှိကြောင်းသိရသည်။

ကင်ဆာရောဂါ ကုသသည့်ဆေးဝါးများ၊ ကုထုံးများသည် ငွေကုန်ကြေးကျများပြားသည့်အပြင် ကုထုံးများရရှိရန်အတွက် စောင့်စားရသည့်အချိန် ကြာမြင့်ခြင်းနှင့် ဆေးဝါးကုသနိုင်ရန် ငွေကြေးအဆင်မပြေမှု များပြားကြသည့် အခက်အခဲများရှိကြောင်း ဒေါက်တာနီလာအောင်ကပြောသည်။

"ဆေးရုံကြီးက ကင်ဆာရောဂါကုသတဲ့ဌာနဆိုရင်လည်း သက်ဆိုင်ရာ ဆရာဝန်တွေက အပြင်မှာအလှူရှင်တွေရှာပြီး မတတ်နိုင်တဲ့သူတွေကို ဆေးဖိုးခံပြီး ကုသနေရတာတွေလည်းရှိတယ်။ တချို့တွေဆိုလည်း လုံးဝကို မတတ်နိုင်ကြလို့ အခမဲ့ ခွဲစိတ်ပေးနိုင်တဲ့နေရာတွေ၊ ဆေးဖိုးကျခံပေးနေတဲ့နေရာတွေနဲ့ ဆက်သွယ်ပေးရတဲ့လူတွေလည်း အများကြီးပဲ"ဟု အဆိုပါဆရာဝန်ကပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါသည်များအတွက် ယူနီဆက်မှ ပထမ တစ်နှစ်ဆေးဖိုး တစ်ဝက်မျှခံပေးပြီး တစ်နှစ်ပြီးပါက ဆေးဖိုးအားလုံးပေးသည့် လုပ်ငန်းများ ဆောင်ရွက်နေပြီး ထိုပံ့ပိုးမှုဖြင့် ဆေးကုသနေသည့်လူနာများလည်းရှိသည်။

"လည်ချောင်းကင်ဆာဖြစ်မှန်း စသိတဲ့အချိန်မှာ ဆေးဖိုးကတစ်လကို တစ်သိန်းခွဲလောက်ကျမယ်လို့ ဆေးရုံကပြောတယ်။ တစ်သိန်းခွဲတော့မတတ်နိုင်ဘူးဆိုတော့ ယူနီဆက်ကနေ ပထမတစ်နှစ်မှာ ဆေးဖိုးရဲ့ ထက်ဝက်ကိုကျခံပေးမယ်ဆိုတော့ အခုအဲဒီအစီအစဉ်နဲ့ ဆေးကုနေတယ်"ဟု မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ အမျိုးသမီးတစ်ဦးကပြောသည်။

ထိုကဲ့သို့ ဆေးဝါးများထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ အခမဲ့ခွဲစိတ်ပေးသည့် ဆရာဝန်များနှင့် ကြံုကြိုက်သူများရှိသကဲ့သို့ အချို့မှာလည်း ငွေကြေးမတတ်နိုင်သည့်အတွက် ဆေးကုသမှုလက်လွှတ်ရသူများလည်းရှိသည်။

"ရောဝတီတိုင်းဒေသကြီးမှာဆိုရင် ကျွန်မတို့ကလေးတွေအတွက် အလှူသွားလုပ်ရင်းနဲ့ ကင်ဆာဖြစ်နေတဲ့အမျိုးသမီးတစ်ယောက်ကို ရန်ကုန်မှာ လာပြဖို့လမ်းစရိတ်တောင်မရှိလို့ အားလုံးစုပေါင်းပြီး လှူခဲ့ရတာမျိုးတွေလည်းကြုံဖူးတယ်"ဟုနာဂစ်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အမျိုးသမီးတစ်ဦးကပြောသည်။

"အခုဆို လက်ခံထားတဲ့သူစုစုပေါင်း ၄၁ ယောက်ရှိပါတယ်။ အများစုကတော့ လာပို့ပြီးနောက်မှာ လာကြည့်တာမျိုးမရှိပါဘူး။ သေသွားတဲ့အခါမှာလည်း ကျွန်မတို့ဆီကပဲ သင်္ဂြိုဟ်တဲ့အထိ လုပ်ပေးလိုက်ရတာတွေရှိတယ်"ဟု ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်ဆေးရုံကြီးမှကင်ဆာရောဂါဖြစ်နေကြောင်း လွှဲပြောင်းလိုက်သည့် လွှဲစာ၊ ကူးစက်ရောဂါများဖြစ်သည့် ဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းမှုရောဂါနှင့် စိတ်ရောဂါဖြစ်ပွားနေခြင်းမရှိကြောင်း စစ်ဆေးထားသည့် အချက်အလက်များနှင့် ဆေးကုသမှု ဆက်လက်မခံယူတော့ကြောင်း ထောက်ခံထားသည့်လူ မည်သူမဆို လက်ခံကြောင်း အဆိုပါအဖွဲ့အစည်းမှ သိရသည်။

ထွန်းဖောင်ဒေးရှင်းက ကင်ဆာရောဂါခံစားနေရသူများအား ဆေးကုသမှု ဆက်လက်ပံ့ပိုးခြင်းမျိုးမဟုတ်ဘဲ ရောဂါခံစားနေရသူများအား မိသားစု၊ အသိုင်းအဝိုင်းမှ ပြုစုမှုမပေးနိုင်သည့်အခြေအနေများတွင် ခံစားနေရသည့် နာကျင်မှုများ သက်သာစေနိုင်ရန် ပြုစုစောင့်ရှောက်မှုပေးနေသည့်အဖွဲ့အစည်းဖြစ်သည်။

ကုသရေးတွင်လည်း ဓာတ်ကင်သည့် စက်ကိရိယာများ အခက်အခဲရှိသည့်အတွက် စောင့်စားရသည့် အချိန်ကြာမြင့်ခြင်းများရှိပြီး အချို့မှာတောင်ကြီးအထိသွားရောက်ဓာတ်ကင်ကြရကြောင်း သိရသည်။

"အခုတော့ ဆေးရုံမှာ ဓာတ်ကင်တဲ့ စက်အသစ်တွေတော့ ရောက်လာပြီ။ အရင်တုန်းကဆို ဓာတ်ကင်ဖို့အတွက် အနည်းဆုံး သုံး၊ လေးလစောင့်ကြရတယ်။ တောင်ကြီးမှာတော့ ဓာတ်ကင်တဲ့စက်ရှိတဲ့အတွက် တောင်ကြီးအထိသွားပြီး ဓာတ်ကင်ရတာတွေလည်းရှိတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျင်းပနေသော လွှတ်တော်အစည်းအဝေးတွင်လည်း မြောက်ဥက္ကလာပမဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသန်းဝင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဓာတ်ကင်သည့်စက်များ ပျက်စီးနေသည့်အကြောင်းအရာနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။

ထိုမေးမြန်းမှုကိုကျန်းမာရေးဝန်ကြီးမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါဓာတ်ကင်စက်တစ်လုံးနှင့် အင်အားကျနေသော စက်တစ်လုံးသာ ရှိနေကြောင်းနှင့် ယခုနှစ် ဇူလိုင်လတွင် ငွေကျပ်သိန်းပေါင်း ၁၁,၅၀၀ တန်ဖိုးရှိသော စက်အား ကနေဒါနိုင်ငံမှ တင်သွင်းထားသည့်အတွက် အောက်တိုဘာလမှစတင်၍ စက်သုံးလုံးစလုံး အသုံးပြုနိုင်ပြီး ဓာတ်ကင်ရန်အတွက် စောင့်စားချိန်တစ်လသာကြာမြင့်တော့မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသွားခဲ့သည်။

အမျိုးသမီးများတွင်လည်း ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာများမှာ အဖြစ်အများဆုံးဖြစ်ပြီး အမျိုးသားများတွင်မူ အဆုတ်ကင်ဆာများမှာ အဖြစ်အများဆုံးဖြစ်ကြသည်။

ကင်ဆာရောဂါ တိုက်ဖျက်ရေးစီမံချက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြပြီး တာဝန်ရှိသူများအနေဖြင့် အစွမ်းကုန်ဆောင်ရွက်နေကြသော်လည်း ကင်ဆာရောဂါကုသရေးအတွက် ဆေးဝါးများ၊ စက်ကိရိယာများမှာလည်း လိုအပ်လျက်ရှိနေဆဲဖြစ်ကြောင်း ကင်ဆာရောဂါကုသရေးဆရာဝန်များကပြောသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးအသုံးစရိတ်အား ယခင်နှစ်များထက် ပိုမိုသုံးစွဲရန် စီစဉ်ထားကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

# ဂျပန်နိုင်ငံက ငှက်ဖျားနှင့် တီဘီရောဂါသည်များအတွက် တစ်နှစ်စာ ဆေးလှူဒါန်း

**ဝတ်ရည်**

**ရန်ကုန်၊ စက်တင်ဘာ- ၁**

ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံမှ ငှက်ဖျားရောဂါလူနာများနှင့် တီဘီရောဂါဝေဒနာရှင်များအတွက် တစ်နှစ်စာဆေးများလှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။


ငှက်ဖျားရောဂါလူနာများအတွက် တစ်နှစ်စာဆေးဝါးနှင့် တီဘီရောဂါလူနာတစ်သိန်းသုံးသောင်းတို့အတွက် ဆေးဝါးများလှူဒါန်းခြင်းဖြစ်ပြီး တီဘီရောဂါဆေးဝါးများမှာ ဂျပန်ယန်းငွေ ၃၀၈ သန်းတန်ဖိုးရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိ သည်။

"မြန်မာနိုင်ငံမှာဖြစ်ပွားမှုများပြားနေတဲ့ ရောဂါတွေအတွက် ဂျပန်အစိုးရကနေ လှူဒါန်းလေ့ရှိပါတယ်။ Global Fund ရပ်သွားတဲ့အချိန်တုန်းကလည်း ရောဂါသုံးမျိုးအတွက် ဒီအဖွဲ့အစည်းကပဲကျားကန်ပေးတဲ့အနေနဲ့ဆေးဝါးတွေလိုအပ်တဲ့ကျန်းမာရေးစစ်ဆေးတဲ့ကိရိယာတွေ ထောက်ပံ့ပေးလှူဒါန်းခဲ့တာပါ"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်ကလည်း နာဂစ်ဒဏ်ခံဒေသတွင် တီဘီဆေးဝါးများ အများအပြားလှူဒါန်းခဲ့သည့်အပြင် မြန်မာ- ဂျပန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပေးအစီအစဉ်အရ ဂျပန်နိုင်ငံက ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံကြီး)တို့အား ဆောက်လုပ်လှူဒါန်းပေးခဲ့သည့်အပြင် ရောဂါနှိမ်နင်းရေးအတွက် အနာကြီးရောဂါ ကင်းစင်သည်အထိ ဆေးဝါးများ လှူဒါန်းခြင်းနှင့်တစ်နိုင်ငံလုံးရှိသွေးသွင်းလူနာများအတွက် သန့်ရှင်းသော သွေးရရှိရန် HIV Test Kits များလည်း လှူဒါန်းခဲ့ကြောင်းသိရသည်။

"တီဘီရောဂါက အခုချိန်မှာ ဖြစ်ပွားမှုနှုန်းများပြားနေပြီး လူဦးရေတစ်သိန်းခွဲလောက်မှာဖြစ်ပွားနေတယ်။ လူတစ်ယောက်ကို တီဘီရောဂါပျောက်အောင် ကုသဖို့ အတွက် ငါးသောင်းကနေခြောက်သောင်းလောက်အထိကုန်ကျတယ်။ အခုချိန်မှာတော့ Global Fund ကလည်း တီဘီရောဂါအတွက် ငွေကြေးအမြောက်အမြားအသုံးပြုပြီး ထောက်ပံ့ပေးနေတာတွေရှိတယ်"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။

ယခုအချိန်တွင် ဖြစ်ပွားမှုများပြားနေသည့် ရောဂါကြီး သုံးမျိုးဖြစ်သည့် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ခုခံအားကျဆင်းမှု ရောဂါများအတွက် Global Fundမှ လှူဒါန်းသည့်ငွေကြေးနှင့်အဓိကထားကုသနေပြီးရောဂါ ဖြစ်လာပါက ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းများတွင် လှူဒါန်းထားသော ဆေးဝါးများဖြင့် ကျွမ်းကျင်ဆရာဝန်များ၏ ကုသမှုကို ခံယူသင့်ပြီး မိမိဘာသာမိမိ နီးစပ်ရာဆေးဆိုင်များမှ ဝယ်ယူသောက်သုံးသည့် ဆေးဝါးများကြောင့်ဆေးယဉ်ပါးမှုဖြစ်ပွားခြင်းမြင့်တက်လာသည့်အတွက် ဂရုပြုကြရန် ကျွမ်းကျင် ဆရာဝန်များကလည်း အကြံပြုပြောကြားထားသည်။



# Regional

7Day NEWS JOURNAL

Vol.10, No.25 • SEPTEMBER 8, 2011


## ပေါင်းလောင်းမြစ် ဘေးဝဲယာရှိလယ်ယာစိုက်ခင်းအချို့ရေမြုပ်

**ထူးသန့်**


**နေပြည်တော်၊ ဩဂုတ်- ၃၁**


နေပြည်တော် ကောင်စီနယ်မြေ၊ ပေါင်းလောင်းမြစ်ဝဲယာ ဒေသအချို့ရှိ လယ်ယာစိုက်ခင်းအချို့ ရေမြုပ်လျက်ရှိကြောင်း ဒေသခံလယ်သမားအချို့ထံမှ သတင်းရရှိသည်။

"မြစ်ရေကြီးတော့ ကျွန်မတို့ဆီမှာ အိမ်အောက်အထိ ရေရောက်တယ်။ စိုက်ခင်းတွေလည်း မြုပ်တာပေါ့။ ဈေးသွားဖို့တောင် အခက်အခဲရှိပြီး စက်လှေနဲ့ ပို့ပေးနေလို့သာ တော်သေးတယ်"ဟု နေပြည်တော် လယ်ဝေးမြို့နယ် ပေါင်းလောင်းမြစ် အရှေ့ဘက်ကမ်းနေ အသက် ၃၀ အရွယ် အိမ်ရှင်မတစ်ဦးကပြောသည်။

ယင်းကဲ့သို့ပင် ပေါင်းလောင်းရေလွှဲဆည်အနီးရှိနှမ်းတောကျေးရွာမှ လယ်သမားတစ်ဦးကလည်း "ဩဂုတ် ၂၅ ကမိုးကြီးရွာတော့ရေဝပ်တယ်။ အနိမ့်ပိုင်း စိုက်ခင်းတွေ ရေမြုပ်သလိုပဲ အိမ်ခြေရှာခြေတွေမှာကို ရေဝပ်တယ်။ နိမ့်တဲ့ အိမ်တွေ ကြမ်းခင်းအထိ ရေရောက်တယ်။ စိုက်ခင်းတွေလည်း ဒီလိုပဲ" ဟု ၎င်း၏ ဝန်းကျင်ဒေသအခြေအနေကိုပြောကြားခဲ့သည်။

စိုက်ပျိုးရေး လုပ်ငန်းသုံးဆေးဝါးများ ဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းရှင်ကိုနေမျိုးက "ကျွန်တော်မနေ့က စည်ပင်ကြီးရွာဘက်ရောက်လို့ တွေ့ခဲ့ရတာ။ ရွာရဲ့ ပတ်လည်ရေတွေ ဖွေးနေတာပဲ။ ပေါင်းလောင်း ရေလွှဲဆည်က တောင့်ခံထားသလိုဖြစ်နေတော့ မြစ်ညာဘက်မှာရေအိုင်နေတယ်။ ၁၀ ရက်ကျော်ပြီလို့ တောင်ရွာခံအချို့က ပြောတယ်။ နောက်လည်း ရက်အနည်းငယ်နဲ့ ရေပြန်ကျပုံမပေါ်ဘူး"ဟု ကိုယ်တိုင်တွေ့ရှိခဲ့ပုံကို ပြန်လည်ပြောသည်။





ဓာတ်ပုံ-ထူးသန့်

အဆိုပါဒေသခံအချို့၏ အဆိုအရ ရေကြီးမှု ကြုံနေရသော စည်ပင်ကြီးနှင့် ချောင်းကမ်းကြီးကျေးရွာများကို သက်ဆိုင်ရာမှ ဓာတ်ပုံများလာရောက်ရိုက်ယူထားပြီး အခြားကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းပေးဖွယ်ရှိကြောင်းသိရသည်။ နေပြည်တော်ဇေယျာသီရိမြို့နယ်အတွင်း ပြီးခဲ့သည့် အပတ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ တောင်ကျရေများကြောင့် လူသေဆုံးမှုများရှိခဲ့ကြောင်း ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်း(လမ်းဟောင်း)ပေါ်တွင်လည်း ရေများလျှံတက်ခဲ့ကြောင်း မျက်မြင်ကြုံတွေ့ခဲ့သူတစ်ဦးက ပြောသည်။

## လက်ပန်းတောင်းတောင်ရှိ ဇီဝမျိုးစိတ်များ ပျောက်ကွယ်မည်ကို ဒေသခံများ စိုးရိမ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်- ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊လက်ပန်းတောင်းတောင်၌ ယခုနှစ်အတွင်း ကြေးနီတူးဖော်ရေးစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် လက်ပန်းတောင်းတောင်တွင် နေထိုင်ကျက်စားလျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲအချို့ ပျောက်ကွယ်မည့်အရေး စိုးရိမ်လျက်ရှိကြောင်း ဆားလင်းကြီးမြို့နယ် ဒေသခံများပြောပြချက်အရ သိရှိရသည်။

"လက်ပန်းတောင်းတောင်ပေါ်မှာသမင်အုပ် ၂၀ နီးပါး နေထိုင်ကျက်စားတာကို တွေ့ခဲ့ရတယ်။ တောင်ပေါ်က ချောက်တွေထဲမှာ အနေများပြီး သမင်အုပ်တစ်အုပ်မှာ ၈ ကောင် အုပ်ကနေအကောင် ၂၀ အုပ်အထိနေထိုင်ကျက်စားနေတာမြင်ခဲ့ရတယ်။ဩဂုတ်လ ၂၅ရက်က လက်ပန်းတောင်းတောင် အနောက်ဘက်တောင်ခြေမှာ ချေတစ်ကောင်ကိုလည်းမြင်တဲ့သူရှိတယ်။ယုန်တွေ၊ပူးတွေနဲ့မြွေကြီးတွေလည်း ရှိသေးတယ်။ ကြေးနီတူးဖော်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့နောက်ပိုင်း သဘာဝတော၊ တောင်မှာကျက်စားနေတဲ့ ဇီဝမျိုးကွဲသတ္တဝါတွေ သေကျေပျက်စီးကုန်မှာ စိုးရိမ်နေရတယ်" ဟု ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းတောင်တွင် သီတင်းသုံးနေထိုင်သော ဆရာတော်တစ်ပါးက မိန့်ကြားခဲ့သည်။

လက်ပန်းတောင်းတောင်သည် တောင်ပေါင်း ၃၃ လုံးရှိပြီး တောင်စောင်းတောင်စွယ် အကြားချပ်များတွင် သမင်များ အများဆုံးနေထိုင်ကျက်စားလေ့ရှိကြောင်း သိရှိရသည်။ လက်ပန်းတောင်းတောင် အပါအဝင် ဆားလင်းကြီးမြို့နယ်အတွင်း တောင်စောင်းများတွင် သမင်များ ကျက်စားလေ့ရှိပြီး ဒေသခံများ သတ်ဖြတ်စားသောက်သူများကြောင့်သမင်များ မျိုးသုဉ်းမှုပိုများလာကြောင်း၊ ဆားလင်းကြီးမြို့နယ် ဒေသခံများပြောပြချက်အရ သိရှိရသည်။

## ဘဏ်မှငွေချေးသူများ အပိုအာမခံထားကြရန် ညွှန်ကြား

**နိုင်စစ်တွေ** **စစ်တွေ၊ ဩဂုတ်- ၂၅**

ဘဏ်များတွင် ငွေထုတ်ချေးရာ၌အဆောက်အအုံများ၊ လူနေအိမ်များကို အပေါင်အာမခံဖြစ်ထားရှိရရာ အဆိုပါအဆောက်အအုံများအတွက် မီးအာမခံကြေးအပြင် အပိုအာမခံများဖြစ်သည့် ရေကြီးခြင်း၊ ရေလျှံခြင်း၊ လေပြင်းမုန်တိုင်းအမျိုးမျိုးနှင့် မြေငလျင်၊ မီးအပါအဝင် ငလျင်ကြောင့် ပြိုကျပျက်စီးမှုအာမခံများကိုမထားမဖြစ်ထားရှိကြရန်ဘဏ်အချို့က ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။ "ဩဂုတ်လကနေစပြီး ထားရမှာပါ။ သာမန်မီးအာမခံကတော့ အဆောက်အအုံအသုံးပြုပုံနဲ့ အတန်းအစားအလိုက်သတ်မှတ်တဲ့နှုန်းနဲ့ ကောက်ခံတာဖြစ်ပြီး အနည်းဆုံးအာမခံငွေကျပ်တစ်ရာမှာ ပြား ၄၀နှုန်းနဲ့ အမြင့်ဆုံး နှစ်ကျပ်၊ နှစ်ကျပ်ခွဲထိရှိပါတယ်။ အပိုအကာအကွယ်တွေဖြစ်တဲ့ရေကြီးခြင်းရေလျှံခြင်းအတွက်ဆယ်ပြားနှုန်း၊ လေပြင်းမုန်တိုင်းအမျိုးမျိုးအတွက် ပြားနှစ်ဆယ်၊ မြေငလျင်မီး၊ မီးအပါအဝင် ငလျင်ကြောင့်ပြိုကျပျက်စီးမှုအတွက် ဆယ်ပြားနှုန်းဖြစ်ပါတယ်"ဟု အာမခံကိုယ်စားလှယ်တစ်ဦးကပြောသည်။ "အဆောက်အအုံတွေကို အာမခံအဖြစ်ထားရာမှာ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်သွားရင် ငွေထုတ်ချေးထားတဲ့ဘဏ်က ချေးငွေ မဆုံးရှုံးရအောင် ထားစေတာပါ" ဟု ပုဂ္ဂလိကဘဏ်မန်နေဂျာတစ်ဦးကပြောသည်။

## မန္တလေးမြို့လယ်ရိယာတွင် မြေဂရန်မရှိဘဲ ဆယ်စုနှစ်များစွာနေထိုင်နေရသော အိမ်ထောင်စုများစွာရှိ

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်- ၂၅**

မန္တလေးမြို့တော်မြို့လယ်ဧရိယာ DownTown တွင် မြေဂရန်မရှိ၍ မြေစာရင်း မဝင်ဘဲ နေထိုင်နေသော အိမ်ထောင်စု(၃၀၀)ကျော် လူဦးရေ ၁၅၀၀ ကျော် ရှိနေကြောင်း သတင်းရရှိသည်။

မန္တလေးမြို့လယ် ဧရိယာဖြစ်သော ချမ်းအေးသာစံမြို့နယ် ၃၁×၃၂ လမ်းကြား၊ ၇၆×၇၇ လမ်းကြား ဦးဘိုသာဝင်းတွင် နေထိုင်သောအိမ်ထောင်စု ၃၀၀ကျော်မှာ အိမ်ဂရန်မရှိဘဲ နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

ဦးဘိုးသာရပ်ကွက်၊ အကွက်မှူးဦးကျော်ခင်က "ကျွန်တော်ဒီရပ်ကွက်ကို အသက် ၂၀ ခန့်က ရောက်တယ်။ ကျွန်တော့်မိသားစု နေလာတာ နှစ်ပေါင်း ၄၀ ကျော်ပါပြီ။ ဒီလိုပဲ နေလာကြပါတယ်။ မြေဂရန်တော့ မရှိပါဘူး။ အိမ်ခွန်ကတော့ မြို့တော်စည်ပင်အခွန်ဌာနကလာကောက်ပါတယ်။ မန္တလေးမြို့လယ်မှာ အိမ်မြေဂရန်မရှိဘဲ နေလာကြတာ။ အချို့မိသားစုက သားစဉ်မြေးဆက်လေးဆက်၊ အချို့က သားစဉ်မြေးဆက် သုံးဆက်၊ ကျွန်တော့်မိသားစုက သားစဉ်မြေးဆက်နှစ်ဆက်ပါ။ တရားဝင်အိမ်ထောင်စု ၃၀၀ လူဦးရေ ၁၅၀၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်မှာ နေထိုင်သူတွေက စစ်ကိုင်းတိုင်းဒေသကြီး ပုလဲ၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်တွေကပါ။ အစဉ်အဆက်နေထိုင်လာကြတော့ တရားဝင်ဂရန်မြေ ဖြစ်ချင်ပါတယ်" ဟု သူ၏ သဘောထားဆန္ဒကိုပြောသည်။

မန္တလေးမြို့လယ်ဧရိယာတွင် မြေဂရန် မရှိဘဲ နေထိုင်ရသော အိမ်ထောင်စု ၃၀၀ ကျော်ရှိသည်မှာ မှန်ကန်ပြီး ၎င်းတို့ကို တရားဝင်ဂရန်ပြုလုပ်ပေးပါက တိုင်းဒေသကြီးအစိုးရအတွက်လည်း ဝင်ငွေတိုးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေယာနှင့် စီမံခန့်ခွဲရေးဌာန တာဝန်ရှိသူတစ်ဦးကလည်း ပြောကြားသည်။

*စာ(၁၈) သို့*



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011




# ဆည်ရေလျှံ နေအိမ်နှင့် စိုက်ခင်းများရေဝင်



ဓာတ်ပုံ - ညီညီဇော်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် စမုံချောင်းရေတက်ကာ သစ်တပ်ကုန်းရေလွှဲဆည်လျှံမှုကြောင့် ၎င်းဆည်ဝန်းကျင်ရှိရွာများအတွင်းသို့ ရေများဝင်ရောက်ပြီး စိုက်ခင်းအချို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

ရေဝင်ရောက်ကာ စိုက်ခင်းများ ပျက်စီးခဲ့သော ပေါက်မြိုင်ရွာမှ တောင်သူတစ်ဦးက "ရေကတစ်နှစ်ကို နှစ်ခါ၊ သုံးခါလောက်တက်တယ်။ ဟိုးအရင်တုန်းကတော့ တက်လည်း နည်းနည်းပဲ။ စိုက်ခင်းတွေပျက်လောက်အောင် မတက်ဖူးပါဘူး။ ဒီဆည်ကြီးဆောက်ပြီးနောက်ပိုင်း ကျွန်တော်တို့ရွာတွေဘက် ရေတွေဝင်လာပြီး စိုက်ခင်းတွေပျက်စီးတာပါ။ ကျွန်တော်တို့ရွာအပါအဝင် တမာပင်၊ နွားဖြူငယ်၊ နွားကူး၊ လောင်းတော်ဦး၊ အင်းရင်း၊ ဆင်ခြံ၊ လင်းဆွဲ၊ တောင်ရိုး အစရှိတဲ့ ရွာပေါင်း ၃၅ ရွာဝန်းကျင်လောက် ရေဝင်ပါတယ်။ ဒီရွာတွေအားလုံးကလည်း စိုက်ပျိုးရေးပဲ အဓိကလုပ်ကြတော့ စိုက်ခင်းတွေပျက်စီးကြတယ်"ဟု ပြောသည်။

"မေလတုန်းကလည်း ရေကြီးလို့ ငရုတ်တွေ၊ နှမ်းတွေ ပျက်စီးခဲ့တယ်။ အခုလည်း ကြက်သွန်ပျိုးခင်း၊ ပဲတီစိမ်းစိုက်ခင်း၊ ငရုတ်ခင်းတွေရေမြုပ်ပျက်စီးကုန်တယ်။ စပါးကတော့ရေမြုပ်တယ်။ ဘာမှတော့ မပျက်စီးသေးဘူး။ နောက်တစ်ခါရေတက်ရင်တော့မပြောတတ်ဘူး" ဟု ယခုနှစ်အတွင်းမှာပင် နှစ်ကြိမ်တိုင် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သော တောင်သူကြီးတစ်ဦးက ဩဂုတ် ၂၉ ရက်တွင် ပြောသည်။

အဆိုပါရေဝင်သော ရွာများရှိလက်လုပ်လက်စားပြည်သူများသည် မြစ်သားမြို့နှင့်အနီးတစ်ဝိုက်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြပြီး ရေကျသွားလျှင်လည်း တောင်သူများအနေဖြင့် မိမိတို့လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ရန် တစ်လခန့် အချိန်ယူကြရကြောင်း ဒေသခံများက ပြောကြားသည်။

"မနှစ်ကတော့ လူမှုရေး အဖွဲ့အစည်းတစ်ခုက ကျွန်တော်တို့ရွာကို တစ်အိမ်ကို ဆန်အိတ်တစ်ပိုင်းနှုန်း လာထောက်ပံ့တာတွေရှိပါတယ်။ မြစ်သားမြို့က စေတနာရှင်တွေကလည်း လာလှူကြပါတယ်။ ဒီနှစ်တော့ မလာကြသေးပါဘူး"ဟု ပေါက်မြိုင်ရွာမှ အသက် ၆၀ အရွယ် ဒေသခံ တောင်သူတစ်ဦးကပြောသည်။

မြစ်သား-မြင်းခြံလမ်းတွင်လည်း ရေလျှံမှုဖြစ်ပွားခဲ့ပြီး ဩဂုတ် ၂၈ ရက်တွင် ရေအနက်သုံးပေခန့်ရှိကြောင်း ဒေသခံတစ်ဦးကပြောသည်။ မြစ်သားမြို့ရှိမြို့ပေါ် ရပ်ကွက်သုံးရပ်ကွက်နှင့်ကျေးရွာလေးရွာခန့်လည်း ပန်းလောင်းမြစ်ရေလျှံမှုကြောင့် ရေများ ဝင်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ ရွှေပေါ် ကျွန်းကျေးရွာ၊ ရေပေါ်ကုန်းကျေးရွာ၊ ကြံတောကျေးရွာ၊ ညောင်ဝန်းကျေးရွာနှင့် မြို့မ အရှေ့ရပ်ကွက်၊ မြို့မအနောက် ရပ်ကွက်၊ ဘူတာရပ်ကွက်တို့တွင်လည်း ရေဝင်ရောက်ခဲ့ရာ ရေအနက်တစ်ပေမှသုံးပေခန့်ရှိကြောင်း မြစ်သားမြို့တွင်နေထိုင်သူများက ပြောသည်။



# ကလောတွင် ထင်းရှူးပင်များ ထူးထူးခြားခြား ပိုးကျ

ဇော်သိန်းရည်

**ကလော၊ ဩဂုတ်- ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ထင်းရှူးပင်များမကြုံစဖူးထင်းရှူးရွက်စားပိုးများအုပ်စုလိုက်တစ်တောချင်းစားသောက်ခြင်းကြောင့်ပျက်စီးမှုရှိနေကြောင်း သိရသည်။



"ကလေးမြို့နယ်ကို ထင်းရှူးမြို့တော် သတ်မှတ်ထားတဲ့ တောင်ပေါ်မြို့လေးပီပီ သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ နှစ်စဉ်စုပေါင်းသစ်ပင်စိုက်ပွဲတွေ ကျင်းပတိုင်း ဒေသနဲ့ အသင့်တော်ဆုံးဂေဟစနစ်ဝင် ထင်းရှူးပင်တွေ သစ်တောကြိုးဝိုင်း၊ ကြိုးပြင် တွေမှာ အဓိကထားထောင်သောင်းစိုက်ပျိုးခဲ့ကြပါတယ်။ ဩစတြေးလျမျိုး၊ ဂျပန်မျိုး၊ ရုရှားမျိုး၊ တရုတ်မျိုးစတဲ့နိုင်ငံခြားမျိုးတွေကိုလည်း စမ်းသပ်ရင်းသုတေသနစိုက်ကွင်းများ သတ်မှတ်စိုက်ပျိုးအောင်မြင်နေပါတယ်။ ထို့အတူ ထင်းရှူးပင်များမပျက်စီးစေရန်ကာကွယ်ခြင်း၊ ရှင်သန်ရန်ပြုစုခြင်း၊ ထင်းရှူးဆီခုတ်ထွင်ရောင်းချသူများကို ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ပြီး အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေဝေရေလဲဒေသရေအရင်းအမြစ်ကြိုတင်ကာကွယ်ပြီး အထူးဂရုစိုက် ကာကွယ်ပြုစုစိုက်ပျိုးနေတယ်"ဟု ကလောမြို့နယ်သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်က ပြောသည်။

"တစ်ခါမှ မကြုံဖူးပေမယ့် ရှေးလူကြီးတွေ ပြောတာတော့ ကြားဖူးတယ်။မိုးမှုန်သေးသေးလေးတွေ၊ ငါးရက်တစ်ပတ် ဆက်တိုက်ဖွဲ့နေရင် အဲဒီပိုးကျတတ်တယ်တဲ့၊ အမှန်က ဒီအချိန်ဟာ ရွက်နု သစ်ထွက်ပြီး ထင်းရှူးအဖူးတွေနဲ့ စိမ်းစိုစည်ပင်နေတဲ့ အချိန်ပါ။ အခုတော့မိုးကလည်း နှစ်ပတ်၊ သုံးပတ်လောက်ရှိပြီ။ စွေဖွဲ့ပြီး မှုန်မှုန်လေးတွေ ကျနေတာပိုးကတော့ ခူကောင်တစ်မျိုးပါပဲ။ တခြားခူကောင်တွေနဲ့မတူတာက သုံးလေးလက်မလောက် ရှည်ပြီးသူ့မှာ အမွေးလက်မဝက်လောက်ရှည်တယ်။ အဖြူရောင်ပါ၊ နူးညံ့တယ်၊ ဒါပေမဲ့ လူကိုစူးရင် ခြေမတွေ၊ ခြေချောင်းတွေ ပုပ်သွားတဲ့အထိ အဆိပ်ရှိတယ်။ ထင်းရှူးရွက်တွေပဲစားပြီး နှစ်ပတ်လောက်ကြာရင် အပင်အောက်ပြုတ်ကျသေကုန်တယ်။ အဲဒီအပင်အောက်ကို ဘယ်သူမှ မသွားရဲကြပါဘူး။ တစ်ခုတော့ကောင်းတယ်။ ထင်းရှူးခုတ်တဲ့လူတွေ ထင်းရှူးဆီခိုးထုတ်ရောင်းချတဲ့လူတွေတစ်လနှစ်လ ပိုးကောင်တွေ၊ အမွေးတွေ မပျက်စီးမချင်း၊ မဝင်ရဲတော့၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရာရောက်တယ်။ အရွက်တွေ ပြန်ထွက်မှာပါ။ ရွက်နုသစ်ချိန် နှစ်ခါဖြစ်သွားတာပေ့ါ။ အပင်တွေကတော့သေသည်အထိ မခံရပါဘူး" ဟု ထင်းရှူးပိုးစားခံထားသည့် သာမိုင်းခမ်းသစ်တောကြိုးဝိုင်းအနီး သရက်ပုကျေးရွာက ရွာလူကြီး ဦးစိုင်းသန့်ဇင်ဟိန်းကပြောသည်။

## နေပြည်တော်တွင် ကြိုးဖုန်းများ ကျပ်ခြောက်သိန်းခွဲဖြင့် ဆက်တိုက်တပ်ဆင်ပေး

ထူးသန့်

**နေပြည်တော်၊ ဩဂုတ်- ၃၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသောမြို့နယ်အချို့တွင် ကြိုးဖုန်းများကို ကျပ်ခြောက်သိန်းခွဲနှုန်း သွင်းဈေးဖြင့် ဆက်လက်တပ်ဆင်ပေးလျက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့နယ်ဆက်သွယ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။

လောလောဆယ်တွင် နေပြည်တော် ပျဉ်းမနားမြို့၊ ဇမ္ဗူသီရိမြို့နှင့် ဇေယျာသီရိမြို့များ၌ တပ်ဆင်ပေးနေသည်။ လက်ရှိတပ်ဆင်ပေးနေရသောဖုန်းများမှာ ၀၆၇-၂၆. . . နှင့်စသောဖုန်းများဖြစ်ပြီး လိုင်းများကုန်တော့မည်ဖြစ်သည်။ လိုင်းများကုန်ပါက ၀၆၇-၂၇. . နှင့် စသော ကြိုးဖုန်းများ ဆက်လက်တပ်ဆင်ပေးသွားဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

"အခုပြန်ကပြေးနဲ့ပျဉ်းမနားမှာ တပ်ဆင်ပေးရတယ်။ပျဉ်းမနားမြို့က ရပ်ကွက်အတော်များများမှာတော့ လိုင်းပြည့်နေပြီး နောက်ပြီး ရေဆင်းဘက်မှာ တပ်ဆင်ပေးဖို့လည်းရှိပါတယ်။ အဲဒါကြောင့် အိတ်ချိန်းမှာကိုပဲ ဘုတ်နဲ့ရေးပြီး ကြေညာထားတယ်"ဟု ၎င်းကပင် ဆက်လက်ပြောသည်။

ယခုတပ်ဆင်ပေးလျက်ရှိသော ကြိုးဖုန်းများအတွက် မီတာ ၁၅၀ အရှည်ရှိသည့် တယ်လီဖုန်းကြိုးနှင့် တယ်လီဖုန်းကိုပါ ဌာနမှ အခမဲ့ပေးထားပြီး နေပြည်တော်ပျဉ်းမနားမြို့နှင့်ဝန်းကျင်တွင် ယခုအချိန်ထိ ကြိုးဖုန်းအလုံးရေ ၆၀၀၀ နီးပါး တပ်ဆင်ထားကြောင်း သတင်းရရှိသည်။

## နေပြည်တော် အုတ်၊ သဲ၊ ကျောက် အရောင်းအဝယ် နေးကွေး



ထူးသန့်

**နေပြည်တော်၊ ဩဂုတ်- ၃၁**

ဆောက်လုပ်ရေးစီမံကိန်းကြီးများ ယာယီရပ်နားသွားခဲ့သော နေပြည်တော်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး အခြေခံကုန်ကြမ်းပစ္စည်းများဖြစ်သော အုတ်၊ သဲ၊ကျောက်ဈေးကွက်လည်း ကျုံ့သွားခဲ့ပြီဖြစ်ကြောင်း ဒေသခံ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"အုတ်၊ သဲ၊ ကျောက်ဈေးကွက်က လုံးဝရပ်သွားတာတော့ မဟုတ်ပါဘူး။ နည်းနည်းတော့ လည်ပတ်နေပါသေးတယ်။ အခြေအနေအရတော့ အရင်တုန်းက တစ်နေ့ကားဆယ်စီးလောက်ပို့ခဲ့ရရင် ဒီနေ့မှာ နှစ်စီးလောက်ပဲပို့နေရတာပေ့ါ။ ဈေးကွက်ကျုံ့သွားတယ်။ ကျဉ်းသွားတယ်လို့ပဲပြောရမှာပါ"ဟု အဆိုပါလုပ်ငန်းရှင်က ပြောသည်။ နေပြည်တော်တွင် စီမံကိန်းကြီးများအများစုရပ်နားနေသည်ဟုဆိုသော်လည်း အသေးစားလုပ်ငန်းများနှင့် အချို့သော ပုဂ္ဂလိက လုပ်ငန်းများဆက်လက်လုပ်ဆောင်နေသည်။ ထို့ကြောင့် အုတ်၊ သဲ၊ ကျောက်ဝယ်လိုအားရှိနေသေးပြီး ဈေးနှုန်းများ ကျဈေးဖြင့်သာ ရပ်တန့်နေကြောင်း ၎င်း၏အဆိုအရသိရသည်။ လက်ရှိဈေးကွက်တွင် အုတ်တစ်ချပ်ဈေးနှုန်းမှာ ငွေပေးချေမှုအချိန်ပေါ် မူတည်ပြီး ၅၂ ကျပ်၊ ၅၄ ကျပ်ဟူ၍ အသီးသီးရှိသည်။ သဲတစ်ကျင်းဈေးနှုန်းမှာ ၁၂,၀၀၀ ကျပ်ရှိပြီး နုန်းသဲနှင့် သောင်သဲမှာ တစ်သောင်းကျပ်ရှိသည်။ အသုံးများသော ချစ်ပင်ကျောက် အမျိုးအစားမှာ တစ်ကျင်းလျှင် ၈၅,၀၀၀ မှ ၉၀,၀၀၀ ကျပ်အထိရှိပြီး အာလူးခွဲကျောက်မှာ ၄၈,၀၀၀၊ ၄၆,၀၀၀ ကျပ်ခန့်ရှိကာ တောင်ကျောက် (၅ မူးတုံး)မှာ တစ်ကျင်းလျှင် ၃၆,၀၀၀၊ ၃၈,၀၀၀ ကျပ် ပေါက်ဈေးရှိသည်။

အခြားဆောက်လုပ်ရေးသုံးပစ္စည်းတစ်မျိုးဖြစ်သော သစ်မှာမူ ယခုလပိုင်းအတွင်းဈေးတက်နေကြောင်း သစ်အမျိုးအစားနှင့် ခွဲသားအလိုက် တစ်တန်လျှင် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းအထိ ဈေးနှုန်းမြင့်တက်နေကြောင်း ဒေသခံသစ်လုပ်ငန်းရှင်များကပြောသည်။

## မုံရွာသုံးဘီးဆိုင်ကယ် မောင်းသူများ တူညီဝတ်စုံဝတ်ရန်စီစဉ်

ရန်နိုင်ကျော်

**မုံရွာ၊ ဩဂုတ်- ၃၁**

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးမြို့တော်ဖြစ်သည်နှင့် အညီယာဉ်အသွားအလာများပြားလာမှုကြောင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ စည်းကမ်းတကျဖြစ်စေရန်ရည်ရွယ်၍ သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်အရမြို့တွင်းပြေးဆွဲလျက်ရှိသည့် သုံးဘီးဆိုင်ကယ်ယာဉ်အသင်းများ စက်တင်ဘာလဆန်းမှစ၍ တူညီဆိုင်းဘုတ်၊ တူညီဝတ်စုံများဖြင့် ပြေးဆွဲရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းမုံရွာမြို့နယ် သုံးဘီးဆိုင်ကယ်ယာဉ်အသင်းဥက္ကဋ္ဌဦးမိုးကျော်အေးကပြောသည်။

"သုံးဘီးယာဉ်တွေအားလုံး တူညီဆိုင်းဘုတ်တွေ၊ ယာဉ်မောင်းအားလုံး တူညီဝတ်စုံ(ဝတ်စကုတ်) တွေဝတ်ဆင်ပြီးမှ မောင်းနှင်ရမှာဖြစ်ပါတယ်။ သတ်မှတ်ယာဉ် အမှတ်အသားတွေ၊ဝတ်စုံတွေနဲ့ သတ်မှတ်ယာဉ်စီးခတွေကို မုံရွာမြို့နယ်သုံးဘီးဆိုင်ကယ်ယာဉ်အသင်း စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားဖို့စီစဉ်ထားပါတယ်" ဟု ဦးမိုးကျော်အေးက ပြောကြားခဲ့သည်။

မုံရွာမြို့နယ်သုံးဘီး ဆိုင်ကယ်ယာဉ်အသင်းမှ မုံရွာမြို့ပေါ်တွင်မြို့မဂိတ်(၂၂)ဂိတ်ဖွင့်လှစ်ထားပြီး မုံရွာစက်မှုဇုန်ထုတ်သုံးဘီးယာဉ် ၃၂၇ စီးဖြင့် ပြေးဆွဲလျက်ရှိသည်။မုံရွာ- န. မ. ခ ခရီးစဉ်ပြေးဆွဲလျက်ရှိသည့် ဂွတ်ဘရာသားကုမ္ပဏီထုတ် တော်ဝင်ရွှေပြည်သုံးဘီးယာဉ်အသင်းမှလည်း တူညီအမှတ်အသား၊ တူညီဝတ်စုံ(ဝတ်စကုတ်) များဖြင့် ပြေးဆွဲရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## တောင်သူလုပ်ငန်းအကျိုးပြု ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဟောပြောပွဲပြုလုပ်

မျိုးမင်းဦး

**မုံရွာ၊ ဩဂုတ်- ၃၁**

တောင်သူလုပ်ငန်းအကျိုးပြုရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြောပွဲများကို မုံရွာခရိုင်ပုလဲမြို့နယ်အတွင်းနှင့် အရာတော်မြို့တို့၌ ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်များတွင် မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က ဟောပြောခဲ့ကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုနှင့်အညီ တောင်သူများစိုက်ပျိုးထုတ်လုပ်မှုမှန်ကန်ရေးမိုးလေဝသဆိုင်ရာ သုတပညာရပ်တွေကို အဓိကဟောပြောခဲ့ပါတယ်။ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ပုထိုးသာကျေးရွာ ရွှေမေတ္တာ မြောက်ယမားချောင်းကူးတံတားအနီး တံတားတည်ဆောက်ရေးစီမံကိန်းရိပ်သာတွင် ဩဂုတ်လ ၂၇ ရက်မွန်းလွဲပိုင်းမှာ ကျင်းပခဲ့ပါတယ်။ ရွှေဆံပင်တံတား လမ်းအကျိုးတော်ဆောင်ဆရာတော်များအဖွဲ့နှင့် ရွှေဆံပင်ပရဟိတလူငယ်များအဖွဲ့ဦးဆောင်ကျင်းပတဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြောပွဲမှာ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်နဲ့ စာပေပညာရှင်ဦးနေဝင်းမြင့်တို့ ဟောပြောခဲ့ကြတယ်။ အရာတော်မြို့ သီရိရတနာ ခန်းမမှာ မိုးလေဝသ၊သဘာဝပတ်ဝန်းကျင်နှင့်စာပေရေးရာဟောပြောပွဲကို ဩဂုတ်လ ၂၈ ရက်မွန်းလွဲပိုင်းမှာ ကျင်းပခဲ့တယ်။ အရာတော် လူမှုကူညီရေးအသင်း(နာရေး)မှ ဦးဆောင်ပြီး မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နဲ့စာရေးဆရာ ဦးဘုန်း(ဓာတု)တို့ဟောပြောခဲ့ကြတယ်။ မိုးလေဝသဆိုင်ရာဟောပြောပွဲတွေသာမက အရာတော်မြို့ အမှတ်(၁)အ. ထ. က ဆရာစံခန်းမမှာ ဓာတုဗေဒအထူးသင်တန်းနှင့် လိုက်နာဖွယ်ရာကျောင်းသား၊ ကျောင်းသူရတနာ ဟောပြောပွဲကိုလည်း ကျင်းပခဲ့တယ်" ဟု မုံရွာခရိုင်အတွင်း မိုးလေဝသပြောင်းလဲမှုဆိုင်ရာ ဟောပြောပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးသိန်းနိုင်က ပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# နေပြည်တော်တွင် ဩဂုတ်လက ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုလျော့ကျ

ထူးသန့်

**နေပြည်တော်၊ စက်တင်ဘာ- ၁**

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလတစ်လျှောက်ယာဉ်မတော်တဆမှုကြောင့် လအလိုက် သေဆုံးမှုစာရင်းတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်း အနည်းဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း စက်တင်ဘာ ၁ ရက်တွင် ကျင်းပသည့် နေပြည်တော် ယာဉ်စည်းကမ်းဆိုင်ရာ အစည်းအဝေးမှ သတင်းရရှိသည်။



နေပြည်တော် ပျဉ်းမနားမြို့လယ်တွင် သွားလာနေကြသော ယာဉ်များ

ဓာတ်ပုံ-ကျော်ဇေယျ

ဩဂုတ်လအတွင်း ယာဉ်မတော်တဆမှု ၂၃ မှုဖြစ်ပွားခဲ့ပြီး ၃၆ ဦးဒဏ်ရာရရှိခဲ့ကာ ၈ ဦး သေဆုံးခဲ့ကြောင်း နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဌာနခွဲမှူး ရဲမှူးမျိုးညွှန့်ဦးက အစည်းအဝေးတွင် ဖတ်ကြားခဲ့သည်။ "ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၀ ဦး ထက်နည်းတာမျိုး တစ်ခါမှ မရှိခဲ့ဘူး"ဟုဂင်းကပြောသည်။ထို့အပြင် စည်းကမ်းမဲ့ မောင်းနှင်မှုများအား စစ်ဆေးအရေးယူရာတွင်လည်း ယခင်ကဲ့သို့ ပညာပေးခြင်းမျိုးရှိဦးမည်မဟုတ်ဘဲဇူလိုင်၁ရက်မှစတင်အသက်ဝင်သော နေပြည်တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၆ အရ ယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆမှုကြောင့် လအလိုက်သေဆုံးမှုတွင် ယခုနှစ် ဇန်နဝါရီလ၌ ၁၈ ဦး၊ ဖေဖော်ဝါရီလ၌ ၁၅ ဦး၊ မတ်လ၌ ၂၂ ဦး၊ ဧပြီလ၌ ၃၂ ဦး၊ မေလ၌ ၁၂ ဦး၊ ဇွန်လ၌ ၂၂ ဦး၊ ဇူလိုင်လ၌ ၂၀ ဦး၊ ဩဂုတ်လ၌ ၈ ဦး စုစုပေါင်း (၈လအတွင်း)၁၄၉ ဦးသေဆုံးခဲ့သည်။အဆိုပါအရေအတွက်မှာ ယမန်နှစ် ကာလတူအချိန်ကထက် ၃၈ ဦးပိုများနေကြောင်းလည်းစာရင်းများအရသိရသည်။

ယနေ့ပြုလုပ်ခဲ့သော အစည်းအဝေး၌ သက်ဆိုင်ရာ တာဝန်ရှိသူတို့၏ ပြောကြားချက်အရ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်အတွင်း ဩဂုတ်လတစ်လလုံးယာဉ်မတော်တဆမှုမဖြစ်ပွားခဲ့ဘဲ ဒက္ခိဏသီရိမြို့နယ်တွင်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်လုံးဖြစ်ပွားမှု မရှိခဲ့ကြောင်း ၎င်းအပြင် အထက်ပါ ယာဉ်မတော်တဆမှုများအတွင်း အခြေခံပညာ ကျောင်းသားများ ပါဝင်နေမှုကိုလည်း နည်းလမ်းရှာဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

# တရားမဝင် တင်သွင်းလာသော သကြားများ ဖမ်းဆီး

မင်းဒင်

**မန္တလေး၊ စက်တင်ဘာ- ၃**

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့်ပြည်တွင်းသို့ဝင်ရောက်လာသည့် တရားမဝင်အကောက်ခွန်မဲ့ သကြားများအား နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် ဖမ်းဆီးစစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့်တမူး၊မြဝတီ၊ရနောင်းလမ်းကြောင်းများမှတစ်ဆင့်ပြည်တွင်းသို့ အကောက်ခွန်မဲ့သကြားများ ဝင်ရောက်မှုကြောင့်ပြည်တွင်းလုပ်ငန်းရှင်များ၊ကြံစိုက်တောင်သူများနှင့် သကြားစက်ပိုင်ရှင်များ ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့တားဆီးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ပြည်တွင်းသို့တရားမဝင်တင်သွင်းသောသကြားများ ဝင်ရောက်မှုမရှိစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကြပ်မတ်စစ်ဆေးရာ၌ မရမ်းချောင်း ကုန်ပစ္စည်း စစ်ဆေးရေးစခန်းတွင် ဩဂုတ်လအတွင်း မော်လမြိုင်မှ ရန်ကုန်သို့သွားရောက်မည့်ကုန်တင်ယာဉ်နှစ်စီးနှင့်ခ ရီးသည်တင်ယာဉ်သုံးစီးတို့တွင် သယ်ဆောင်လာသည့် တန်ဖိုးငွေကျပ်စုစုပေါင်းသိန်းတစ်ရာတန်ဖိုးရှိသကြားများအား သိမ်းဆည်းနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တမူးနယ်စပ်ကုန်သွယ်ရေး စခန်းတွင်လည်း သိမ်းဆည်းရမိထားသည့် သကြားများအတွက် လေလံတင်ရောင်းချခဲ့ရာ လေလံအောင်မြင်ခဲ့သည့် သကြားအိတ်ရေထက် ပိုမိုသယ်ဆောင်ရန်ရည်ရွယ်လုပ်ဆောင်မှုများပေါ်ပေါက်ခဲ့ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။ "ဒီလိုဖမ်းဆီးတာကို ကြိုဆိုပါတယ်။ ပြည်တွင်းစိုက်ပျိုး ထုတ်လုပ်သူများအနေနဲ့ပြည်ပက သကြားတွေဝင်တော့ နစ်နာမှုတွေရှိတယ်။ ရှုံးသူတွေလည်းများတယ်။ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံအောင် ထုတ်လုပ်နိုင်တယ်။ ပြည်တွင်းသကြားမကုန်ဖြစ်နေတဲ့ အချိန်ပြည်ပသကြားဝင်လာတော့ ပိုဆိုးတာပေါ့"ဟု ဈေးကွက်အတွင်းဖြစ်ပေါ်နေသောအခက်အခဲအ ပေါ် အစိုးရဘက်ကနေကြပ်မတ်ပေးသည့်အတွက်အဆင်ပြေလာနိုင်ကြောင်းမန္တလေးတိုင်းဒေသကြီးသကြားနှင့်သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်းဥက္ကဋ္ဌဦးဝင်းဇော်ကပြောသည်။

# အာစရိယရင်ခွင် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ ဆရာ၊ ဆရာမကြီးငါးဦးကို အခမဲ့မျက်စိကုသပေး

မျိုးမင်းဦး

**မုံရွာ၊ ဩဂုတ်- ၃၁**

မုံရွာမြို့၊အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ဗုဒ္ဓဘာသာကျောင်း)မျိုးဆက်သစ်ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယရင်ခွင် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ဦးဆောင်၍စေတနာရှင်အလှူရှင်များကူညီထောက်ပံ့မှုကြောင့်မုံရွာမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ဆရာမကြီးငါးဦးကို ပထမဆုံးအကြိမ်အဖြစ် မျက်စိဝေဒနာကုသပေးကြောင်းသိရှိရသည်။



ကျောင်းဆရာကြီးတစ်ဦးအား မျက်စိဝေဒနာကုသပေးနေစဉ်

အာစရိယရင်ခွင် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့လုပ်ငန်းများအဖြစ် နာမကျန်းဖြစ်နေသော အငြိမ်းစားဆရာ။ဆရာကြီးများထံသို့ အပတ်စဉ်တိုင်း အိမ်တိုင်ရာရောက်လှည့်လည်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အလှည့်ကျပြုလုပ်ရန်စီစဉ်ထားခြင်း၊ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်ပါက သတင်းလက်ခံရရှိပြီးသည်နှင့်သက်ဆိုင်ရာဆေးခန်းများ၌ ကုသမှုခံယူနိုင်ရန် အခမဲ့ဆေးကုသမှုမှတ်တမ်း စာအုပ်များစီစဉ်ပေးခြင်း၊အကယ်၍ဆိုးရွားသောကျန်းမာရေးအခြေအနေပေါ် ပေါက်လာပါက ရောဂါအခြေအနေပေါ်မူတည်၍ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီထောက်ပံ့ရန် နာရေးအခြေအနေ ဖြစ်ပေါ်ခဲ့သော်ဝိုင်းဝန်းကူညီဆောင်ရွက်ကာ လိုအပ်လျှင် မြေကျသည်အထိ ဝိုင်းဝန်းကူညီကြရန်စီစဉ်ထားကြောင်း သိရသည်။

အငြိမ်းစားဆရာကြီး ဆရာမကြီးများကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်းကုသိုလ်ဖြစ် လှူဒါန်းလိုလည်းကောင်း လစဉ်၊ နှစ်စဉ်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါက ဦးမျိုးမြင့်(အောင်ဆုမွန်ထီဆိုင်) ဖုန်း-၀၇၁ ၂၂၄၉၂၊ ၀၉-၂၁၃၀၈၁၆၊ကိုထွန်းထွန်းဝင်း (ကြယ်စင်မင်းအင်ဂျင်ဝိုင် ရောင်းဝယ်ရေး)ဖုန်း-၀၉-၂၀၂၈၃၃၅၊ကိုကောင်းကောင်း၊ဖုန်း၀၉-၂၀၁၆၁၆၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

# ၈(၁၅) မန္တလေးမြို့လယ်ဧရိယာတွင် မြေဂရန်မရှိဘဲ ဆယ်စုနှစ်များစွာနေထိုင်နေရသော အိမ်ထောင်စုများစွာရှိ မှ

အဆိုပါရပ်ကွက်နေအသက် ၅၀ ခန့်ရှိသူ ဒေါ်မြဦးကလည်း "ကျွန်မတို့မိသားစု အဘိုးအဘွားထဲကနေလာတာမိသားစုသုံးဆက်ရှိပါပြီ။ ခေတ်အဆက်ဆက်သာပြောင်းသွားတယ်။ ကျွန်မတို့ရပ်ကွက်ကမြေဂရန်မရှိပါဘူး။မန္တလေးမြို့တော်အလယ် ရပ်ကွက်ကြီးဖြစ်ပြီးတော့ အိမ်မြေဂရန်မရှိတော့ နေထိုင်ရတာ စိတ်မချမ်းမြေ့ပါဘူး။ မြို့တော်စည်ပင်မြေယာစီမံခန့်ခွဲမှုဌာနက ကွင်းဆင်းစစ်ဆေးပြီး၊ မြေကြီး၊ မြေပုံမှန်ကန်အောင် မြေဂရန်ကို စနစ်တကျတိုင်းတာကွင်းဆင်းစစ်ဆေးပေးရင် အဆင်ပြေမှာပါ"ဟု သူ၏အမြင်ကို ပြောကြားသည်။

အလားတူ မဟာအောင်မြေမြို့နယ် (၆၂) လမ်း၊ အရှေ့ဘက် ၃၅ လမ်းနှင့် ၃၈ လမ်းကြား၊ တံမြက်စည်းစု ရပ်ကွက်တွင်လည်း မြေဂရန်များ မရှိသေးကြောင်း အဆိုပါရပ်ကွက် နေသူများ ထံမှ သိရသည်။ အဆိုပါ ရပ်ကွက်နေသူအိမ်ရှင်မတစ်ဦးက "အရင်ကကျွန်မတို့ရပ်ကွက်က ပုသိမ်ကြီးမြို့နယ်ထဲမှာပါတယ်။ အခုမြို့ကွက်အသစ်တိုးချဲ့တော့ မန္တလေး မဟာအောင်မြေမြို့နယ်ထဲမှာပါပြီး၊ မြေဂရန်မရှိဘူး။ မြေဂရန်မရှိတော့နေအိမ်ဆောက်ခွင့် ဝင်းခြံကာခွင့်၊ မြေတိုင်းတာခွင့်မရှိပါဘူး။ မြို့တော် ဧရိယာဖြစ်တဲ့အတွက် မြို့တော် မြေစာရင်းမှာ စာရင်းဝင်ရင် အဆင်ပြေပါမယ်။ မြေဖိုး၊မြေခွန်တွေကိုလည်းကျွန်မတို့ တရားဝင် ပေးသွင်းချင်ပါတယ်" ဟု ပြောသည်။

JOB VACANCY

Programmer (C# .Net) M/F (5) posts

- University degree in Computer Science or other related field relevant to above duties
- At least 1 year of experience in a similar role
- Able to work under pressure
- Good team building

Please submit your CV to:

15th floor, La Pyayt Wun Plaza, 37 Alanpya Pagoda Road, Dagon Tsp., Ygn.

ဝန်ထမ်းအလိုရှိသည်

# မလေးရှားဗီဇာလျှောက်ထားခွင့်မဲနှိုက်ရွေးချယ်မှုပိုမိုစိစစ်တော့မည်



မလေးရှားရှိ ဆိပ်ကမ်းတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေသော ပြည်ပအလုပ်သမားအချို့ကို တွေ့ရစဉ် ဓာတ်ပုံ-Day Life

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ-၁

မလေးရှားနိုင်ငံသို့ပြည်ဝင်ခွင့်(ဗီဇာ) လျှောက်ထားရန် မဲနှိုက်ရွေးချယ်ရာတွင် မမှန်မကန်ဆောင်ရွက်မှုများရှိနေသဖြင့် မလေးရှားသံရုံးက ဦးဆောင်ပြီး စက်တင်ဘာ ၁၆ ရက်မှစ၍ သံရုံးအတွင်း၌ မဲနှိုက်ဆောင်ရွက်ပေးမည်ဟု သတင်းရရှိသည်။

"မဲရောင်းစားတာကို KDM အတုတွေနဲ့ လျှောက်တာတို့တွေရှိလို့ သံရုံးက ဦးဆောင်နှိုက်ပေးတော့မယ်" ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဗီဇာရရှိရန် အေဂျင်စီများ မဲနှိုက်ရာတွင် ဦးဆောင်ပြုလုပ်သော ကုမ္ပဏီကြီးခုနစ်ခုမှာ နေ့စဉ်မဲပေါက်နေပြီး အခြားသော ကုမ္ပဏီများမှာ တစ်ပတ်တစ်ကြိမ် မဲပေါက်ရန်မသေချာကြောင်း အေဂျင်စီအသိုင်းအဝိုင်းကဆိုသည်။

သံရုံးက ဦးဆောင်နှိုက်ပေးမည့် အစီအစဉ်စတင်သည့်နေ့မှစ၍ ယခင်က တစ်နေ့လျှင်လုပ်သား ဗီဇာ ၂၀၀ သာထုတ်ပေးရာမှ ယခုအခါ ၅၀၀ ထိ တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ကုမ္ပဏီတစ်ခုလျှင် ၂၅ ယောက်နှုန်းဖြင့် ကုမ္ပဏီ ၂၀ ခုအား ဗီဇာထုတ်ပေးသွားမည်ဖြစ်သည်။

# ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ လူတိုင်းဆီသို့ ရောက်ရှိရမည်ဟု တရုတ်ပါတီခေါင်းဆောင် ပြောကြား

**နန်နင်း၊ စက်တင်ဘာ - ၅**

စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ပူးတွဲလုပ်ဆောင်မှုမရှိပါက ရေရှည်ခံသည့် ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ကြောင်းနှင့်ယင်းမှာ တရုတ်နိုင်ငံတွင် စတင်ခဲ့သည့် အာရှနိုင်ငံရေးပါတီများကွန်ဖရင့်၌ အဓိကထား ဆွေးနွေးမည့် အကြောင်းအရာဖြစ်ကြောင်းသိရသည်။

အစည်းအဝေးအဖွင့်မိန့်ခွန်းတွင် တရုတ်ကွန်မြူနစ်ပါတီ၏ အမြဲတမ်းပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဇောင်ယောင်ကန်းက လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား မျှခြေညီရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို လူတိုင်း ခံစားခွင့်ရရှိမည်ဟုပြောကြားသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် လူ့အဖွဲ့အစည်း၏တည်ငြိမ်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း သို့မှသာ ဟုတ်ပါက အောင်မြင်ထားသမျှ ပြန်လည်ဆုံးရှုံးသွားမည် ဖြစ်ကြောင်း အာရှတစ်ဝန်းမှ အစိုးရများနှင့်နိုင်ငံရေးပါတီများကိုကိုယ်စားပြုလာသည့် ကိုယ်စားလှယ်တော်ကြီးများအား တရုတ်ပါတီခေါင်းဆောင်ကပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအသွင်အပြင်တွင် အာရှတိုက်က အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေသည်ဟု မှတ်ချက်ပြုပြောကြားစဉ်မှာပင် ချမ်းသာသူများနှင့် ဆင်းရဲသားများအကြား ကွာဟမှုကျဉ်းမြောင်းလာစေရေး၊ လူမှုရေးသာတူညီမျှဖော်ဆောင်ရေး၊ တရားမျှတမှုရှိရေးတို့သည်လည်း အရေးပါကြောင်း တရုတ်ပါတီခေါင်းဆောင်က အလေးအနက်ပြောကြားသည်။

—Ref: The Hindu

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Zeta Mobile & Computer Accessories Sales & Services တွင်Sales & Marketing -(F-2 -Post)

**ဖုန်း-၀၉ ၇၃၁၈၉၉၆၆၊ ၀၁-၄၀၀၅၇၆**

-------------------------

Sales & Marketing Manager M/F (2)Posts, Deco-Land Co.,Ltd, No.3(C2), Ward-9, U Tun Nyo Street, Hlaing Thar Yar Industrial Zone(6),

**ဖုန်း-၇၂၁၅၇၈၊ ၃၇၀၈၃၇**

-------------------------

ကျား -၁ ဦး၊ ည ၆ နာရီမှ ၉ နာရီအထိ ကျောက်မြောင်းတွင် အလုပ်ဆင်းနိုင်သူ၊

**ဖုန်း-၀၉ ၇၃၀၄၉၅၄၃**

-------------------------

Marketing ကျွမ်းကျင် (အမျိုးသမီးဝန်ထမ်း) -၂ ဦး၊ အိမ်ခြံမြေ စိတ်ဝင်စားသူ -၂ဦး နယ်မှလာသူ ဦးစားပေးမည်။

**ဖုန်း -၀၉ ၅၀၃၄၆၇၇၊ ၀၉-၇၃၀၇၇၉၀၉**

-------------------------

Project Coordinator/Translator Male (1)Post, Human Resources Development Department, Suntac Technologies Co.,Ltd,

**Ph; 652245, 652246**

-------------------------

Marketing Manager (ဘွဲ့ရ) ကျား/မ -၁ဦး၊ Assistant Marketing Manager (ဘွဲ့ရ) ကျား/မ -၁ ဦး၊ ယာဉ်မောင်း (အိမ်ကား) ကျား-၁ ဦး၊ အမှတ်-၁၉၉၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။

**ဖုန်း-၀၁- ၂၄၅၉၂၅၊ ၀၁- ၂၄၆၃၀၄**

-------------------------

အင်ဂျင်နီယာ-ကျား/မ(၁)ဦး၊ ရုံးဝန်ထမ်း-မ(၂)ဦး၊ သန့်ရှင်းရေးဝန်ထမ်း-မ(၁)ဦး၊ အထွေထွေလုပ်သား-ကျား(၁)ဦး၊ မြန်မာယူတာနီ ကုမ္ပဏီလီမိတက်၊ အမှတ်-F ၁၃/၁၅၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

-------------------------

Oversea Job ဂျပန်နိုင်ငံတွင် လုပ်ကိုင်ရန် စက်ပိုင်းဆိုင်ရာကျွမ်းကျင်သော အင်ဂျင်နီယာ -ကျား (၂)ဦး၊ Apple Management Co.,Ltd,

**Ph: 09 731758 57**

-------------------------

၈ မိုင်လမ်းဆုံမီးပွိုင့်အနီးရှိ အင်တာနက်ဆိုင်တွင် 05:00 PM-11:00PM ထိ၊

**ဖုန်း-၆၆၀၁၆၃**

-------------------------

The Trio Resources Co.,Ltd, AM Manpower Services အမှတ်-၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား။

**ဖုန်း-၀၉ ၅၁ ၁၅၁၅၆၊ ၀၉ ၈၆ ၂၇၇၈၆**

-------------------------

Cashier -မ(၁)ဦး၊ ဂရင်းဝေးပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ၊ အမှတ်-၂၄၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၂၉၉၄၄၀၊ ၂၉၂၉၈၁**

-------------------------

စာရေးမ ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရ၊ အသက် ၂၀-၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူ ဖြစ်ရမည်။

**ဖုန်း-၀၉ ၄၉၂ ၃၇၇ ၁၅**

-------------------------

တက္ကသိုလ် ဟန်မင်းဦး ဓာတ်ပုံဗွီဒီယို ရိုက်ကူးတည်းဖြတ်ရေး လုပ်ငန်း အမှတ်- ၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ Photoshop ကျွမ်းကျင် -မ(၅)ဦး၊ ပညာသင်ဝန်ထမ်း -မ(၅)ဦး၊ ရုံးဝန်ထမ်း - မ(၅)ဦး။ **ဖုန်း- ၂၂၇၁၉၉**

-------------------------

တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံဗွီဒီယို ရိုက်ကူးတည်းဖြတ်သင်တန်းကျောင်းမှ လွယ်ကူလေ့လာဓာတ်ပုံဗွီဒီယို ရိုက်ကူးတည်းဖြတ်သင်တန်းအပတ်စဉ်အသစ်ကိုစက်တင်ဘာ(၁)ရက်တွင် ဖွင့်လှစ်မည်။ အမှတ်- ၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း- ၂၂၇၁၉၉**

-------------------------

Production Supervisor -ကျား (၃)ဦး၊ အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်-၃၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၆၈၅၂၃၃၊ ၆၈၅၆၅၈**

-------------------------

အမျိုးသမီးစက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့် လက်ချုပ်ဝန်ထမ်းအလိုရှိသည်။ Made moiselle Fashion အမှတ်-၇၃၊ မြေညီထပ်၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။

**ဖုန်း-၂၁၁၃၈၉**

-------------------------

Sale Promotor (5)ဦး၊ Sale Supervisor (2)ဦး၊ Marketing Supervisor (2)ဦး၊ Security (2)ဦး၊ SP Gems & Jewellery, No.30(A), Pyay Road, 7 Mile, Mayangone Tsp, Yangon

-------------------------

Counter ဝန်ထမ်း(မ)၊ အမှတ်-၉၊ အိုးဘိုလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး၊ ပုဇွန်တောင်မြို့နယ်။

**ဖုန်း-၀၁ ၃၉၆ ၂၃၄**

-------------------------

ကွန်ပျူတာစာရင်းကိုင် -မ(၂)ဦး၊ အရောင်းဝန်ထမ်း -မ(၁)ဦး၊ အထည် Marketing -မ(၁)ဦး၊ အထွေထွေဝန်ထမ်း-ကျား(၁)ဦး၊ အမှတ်-A4၊ မြေညီထပ်၊ ယုဇနပလာဇာ၊ **ဖုန်း-၀၉ ၅၁ ၅၅၂၆၀**

-------------------------

Job Title: Education Counsellor, Location:Kamaryut, Start date: ASAP, Role: Work with Australian staff to counsel students and parents in relation to studying in Australia, Submit a letter of application to edulink. mm@ gmail.com.

-------------------------

စိုးစံ (လင်း) အိမ်ခြံမြေ ကုမ္ပဏီလီမိတက်မှ မန်နေဂျာ -ကျား/မ (၂)ဦး၊ အိမ်ခြံမြေကျွမ်းကျင် -ကျား/မ(၁၀)ဦး၊ Marketing -ကျား/မ(၁၀)ဦး၊ ယာဉ်မောင်း-ကျား(၃)ဦး၊ **ဖုန်း-၅၁၀၆၀၀၊ ၅၁၀၉၅၀**

-------------------------

Korean Translator -M/F(10) Posts, Computer Operator --M (5)Posts, အမှတ်- ၉၁၀ (ဘီ)၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၃၉၃၁၈၉၊ ၃၇၀၈၃၆-၈၃၉ (လိုင်းခွဲ-၈၁၆/ ၇၀၇)**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


PediaSure
Complete®
သားသားမီးမီးတို့ရဲ့ ...
ကျောင်းသွားချိန်တွေမှာ
လေ့လာရေးခရီးသွားတဲ့အခါ
မိသားစုနဲ့အပျော်ခရီးမှာ
အချိန်တိုင်း နေ့စဉ်တိုင်းအတွက်
PediaSure Complete Ready to Drink
Ready to drink
mums can always be sure with PediaSure
Premium Chocolate
Classic Vanilla
Abbott Nutrition
The Leader In Paediatric Nutrition

# Education

7DAY NEWS JOURNAL

Vol.10, No.25 • SEPTEMBER 8, 2011




ရတနာသဘာဝစာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဝင်ကျေးရွာများမှ ဆရာ၊ဆရာမများ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့်မိတ်ဆုံစားပွဲမှ ဆရာမများ ဓာတ်ပုံ - နေလင်းထွန်း

# အမျိုးသားဆရာရှားပါးမှု ဘယ်ဆေးနဲ့ကုမလဲ

နေလင်းထွန်း

**မြန်မာနိုင်ငံရှိ အခြေခံပညာ ကျောင်းများတွင် ဆရာ၊ ဆရာမများ ပြည့်ပြည့်စုံစုံရှိနေသင့်သော်လည်း အမျိုးသမီး ဆရာမများသာရှိနေပြီး အမျိုးသားဆရာဦးရေမရှိသလောက်နည်းပါးနေသောကြောင့် အမျိုးသားဆရာ မျိုးဆက်မပြတ်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုရှိ၊ မရှိကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပညာရေးဝန်ကြီးအား အမျိုးသားလွှတ်တော်၌ မေးမြန်းခဲ့သည်။**

အမျိုးသားဆရာ လုံးဝမရှိသော ကျောင်းအရေအတွက်များပြားလာနေသောကြောင့် ကျောင်းသားများ၏ ကျောင်းနေဘဝတွင် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်သာမက သင်ကြားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့တွင် အားနည်းမှုများဖြစ်ပေါ်နေ၍ အမျိုးသားကျောင်းဆရာများအတွက် အခွင့်အလမ်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ်များကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

ကျောင်းသားနှင့် ဆရာ၊ ဆရာမ အချိုးကွာဟချက်ကြီးမားနေချိန်တွင် အမျိုးသားကျောင်းဆရာဦးရေသည် သိသိသာသာ လျော့ကျလာခြင်းဖြစ်သည်။ ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရွေးချယ်သော အမျိုးသားအရေအတွက်နည်းပါးလာမှုသည် အိမ်ထောင်စု (သို့မဟုတ်) မိသားစုတစ်စုအား ဦးဆောင်နိုင်သည့် ဝင်ငွေအနေအထားမရှိခြင်းကြောင့်ဖြစ်သည်။

“ကျောင်းဆရာဆိုတာ အိမ်ထောင်ဦးစီးပါပဲ။ ဒါပေမဲ့ မိသားစုစား၊ ဝတ်၊ နေရေးပြဿနာကို မဖြေရှင်းနိုင်ဘူး။ အဲဒီအတွက် ဒီအသက်မွေးဝမ်းကျောင်းအလုပ်ကိုစွန့်ခွာကြတာပေါ့”ဟု တက္ကသိုလ်ဆရာတစ်ဦးဖြစ်သူ စာရေးဆရာမောင်သာချိုကပြောသည်။

အသက်မွေးဝမ်းကျောင်းအတွက် လုံလောက်သောဝင်ငွေမရရှိခြင်းနှင့် အခြားအကြောင်းများစွာတို့ကြောင့် ကျောင်းဆရာဘဝကို စွန့်ခွာခဲ့ကြသူများ ရှိသလို ကျောင်းဆရာအဖြစ် လုပ်ကိုင်ရန် စိတ်ဝင်စားသူလည်း လျော့ကျခဲ့သည်။ ယခုအခါ ကျောင်းများတွင် အမျိုးသားကျောင်းဆရာဦးရေ နည်းပါးလျက်ရှိပြီး အမျိုးသားကျောင်းဆရာ မရှိသောကျောင်းများ တိုးပွားလာခြင်းဖြစ်သည်။

“ဆရာဖြစ်တဲ့အလုပ်က ဆွဲဆောင်မှုရှိဖို့ အဓိကကျတယ်။ ကျောင်းဆရာအလုပ်က ဆွဲဆောင်မှုနည်းလာတဲ့အတွက် အမျိုးသားဆရာတွေ အရမ်းရှားလာတယ်။ ဆရာဦးရေ ၁၉၉၆ လောက်ထိ တော်တော်များများ ရှိသေးတယ်။ အဲ့ဒီနောက်ပိုင်း စီးပွားရေး၊ လူမှုရေးတွေ အပြောင်းအလဲဖြစ်တော့ ဆရာတွေ ထွက်သွားကြတာပေါ့။ ပြည်ပအလုပ်အကိုင်အတွက် မလေးရှားတို့၊ ဘာတို့သွားကြတာပါ။ ဆရာအလုပ်ကထွက်ပြီး ကုမ္ပဏီအလုပ် ဝင်လုပ်ကြတဲ့သူတွေရှိလာတယ်”ဟု ရန်ကုန် ပညာရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(အငြိမ်းစား)ဖြစ်သူဦးမျိုးတင့်ကပြောသည်။

ကျောင်းများတွင် ဆရာဦးရေ နည်းပါးနေခြင်းကြောင့် ကျောင်းစီမံခန့်ခွဲမှု၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ပညာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ညွှန်ကြားသည့် သင်ကြားမှုနှင့် မသက်ဆိုင်သောလုပ်ငန်းများတွင် ဆရာမများက ဆောင်ရွက်နေရကြောင်းသိရသည်။

“ကျောင်းမှာ ဆရာမဦးရေ ၅၀ ကျော်ရှိတယ်။ ဆရာကတော့ တစ်ယောက်ပဲရှိတယ်။ အရင်က ကာယသင်တယ်။ အခုတော့ ရုံးပိုင်းဆိုင်ရာ လုပ်တယ်။ အသက် ၅၀ ကျော်ရှိပြီ။ ဆရာတွေ မရှိပေမယ့် ဒီလိုပဲ ဆရာမတွေနဲ့ဖြစ်အောင်လုပ်ရတာပေါ့။ ကျောင်းက အထွေထွေကိစ္စတွေကို တအားတော့ ပင်ပန်းပါတယ်”ဟု ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ခုမှ မူလတန်းဆရာမဖြစ်သူကပြောသည်။

ကျောင်းဝန်းကျင်နှင့်စာသင်ခန်းများတွင် အမျိုးသားဆရာများပျောက်ဆုံးနေခြင်းသည်ယောကျ်ားလေးကျောင်းသားများအတွက် စိတ်ဓာတ်နှင့် ကိုယ်ကာယ ကြံ့ခိုင်မှု၊ လူငယ်ဘာဝ ဖို၊ မကိစ္စတို့အား သွန်သင်လမ်းကြောင်းပြပေးမှုတွင် အားနည်းချက်များရှိနေနိုင်ကြောင်းစာရေးဆရာမောင်သာချိုကဆိုသည်။

“ကျောင်းတွေမှာ ကျောင်းအုပ်တွေက ဆရာမများတယ်။ စည်းကမ်းတင်းကျပ်ပြီးအကြောက်တရားနဲ့ အုပ်ချုပ်တတ်ကြတယ်။ ဖို၊မကိစ္စဆိုရင်လည်း ကျောင်းသူတွေဆို ဆရာမတွေက ခေါ်ပြီး သွန်သင်ဆုံးမရတာရှိတယ်။ ကျောင်းသားတွေကိစ္စဆို ဆရာမရှိရင် အဆင်မပြေနိုင်ဘူး။ အားကစားဘက်ဆိုရင်လည်းဘောလုံး၊ ဘက်စကက်ဘောတို့ဆိုရင် ဘယ်သူက သင်ပေးမှာလဲပေါ့။ ဆရာအင်အားနည်းပါးနေတာကိုဆိုးကျိုးတစ်ခုအနေနဲ့မြင်ပါတယ်” ဟု ၎င်းကဆိုသည်။

ပညာရေးဝန်ကြီးဌာန၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဝန်ထမ်း စုစုပေါင်း အင်အားတွင် အမျိုးသားဝန်ထမ်းပါဝင်မှု ၂၃ ရာခိုင်နှုန်းရှိပြီး အခြေခံပညာဦးစီးဌာနများတွင် အမျိုးသားဆရာ ၁၇ ရာခိုင်နှုန်းကျော်ရှိကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

အခြေခံပညာကျောင်းများတွင် အမျိုးသားဆရာဦးရေ တိုးတက်ခန့်ထားနိုင်ရေးအတွက်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ထားသူများ တက်ရောက်နိုင်သော လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများသို့ အမျိုးသားဦးရေ ၄၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ခေါ်ယူခဲ့သော်လည်း အမျိုးသား ၂၂ ရာခိုင်နှုန်းခန့်သာ တက်ရောက်နိုင်ခဲ့ပြီး

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### နိုင်ငံတကာအက်ဆေးပြိုင်ပွဲ ပြုလုပ်မည်

**ရန်ကုန်၊ စက်တင်ဘာ - ၂**

ကိုရီးယားနိုင်ငံတွင် နိုင်ငံတကာအက်ဆေးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာလ ၇ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သိရသည်။ပြိုင်ပွဲယှဉ်ပြိုင်မည့်သူများအနေဖြင့် အသက် ၁၈နှစ်မှ ၃၂နှစ်အတွင်းဖြစ်၍ အွန်လိုင်းမှတစ်ဆင့်ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အား http://www.aideffectiveness.org/busanhlf4/ တွင် ဝင်ရောက်လေ့လာနိုင်သည်။

### ချားလ်စ်တက်ဒ်တက္ကသိုလ်မှ ပညာသင်ကြေးပေးမည့်အစီအစဉ်

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ဩစတြေးလျနိုင်ငံရှိ Charles Sturt တက္ကသိုလ်တွင် ပညာသင်ယူလိုသော မြန်မာကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးအား ၂၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းထိပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ဘာသာရပ်ပေါင်းလေးရာကျော် လေ့လာသင်ယူနိုင်သည့် တက္ကသိုလ်၏ ပညာသင်ထောက်ပံ့ကြေးအား မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးဖြစ်သော Crown Education တွင် လျှောက်ထားနိုင်သည်။

### စီးပွားရေးဆိုင်ရာဥပဒေဟောပြောပွဲ

**ရန်ကုန်၊ စက်တင်ဘာ - ၁**

နိုင်ငံတော်သစ်အတွက် လိုအပ်မည့်စီးပွားရေးဆိုင်ရာ ဥပဒေသစ်များ ခေါင်းစဉ်ဖြင့် ဦးသန်းမောင်(စစ်တွေ)၏ ဟောပြောပွဲကို စက်တင်ဘာ ၁၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် နေ့လယ် ၂နာရီမှစတင်ကျင်းပမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

### ဂျပန်နိုင်ငံမှ အိုကာရာမဂိုင်ဂိုဂကူအင်ကျောင်းကို မန္တလေးတွင် မိတ်ဆက်

ညီညီဇော်

**မန္တလေး၊ စက်တင်ဘာ- ၃**

အင်ချီဘန်းဂျပန်ဘာသာစကားစင်တာနှင့် Better Life ပညာရေးစင်တာတို့ပူးပေါင်းကာ ဂျပန်နိုင်ငံ အိုကာရာမဂိုင်ဂိုဂကူအင်ကျောင်းမိတ်ဆက်ပွဲအခမ်းအနားကို မန္တလေးမြို့ရှိဟိုတယ်မန္တလေး၊စံပယ်ဖြူခန်းမတွင်ကျင်းပခဲ့သည်။ အင်ချီဘန်းစင်တာမှ တည်ထောင်အုပ်ချုပ်သူ ဦးဝေဖြိုးနိုင်က ကျောင်း၏ထူးခြားချက်များဖြစ်သောလစဉ်အခမဲ့ဂျပန်စကားပြောဖွင့်လှစ်သင်ကြားပေးခြင်း၊ ငွေကြေးမတတ်နိုင်သူများအား ဂျပန်ဘာသာ စကားအခမဲ့သင်ကြားပေးခြင်း၊ နှစ်စဉ်နွေရာသီ ၃ လအတွင်း ကလေးများအား အခမဲ့ ဂျပန်စာသင်ပေးခြင်း၊ အခါအားလျော်စွာကျောင်းသားကျောင်းသူများ စုပေါင်း၍ အလှူဒါန ပြုလုပ်ခြင်း၊ ဂျပန်နိုင်ငံမှ ဆရာဖြစ်သင်တန်းကျောင်းဆင်းသော Ms Suzuki Megumi နှင့် ဆရာ၊ ဆရာမများမှ အနီးကပ်ကြီးကြပ်သင်ကြားပေး ခြင်းစသည်တို့ကို ရှင်းလင်းပြောပြခဲ့သည်။ ဆက်လက်ပြီး အင်ချီဘန်းဂျပန်ဘာသာစကားစင်တာမှ အမှုဆောင်ဒါရိုက်တာ ဦးကျော်မင်းထင်ကလည်း ဂျပန်နိုင်ငံတွင် ပညာသင်သွားရောက်ရန် လိုအပ်သော အခက်အလက်များနှင့် အလုပ်လုပ်ရင်း ကျောင်းတက်နိုင်မည့်အစီအစဉ်များကို ပြောပြခဲ့သည်။ Okayama Gaigo Gakuin ကျောင်းမှ ဂျပန်လူမျိုး ဆရာမနှစ်ဦးက ကျောင်းတည်နေရာ၊ ကျောင်းရှိ ပညာသင်ကြားပေးသော ဘာသာရပ်များ၊ကျောင်းဝင်ကြေးများစသည်တို့ကို ရှင်း လင်းပြောပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့ရှိ ဂျပန်ပညာရေးစနစ်ကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

7 DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်မှ ကလေးငယ် ၉ ၀၀၀ ကျော်ကို ပညာသင်ပေးနေဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

ကျောင်းမနေဖူးသော ကလေးငယ်များနှင့်ကျောင်းနေခဲ့ဖူးသော်လည်း မူလတန်းပညာ မပြီးဆုံးမီကျောင်းထွက်ခဲ့ရသော ကလေးငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်တွင်ကလေးသူငယ် ၉,၀၀၀ ကျော် ပညာသင်ယူခွင့်ရရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ဝန်ကြီးချုပ်ဦးမြင့်ဆွေကပြောသည်။

ကျောင်းပညာရေးနှင့်အလှမ်းဝေးနေသောကလေးငယ်များအတွက် ကျောင်းပြင်ပ မူလတန်း ပညာရေးအစီအစဉ်အား မြို့နယ်ပေါင်း ၄၈ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်နှင့် ပုဂ္ဂလိကအလှူရှင်တို့ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

"ကျောင်းပြင်ပ မူလတန်းပညာရေးအခြေစိုက်စခန်းများဟာအခက်အခဲရှိတဲ့ကလေးပညာသင်ယူခွင့်ရရှိအောင် ကျောင်းတံခါးများကို ဖွင့်ပေးခြင်းဖြစ်ပါတယ်။'ကျောင်းတံခါးများကိုဖွင့်ပေးခြင်းသည် အကျဉ်းထောင်တံခါးများကို ပိတ်ပေးခြင်းဖြစ်တယ်'ဆိုတဲ့ ဆိုရိုးစကားနဲ့အညီ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဟာကလေးများရဲ့လူမှုဘဝမှာအပြစ်ကင်းစင်အောင်ဘဝကိုသိက္ခာရှိရှိ ရင်ဆိုင်နိုင်အောင်တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မယ်လို့ယုံကြည်ပါတယ်"ဟု ဦးမြင့်ဆွေကဆိုသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအတွက်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်အချို့ငါးနှစ်ဆက်တိုက် ပူးပေါင်းပါဝင် လှူဒါန်းရန်စီစဉ်ထားပြီး ကလေးသူငယ်များအတွက် ကျောင်းစရိတ်သည် တစ်နှစ်လျှင်ကျပ်သိန်းတစ်ထောင်ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

# ဗြိတိသျှကောင်စီသင်တန်းကြေးများ ကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၃၁**

အင်္ဂလိပ်ဘာသာစကားသင်ကြားနေသော ဗြိတိသျှကောင်စီသည် သင်တန်းကြေးများကို အမေရိကန်ဒေါ်လာဖြင့်ကောက်ခံနေရာမှ ကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

လာမည့် အောက်တိုဘာလတွင်ဖွင့်လှစ်မည့် အတန်းသစ်မှစတင်၍ သင်တန်းကြေးများအား ကျပ်ငွေဖြင့် ပေးသွင်းရမည်ဖြစ်သည်။ ဗြိတိသျှကောင်စီတွင် ဖွင့်လှစ်သင်ကြားနေသော အင်္ဂလိပ်ဘာသာစကားသင်တန်းသည် ၁၀ ပတ်ကြာမြင့်မည်ဖြစ်ပြီး ယခင် အမေရိကန်ဒေါ်လာ ၂၉၀ ပေးသွင်းနေရာမှ ယခု အတန်းသစ်မှစတင်၍ ကျပ် ၂၉၀,၀၀၀ ပေးသွင်းရန် ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

သင်တန်းတက်ရောက်ရန်အတွက် စက်တင်ဘာလ ၂၈ရက်မှ အောက်တိုဘာလ ၁ရက်အတွင်း ဝင်ခွင့်စာမေးပွဲအားကျပ်၁၀,၀၀၀ ပေးသွင်းဖြေဆိုရမည်ဖြစ်ပြီး၊ သင်တန်းများအား အသက်အရွယ်အလိုက် ပိုင်းခြားထားကြောင်း သိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ)သည်အင်္ဂလိပ်ဘာသာစကားသင်တန်းသာမက စီမံခန့်ခွဲမှုသင်တန်း၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲဖြစ်သော IELTS ပြင်ဆင်မှု သင်တန်းများအတွက် သင်တန်းကြေးအား ကျပ်ငွေဖြင့် ပြောင်းလဲလက်ခံသွားမည်ဖြစ်ကြောင်း ၎င်းတို့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ARKRAY
GLUCOCARD

## စာ-၂၁၊ အမျိုးသားဆရာရှားပါးမှု ဘယ်ဆေးနဲ့ကုမလဲ မှ

ဘွဲ့ရများ တက်ရောက်နိုင်သော သင်တန်းတွင် အမျိုးသား ၇ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

အမျိုးသားကျောင်းဆရာများပြားလာစေရန် ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များသို့ အမျိုးသားများ ဝင်ခွင့်ပိုမိုရရှိရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် သတ်မှတ်ချက်များ လျှော့ချနေသော်လည်း လျှောက်လွှာတင်သွင်းသည့် အမျိုးသားဦးရေနည်းပါးနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများပြားလာစေရန် ဆရာများအား စားဝတ်နေရေးနှင့် လူမှုဘဝဖူလုံရေးအတွက် လုံလောက်သောဝင်ငွေရရှိစေခြင်း၊ အခြားသောအခွင့်အလမ်းများ ရရှိခံစားစေခြင်းတို့ ဆောင်ရွက်သင့်ကြောင်း ပညာရေးနယ်ပယ်မှဝါရင့်ဝန်ထမ်းများကအကြံပြုသည်။

"စားဝတ်နေရေး အဆင်ပြေအောင်လုပ်ပေးရမယ်။ ပညာရေးဝန်ထမ်းတွေကို အိမ်မြေနေရာတွေ ဖန်တီးပေးရမယ်။ တခြားဌာနတွေလည်းပေးနေတာပဲလေ။ အခု ပညာရေးဝန်ထမ်းတွေက နေစရာမရှိဖြစ်နေတာပေါ့"ဟု စာရေးဆရာမောင်သာချိုက ပြောသည်။

ပညာရေးဝန်ထမ်းများအနေဖြင့်ဒေသအသီးသီးတွင်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရာတွင် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့မှု၊ လုံခြုံစိတ်ချရသောနေထိုင်မှု စသည့်အခြေခံအကြောင်းအရင်းများကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ကြောင်း ပညာရှင်အချို့ကပြောသည်။

ပညာရေးကောလိပ်များနှင့် ပညာရေးတက္ကသိုလ်တို့တွင်ပညာသင်ယူပြီးနောက် အခြေခံပညာကျောင်းများ၌ ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဆရာဦးရေလျော့ကျနေခြင်းသည်လည်း အခက်အခဲတစ်ခုဖြစ်နေကြောင်း၊ ကျောင်းပြီးပါက အစိုးရတာဝန်မထမ်းဆောင်ဘဲ ပုဂ္ဂလိကပညာရေးလုပ်ငန်းများသို့ ရောက်ရှိသွားသော ဆရာ၊ ဆရာမများရှိနေကြောင်း ဦးမျိုးတင့်က ပြောသည်။

"ဘီအီးဒီမှာ အခုဖြစ်နေတာကတော့ ပျောက်သွားတဲ့ဆရာ၊ ဆရာမတွေက အင်တာနေရှင်နယ်ကျောင်းတွေကိုရောက်သွားတာရှိတယ်။ အဲဒါကလည်း တကယ့်ပြဿနာတစ်ခုပါ။ ဆရာ၊ ဆရာမတွေကျောင်းပြီးလို့တာဝန်ချထားတဲ့အခါမှာလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာကို မသွားနိုင်လို့ လုပ်ငန်းခွင်မဝင်ကြတဲ့သူတွေလည်း ရှိနေပါတယ်"ဟု ၎င်းကဆိုသည်။

လစာတိုးမြှင့်ပေးသင့်သည့် ရာထူးများသတ်မှတ်ရေး၊ အချိန်ပိုခံစားခွင့်ပြုရေး အစီအစဉ်တို့သည် နိုင်ငံတော်၏ ဘဏ္ဍာငွေပိုမိုကျခံရမည့်လုပ်ငန်းများဖြစ်ပြီး ရာထူးအလိုက်လစာနှုန်းများသတ်မှတ်မှုနှင့် ပိုမိုကုန်ကျနိုင်သည့် ဘဏ္ဍာငွေတို့ကိုပြန်လည်စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုး၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန် လိုအပ်ချက်ရှိနေကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိအခြေခံပညာကျောင်းများတွင်အမျိုးသားကျောင်းဆရာများ လျော့နည်းလာနေမှုအားထိန်းညှိရန်အတွက်လက်ရှိလစာအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ထပ်ဆောင်း ထောက်ပံ့ပေးခြင်းအမျိုးသားဆရာများ ပိုမိုရရှိလာနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။



# Technology

7DAY NEWS JOURNAL

Vol.10, No.25 • SEPTEMBER 8, 2011

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်း အလုံးရေ နှစ်သိန်း ထပ်မံချထားပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ နှင့် ၄၅၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို နောက်ထပ်လိုင်းအရေအတွက် တစ်သိန်းစီ ထပ်မံတိုးချဲ့ချထားပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

လတ်တလောတွင် ချထားပေးမှုယာယီရပ်ဆိုင်းထားသည်ဟုဆိုသည့် အဆိုပါ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်ဇ် ဖုန်းများနှင့် ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို ဆက်လက်လျှောက်ထားလိုသူ များပြားစွာကျန်ရှိနေကြသေးကြောင်း ပြည်တွင်းမိုဘိုင်းဖုန်း အသုံးပြုသူများကပြောသည်။

ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စီဒီအမ်အေ ၄၅၀ နှင့် ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို အလုံးရေတစ်သိန်းစီဖြင့် စုစုပေါင်းနှစ်သိန်းကို ထပ်မံချထားပေးမည်ဖြစ်သည်။

"လေးရာ့ငါးဆယ်စီဒီအမ်အေတွေက ရန်ကုန်မှာလိုင်းသိပ်မမိပေမယ့် နယ်ဘက်တွေမှာ အရမ်းကောင်းတယ်။ ရှစ်ရာစီဒီအမ်အေကျတော့လည်း သတ်မှတ်ဧရိယာအတွင်းမှာ လိုင်းတော်တော်ကောင်းတယ်။ အင်တာနက်လည်းချိတ်လို့ရတယ်။ လိုင်းနှေးတာကတော့ တစ်ကဏ္ဍပေါ့လေ။ ဒါကြောင့် ဒီဖုန်းတွေကို နောက်ထပ်လျှောက်ချင်တဲ့ သူတွေက အရမ်းများနေတယ်" ဟု ရန်ကုန်မြို့တွင်းအခြေစိုက် မိုဘိုင်းဖုန်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးကဆိုသည်။

အစိုးရအနေဖြင့် ထိုဖုန်းများကို ပထမဆုံးအသုတ်အဖြစ် တိုးချဲ့ချထားပေးမည့် လိုင်းအင်အားတစ်သိန်းစီအပြင် ၎င်းတို့၏ငါးနှစ်စီမံကိန်းကာလအတွင်း ထပ်မံချထားပေးသွားရန်လည်း စီစဉ်ထားပြီဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ အဆိုအရ သိရသည်။

ထို့အတွက် အစိုးရသစ်၏ မိုဘိုင်းဖုန်းဆက်သွယ်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းကာလအပြီးတွင် စီဒီအမ်အေ မိုဘိုင်းဖုန်း အလုံးရေပေါင်းတစ်သိန်းရှစ်သောင်းခုနှစ်ထောင်စီကို ဆက်လက် ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းဖုန်းများ လျှောက်ထားခွင့်ကို ပြီးခဲ့သည့်လအနည်းငယ်ကစတင်ပြီး ရပ်ဆိုင်းခဲ့ခြင်းကြောင့် ထိုဖုန်းများ၏ ပြင်ပေါက်ဈေးနှုန်းများမှာလည်း ယခုအချိန်အထိ ကျပ်ခြောက်သိန်း အထိ ပေါက်နေသည်။

ယခုလက်ရှိအချိန်တွင် စီဒီအမ်အေ ၈၀၀နှင့် ၄၅၀ မဂ္ဂါဟတ်ဇ် ဖုန်းလိုင်းပေါင်းလေးသိန်းနီးပါးအသုံးပြုနေပြီဖြစ်သည်။

## တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်း ရန်ကုန်တွင် တစ်နှစ်အတွင်း အလုံးရေ ရှစ်သိန်းခန့်ချပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ်- ၃၁**

မကြာမီချထားပေးတော့မည်ဟုဆိုသည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် အလုံးရေပေါင်း ရှစ်သိန်းခန့်ဖြင့် ကျန်ဒေသများထက် ပမာဏအများဆုံးချထားပေးသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ထိုဂျီအက်စ်အမ် မိုဘိုင်းဖုန်းများကို အစိုးရက ပထမနှစ်စီမံကိန်းအတွင်း အလုံးရေ လေးသန်းစတင်ချထားပေးမည်ဖြစ်ပြီး ယင်းပမာဏတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် လိုင်းပေါင်း ခုနှစ်သိန်းကိုးသောင်းခုနှစ်ထောင်ကျော် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ဒုတိယအလုံးရေအများဆုံးချထားပေးမည့်ဒေသမှာ မန္တလေးတိုင်းဒေသကြီးဖြစ်သည်။ လိုင်းအရေအတွက်မှာ ငါးသိန်းငါးသောင်းကျော်(၅၅၅,၅၈၀)ချထားပေးမည်ဖြစ်သည်။

ထို့အပြင် ကချင်ပြည်နယ်တွင် ၅၂,၃၀၇ လိုင်း၊ ကယားပြည်နယ်တွင် ၈,၃၇၄ လိုင်း၊ ကရင်ပြည်နယ်တွင် ၇၄,၃၅၂ လိုင်း၊ ချင်းပြည်နယ်တွင် ၁၂,၃၂၀ လိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၀၀,၈၄၂ လိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၆,၀၁၉ လိုင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃,၉၀၀,၁၂၉ လိုင်း၊ မကွေးတိုင်းဒေသကြီးတွင် ၄၀၃,၂၄၀ လိုင်း၊ မွန်ပြည်နယ်တွင် ၂၀၃,၄၀၅ လိုင်း၊ ရခိုင်ပြည်နယ်တွင် ၁၄၂,၅၇၂ လိုင်း၊ ရှမ်းပြည်နယ်တွင်၊ ၁၇၃,၉၂၉ လိုင်း၊ ဧရာဝတီတိုင်းတွင် ၄၉၄,၇၂၉ လိုင်းချထားပေးသွားမည်ဖြစ်သည်။

ထို့အတွက် ပထမနှစ်စီမံကိန်းပြီးစီးပါက တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဂျီအက်စ်အမ်မိုဘိုင်းအရေအတွက်ပေါင်း လေးသန်းကျော်အထိရှိလာမည်ဖြစ်သည်။

ထို့အပြင် ပထမနှစ်စီမံကိန်းအတွင်း အပြီးသတ်ချထားပေးမည့် ယင်းမိုဘိုင်းဖုန်းများသည် တန်ဖိုးနည်းဖုန်းများဖြစ်လာမည်ဖြစ်ပြီး ဈေးနှုန်းများကိုမူ တရားဝင်ပြောကြားနိုင်သေးခြင်းမရှိသော်လည်း ကျပ်သုံးသိန်းနှင့် သုံးသိန်းဝန်းကျင်ဖုန်းများဖြစ်လာနိုင်ကြောင်း အထက်ပါလုပ်ငန်း၏ တာဝန်ရှိသူများကဆိုကြသည်။

ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများတိုးချဲ့တပ်ဆင်ရေးလုပ်ငန်းကို အစိုးရနှင့်အတူပြည်တွင်းရှိပုဂ္ဂလိက ကုမ္ပဏီ ၁၁ ခုတို့ကပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။

ယင်းဆက်သွယ်မှုကွန်ရက်တိုးချဲ့ရေးစီမံကိန်းကို ငါးနှစ်သတ်မှတ်ထားပြီး အဆိုပါသတ်မှတ်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းအလုံးရေ သန်းသုံးဆယ်ကို ချထားပေးပြီးဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို အဓိကထားဆောင်ရွက်ရခြင်းမှာ နိုင်ငံတကာသို့သယ်ဆောင်အသုံးပြုနိုင်သည့် International Roaming System ကိုဆောင်ရွက်သွားမည့် အစီအစဉ်ရှိခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ ချထားပေးမည့်အစီအစဉ်ကို ပြီးခဲ့သည့် ဇူလိုင်လ တတိယပတ်အတွင်းက စီမံကိန်းစတင်ခဲ့ခြင်းဖြစ်သည်။

## အင်တာနက်မြန်နှုန်းပိုနှေးကွေးလာ၍ သုံးစွဲသူများ အခက်တွေ့


**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၁**

ယခင်က တိုက်ရိုက်အသုံးပြုနိုင်ခြင်းမရှိခဲ့သည့်အင်တာနက်ဝက်ဘ်ဆိုက်အချို့ကိုတိုက်ရိုက်ဝင်ရောက်အသုံးပြုနိုင်ပြီဖြစ်သော်လည်း အင်တာနက်မြန်နှုန်းများ ပုံမှန်အတိုင်း နှေးကွေးနေခြင်းကြောင့် အသုံးပြုသူများအတွက် အခက်အခဲများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ပြန်လည်အသုံးပြုနိုင်ပြီဖြစ်သည့် ဝက်ဘ်ဆိုက်များတွင် You Tube၊ Yahoo Mail ကဲ့သို့ ကမ္ဘာကျော်ဆိုက်များပြန်လည်ပါဝင်လာပြီး ယင်းဆိုက်များသည် အင်တာနက်အသုံးပြုသူအများစု အများဆုံးအသုံးပြုလိုသော ဆိုက်များဖြစ်သည်ဟုသိရသည်။

သို့သော် ထိုကဲ့သို့ဆိုက်များပြန်လည်ပွင့်လာသော်လည်း အင်တာနက်မြန်နှုန်းများနှေးကွေးမှုကြောင့် အချိန်များစွာပေးကာသုံးစွဲနေရသည်ဟု သုံးစွဲသူများထံမှ



သိရသည်။

"သုံးချင်တာလေးများ ပြန်ရလို့ ဝမ်းသာနေတာ။ တကယ်သုံးတော့ ခုထိချောချောမွေ့မွေ့မရှိသေးဘူး။ ဒီလိုဆိုက်မျိုးတွေတော့ ပြန်သုံးလို့ရပါရဲ့ အဖွင့်စာမျက်နှာလေးပဲထိုင်ကြည့်နေရတာတော့ မဟုတ်သေးဘူး" ဟု အသက် ၃၀ နှစ်အရွယ်ရှိ နည်းပညာကုမ္ပဏီတစ်ခုတွင်တာဝန်ထမ်းဆောင်နေသည့် မန်နေဂျာတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရှိ သက်ဆိုင်ရာဌာနသို့

ယခုကဲ့သို့ အင်တာနက်မြန်နှုန်းများ ဆက်လက်နှေးကွေးနေခြင်းနှင့် ယခင်ကအသုံးမပြုနိုင်ခဲ့သည့် ဝက်ဘ်ဆိုက်များပြန်လည်အသုံးပြုနိုင်လာခြင်းနှင့်ပတ်သက်ပြီး ဆက်သွယ်မေးမြန်းရာတွင်မူ ဆက်သွယ်နိုင်ခြင်းမရှိခဲ့ပေ။

ထို့အတွက် ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုမြန်နှုန်းများသည် ယခင်ကထက် ယခုအကဲ့သို့ အစိုးရသစ်တစ်ရပ်တက်လာသည့် အခြေအနေတွင် ပိုမိုတိုးတက်ကောင်းမွန်သင့်ပြီဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောကြားသည်။

များသောအားဖြင့် ရုံးလုပ်ငန်းများတွင် မြန်နှုန်းများနှေးကွေးပြီး အများပြည်သူသုံးအင်တာနက်ဆိုင်များတွင်မူ အနည်းငယ်မြန်လေ့ရှိသည်။ သို့သော် အင်တာနက်ဆိုင်များ၏ အင်တာနက်မြန်နှုန်းများသည်လည်း များသောအားဖြင့် နှေးကွေးလေ့ရှိကြောင်းသိရသည်။

သို့သော် အင်တာနက်မြန်နှုန်းများနှေးကွေးနေသော်လည်း ယခုမှပြန်လည်အသုံးပြုနိုင်သည့် ဝက်ဘ်ဆိုက်များကို အချိန်ပေးကာ သုံးစွဲမှုများသည်လည်း အတန်ငယ်များပြားလာကြောင်း သိရှိရသည်။






TODAY - 30 SEPTEMBER 2011
Buy any Sofa
+
Coffee Table
Free
Buy any Bed Room Set
Free
2 pillows and 1 bolster
YANGON/MANDALAY MK WINNER
EXCEL TREASURE TOWER NO.520 CORNER OF KABARAYE PAGODA ROAD AND SHWE GONE DAING ROAD, BAHAN TOWNSHIP


NEW COMET TRADING CO., LTD.
NC
Customer
Quality
Email: newcomet@myanmar.com.mm


ELECTRAL FORTE
July 2011 to 15th October 2011
OPa

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ဘဝကို လွယ်လွယ်အရှုံးမပေးကြပါနဲ့

အိဖြူလွင်

အသားညိုညို၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် ပိန်သွယ်သွယ် ပထမတန်းကျောင်းသားလေးတစ်ဦး၊ ဟိုင်းလတ်ကားငယ်၏ရှေ့ခန်းတွင်အကျအနထိုင်နေသည်။

ကားရပ်ထားရာ လမ်းသွယ်ထဲမှ နှစ်ယောက်တစ်တွဲစီ တစ်ယောက်စီ စကားပြောရင်းဖြင့် ထွက်လာသော လူအုပ်ကြီး၏ မျက်လုံးများက စိတ်မကောင်းဖြစ်နေဟန်နှင့် ငိုထားဟန်များပေါက်နေသည်။ ထိုလူများမှာ လမ်းထိပ်တွင် ရပ်ထားသော ကားထဲမှ ခြောက်နှစ်အရွယ် ကလေးငယ်ကို မြင်ကြသောအခါကလေး၏တည်ငြိမ်မှုကို မကြည့်ရက်နိုင်သလို အကြည့်များလွှဲသွားကြသည်။

ဩဂုတ်လ ၂၃ ရက်ညအချိန်တွင်မင်္ဂလာဒုံမြို့နယ် ၃ ရပ်ကွက်အတွင်းမှ လမ်းသွယ်လေးတစ်ခုရှိနှစ်ထပ်ပျဉ်ထောင်အိမ်လေး၏ အောက်ထပ်တွင် ပတ်ဝန်းကျင်မှ လူများအားလုံး မမျှော်လင့်ခဲ့မိသော မမြင်ရက် မကြားရက်နိုင်ခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ဩဂုတ် ၂၅ ရက် နေ့လယ် ၁ နာရီအချိန်တွင် ရေဝေးသုသာန်ခန်းမအမှတ်-၁(က)တွင် ပန်းများနှင့်လွှမ်းခြုံထားသော အသက် ၃၃ နှစ်ရှိ အမျိုးသမီးတစ်ဦး ထာဝရလဲလျောင်းနေသည်။

ကိုယ်ခန္ဓာတောင့်တောင့်နှင့် ရွက်ကြမ်းရေကျိုထက်သာသည်ဟုပြောနိုင်သောအသားညိုညိုထောင်ထောင်မောင်းမောင်း အမျိုးသမီးက သူမ၏ ဖတဆိုးသားလေးကို တစ်ယောက်တည်း ချန်ခဲ့၍ လွတ်ငြိမ်းရာသို့ထွက်ခွာသွားခဲ့ပြီ။

ခန်းမထဲတွင်တော့ အသုဘရှုရန်လာသူများက ဘာကြောင့်များ ဒီလိုလုပ်ရသလဲဆိုသည့် မေးခွန်းကို အချင်းချင်း တိုးတိတ်စွာကြိတ် မေးနေသံများ ကြားနေရသည်။ "နင့်သားလေးကို တစ်ယောက်တည်းထားခဲ့ပြီး လွတ်ရာကျွတ်ရာ ထွက်သွားတယ်ပေါ့ အမိုက်မရဲ့"ဟု အော်ဟစ်ငိုလိုက်သံ ပျံ့လွင့်သွားပြီး တစ်ခဏတွင်တော့ သူမသည် တစ်ဦးတည်းသော သားလေးနှင့် ကျန်ရစ်သူအားလုံးကို ထာဝရ ထားရစ်ခဲ့ပြီဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် မုဆိုးမသားတစ်ဦး၏ မိခင်ဆိုသော်လည်း သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်နှင့် ပေါင်းသင်းဆက်ဆံရေးကောင်းသူဟု အများက သတ်မှတ်ကြသော ထိုအမျိုးသမီး၏ ကြိုးဆွဲချသတ်သေမှုဆိုသောသတင်းသည် ရပ်ကွက်လေးအတွင်း ပျံ့နှံ့သွားခဲ့စဉ်ကပင် "ဘာလို့များ အဲလိုလုပ်ရတာပါလိမ့်" ဟူသည့် မေးခွန်းများက ရှိနေခဲ့ကြသည်။

"သူက အရမ်းစိတ်ကြီးတာ၊ မာနလည်းကြီးတယ်၊ ဘယ်သူ့ကိုမှလည်း သူဘာတွေဖြစ်နေတယ်ဆိုတာ မပြောပြတတ်ဘူး" ဟု သူမ၏ စိတ်နေသဘောထားကို ယောက္ခမဖြစ်သူကပြောပြခဲ့သည်။

"ငွေကြေးပြဿနာလို့ ပြောရအောင်လည်း သူ့အိမ်ကိုအကြွေးလာတောင်းတဲ့ သူ မရှိဘူး။ သူက အပေါင်းအသင်းလည်း ဆုံတယ်"ဟု သူမ၏မျက်နှာချင်းဆိုင်အိမ်တွင် နေထိုင်သူအမျိုးသမီးက ပြောပြခဲ့ပါသေးသည်။

သူတို့ကြုံခဲ့ရသော ၂၃ ရက်ည၏ အကြောင်းကို "ညက ၁၂ နာရီလောက်ရှိပြီ။ သဲသဲက အောက်ထပ်မှာ အိပ်တာ။ သဲသဲရဲ့အမေနဲ့ ကလေးက အပေါ်ထပ်မှာ အိပ်တယ်။ အောက်ထပ်မှာ မီးလင်းနေလို့ အမေက ဆင်းကြည့်တော့မှ သူ့ကို မီးဖိုထဲမှာ နောက်ပိုင်း ဆံပင်ဖျားလျားကြီးနဲ့ တွေ့တာ။ အမေက ခေါက်ဆွဲတွေ၊ ဘာတွေပြုတ်နေတယ်ထင်လို့ သမီးဆိုပြီး သွားဖက်လိုက်တော့မှ သူ့ကိုကြိုးတန်းလန်းနဲ့တွေ့ရတာ။ အဲဒီအချိန်မှာ ခန္ဓာကိုယ်ကတောင့်နေပြီ။ ကလေးကိုမြင်မှာစိုးရိမ်လို့ သဲသဲရဲ့ အန်တီတို့အိမ်ကို လူကြုံနဲ့ ပို့ခိုင်းပြီး ဘေးပတ်ဝန်းကျင်က လူတွေကိုအော်ခေါ်ရတယ်။ ဘာလို့များ အဲဒီလိုလုပ်သွားတာပါလိမ့်"ဟု မျက်ရည်ဝဲနေသောမျက်လုံးများဖြင့် ယောက္ခမဖြစ်သူက ပြောသည်။

"သူ့ရဲ့ ခန္ဓာကိုယ်က ပေါ့ပေါ့လေးမဟုတ်ဘူး။ ဒီလက်သန်းလုံးတစ်ဝက်လောက်ရှိတဲ့ နိုင်လွန်ကြိုးလုံးလေးက သူ့ကို ဒီလိုဖြစ်သွားအောင်လုပ်နိုင်တယ်။ သူအားလုံးကို ကြိုတင်ကြံစည်ထားတယ်လို့ထင်ပါတယ်"ဟု သူမ၏ အိမ်ရှေ့တွင် နေထိုင်သူ အမျိုးသမီးကပြောပါသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ဩဂုတ်လ ၂၅ ရက် နေ့လယ်ခင်းကတွေ့ရသော ဈာပနအခမ်းအနား*

အသက် ၃၃ နှစ်သာရှိသေးသည့် မသဲသဲအုဆိုသော အမျိုးသမီးသည် မည်သည့်အကြောင်းပြချက်မှ စိတ်ညစ်စရာမှမရှိဘဲ (မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများ၏ပြောစကားများအရ) လင်ယောက်ျား သေဆုံးသွား၍ ဖခင်မရှိတော့သော သားဖြစ်သူကိုတစ်ယောက်တည်း ချန်ခဲ့ကာ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေကြောင်းကြံစည်ခဲ့ခြင်းဖြစ်သည်။

သေကြောင်းကြံစည်မှုများသည် စိတ်ပညာအမျိုးအစား အရ ငါးမျိုးရှိကြောင်း စိတ်ရောဂါကုဆရာဝန်ကြီး ဒေါက်တာဇော်စိန်လွင်၏ ပြောကြားချက်အရ သိရှိရသည်။

ထိုကဲ့သို့ မိမိကိုယ်ကို သေကြောင်းကြံစည်သူများသည် မိမိ၏တန်ဖိုး၊ အသက်ရှင်ခြင်း၏ တန်ဖိုးနှင့်တွယ်တာရသောအကြောင်းအချက်များကို ပြောင်းပြန်တွေး၍ သေခြင်းသည် လတ်တလော လွတ်မြောက်မှုဟုထင်ကာ ကြံစည်ကြိုးစားပြီး အောင်မြင်အောင် ဆောင်ရွက်ခြင်းဟု အဆိုပါဆရာဝန်ကြီးကရှင်းပြသည်။

သေကြောင်းကြံစည်မှုများသည်မြို့ကြီးများတွင် ပိုမို၍အဖြစ်များလာပြီး ဘာသာတရားယုံကြည်ချက်အရ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုသည် အဖန်ငါးရာငါးကမ္ဘာဟုဆိုသောကြောင့် အခြားသော ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများထက် လျော့နည်းသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ပို၍ အတွေ့များလာကြောင်း ရဲဌာနမှတ်တမ်းများအရသိရသည်။

"တချို့သောသူတွေမှာမဖြစ်သင့်ဘဲ ဖြစ်ရတာတွေရှိတယ်။ ရင်ဖွင့်ပြီး တိုင်ပင်ဆွေးနွေးစရာ မိသားစု၊ ယုံကြည်စိတ်ချရတဲ့မိတ်ဆွေဆိုတာတွေ ရှိခဲ့လို့ ညှိနှိုင်းနိုင်မယ်ဆိုရင် ဒီလိုသေကြောင်းကြံစည်မှုတွေလျော့ကျနိုင်မယ်"ဟု စိတ်ပညာဆရာဝန်ကြီးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်အတွင်း၌ကြို့ပင်ကောက်မြို့နယ်တွင် ရွှေဆိုင်လုပ်ငန်း လုပ်ကိုင်သော အသက် ၃၀ နှစ်ဝန်းကျင်ရှိ လင်မယားနှစ်ဦးက အသက်သုံးနှစ်ကျော် ကလေးကိုပါ အဆိပ်ခတ်၍ မိသားစုသုံးဦးစလုံး အဆိပ်သောက်သေမှုဖြစ်ပွားခဲ့သည်။

ထိုမိသားစုမှာ နှစ်ထပ်တိုက်တစ်လုံးရှိပြီး ငွေကြေး အတော်အသင့်ပြည့်စုံသူများဖြစ်သည်။ သို့သော် နှစ်လုံးထီ၊ သုံးလုံးထီကိုကော်မရှင်လုပ်ရာမှ ဒိုင်အဖြစ်ပြောင်းလဲလုပ်ကိုင်ပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ သတ်သေမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် လောင်းကစားလုပ်ရာမှ အကြွေးတင်၍ ထိုသို့လုပ်ခြင်းဖြစ်နိုင်ကြောင်း ဒေသခံများကပြောသည်။ ထိုလင်မယားနှစ်ဦးသည် ၎င်းတို့ကိုယ်တိုင် ဘုန်းကြီးကျောင်းတွင် သရဏဂုံတင်ပြီး ကလေးကို သကြားလုံးတွင် အဆိပ်ခတ်ကျွေးပြီးနောက် နှစ်ဦးစလုံး အဆိပ်သောက်သေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထို့အပြင်ယခုနောက်ပိုင်းနှစ်များအတွင်း စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများကို အလွယ်တကူသောက်၍ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုများမကြာခဏကြားရသည်။ ၂၀၀၉ ခုနှစ်တစ်နှစ်အတွင်းမှာပင် စိတ်ညစ်၍၊ စိတ်မူမမှန်၍၊ စိတ်ဆိုး၍ ကိုယ့်ကိုယ်ကိုယ်ပိုးသတ်ဆေးသောက်၍သေကြောင်း ကြံစည်သူ(၂၀၁) ဦးရှိခဲ့ကြောင်း ရန်ကုန် အထွေထွေရောဂါကုဆေးရုံကြီး၊ အဆိပ်သင့်ကုသဌာနမှ ဒေါက်တာရဲမြင့်က ပြည်သူ့ခေတ်ဂျာနယ်နှင့် အင်တာဗျူးတွင် ဖြေဆိုထားသည်။

ယခုဖြစ်ပွားခဲ့သော မသဲသဲအု၏ သေကြောင်းကြံစည်မှုတွင်လည်း မိသားစုတွင် ရင်ဖွင့် တိုင်ပင်ဆွေးနွေးနိုင်မှု မရှိခဲ့သောကြောင့်ဖြစ်နိုင်ကြောင်း စိတ်ပညာပါမောက္ခတစ်ဦးကပြောသည်။

"သူက အိမ်မှာဆိုရင် အမေနဲ့ကလည်း ခုတစ်လော သူ့ရဲ့ ပြဿနာလေးတချို့ရှိလို့ အရမ်းစကားပြောတာမျိုးမရှိဘူး။ ကလေးက သူ့အမေ(အဘွား)နဲ့ အပေါ်ထပ်မှာနေတယ်။ သူက သူ့ဘာသာတစ်ယောက်တည်း အောက်ထပ်မှာနေတယ်။ လုံးဝ စကားမပြောတာတော့မဟုတ်ပါဘူး" ဟုမသဲသဲအု၏ယောက္ခမကပြောသည်။

"သူ့မှာ ပိုက်ဆံကိစ္စမပြေလည်ဘူးဆိုလည်း ဘာကြောင့်လဲမသိဘူး။ ဒါပေမဲ့ အိမ်ကို (ယောက္ခမအိမ်) လာလည်း ပိုက်ဆံအကြောင်းတော့မပြောဘူး။ ခုလိုလုပ်သွားတာ ဘာကြောင့်မှန်းကိုမသိပါဘူး"ဟုပင် အဆိုပါအန်တီကြီးကပြောသည်။

အံ့ဩဖွယ်ကောင်းအောင်တည်ငြိမ်နေသော သားဖြစ်သူကတော့ အမေက ဆေးရုံတက်နေတယ်၊ သက်သာတယ်၊ ဆင်းတော့မှာဟုပင် သတင်းမေးသည့်လူကြီးများကိုပြောနေသည်။

ရပ်ကွက်ထဲရှိ သူ့အမေနှင့် သူ့မိသားစုတို့၏ မိတ်ဆွေများအားလုံးက သူတို့အိမ်၏ လမ်းထိပ်တွင် ရပ်ထားသောကားများပေါ်သို့ အသီးသီးတက်နေကြသည်ကိုလည်း တည်ငြိမ်စွာပင်ကြည့်နေသည်။ မိခင်ထက် ပိုတွယ်တာရသော သူ့အဘွားသည်လည်းမျက်ရည်များ ကျနေရင်းနှင့် ဘေးတစ်ဖက်တစ်ချက်မှ အမျိုးသမီးတစ်ဦးစီတွဲထား၍ ထွက်လာသည်ကိုတွေ့တော့ ကားပေါ်မှဆင်းသွားပြီး အဘွားနောက်လိုက်သွားသည်။

"ကလေးက အရင်ကလည်း အဘွားကို ပိုခင်တယ်။ အမေနဲ့ နီးနီးကပ်ကပ် သိပ်မနေဘူး"ဟု ဖခင်ဘက်က အဘွားနှင့် အဘိုးကပြောသည်။

လွန်ခဲ့သော ၂ နှစ်ကျော် အသက်ငါးနှစ်ခန့်ကပင် ဖခင်ဆုံးရှုံးသွားသည်ကို ခံစားခဲ့ရသော ကလေးက သူ့မျက်စိရှေ့တွင်ဖြစ်နေသည့် အဖြစ်အပျက်များကို တည်ငြိမ်စွာ ကြည့်နေနိုင်ခဲ့သလို သူ နောက်ဆုံး အားထားရာဖြစ်သောအဘွားဖြစ်သူကိုတော့ မျက်စိအောက်က အပျောက်မခံနိုင်တော့ဘဲ နောက်က တကောက်ကောက်လိုက်နေသည်ကိုတွေ့ရသည်။

ကြေးစည်သံအဆုံး၊ မွန်းလွဲ ၁၂နာရီခွဲတွင်ကားတန်းကြီးသည် ရေဝေးသုသာန်ဆီသို့ ထွက်ခွာခဲ့သည်။

သုသာန်ခန်းမအတွင်း အရောက် အစ်မနှစ်ယောက်၏ ငိုသံများက ညီမအငယ်ဆုံးအပေါ် အားမရဖြစ်မှုများနှင့် ပေါ်ထွက်လာခဲ့ပြီး မကြာခင်မှာတော့ လောကတွင်းမှ လွတ်မြောက်အရှုံးပေး၍ ထွက်ခွာသွားသူ၏ နောက်ဆုံးမြင်ကွင်းသည်သည်း သင်္ဂြိုဟ်စက်တံခါးပိတ်သံနှင့်အတူကွယ်ပျောက်သွားခဲ့ပါပြီ။

ဖခင်က ရောဂါနှင့် ဆုံးပါးသွားပြီး သူ့သဘောနှင့်သူ့ သားကိုချန်၍ လောကအတွင်းမှ ထွက်ခွာခဲ့သော မိခင်အား "သားက အင်ဂျင်နီယာကြီးလုပ်မှာ"ဟု တစ်ဦးတည်းသောသား၏ ပြောနေသံကို မသဲသဲအုတစ်ယောက် ထပ်၍ ကြားနိုင်တော့မည်မဟုတ်ပေ။ ။

## One More အဖွဲ့ ပထမဆုံးခြေလှမ်းအဖြစ် သီလရှင်ကျောင်းသို့ သွားရောက်လှူဒါန်း

**နေလင်းထွန်း**


**ရန်ကုန်၊ ဩဂုတ် - ၃၁**

လူတစ်ဦးလျှင်တစ်လ ကျပ်တစ်ထောင် ထည့်ဝင်ထားသည့် One More အစီအစဉ် ပထမဆုံး စတင်မှုအနေဖြင့် စေတနာရှင် ၉၀၅ ဦး စုစည်းပါဝင်ခဲ့ပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိချမ်းသာအောင် သီလရှင်သင်ပညာရေးကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာနယ်ပယ်နှင့်ဒေသအသီးသီးမှ စေတနာရှင်များ ပါဝင်မှုဖြင့် ပရဟိတကျောင်းများနှင့် မိဘမဲ့ဂေဟာများအား လစဉ် အလှည့်ကျထောက်ပံ့နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ထားသည့် One More အစီအစဉ်ကိုဩဂုတ်လတွင်စတင်၍ စေတနာရှင်၉၀၅ဦးထံမှ အလှူငွေ ၉၀၅,၀၀၀ ကျပ်ကို လက်ခံရရှိခဲ့သည်။ အဆိုပါ ထည့်ဝင်လှူဒါန်းငွေများအား စာရေးဆရာ မောင်သာချိုနှင့်အဖွဲ့က ဆရာလေး ဒေါ်သုဝဏ္ဏာညာဏီဦးဆောင်နေသော ချမ်းသာအောင် သီလရှင်သင်ပညာရေးကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

ချမ်းသာအောင်သီလရှင်သင်ပညာရေးကျောင်းသည် မူလတန်းမှ စတုတ္ထတန်းထိ ကလေးငယ်များအား ပညာသင်ကြားနေပြီး ကျောင်းသား ၈၇ ဦး ပညာသင်ယူလျက်ရှိသည်။ ၎င်းတို့တွင် ကျောင်းသား ၃၀ ဦးမှာ ကျောင်းအိပ်၊ ကျောင်းစားပညာသင်ယူနေခြင်းဖြစ်ပြီး သီလရှင်သင်ပညာရေးကျောင်း၏ လစဉ်ကုန်ကျစရိတ်သည် ကျပ် ၅၀၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011



# အနာဂတ်ဝါဒသမားကြီး နှစ်ဦး

ဖေသောင်း(ရွှေနေ)

-၁-

“ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်”

သေခြင်းတရားအပေါ် နှိုးဆော်သတိပေးတရားစာကို ကျွန်တော်သတိရ၊ အမှတ်ရပွားများရန်အတွက် ကျွန်တော်၏ စာကြည့်စားပွဲနံရံတွင် ကပ်၍ထားပါသည်။

“လူဆိုတာ သေဖို့မွေးလာတာပဲဗျ”

ကျွန်တော်နှင့် တရားဆွေးနွေးဖော် ဆွေးနွေးဖက်၊ နိုင်ငံရေးငြင်းဖော် ငြင်းဖက်မိတ်ဆွေရဲဘော်ကြီးနှစ်ဦး အိမ်ကိုရောက်လာပြီး ကျွန်တော်၏ဘေးတွင် ဝင်ထိုင်လိုက်ကြကာ ကျွန်တော်၏ နှိုးဆော်သတိပေး တရားစာသားကို ဖတ်ပြီး ပြိုင်တူပြောလိုက်ကြပါသည်။

“သေတယ်ဆိုတာ လူ့ဘဝမှာ နိဂုံးချုပ်တာပဲဗျ။ မသေခင်ကာလမှာ တန်ဖိုးရှိတဲ့ အလုပ်ကို လုပ်ရမယ်ဗျ”

“မသေခင်ကာလ တန်ဖိုးရှိအောင် ဘာလုပ်ရမလဲဗျာ”

ကျွန်တော်က သူတို့နှစ်ဦးရဲ့ အဖြေကို သိလိုသဖြင့် မေးမြန်းရပါသည်။

“ဟ မသေခင်မှာ ကိုယ်ကျင်လည်တဲ့ လူ့ဘဝပတ်ဝန်းကျင်ကို ကောင်းအောင် ကောင်းကျိုးရှိအောင် လုပ်ရမှာပေါ့ဗျ”

ပုဂ္ဂိုလ်နှစ်ယောက်သား စည်းဝါးချက်ညီညီ ကျွန်တော့်အမေးကို ဖြေကြပါသည်။

“ဘယ်လိုကောင်းကျိုးတွေကို လုပ်သင့်သလဲဗျာ”

“အဓိကကျတဲ့ လုပ်သင့်တာကတော့ လူနဲ့လူချင်းစာနာထောက်ထားပြီး အချင်းချင်း မယုတ်မာ၊ မညစ်ပတ်ဘဲ မေတ္တာထားနိုင်ကြဖို့ပေါ့ဗျ”

ကျွန်တော်နှင့် ဆွေးနွေးတိုင်ပင်ဘက်ကြီးနှစ်ဦးမှာ တရားနှင့်ပတ်သက်လျှင် ဗုဒ္ဓ၏တရားတော်များကို နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာထားကြသူများဖြစ်ပါသည်။ နိုင်ငံရေးနှင့်ပတ်သက်လျှင်လည်း ကိုယ်တိုင်ဘဝအတွေ့အကြုံများရှိပြီး နိုင်ငံရေး စာပေများကိုလည်း ဆည်းပူးနေကြဆဲ ပုဂ္ဂိုလ်များဖြစ်ပါသည်။ သတင်းစာဂျာနယ်များကိုလည်း မပြတ်ဖတ်ရှုလေ့လာဝေဖန်သုံးသပ်ကြဆဲလည်းဖြစ်ပါသည်။

-၂-

အဆိုပါ ရဲဘော်ကြီးများထဲမှ တစ်ဦးသောသူမှာ ဦးမင်းမောင်ဆိုသော ရဲဘော်ကြီးဖြစ်ပါသည်။ အသက်အရွယ်အားဖြင့် (၈၉)နှစ်ရှိပြီးဖြစ်သော်လည်း စက်ဘီးတစ်စီးနှင့် မန္တလေးမြို့ လေးပြင်လေးရပ်ပတ်နေသောသူ ဖြစ်ပါသည်။ မန္တလေးမှ စစ်ကိုင်းကံတလူဘုရားသို့ ငယ်ရွယ်သူလူငယ်တို့နှင့်အတူ မိုင်၅၀ကျော်အသွားအပြန်ခရီးကို စက်ဘီးစီးခဲ့သူဖြစ်ပါသည်။ လူငယ်တချို့မော၍ လမ်းခရီးမှာ နားကြသူများရှိသော်လည်း ဦးမင်းမောင်မှာ အနားယူခဲ့ခြင်း မရှိပါ။ သွေးတိုး၊ ဆီးချို၊ နှလုံးဘာရောဂါမှ မရှိသေးပါ။ စာဖတ်လျှင်လည်း မျက်မှန်မတပ်ရသေးပါ။ သားသမီးမြေးဖြစ်သူများ၏ မုန့်တီဆိုင်အတွက် နံနက်တိုင်း သုံးနာရီထပြီး မုန့်ဖတ်များ ယူပေးသော တာဝန်ကို တစ်ရက်မနား ဆောင်ရွက်ပေးပါသည်။ နန်းရှေ့ရှိသူ့အိမ်နှင့် သုံးမိုင်ခန့်ဝေးသော မဟာမြိုင်ဦးစန်းမြင့်မုန့်တီဖိုသို့ စက်ဘီးနှင့် သွားယူပေးရပါသည်။

“နန်းရှေ့မှာလည်း မုန့်တီဖိုတွေရှိတာပဲဗျာ။ စက်ဘီးနဲ့နေ့စဉ်သွားရလာရတာ ပင်ပန်းပါတယ်” ဟု ကျွန်တော်ကပြောသောအခါများတွင် “အခုအခါဓာတုဆေးဝါးတွေက နေရာတကာမှာ သုံးကြတယ်ဗျ။ စိတ်မချရဘူး။ ကိုစန်းမြင့်မုန့်တီဖိုက စိတ်ချရတယ်”

ကိုစန်းမြင့်ဆိုသူမှာ ဦးမင်းမောင်ကဲ့သို့ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ပါဝင်လုပ်ကိုင်ခဲ့သူဖြစ်၍ အချင်းချင်း အားပေးတဲ့သဘောလည်းဖြစ်ပါသည်။

မိသားစု၏ တာဝန်လည်းကျေပွန်၊ ကျန်းမာရေးအတွက်လည်း အထောက်အပံ့ရသည့်အတွက် အားကျဖွယ်ရဲဘော်ကြီးပါ။ ဦးမင်းမောင်၏ နိုင်ငံရေးဘဝအတွေ့အကြုံမှာလည်း တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားခဲ့သောသူဖြစ်ပါသည်။ ဂျပန်ခေတ် ဘီဒီအေတပ်မတော်တွင် ပါဝင်ခဲ့ပြီး မော်ကွန်းဝင်ဒုတိယဆင့် ရရှိခဲ့သူလည်း ဖြစ်ပါသည်။ ဘီဒီအေမှ တပ်ဖျက်၍ တပ်မှထွက်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ ပြည်သူ့ရဲဘော်များ အဖြူ၊ အဝါကွဲပြဲကြသောအခါ ဘယ်ဘက်ကိုမျှ မပါဝင်ဘဲ ဘေးထွက်ခဲ့ပါသည်။ ရဲဘော်ဖြူများ တောခိုကြစဉ် ဦးမင်းမောင်ကို လာ၍ စည်းရုံးကြသော်လည်း တောခိုရာသို့ လိုက်ပါမသွားခဲ့ပါ။ မည်သည့်နိုင်ငံရေးအဆက်ဆက်တွင်မှလည်း ပါဝင်လုပ်ကိုင်ခဲ့ခြင်းလည်း မရှိတော့ပါ။ တိုင်းပြည်အတွက် နိုင်ငံရေးကိုတော့ မပြတ်လေ့လာပါသည်။ နိုင်ငံရေးဝါသနာပါသူများနှင့်လည်း ဆွေးနွေးငြင်းခုံပါသည်။ အပျင်းဖြေ အလာပသလ္လာပ သဘောလောက်သာဖြစ်ပါသည်။ ကျွန်တော်တို့ သုံးဦးဆုံ၍ နိုင်ငံရေးအကြောင်းဆွေးနွေးကြလျှင် သူကြိုက်နှစ်သက်သော နိုင်ငံရေး ခေါင်းဆောင်ကို ထိခိုက်ပါက တစ်ခါတစ်ခါ စိတ်တိုတတ်ပါသည်။ သူ့ကို တမင်စိတ်ဆွမှန်းသိအောင် သူ့ကို ကျွန်တော်တို့က အကျေအလည်ဖြစ်ရန် ဆွေးနွေးရပါသည်။ အသက်အရွယ်များကလည်း ကြီးမြင့်ကြပြီးဖြစ်ရာ ဗုဒ္ဓ၏ တရားဓမ္မများကိုလည်း ဆွေးနွေးကြပါသည်။ ကျွန်တော်နှင့်ဦးမင်းမောင်တို့မှာ တရားသဘောတွင် အမြင်အတွေးချင်း မကွဲပြားကြပါ။

-၃-

ကျွန်တော်တို့အုပ်စုမှ အခြားပုဂ္ဂိုလ်ရဲဘော်ကြီးတစ်ဦးမှာ ရဲနီကြီးဦးသန်းမောင်ဖြစ်ပါသည်။ အခုအချိန်ခါ၌ ဦးသန်းမောင်မှာ အသက်အရွယ်အားဖြင့် (၈၅)နှစ်ရှိပြီ ဖြစ်ပါသည်။ သူစားနေကျဆေးဝါးများကို အမြဲစားနေသော်လည်း ကျန်းကျန်းမာမာ လှုပ်လှုပ်ရှားရှားပင်ဖြစ်ပါသည်။ လွတ်လပ်ရေးမရရှိမီကာလ အလံနီကွန်မြူနစ်ပါတီတောခိုစဉ်ကပင် လင်မယားနှစ်ဦးစလုံး တောခိုခဲ့ကြပါသည်။ ဦးသန်းမောင်မှာ ခရိုင်ကော်မတီအဆင့်ရှိသူဖြစ်ပြီး တိုင်းကော်မတီစည်းရုံးရေးများကိုပါ ပူးတွဲဆောင်ရွက်ရန် တာဝန်ပေးခြင်းခံရပါသည်။ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်မှာလည်း ခရိုင်ကော်မတီရုံးအုပ်ဖြစ်ပါသည်။ နိုင်ငံရေးအမြင်သဘောထားမတိုက်ဆိုင်ကြသောအခါ ဇနီးမောင်နှံဥပဒေအတွင်းသို့ဝင်ရောက်ခဲ့ကြပါသည်။ ဥပဒေအတွင်း နိုင်ငံရေးနှင့်ပတ်သက်၍ မည်သည့်အဆက်အသွယ်မျှ မပြုလုပ်ဘဲနေထိုင်ခဲ့ကြပါသည်။

“လူငယ်တွေကို လမ်းမှားမရောက်စေချင်တော့ပါဘူးဗျာ။ ပါတီရဲ့ နိုင်ငံရေး အမှားတွေကြောင့် တောတွင်းမှာ သေကျေခဲ့ရသူတွေကို ကျုပ် နှမြောမိပါတယ်” သူ၏ နိုင်ငံရေးသံဝေဂကို မကြာမကြာ ပြောကြားပါသည်။

ဇနီးဖြစ်သူ ကွယ်လွန်ခဲ့ပြီးနောက် သားဖြစ်သူနှင့်သမီးဖြစ်သူမှာလည်း ကွယ်လွန်ပြီး မြေးဖြစ်သူများနှင့် အတူနေထိုင်ကာ သစ်ပင်စိုက်၊ ခြံစိုက်လုပ်ငန်းဖြင့် အချိန်ကုန်လွန်စေခဲ့ပါသည်။ သစ်ပင်ပျိုးထုပ်များ သစ်ပင်ပျိုးပင်များကို သူ့ခြံနှင့်အပြည့်စိုက်ပျိုးထားရှိပြီး သစ်ပင်စိုက်ဝါသနာပါသူများ သစ်ပင်စိုက်ပျိုးလိုသူများကို သူ၏ ပျိုးထုပ်များ အခမဲ့ဝေငှပေးကမ်းပါသည်။

“လူငယ်တွေကို အစိမ်းရောင်ကမ္ဘာပိုင်ရှင်တွေ ဖြစ်စေရမယ်ဗျာ” ဦးသန်းမောင်၏ မျှော်မှန်းချက်ရှေ့လုပ်ငန်းစဉ်ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း မန္တလေးမြို့ပတ်လမ်းသစ်နှင့် ကန်ရိုးဘေးတွင် ထန်းပင်ပေါက်များကို စိုက်ပျိုးလျက်ရှိပါသည်။ သစ်ပင်များ စိုက်ပျိုးနေခြင်းကို သူ၏ နိုင်ငံရေးလုပ်ငန်းဖြစ်ကြောင်းဝါဒဖြန့်ကာ ဝါသနာတူများအား စည်းရုံးသိမ်းသွင်းလျက်ရှိပါသည်။ (ဦးသန်းမောင်၏အကြောင်းကို ‘နိုင်ငံရေးပါတီမရှိသော နိုင်ငံရေးသမားတစ်ဦးအကြောင်း’ဟူသော ခေါင်းစဉ်ဖြင့် ဂျာနယ်တစ်စောင်တွင် ကျွန်တော် ဆောင်းပါးရေးခဲ့ဖူးပါသည်။)

အားလပ်သောအချိန်များတွင် ဗုဒ္ဓ၏ တရားစာပေများနှင့် နိုင်ငံရေးစာပေများကိုဖတ်ရှုပြီး ကျွန်တော်တို့သုံးဦး ဆုံဖြစ်ကြသောအခါ တရားဆွေးနွေး၊ နိုင်ငံရေး ငြင်းခုံကြပါသည်။ ကျွန်တော်တို့ ဆွေးနွေးပွဲဝိုင်းအား ဦးသန်းမောင်က သူ့ခြံထွက်သရက်သီးများ၊ လက်ဖက်များ၊ ရေနွေးကြမ်းများဖြင့် ဧည့်ခံပါသည်။ ဦးသန်းမောင်၏ ဘာသာရေး၊ အမြင်အတွေးများကို ကျွန်တော်တို့ သူ၏အဆင့်အထိမမီပါ။ နိုင်ငံရေးအတွေးအမြင်ကလည်း ပြတ်သားလွန်းသဖြင့် ကျွန်တော်တို့ သူ့နောက်ကို မလိုက်နိုင်ကြပါ။

တစ်ခါသော်ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရသည့်အကြောင်းအရာကို ဆွေးနွေးကြရာ “အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးရတာ ဗိုလ်ချုပ်အောင်ဆန်းဟီးရိုးလုပ်လို့ ကျဆုံးရတာပဲဗျ”ဟု အလံနီကြေး(ငြိုး)မစင်သေးသော အယူအဆဖြင့် ပြောလိုက်သောအခါ ကျွန်တော်တို့မှာ ငေးကြောင်၍ သွားကြပါသည်။

“တိုင်းပြည်မှာ အရေးကြီးတဲ့ ဝန်ကြီး အစည်းအဝေးလုပ်တာ ဘာလုံခြုံရေးမှ စီစဉ်မထားဘူးဆိုတာ အတော်ပေါ့ဆတဲ့ ကိစ္စပဲဗျ”

“ကျုပ်တို့ ဗိုလ်ချုပ်က ဘာအဆောင်အယောင်မှ ကြိုက်တာမဟုတ်ဘဲ” ဗိုလ်ချုပ်အောင်ဆန်း ထိလျှင် ဆတ်ဆတ်ထိမခံသော ဦးမင်းမောင်က ပြည်သူ့ရဲဘော်ဇာတိကိုပြပါတော့သည်။

“လုံခြုံရေး စီစဉ်တာနဲ့ အဆောင်အယောင်မကြိုက်တာနဲ့ ဘာမှ မဆိုင်ပါဘူးဗျာ”

“ဗိုလ်ချုပ်တို့ကလည်း ဒီလောက် အကြံပက်စက်ကြလိမ့်မယ်လို့ မထင်လို့ပေါ့ဗျာ”

“အဲဒီ့ အချိန် လောက် က ဂဠုန်စောအိမ်မှာ မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်တွေ အဝင်အထွက်ခြေရှုပ်နေတယ်။ နယ်က မျိုးချစ်ပါတီဝင်တွေရောက်နေတယ်။ အင်္ဂလိပ်စစ်တပ် လက်နက်တိုက်တစ်ခုက လက်နက်တွေပျောက်သွားတယ်ဆိုတဲ့ သတင်းတွေကို ဗိုလ်ချုပ်တို့ သတင်းရမှာပါဗျာ”

“ကျုပ်တို့နိုင်ငံမှာ ဒီလောက်ကြီးကျယ်တဲ့ သွေးထွက်သံယိုမှုက မရှိခဲ့သေးပဲဗျာ”

ဦးမင်းမောင်ကလည်း ဗိုလ်ချုပ်တို့အပေါ် ဝေဖန်ပြစ်တင်မှုများကို ခုခံတုံ့ပြန်ပါသည်။

“ကျုပ်တို့နိုင်ငံ၊ ကျုပ်တို့လူမျိုးမပြောနဲ့၊ ကျုပ်တို့ထက် သြဇာအင်အားကြီးတဲ့ နိုင်ငံကြီးတွေမှာတောင် နိုင်ငံရေး လုပ်ကြံမှုရှိခဲ့တာပဲဗျ။ အာဏာရဖို့ဆိုရင် ဘနဖူးသိုက်တူးကြတယ်ဆိုတာက နိုင်ငံရေးမှာ မဆန်းဘူးဗျ”

“ခင်ဗျားတို့ အလံနီကွန်မြူနစ်ပါတီ အစောကြီး တောခိုခဲ့တာကရော အာဏာရချင်လို့ မဟုတ်ဘူးလားဗျာ”

ဦးမင်းမောင်က နိုင်ငံရေးငယ်ကျိုးငယ်နာများနဲ့ ဒေါသငွေ့တွေ သန်းလာပါသည်။ ဦးမင်းမောင်၏ ဒေါသတွေပါလာသည်ကို ရိပ်စားမိသော ဦးသန်းမောင်သည်တင်းမာမှုတွေ ဖြေလျှော့ပြီး “ကျုပ်တို့အလံနီကွန်မြူနစ်တွေရဲ့ အမှားကြောင့် ကျုပ်တို့နိုင်ငံမှာ ပြည်တွင်းစစ်ကြီးဖြစ်ခဲ့ရတာပဲ။ ဒီအမှားတွေကို ခေါင်းဆောင်ကြီး သခင်စိုးက ဝန်ခံသွားခဲ့ပြီပဲဗျာ။ ပြည်တွင်းစစ်ရဲ့ တရားခံအစစ်ဟာ သူပါပဲလို့”

“ဗိုလ်ချုပ်အောင်ဆန်းကနိုင်ငံရေးမှာ လုံခြုံရေး သတိရှိကြလို့ ဆိုတာ သူ့အသက်ကို စတေးခံပြီး သင်ခန်းစာပေးခဲ့ရှာတာပါဗျာ” ကျွန်တော်က နိုင်ငံရေးဂိုဏ်းဂဏသူငယ်နာ မကင်းစင်သေးကြသူနှစ်ဦးအကြား ရွှေပြည်အေးတရားဝင်ဟောရပါတော့သည်။ တင်းမာနေသော အယူအဆဆွေးနွေးမှုများကို အာရုံပြောင်းသွားစေရန်အတွက် ဆွေးနွေးပွဲအစခေါင်းစဉ်ကိုအစပြန်ဖော်ပေးရပါတော့သည်။

“လူတွေ မသေခင် ဘာတွေအဓိက ဦးစားပေးလုပ်သင့်သလဲဗျ”၊ “လူတွေသေတာက နိယာမတရားပဲဗျ။ မသေခင်မှာ လူ့ကောင်းကျိုးတွေဖြစ်ဖို့ နှိုးဆော်ရမှာပေါ့ဗျာ”

“ကျုပ်တို့ကတော့ လူဖြစ်ခဲ့ပြီးပြီဗျာ။ အနာဂတ်မှာ လူဖြစ်ကြဦးမယ့် လူတွေအတွက် ကျုပ်တို့က တန်ဖိုးရှိတဲ့ အကျိုးပြုလုပ်ငန်းတွေ ပြုလုပ်ကြရမယ်။ အနာဂတ်အတွက် လမ်းသစ်တွေ ဖောက်ခဲ့ကြရမယ်ဗျာ။ အနာဂတ်ရဲ့ တာဝန်ကို ထပ်ဆင့်ထပ်ဆင့် ယူကြရမယ်ဗျ”

*(မှတ်ချက်။ ။ ဤဆောင်းပါးဖြစ်ပေါ်မှုအတွက် ဦးမင်းမောင်၊ ဦးသန်းမောင်တို့၏ ဝိုင်းကူမှုကို လွန်စွာကျေးဇူးတင်ပါသည်။)*

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.25 • SEPTEMBER 8, 2011

## ဆန်ဈေးမတက်စေရန် ပြည်ပတင်ပို့မှု ခွဲတမ်းလျှော့ချမည်

**ပြည်သိမ်း၊ ဇာဇာနီ**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

ပြည်တွင်းဆန်ဈေးတည်ငြိမ်မှု ရှိစေရန် ပြည်ပတင်ပို့မှုခွဲတမ်းကို ဩဂုတ်နှင့်စက်တင်ဘာလများတွင် ထက်ဝက်သာခွင့်ပြုရန် ထောက်ခံပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

နှစ်စဉ်မိုးလယ်ကာလသည် ရန်ကုန်သို့ ဆန်အဝင်နည်းပြီး ဈေးနှုန်းများအပြောင်းအလဲမြန်သည့် အချိန်ဖြစ်သည်။ ထို့အပြင် ယခုနှစ်သည် ဆန်စပါး အဓိက စိုက်ပျိုးသည့် ဒေသများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးများပြီး ရေကြီးမှု၊ စိုက်ပျိုးလယ်မြေများ ရေမြုပ်ပျက်စီးမှုများရှိ ခဲ့သည်။ ယင်းကြောင့် ပြည်တွင်း ဆန်ဈေးမြင့်တက်မည်စိုးသည့်အတွက် ပြည်ပတင်ပို့မှုခွဲတမ်း လျှော့ချရခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

"ဒီမှာက သဘော် ၄၊ ၅ စီး လောက်ဆိုက်ပြီဆိုရင် ဈေးကွက်မှာ ဆန်ဈေးက တက်သွားပြီ။ အခုလည်း ၂၅ မှတ်ကို တစ်အိတ် ၃၀၀ လောက် ဈေးတက်လာတယ်"ဟု ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးပြောသည်။

ပြည်ပသို့ ဆန်တင်ပို့သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ဆန်လက်ဝယ်ရှိကြောင်း ပြနိုင်မှသာ အသင်းမှ လိုင်စင်အတွက် ထောက်ခံပေးသည်။ သို့သော် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် စီးပွားရေးဦးပိုင်အဖွဲ့တို့သည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် သဘော်ဝင်ရောက်မှသာ ဈေးကွက်မှ ဆန်ကိုဝယ်ယူစုဆောင်းသည်။ ယင်းကြောင့် ဈေးကွက်အတွင်းတွင် အိတ်စ်ပို့ဆန်မှာ သဘော်ဝင်လျှင် ဈေးနှုန်းများမြင့်တက်လေ့ရှိကြောင်း ဘုရင့်နောင်ဈေးမှ ဆန်ကုန်သည်တစ်ဦးကရှင်းပြသည်။

ဆန်စပါးအသင်း၏ ထောက်ခံမှုဖြင့် လေးလအတွင်း ပြည်ပဈေးကွက်သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ဆန်တင်ပို့မှုသည် လိုင်စင်ကို တန်ချိန် ၁၃၀,၀၀၀ အထိ ခွင့်ပြုပေးထားသော်လည်း တန်ချိန် ၅၀,၀၀၀ ဝန်းကျင်သာ တင်ပို့နိုင်သေးကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းရှင်အသင်းသည် ပြည်ပသို့ ဆန်တင်ပို့မှုကို မေလမှ စတင်၍ တစ်လလျှင် တန်ချိန်လေးသောင်း တင်ပို့ရန် ခွင့်ပြုထောက်ခံပေးခဲ့သည်။

သို့သော် ရန်ကုန်ဆန်ဈေးကွက်တွင် ဩဂုတ်လကုန်ပိုင်းမှ စတင်၍ ဆန်ဈေးနှုန်းမှာ ဆန်တစ်အိတ်လျှင် ကျပ်တစ်ထောင်ဝန်းကျင်ခန့် မြင့်တက်လာသည်။

"ကုမ္ပဏီတချို့က ဆန်တွေလိုက်ဝယ်တယ်။ အဲဒါကြောင့် ဈေးနည်းနည်းမြင့်လာတယ်" ဟု ဆန်ပွဲရုံလုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများမှာ ဆန်ကြမ်းရှယ် တစ်အိတ်လျှင် ၁၆,၆၀၀ ကျပ်နှင့် ၁၆,၇၀၀ ကျပ်ကြားရှိပြီး ဆန်ချော ဖျာပုံပေါ်ဆန်းမွှေးမှာ ကျပ် ၃၂,၅၀၀ ခန့်ရှိကြောင်းသိရသည်။

## မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ပထမဆုံးအကြိမ် ကျင်းပမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၆**

လာမည့် စက်တင်ဘာ ၁၅ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်စ်အိုဟေးကွင်တားနားနှင့်တွေ့ဆုံစဉ်ပြောကြားကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်စ်အိုဟေးကွင်တားနားသည် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် သီးခြားတွေ့ဆုံခဲ့စဉ် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို နေပြည်တော်၊ လွှတ်တော်အဆောက်အအုံတွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံရေးပါတီ ၁၅ ခု၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၊ ပညာရေးကဏ္ဍစသည်တို့ထံမှ ဒီမိုကရေစီနှင့်ပတ်သက်သောအမြင်စာတမ်းများလည်း ဖတ်ကြားကြမည်ဖြစ်ကြောင်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။

"ပါတီတွေကို ဖိတ်စာတွေ ပို့ထားပြီးပြီ။ ဒီမိုကရေစီနဲ့ပတ်သက်တဲ့စာတမ်းတွေကို ဒီလ ၃၁ ရက်အရောက်ပို့ရမယ်။ မြန်မာနိုင်ငံအတွက် ပထမဆုံးလုပ်တဲ့နေ့ပါပဲ။ နိုင်ငံတကာမှာ လုပ်နေတာကြာပြီဆိုတော့ မြန်မာနိုင်ငံက အခုနိုင်ငံတကာဒီမိုကရေစီရေစီးကြောင်းထဲကို စဝင်တဲ့သဘောဖြစ်မယ်"ဟု ဒေါက်တာအေးမောင်ကပြောသည်။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီအနေဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင်တင်သွင်းဖတ်ကြားနိုင်ရန် 'ဒီမိုကရေစီအပေါ် တိုင်းရင်းသားများ၏အမြင်'ဟူသည့်ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ရေးသားလျက်ရှိကြောင်း အဆိုပါပါတီ၏ ဥက္ကဋ္ဌလည်းဖြစ်သည့် ဒေါက်တာအေးမောင်က ပြောသည်။

၁၉၉၇ ခုနှစ်တွင် Inter-Parliamentary Union က Universal Declaration on Democracy ကို ထုတ်ပြန်ခဲ့ပြီး၊ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကာ နိုင်ငံတကာအင်တာနက်စာမျက်နှာများတွင် ဖော်ပြပါရှိသည်။

## တိုးချဲ့ဖွဲ့စည်းလိုက်သည့် လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများအားလုံး ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်များဖြစ်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

ယခုကျင်းပလျက်ရှိသော လွှတ်တော်အစည်းအဝေးက လွှတ်တော်ကော်မတီများကို တိုးချဲ့ ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌရာထူးများ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် အမြဲတမ်းကော်မတီများကို ဖွဲ့စည်းခဲ့ပြီး လိုအပ်ပါက အဆိုပါကော်မတီဝင်များဖြင့်ပင် ယာယီကော်မတီများ ဖွဲ့စည်းနိုင်ရာ ယခုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကာလသတ်မှတ်ချက်နှင့် ကော်မတီများကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သောကော်မတီအရေအတွက်မှာ ပြည်သူ့လွှတ်တော်တွင် ၁၈ ခုနှင့် အမျိုးသားလွှတ်တော်တွင် ၇ ခု ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သော လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အမြဲတမ်းကော်မတီ ၄ ခုစီဖွဲ့စည်းထားရှိပြီးဖြစ်၍အမျိုးသားလွှတ်တော်တွင် ယာယီကော်မတီ ၁ ခုကိုပါဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်သည်။

လွှတ်တော်ကော်မတီများသည် ဥပဒေပြုရေးအပြင် အခြားသော အရေးကိစ္စများကိုပါ လေ့လာတင်ပြနိုင်ရန်အတွက် ကာလကန့်သတ်ချက်များဖြင့် ယာယီကော်မတီများကိုဖွဲ့စည်းခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းပုံစနစ်သည် သမ္မတက အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးပြီး လွှတ်တော်က ဥပဒေပြုအာဏာကို ရရှိကျင့်သုံးသည့်စနစ်ဖြစ်ပြီးပြည်သူများက ရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်အလိုက်ပြည်သူများ၏ သဘောထားဆန္ဒများအရ မေးခွန်းများ၊ အဆိုများနှင့်ဥပဒေကြမ်းများကို မေးမြန်းဆွေးနွေး၍ ဆုံးဖြတ်ရန်ဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကို လွှတ်တော်ဥက္ကဋ္ဌများကပြောကြား ခဲ့သည်။

မိမိတို့ရွေးချယ်ခဲ့သောလွှတ်တော်ကိုယ်စားလှယ်များ အလုပ်လုပ်မလုပ်ကို လွှတ်တော်တွင် မေးမြန်းဆွေးနွေးချက်များအရ သိရှိနိုင်သကဲ့သို့ လွှတ်တော် တစ်ခုလုံး၏ လုပ်ငန်းများကိုလည်း ဖွဲ့စည်းထားသော ကော်မတီများ၏ အလုပ်လုပ်ပုံကို စောင့်ကြည့်၍ သိနိုင်သည်ဟု နိုင်ငံရေး ကျွမ်းကျင်သူများ၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင်မူ လွှတ်တော်ကော်မတီများသည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ၂ ရပ်ပေါင်းအတွက် ကော်မတီစုစုပေါင်း ၆၅ ခုရှိသည်။

## မိုးနှောင်းကာလတွင် မြစ်ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နိုင်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ- ၃**



မျိုးမင်းဦး

**ချင်းတွင်းမြစ်ရေလျှံနေသည်ကို ဇူလိုင်လကုန်က တွေ့ရစဉ်**

မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုများခြင်းကြောင့် မြစ်ကြီးခြောက်စင်းနှင့် နီးသော မြို့ ၁၄ မြို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမြစ်ကြီးခြောက်စင်းသည် မိုးနှောင်းကာလ (စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်)အတွင်း မိုးများခြင်းကြောင့် မြို့ ၁၄ မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိခြင်းကြောင့် ယင်းမြို့များ၏ မြေနိမ့်ရပ်ကွက်များတွင် ရေလွှမ်းမိုးနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သောမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ်တို့ဖြစ်ကြသည်။ ယင်းမြစ်ကြီးများ၏ စိုးရိမ်ရေမှတ်များသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ဟင်္သာတမြို့နှင့်ဇလွန်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မုံရွာမြို့၊ မဒေါက်မြို့၊ ဘားအံမြို့၊ ငါးသိုင်းချောင်းမြို့တို့တွင် တစ်ကြိမ်ခန့်နှင့် တောင်ငူမြို့၊ မြစ်ငယ်မြို့တို့တွင် နှစ်ကြိမ်ခန့်ရောက်ရှိနိုင်သည်။

အချို့သော မြစ်ကြီးများ၏ စိုးရိမ်ရေမှတ်များ လျော့နည်းလာခြင်းမရှိဘဲ မြို့ကြီးအချို့တွင် ရေလွှမ်းမိုးခြင်းများ လနှင့်ချီ၍ ကြာမြင့်သောကြောင့် နစ်နာဆုံးရှုံးမှုများ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်းမိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ထပ်မံပြောသည်။

မြစ်ကြီးများ၏ ရေဝေရေလဲဒေသများတွင် မြေဆီလွှာကိုထိန်းသိမ်းသောသစ်တောဧရိယာပြုန်းတီးလာခြင်းကြောင့် မြစ်ကြီးများတွင် သဲနုန်းပို့ချမှုများခြင်းနှင့် မြစ်ကြမ်းပြင်မြင့်တက်ခြင်းများကမြစ်ပြင်ကျယ်လာပြီး ရေတိုက်စားမှုများ၊ ကမ်းပါးပြိုခြင်းများကြုံတွေ့လာရကြောင်း ဧရာဝတီမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်ကမ်းအနီးတွင် နေထိုင်သောဒေသခံများကပြောသည်။

၇ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# ပထမဆုံး ရေနက်ဆိပ်ကမ်း၏ ပဏ္ဍာအခြေ

နေလင်းထွန်း



ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာအနီးမှ ဖောက်လုပ်ထားသော လမ်းနှင့် အဆောက်အအုံအချို့ကို ဩဂုတ်လကုန်ပိုင်းက တွေ့ရစဉ်

ဓာတ်ပုံ - နေလင်းထွန်း

ပြာလဲ့လဲ့ပင်လယ်ပြင်ကျယ်ကြီးနှင့်သဲသောင်ပြင်ဖွေးဖွေးတို့က မြင်ကွင်းတဆုံး နေရာယူထားသည်။ ဩဂုတ်လကုန်ပိုင်းက လူသူအရိပ်အယောင်မြင်တွေ့ရခြင်းမရှိသည့် သဲသောင်စပ်ကုန်း မြင့်တွင် တံငါသည်တို့ခေတ္တနားခိုရာ မြေစိုက်တဲအိမ်အချို့က တိတ်ဆိတ်ငြိမ်သက်နေသည်။

ကပ္ပလီပင်လယ်ပြင်ထဲမှကျွန်းတောင်တန်းအချို့အား ကမ်းခြေမှ လှမ်းမျှော်ကြည့်လျှင် မြင်တွေ့နိုင်သည့်နေရာမှာ မကြာမီနှစ်များအတွင်း မြန်မာနိုင်ငံ၏ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးစက်မှုဇုန်ဖြစ်ပေါ်လာမည်ဖြစ်ပြီး ဧရာမကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာကြမည်ဖြစ်ကာ ထိုဆိပ်ကမ်းအနီး စက်ရုံများ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးစက်မှုဇုန်ကို စတင်အကောင်အထည်ဖော်လျက်ရှိရာတည်ဆောက်ရေးလုပ်ငန်းများအတွက်ထောက်ပံ့မှုဖြစ်မည့် မြေသားလမ်းများ ဖောက်လုပ်နေပြီဖြစ်သည်။ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်မည့် မြေဧရိယာအတွင်း လမ်းဖောက်လုပ်သည့်စက်ယန္တရားများဖြင့် လုပ်ငန်းစတင်လည်ပတ်လျက်ရှိကြသည်။

အဆိုပါစီမံကိန်းအား ထိုင်းနိုင်ငံရှိ အီတာလျံ-ထိုင်းကုမ္ပဏီ (ITD)မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး မြေငှားရမ်းမှုကာလအမြင့်ဆုံးအနေဖြင့် ၇၅ နှစ် သတ်မှတ်ထားကာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ငွေအရင်းအနှီးမပါဝင်ဘဲ အကျိုးအမြတ် ၂၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံတန်ဖိုးရှိစာချုပ်ချုပ်ဆိုထားသည်။ စက်မှုဇုန်နယ်မြေမှာ မြေအကျယ် ၂၅၀ စတုရန်းကီလိုမီတာကျယ်ဝန်း၍ အကြီးစားစက်မှုဇုန်၊ အလတ်စားစက်မှုဇုန်နှင့် အသေးစားစက်မှုဇုန်တို့ပါဝင်ပြီး၊ရေနက်ဆိပ်ကမ်းမှမြန်မာ-ထိုင်းနယ်စပ် အရှည်ကီလိုမီတာ ၁၇၀ ရှိသော ကားလမ်းနှင့် ရထားလမ်းကို ဖောက်လုပ်သွားမည်ဖြစ်သည်။

လာမည့် ဆယ်စုနှစ်အကုန်တွင် ထွက်ပေါ်လာဖွယ်ရှိနေသော ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးစက်မှုဇုန်သတ်မှတ်ထားသောနေရာ အကျယ်အဝန်းအရ အဆိုပါဒေသရှိကျေးရွာအချို့မှ လူနေအိမ်များစွာလည်း ရွှေ့ပြောင်းပေးရမည်ဖြစ်သည်။

စီမံကိန်းတည်ဆောက်မှုကြောင့် ကျေးရွာပေါင်း ၂၀ ခန့်နှင့် စုစုပေါင်း လူဦးရေသုံးသောင်းကျော်ခန့်အား သက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း ပြည်တွင်း အင်န်ဂျီအိုတစ်ခုမှသိရသည်။

စီမံကိန်းပထမအဆင့်အနေဖြင့် ထားဝယ်ဒေသခံကျေးရွာငါးရွာခန့် စတင်ပြောင်းရွှေ့ရမည်ဖြစ်ပြီး မြေနေရာနှင့် နေအိမ်တို့အား အစားထိုးတည်ဆောက်နေရာချထားပေးမည်ဖြစ်ကာ မူလနေထိုင်သော နေအိမ်အလိုက် အမျိုးအစားသုံးမျိုး ခွဲခြား၍ ပေးအပ်ရန် သက်ဆိုင်ရာကပြောကြားထားကြောင်း ဒေသခံများကဆိုသည်။

“ရေ၊ မီး အစုံပေးမယ်တဲ့။ အိမ်တွေက အေ၊ ဘီ၊ စီဆိုပြီး သုံးမျိုးခွဲထားတယ်။ ရွှေ့ရမယ်ဆိုတဲ့နေရာကတော့ အခုထိ ချုံတွေ၊ တောတွေပဲရှိပါသေးတယ်။ ပြောတဲ့အတိုင်း နေရမယ်ဆိုရင်တော့ မဆိုးပါဘူး”ဟု မူးဒူးကျေးရွာမှဒေသခံ အမျိုးသားတစ်ဦးကပြောသည်။

ပြောင်းရွှေ့ရမည့် ဒေသခံကျေးရွာများအတွက် လျော်ကြေးငွေပေးခြင်း၊ နေအိမ်အစားပေးခြင်းနှင့် စိုက်ပျိုးမြေများအား လျော်ကြေးပေးခြင်းတို့ စီစဉ်ဆောင်ရွက်နေသော်လည်း တိတိကျကျထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း၊ ရွှေ့ပြောင်းရမည့်အချိန်ကာလကိုလည်း မသိရှိရသေးကြောင်း ကျေးရွာနေသူများကဆိုသည်။

အဆိုပါဒေသတွင် နေထိုင်သောဒေသခံများသည် ရေလုပ်ငန်းကို အဓိက အားပြုလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းအား လုပ်ကိုင်နေသူများဖြစ်ကြောင်းသိရသည်။ ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးစက်မှုဇုန်ပေါ်ပေါက်လာလျှင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်နိုင်သော်လည်း တစ်စုံတစ်ရာ ကြိုတင်ပြင်ဆင်စဉ်းစားမိခြင်းမျိုးမရှိသေးကြောင်း ပန်းတင်အင်းကျေးရွာမှ ရွာလူကြီးဖြစ်သူကဆိုသည်။

“ရေနက်ဆိပ်ကမ်း အောင်မြင်လာရင် ရေလုပ်ငန်းကတော့ လွယ်လွယ်ကူကူဖြစ်လာတော့မယ် မထင်ဘူး။ တံငါလှေတွေ အဝင်အထွက် အခက်အခဲဖြစ်မှာပေ့ါ။ ဒီရွာကတော့ ရေလုပ်ငန်းပဲ အားကိုးနေတာပါ။ ခြံလုပ်ငန်းကလည်း ခြံရှိတဲ့လူက အနည်းအကျဉ်းပဲရှိတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် ထိုဆိပ်ကမ်းဆောက်လုပ်မည့်နေရာနှင့် မိုင် ၂၀ ဝန်းကျင်ဝေးသော ထားဝယ်မြို့ပေါ်တွင် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်ခဲ့ရာမြို့ခံအချို့သည် ဆိပ်ကမ်းဖြစ်ပေါ်လာမည့်အချိန်တွင်အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖြစ်ထွန်းလာမည်ကို မျှော်လင့်လျက်ရှိနေသည်။

အဆိုပါ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးစက်မှုဇုန်သည် ထိုင်းနိုင်ငံရှိ ကမ္ဘာ့ပဉ္စမအကြီးဆုံးစက်မှုဇုန်ဖြစ်သော မစ်



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

တာပွစ်စက်မှုဇုန်ထက် ဆယ်ဆကြီးမားမည်ဖြစ်သည်။ ယင်းစက်မှုဇုန်တွင် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ထွန်းစေမည့် လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု ပိုမိုမြင့်မားစေမည့်လုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည့် လုပ်ငန်းများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံသားများပါ ရင်းနှီးမြှုပ်နှံပါဝင်သည့် လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံသူများ ဦးစားပေးလုပ်ကိုင်ကြစေရန် အားပေးမည်ဖြစ်ကြောင်း ယခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ၌ ဖော်ပြထားသည်။

ရေနံဓာတုစက်ရုံများသည် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးစေမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုအခြေခံသော စက်မှုလုပ်ငန်းများသည် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါများစေမည်ဖြစ်ကြောင်း စက်မှုဇုန်များအား လေ့လာစာတမ်းပြုစုထားသော ထိုင်းလူမျိုးပညာရှင်တစ်ဦးကသုံးသပ်ထားသည်။

"စက်မှုဇုန်ကြီးဖြစ်လာတာကို ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပြီး ကျန်းမာရေးဆိုးကျိုးတွေဖြစ်လာမှာတော့စိုးရိမ်တယ်။ အဲလို မထိခိုက်ဘူးဆိုရင်တော့ အရမ်းကောင်းပါတယ်"ဟု ပန်းတင်အင်းမှ အသက် ၆၀ ကျော်အရွယ် အမျိုးသားကြီးတစ်ဦးကပြောသည်။

၎င်းစီမံကိန်းသည် ဒေသခံများအား ဆိုးကျိုးများ မသက်ရောက်စေရန်၊ ဒေသခံများအတွက် အခွင့်အလမ်းသစ်များ ဖြစ်ထွန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုမရှိစေရန် ကျွမ်းကျင်ပညာရှင်အချို့က လှုပ်ရှားဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးစက်မှုဇုန်သည် ပထဝီမြေအနေအထားအရ အချက်အချာကျလျက်ရှိပြီး ဥရောပနှင့် အင်ဒိုချိုင်းနားဒေသကို နီးကပ်စွာချိတ်ဆက်မှုရှိစေမည်ဖြစ်သည်။ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အနေဖြင့် မိုင်ပေါင်းများစွာကွာဝေးသောပင်လယ်ပြင်ကိုဖြတ်သန်းကုန်သွယ်နေရမှုအတွက် အချိန်နှင့်ငွေကြေးတို့ကုန်ဆုံးနေရမှုကို သက်သာစေမည်ဖြစ်သည်။

ပြည်ပနိုင်ငံရှိ ဆိပ်ကမ်းများတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလုပ်သားများသည်လည်း ထားဝယ်ဆိပ်ကမ်းအောင်မြင်ခဲ့ပါကပြည်တွင်းသို့ပြန်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် ရည်မှန်းလျက်ရှိကြသည်။ စီမံကိန်းဆောင်ရွက်နေသော အီတာလျံ-ထိုင်းကုမ္ပဏီ(ITD)သည် ရေနက်ဆိပ်ကမ်းနှင့် အခြေခံအဆောက်အအုံများ၊ နယ်စပ်ဖြတ်ကျော်လမ်းများအား တာဝန်ယူတည်ဆောက်ပြီးနောက် နိုင်ငံတကာမှ လုပ်ငန်းရှင်များအား စီးပွားရေးစက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

မကြာမီတွင် မြင်တွေ့ရဖွယ်ရှိနေသော ရောမစီးပွားရေး စက်မှုဇုန်အနေဖြင့် ဒေသခံများနှင့် နိုင်ငံအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုဘဝဖူလုံရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းတို့အား မည်သို့မည်ပုံဖြစ်ပေါ်စေမည်ကို လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။

လက်ရှိအချိန်တွင် ထားဝယ်အထူးစီးပွားရေးစက်မှုဇုန် သတ်မှတ်ဧရိယာအတွင်း မြေတူးစက်များ၊ မြေသယ်စက်များ၏ အကူအညီဖြင့် မြေနီလမ်းများဖြစ်ပေါ်လာခဲ့သလို သတ်မှတ်ဧရိယာတွင်ရှိနေသော ဒေသခံတို့သည်လည်း အိမ်ခြံမြေများ ပြောင်းရွှေ့ရမည့်နေ့ရက်ကို စောင့်မျှော်နေကြရသည်။

# မီတာတပ်ဆင်ထားသောတကာစီများ မီတာနှင့် မဆွဲလျှင် အရေးယူမည်ဟုဆိုပြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

မီတာတပ်ဆင်ထားသော တက္ကစီယာဉ်များအနေဖြင့် ယခုလ ၁၀ ရက်မှစ၍ မီတာဖြင့်သာ ပြေးဆွဲရတော့မည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မီတာတပ်ဆင်ထားတဲ့ တက္ကစီအားလုံး အခုလ ၁၀ ရက်နေ့ကစပြီး မီတာနဲ့ဆွဲရမယ်။ စီမံချက်နဲ့ အရေးယူဆောင်ရွက်မှာဖြစ်လို့ မီတာနဲ့မမောင်းရင် စီမံချက်ဒဏ်ငွေတွေ တပ်ရိုက်သွားမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မီတာတပ်ဆင်ထားပြီးမီတာဖြင့်မောင်းနှင်ခြင်းမရှိသော တက္ကစီယာဉ်များကို ပထမအကြိမ်တွေ့ရှိပါက ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီမံခန့်ခွဲမှု နည်းလမ်းအရ စီမံချက်ဒဏ်ငွေ ကျပ် ၁၀,၀၀၀ နှင့် မော်တော်ယာဉ်နည်းဥပဒေအရ ၁,၅၀၀ ကျပ် စုစုပေါင်း ၁၁,၅၀၀ ကျပ် ဒဏ်ရိုက်သွားမည်ဖြစ်သည်။

ဒုတိယအကြိမ်တွေ့ရှိပါက စီမံချက်ဒဏ်ငွေ ကျပ် ၃၀,၀၀၀ နှင့် မော်တော်ယာဉ်နည်းဥပဒေအရ ကျပ် ၁,၅၀၀ ပေးဆောင်ရမည်ဖြစ်သည်။

တတိယအကြိမ် မီတာမချိုးဘဲ မောင်းနှင်ခြင်းကိုတွေ့ရှိပါက စီအင်န်ဂျီထုတ်ယူခွင့် တစ်လပိတ်သိမ်းခြင်း(သို့မဟုတ်) ရပ်စဲခြင်းများပြုလုပ်မည်ဖြစ်ပြီး ကက/ခခ ယာဉ်များဖြစ်ပါက နှစ်လအထိ စီအင်န်ဂျီထုတ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်သည်။

"အရင်က စက်တင်ဘာ ၁ ရက်ကစပြီး အရေးယူဖို့လုပ်ထားတာ။ မီတာပျက်တဲ့ ယာဉ်တွေရှိနေမှာစိုးလို့ ပြင်ဆင်ဖို့ အချိန် ၁၀ ရက်ပေးထားတဲ့ သဘောပဲ"ဟု ၎င်းကပြောသည်။

ထို့ကြောင့် မီတာတပ်ဆင်ထားသော တက္ကစီယာဉ်များအနေဖြင့် မီတာနှင့်မောင်းနှင်နိုင်ရန် မီတာပျက်စီးမှုများရှိနေပါက သက်ဆိုင်ရာကုမ္ပဏီများသို့ သွားရောက်ပြင်ဆင်ထားသင့်ကြောင်း ၎င်းကပြောသည်။

သဘာဝဓာတ်ငွေ့သုံး အငှားယာဉ်များကို မီတာမတပ်မနေရ သတ်မှတ်ခဲ့၍ မီတာတပ်ဆင်ခ ကျပ်တစ်သိန်းဝန်းကျင် ကုန်ကျခဲ့ကြရသည်။ သို့သော် မီတာတပ်ဆင်ပြီးသော်လည်း မီတာနှင့်ပြေးဆွဲပါက ခရီးသည်နှင့်အဆင်မပြေ၍ မီတာနှင့် မောင်းသူမရှိလောက် နည်းပါးခဲ့သည်။

တက္ကစီဆွဲ၍ မကောင်းသောကာလတွင် ဒဏ်ရိုက်မည့်အစီအစဉ်တစ်ခုပေါ်လာ၍ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း တက္ကစီယာဉ်မောင်းအချို့ကပြောသည်။



7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# သွင်းကုန်အချို့ထပ်ပံ့ဈေးလျှော့ချမည်ဟုဆို

**ပြည်သိမ်း၊ ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

သွင်းကုန်များအပေါ် စည်းကြပ်သော ပင်ရင်းမှ နုတ်ယူပေးသွင်းခွန်၃ဒသမ၅ရာခိုင်နှုန်းကိုဩဂုတ်လ ၂၆ရက်မှစ၍ ပယ်ဖျက်ပေးသည့်အတွက် သွင်းကုန်လုပ်ငန်းအချို့မှာဈေးနှုန်းများလျှော့ချရန် စီစဉ်နေသည်။

"နောက်ထပ် ဝင်လာတဲ့ ပစ္စည်းတွေကို ၁၀ ရာခိုင်နှုန်းလောက်ထပ်ချဖို့စီစဉ်ထားတယ်" ဟု ပြည်ပမှ အီလက်ထရွန်နစ်ပစ္စည်းတင်သွင်းသောလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်း၌ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ပင်ရင်းဖြတ်တောက်ခွန်ကို ၃ရာခိုင်နှုန်းမှ ၂ရာခိုင်နှုန်းသို့ လျှော့ချပြီး၊ သွင်းကုန်များအတွက်ကိုမူ ပင်ရင်းဖြတ်တောက်ခွန်ကောက်ခံခြင်းဩဂုတ်လကုန်ပိုင်းမှစ၍ ပယ်ဖျက်ခဲ့သည်။

ဈေးကွက်တွင် ရောင်းချနေသည့် ဈေးနှုန်းများမှာ မူလ အခွန်နှုန်းထားနှင့် တင်သွင်းထားသဖြင့် အခွန် ရုတ်တရက် ပြောင်းလဲချိန်တွင် ဈေးချက်ချင်းမချနိုင်ဟုလုပ်ငန်းရှင်များကဆိုသည်။ ဒေါ်လာတန်ဖိုးအတက်အကျနှင့်ဈေးကွက်ဝယ်လိုအားအပေါ် မူတည်၍ ဈေးဖွင့်နေရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ငွေဈေးကျတာနဲ့ အခွန်လျှော့ပေးတာနဲ့ဆိုတော့ ဈေးကတော့ ကျတာပေါ့။ ဒါပေမဲ့ အရောင်းအဝယ်ကတော့ အေးနေတာပဲ"ဟုဆောက်လုပ်ရေးပစ္စည်းတင်သွင်းသူ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်တွင်းသွင်းကုန်လုပ်ငန်းများတွင် ပင်ရင်းဖြတ်တောက်ခွန်ကောက်ခံမှုမှာ လုပ်ငန်းရှင်များအတွက် မနည်းလှကြောင်း လုပ်ငန်းများအတွက် အမြတ်ငွေမှာ ယင်းပမာဏပင်မရှိကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကပြောသည်။

လက်ရှိပြည်တွင်းသွင်းကုန်များအတွက် ပေးရသည့် အခွန်နှုန်းထားများမှာ လေးမျိုးရှိပြီး ပင်ရင်းမှ နုတ်ယူပေးသွင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အကောက်အခွန်နှင့် အမြတ်ခွန်တို့ဖြစ်သည်။ လုပ်ငန်းအမျိုးအစား၊ သွင်းကုန်အမျိုးအစားအလိုက် ပေးရသည့် အခွန်နှုန်းထားထားမှာလည်း မတူညီပေ။ ပင်ရင်းမှ နုတ်ယူပေးသွင်းခွန် ၃ ဒသမ ၅ ရာခိုင်နှုန်းမှာ တူညီသော်လည်း ကျန်အခွန်များမှာ ပေးရသည့် ရာခိုင်နှုန်းမတူညီကြောင်းသိရသည်။ ကုန်သွယ်လုပ်ငန်းခွန်အတွက် ၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း၊ အကောက်အခွန်အတွက် ၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းနှင့် အမြတ်ခွန်အတွက် ၃၀ရာခိုင်နှုန်းပေးဆောင်ရကြောင်း သွင်းကုန်လုပ်ငန်းရှင်များ ကပြောသည်။

# ကြက်သွန်နီ ရောင်းလိုအားနည်း  ဈေးတက်



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁**

ပြည်ပတင်ပို့ခွင့်ပြုရန် စီစဉ်နေသည်ဆိုသော သတင်းများကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ဩဂုတ်လကုန်ပိုင်း၌ မြင့်တက်လာကြောင်း ကြက်သွန်လုပ်ငန်းရှင်များကပြောသည်။

ရက်ပိုင်းအတွင်း၌ အချိန် ၃၀ ပိဿာဝင်တစ်အိတ်လျှင် ၃,၀၀၀ ကျပ်ဝန်းကျင် ဈေးတက်လာခဲ့ကြောင်း ၎င်းတို့ကပြောသည်။ ထို့ကြောင့် အကြမ်းဖျင်း တစ်ပိဿာ ၁၀၀ ကျပ်ခန့် ဈေးတက်ခဲ့ခြင်းဖြစ်သည်။

"ကြက်သွန်က ဒီရက်ပိုင်း ဈေးက တောက်လျှောက်တက်လာတယ်။ ပြည်ပပို့ခွင့်ပြုမယ်ဆိုတဲ့ သတင်းထွက်လာတော့ နယ်တွေက တင်ပို့မှုနည်းလာပြီး ကြက်သွန်အဝင်နည်းလာတာကြောင့် ဈေးတက်လာတာပါ" ဟု ကြက် သွန်နီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ယခင်ရက်များတွင် ဒေသအသီးသီးမှ ဘုရင့်နောင်ပွဲရုံဝင်းသို့ ကြက်သွန်နီကားအစီးရေ ၂၀ မှ ၂၅ စီးဝန်းကျင် ဝင်ရောက်နေရာမှ ယခုရက်ပိုင်းတွင် ၇ စီးဝန်းကျင် သာ ဝင်ရောက်လာတော့ကြောင်း သတင်းရရှိသည်။ ကြက်သွန်နီပြည်ပတင်ပို့ခွင့်ပြုခဲ့ပါက ပြည်တွင်းဈေးကွက်အနေအထားနှင့်ပတ်သက်၍ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးအား မေးမြန်းရာတွင် "ကြက်သွန်ကအိတ်စ်ပို့ပေးဖို့မဖြစ်နိုင်ဘူး။ အိတ်စ်ပို့ပေးလောက်တဲ့အထိတော့ မရှိနိုင်ဘူး" ဟု ၎င်းက သူ၏အမြင်ကိုပြောသည်။ ယခင်နှစ်များက အရှုံးပေါ် မှုကြောင့် ယခုနှစ်တွင် ကြက်သွန် နီအစိုက်နည်းခဲ့သည်။ စိုက်ပျိုးသည့် တောင်သူများမှာလည်း ပြည်ပတင်ပို့ခွင့်မပြုခြင်းကြောင့် တောက်လျှောက် ဈေးမကောင်း၍ ထပ်မံဆုံးရှုံးနေကြသည်။ လက်ရှိဈေးကွက်တွင်း၌ ကြက်သွန်ဈေးမြင့်တက်ခြင်းမှာ ပြည်တွင်းဈေးကွက်ဝယ်လိုအားများခြင်းထက် နယ်စပ်ဒေသများ မှ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်သည်ဟု ကြက်သွန်ပွဲစားတစ်ဦးကပြောသည်။

ယခုရက်ပိုင်းတွင် ဆိပ်ဖြူ ကြက်သွန်မှာ တစ်ပိဿာလျှင် ၄၅၀ ကျပ်မှ ၇၅၅ ကျပ်ထိရှိသည်။ လတ်တလောဖြစ်နေသော ကြက်သွန်ဈေးမှာ ယခုတစ်နှစ်ပတ်လုံးတွင် အမြင့်ဆုံးပင်ဖြစ်သည်ဟုဆိုသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာတွင် ကြက်သွန်နီတစ်ပိဿာ လျှင် ၁,၀၀၀ကျပ်ထိ မြင့်တက်ခဲ့သည်။ သို့သော် ယခုနှစ်အနေအထားအရ ၎င်းဈေးကို မကျော်နိုင်ကြောင်း ကြက်သွန်လုပ်ငန်းရှင် အချို့က ခန့်မှန်းပြောသည်။

ပုံမှန်အားဖြင့် မတ်လနှင့် ဒီဇင်ဘာလများမှာ ကြက်သွန်နီဖော်သောကာလများဖြစ်ပြီး လက်ရှိကာလသည်ကြားကာလဖြစ်၍ ဈေးတက်လေ့ရှိသည်။

TRADEMARK CAUTION

stickiii

noted!

8.Sept.2011

APPLE MANAGEMENT CO., LTD

Overseas Job

VILLA INLE RESORT & SPA

1. Front Office Supervisor
2. Restaurant Supervisor
3. Housekeeping Supervisor
4. Pastry Chef
5. Accountant
6. SPA Supervisor
7. Car Driver
8. Receptionist
9. Bellboy
10. Room Attendant
11. Waiter/Waitress

### ပညာရေးစနစ်သစ်အတွက်

# ပထမဆုံးလှမ်းသင့်တဲ့ ခြေတစ်လှမ်း

ဒေါ်ရှယ်လီနန်းဟွမ်လိတ်

ပညာရှင်များ၏ သုတေသနတွေ့ရှိချက်များအရတိုင်းပြည်တစ်ခုတွင် ပညာရေး၌ ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအရှိဆုံး ထိရောက်မှုအရှိဆုံး အကောင်းဆုံးရလဒ်ကိုပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု ဆိုပါသည်။ အလွန်မှန်ကန်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်နေပါကတိုင်းပြည်ကြီးခြင်း၊ ငယ်ခြင်း၊ သဘာဝသယံဇာတ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းသည် အဓိက မဟုတ်တော့ဘဲ ဦးစီးဦးရွက်ပြုမည့် လူ့စွမ်းအားများ မည်မျှအထိ တော်သည် ထက်သည်သာ အဓိကဖြစ်ကြောင်း သဘာဝသယံဇာတမရှိသော အိမ်နီးချင်းနိုင်ငံငယ်လေးဖြစ်သည့် စင်ကာပူနိုင်ငံ၏ ကမ္ဘာ့အလယ်တွင် တည်ရှိနေသည့် အနေအထားက သက်သေပြနေပါသည်။

မည်သည့်ကဏ္ဍတွင်မဆို ခေတ်ပြောင်းစနစ်ပြောင်းဆိုလျှင် ဖြည့်ဆည်းစရာ ပြုပြင်စရာများ မဆုံးနိုင်ပါ။ အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်လာလျှင် ပြုပြင်ဖြည့်ဆည်း သင်ကြားပေးစရာများ များလှပါသည်။ ခေတ်မီတိုးတက်သည့် ပညာရေးစနစ်ဆီသို့ ဦးတည်လျက်ရှိသော ကျွန်မတို့မြန်မာနိုင်ငံသည်လည်း ရှည်လျားသောခရီး၏အစ ခြေလှမ်းလှမ်းရန် ပြင်ဆင်နေချိန်ဖြစ်ပါသည်။

ကျွန်မဟာ လုပ်ငန်းသဘာဝအရ ပညာရေးမှာ ထိပ်ဆုံးကပြေးနေတဲ့ နိုင်ငံရဲ့ အထက်တန်းကျောင်းအပါအဝင် တက္ကသိုလ်၊ ကောလိပ်အမျိုးမျိုးကို လေ့လာရေးသွားခဲ့ရဖူးပါတယ်။ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကအစ သာမန်တက္ကသိုလ်တွေ၊ နှစ်နှစ်သင် ကောလိပ်တွေကိုပါလေ့လာခဲ့ရဖူးတော့ အဲဒီလိုလေ့လာရေးတွေသွားတိုင်း “ကောင်းလိုက်တာ”၊ “ကောင်းလိုက်တာ”ဆိုတဲ့အတွေးနဲ့ပဲကြည့်ခဲ့တာမျိုးမလုပ်ခဲ့ပါဘူး။ တို့နိုင်ငံသာ ဒီလိုဖြစ်စေချင်ရင် အရင်ဆုံးဘာလုပ်ဖို့လိုလဲဆိုတဲ့ ရှုထောင့်ကကြည့်ခဲ့ လေ့လာခဲ့ပါတယ်။

သူတို့ရဲ့ကျောင်း၊တက္ကသိုလ်၊ ကောလိပ်တွေရဲ့ အနေအထားဟာ တည်နေရာ အရွယ်အစား အကျယ်အဝန်းတွေသာ ကွာခြားသွားမယ်၊ အားလုံးမှာ မကွဲပြားဘဲ တူညီတဲ့အချက်တွေကတော့ သူ့အဆင့်နဲ့သူ သာယာလှပတဲ့ကျောင်းပရိဝုဏ်ရယ်၊ ကစားကွင်းကောင်းကောင်းရယ်၊ ပြည့်စုံတဲ့စာကြည့်တိုက်ရယ်။ ဒါကတော့ ကျောင်းတိုင်းက ဂုဏ်ယူဝံ့ကြွားစွာ ကျွန်မတို့ကို ခေါ်ပြတဲ့နေရာတွေပါပဲ။ အထူးသဖြင့် စာကြည့်တိုက်တွေကို ကျောင်းရဲ့ အသက်ပမာ သဘောထားပြီးဆရာ၊ ဆရာမရော ကျောင်းသားပါမကျန် အားကိုးအားထားနဲ့ ဥဒဟိုဝင်ရောက်လေ့လာဆည်းပူးနေတာ တွေ့ရပါတယ်။ ကွန်ပျူတာတွေလည်း သင့်တင့်တဲ့ အရေအတွက်နဲ့စာကြည့်တိုက်ထဲမှာပဲရှိနေပါတယ်။ စာအုပ်တွေ ရှာဖွေကြည့်ရှုရင်းကွန်ပျူတာတွေဆီ ပြေးပြီးကြည့်ကြဖြည့်စွက်ကြတာရှိသလို၊ ကွန်ပျူတာတွေဆီကတစ်ဆင့် စာအုပ်စင်ကိုကူးနေကြတာ၊ ဆရာ၊ဆရာမ၊ကျောင်းသူ၊ကျောင်းသားအစုံပါပဲ။ ဒါကတော့ကျောင်းတစ်ခုမှာရှိနေတဲ့ လိုအပ်တဲ့အထောက်အပံ့၊ အသုံးအဆောင်တွေပါ။ ကျွန်မ အဓိကထားပြီး ပြောပြဝေမျှချင်တဲ့ အကြောင်းကတော့. . .။



ကျောင်းတစ်ခုရဲ့ ကျော်ကြားမှု၊ ရပ်တည်မှု၊ ဂုဏ်အင်္ဂါဟာ အဲဒီကျောင်းမှာ သင်ကြားပြသနေတဲ့ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းပါ။ သူတို့ဟာ ကျောင်းသူ၊ ကျောင်းသားများကို ဖတ်စာအုပ်ထဲကအတိုင်း “၏၊ သည်” မရွေး သင်ကြားပြသပြီး ရတဲ့ အောင်မြင်မှုမျိုးကို ဂုဏ်ယူနေကြတာမဟုတ်ပါဘူး။ ဆရာ၊ ဆရာမတွေကိုယ်တိုင် အကြောင်းအရာတစ်ခုကို ဘယ်လောက်လေ့လာပြီး သင်ကြားသလဲ။ ဘယ်လောက်ဖြည့်စွက်သင်ကြားဖို့ အချိန်ယူသလဲဆိုတာ ဆရာ၊ ဆရာမတစ်ယောက်ရဲ့ အရည်အချင်းကိုဆုံးဖြတ်ရာမှာ ကြည့်တဲ့အချက်ပါ။ ကမ္ဘာကျော် တက္ကသိုလ်များမှာရှိတဲ့ နာမည်ကျော်ပါမောက္ခတိုင်းကတော့ သုတေသနတွေ့ရှိချက်အသစ် အသစ်များ ဖော်ထုတ်ဖူးတဲ့ပုဂ္ဂိုလ်တွေချည်းပါပဲ။ ဒါတွေကတော့ ကျောင်းတိုင်းမှာ မရှိနိုင်ပါဘူး။

တာဝန်ရှိတဲ့ ကျောင်းကအကြီးအကဲတွေ သင်ကြားပြသတဲ့ဆရာ၊ ဆရာမတွေ တညီတညွတ်တည်း ဖွင့်ဟပြောပြတဲ့အချက်တစ်ခုက စိတ်ဝင်စားစရာ စဉ်းစားအတုယူစရာပါ။ သူတို့အဆိုအရ ကျောင်းသင်ခန်းစာတစ်ခုသင်တော့မယ်ဆိုရင် တစ်နာရီစာ သင်ဖို့ပြင်ဆင်ချိန် (Preparation Time)တစ်နာရီလောက်လိုအပ်တယ်လို့ပြောပြပါတယ်။ သူတို့ဟာ ပြဋ္ဌာန်းစာအုပ်ကိုဆွဲယူပြီး အတန်းထဲ ဝင်သင်ပြခြင်းဘယ်လောက်မှ မလုပ်ကြပါဘူး။ ဒါဟာ တွေ့ခဲ့သမျှ ကျောင်းကဆရာ၊ ဆရာမတိုင်း ကျင့်ကြံကြတဲ့ ပုံစံပါ။ ဥပမာ- မြောက်ဝင်ရိုးစွန်းဒေသအကြောင်းသင်ကြားမယ်ဆိုရင် ဖတ်စာအုပ်အတိုင်း သင်နေရင်ပြောင်းလဲလာတဲ့အကြောင်းအမျိုးမျိုးကြောင့် Update မဖြစ်နိုင်တော့ဘူး။ ရာသီဥတု၊ အပူအအေး၊ ပေါက်ရောက်ပင်၊ ကျက်စားတဲ့တိရစ္ဆာန်စတာတွေဖတ်စာအုပ်နဲ့ မတူဘဲ ကွဲပြားစပြုလာပါပြီ။ အဲဒါကြောင့် အခြား စာအုပ်စာတမ်းတွေ၊ သတင်းစာတွေ၊ အင်တာနက်တွေဆီက အချက်အလက်တွေကို ကူးယူဖြန့်ဝေပြီး သင်ကြားကြပါတယ်။ ဆရာ၊ ဆရာမက နောက်ဆုံးပေါ်အချက်အလက်တွေနဲ့ သင်ခန်းစာကိုစိတ်ဝင်စားဖွယ်ရာ သင်ပြပေးသလို၊ ကျောင်းသူ၊ကျောင်းသားကလည်း ငြိမ်ပြီး လိုက်မှတ် လိုက်ဆိုရုံလုပ်တာမဟုတ်ဘဲ သူတို့လည်း တီဗီထဲ၊ ရေဒီယိုထဲ၊ စာစောင်တွေထဲက ဖတ်ခဲ့မြင်ခဲ့ကြားသိခဲ့တာပြန်လည်ဆွေးနွေးဝေငှကြတဲ့မြင်ကွင်းဟာ သက်ဝင်လှုပ်ရှားလှပါတယ်။ စာသင်ခန်းတစ်ခုရဲ့ တက်ကြွပြီး စိတ်ဝင်စားဖွယ်ရာ မြင်ကွင်းပါပဲ။

ကျွန်မတို့ဆီမှာ စာဒကတက်ကြမှာ မြင်ယောင်ပါသေးတယ်။ ဘယ်က အင်တာနက်နဲ့ လုပ်ရမှာလဲ။ တောရွာက ကျောင်းတွေမှာ ဘာအင်တာနက်သုံးရမလဲနဲ့ ကျွန်မကို စာဒကတက်နေကြဦးမှာပါ။ အင်တာနက်မရှိသေးလည်း ဘာမှမဖြစ်ပါဘူး။ ဟိုးအရင် အင်တာနက်မပေါ်ခင်ကလည်း ဆရာ၊ ဆရာမတွေ ဒီလိုပဲ သင်ခဲ့ကြတာပဲ။ မြန်မာနိုင်ငံ တစ်နံတစ်လျား အင်တာနက်အသုံး မပြုနိုင်သေးခင်မှာ ကျောင်းတွေကိုစာကြည့်တိုက်ကောင်းကောင်း တွေဖြည့်ပေးကြမယ်ဆိုရင် အများကြီးအကျိုးရှိလာနိုင်ပါတယ်။ ဆရာ၊ ဆရာမတွေကို စာကြည့်တိုက် စပြီးအသုံးပြုတတ်ဖို့သာ လမ်းညွှန်ပေးပါ။ ဖိအားပေးပေးပါ။ တစ်ခုတော့ရှိတာပေါ့။ စာကြည့်တိုက်တိုင်းမှာ ထားနေကျစာအုပ်စာပေဟောင်းတွေနဲ့ပဲဆိုရင်တော့ ထူးခြားမှုမရှိနိုင်သေးဘူးပေါ့။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကျောင်းသားအရွယ်အမျိုးမျိုး၊ အဆင့်အမျိုးမျိုးအတွက် စီမံချက်နဲ့နောက်ဆုံးပေါ် စာအုပ်စာတမ်းတွေဝယ်ပြီး စာကြည့်တိုက်တွေမှာ ဖြည့်ပေးဖို့ အကြံပြုချင်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ တစ်နှစ်တစ်နှစ် သဘာဝသယံဇာတများက ရတဲ့ဝင်ငွေပမာဏနဲ့ဆိုရင် ဒီလောက်အသုံးပြုဖို့ဆိုတာ ဘာမှမပြောပလောက်ပါဘူး။ ခေတ်လူငယ်စကားနဲ့ပြောရမယ်ဆိုရင်ပျင်းတောင်ပျင်းသေးတယ်’လို့ဆိုနိုင်ပါတယ်။ တကယ်လို့တိုင်းပြည်မှာ သုံးစွဲစရာ ကဏ္ဍအမျိုးမျိုးကို ဦးစားပေးနေရလို့ မဝယ်နိုင်ဘူးဆိုရင်လည်း ကျွန်မ နည်းလမ်းကောင်းလေးတစ်ခုညွှန်ပြပါရစေ။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအသီးသီးက ကျောင်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများဟာ ဖွံ့ဖြိုးဆဲနိုင်ငံက ကျောင်းသားလူငယ်များရဲ့ အသိဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ဖို့အရမ်းအကူအညီပေးလိုပါတယ်။ စာအုပ်စာပေအမျိုးမျိုးကို အခမဲ့လှူဒါန်းဖို့အဆင်သင့်ပါပဲ။ ကျွန်မတို့ကနေပြီးတော့ တင်ပို့ခကို ခံပေးလို့ရှိရင် ဒီစာအုပ်စာရွက်စာတမ်းအလှူတွေဟာ ဝင်လာမစဲ တသဲသဲဖြစ်လို့ တားယူရပါမယ်။ ဒါကလည်း ကိုယ့်နိုင်ငံရဲ့ မူဝါဒတွေနဲ့မကိုက်ညီတဲ့စာပေပါလာမှာစိုးရင် ကန့်သတ်ချက်နဲ့လက်ခံလည်းရပါတယ်။ ရောက်ပြီးမှ စိစစ်လည်းရပါတယ်။ ဒီစာအုပ်စာပေ ဗဟုသုတရတနာသိုက်ကြီးကို ကျွန်မတို့ရဲ့ ကျောင်းသားလူငယ်တွေမြင်တွေ့ဖတ်ရှုနိုင်တယ်။ သော့ဖွင့်ပေးလိုက်ပါလို့ပဲ တင်ပြတောင်းဆိုချင်ပါတယ်။ ဒီလိုအခွင့်အရေးမျိုးပေးလိုက်ရင် တိုးတက်မှုရှိကိုရှိလာပါမယ်လို့ ကျွန်မပြောရဲပါတယ်။

တစ်ခုတော့ ရှိတာပေါ့လေ။ ကျောင်းသားနဲ့ ဆရာ၊ ဆရာမဟန်ချက်ညီညီလေး လေ့လာဖတ်ရှုမှုတော့ရှိရမှာပေါ့။ ကျွန်မတို့ရဲ့ လူမှုအဖွဲ့အစည်းပုံစံကိုက ဆရာ၊ ဆရာမရဲ့စကားဆိုရင် အခြားလူရဲ့စကားထက် အလေးထားတာမို့လို့ ဆရာ၊ ဆရာမတွေက အတွေးမမှားဖို့၊ အသိဉာဏ်ကြွယ်ဖို့တော့ လိုပါတယ်။ ဒါနဲ့ဆက်စပ်ပြီး အကြံပြုချင်တာတစ်ချက်ကတော့ဆရာ၊ ဆရာမများကို စာပေလေ့လာဖတ်ရှုဖို့ အချိန်ကိုတော့ လုံလုံလောက်လောက် ဖန်တီးပေးရပါလိမ့်မယ်။ ဖန်တီးတယ်ဆိုတာက ကျောင်းပိတ်ရက်၊ ကျောင်းချိန်ပြင်ပတွေ မလုပ်မနေ ခိုင်းတာထက် ကျောင်းကို တာဝန်သိသိစောစောလာ ပြင်ဆင်မှုလုပ်ချိန်မှာ စာကြည့်တိုက်သုံးနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

ဒါနဲ့ဆက်စပ်လို့ ကျွန်မပြောချင်တာ တစ်ခုကတော့ ကျောင်းဆရာ၊ ဆရာမဆိုတာ သူ့ပညာ အရည်အချင်းနဲ့သူ ထိုက်တန်တဲ့ အလုပ်အတွက် ခန့်အပ်ထားတာပါ။ ကျွန်မတို့ရဲ့ သားသမီးမြေးမြစ်တိုင်းပြည်ရဲ့အနာဂတ်ခေါင်းဆောင်တွေကို ဆရာ၊ ဆရာမတွေရဲ့ လက်ထဲ ပုံအပ်ထားတာဖြစ်လို့ သူတို့ လုပ်ရမယ့် အဓိကအလုပ်ကိုဦးစားပေးပြီး တာဝန်ယူခိုင်းတာကောင်းပါတယ်။ ဒီလိုပြောရခြင်းက ကျွန်မ ဝမ်းနည်းစွာနဲ့မြင်တွေ့



နေရတဲ့မြင်ကွင်းတွေကြောင့်ပါ။ ကျောင်းမုန့်ဆိုင် သက်သာဆိုင်တွေအတွက် ဈေးဝယ်နေတဲ့ ဆရာ၊ ဆရာမ၊ ကျောင်းမတက်ခင် (Preparation)တွေ လုပ်နေရမယ့်အချိန်မှာ “တာဝန်”၊ “လုံခြုံရေး”လက်ပတ်တွေနဲ့ ကျောင်းဂိတ်ဝနေ လမ်းထောင့်တွေမှာ စောင့်နေတဲ့ဆရာ၊ ဆရာမတွေရဲ့ မြင်ကွင်းတွေပါပဲ။ ဒါဟာ မှားတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ လုံခြုံရေးတိုးမြှင့်မှုကို လုပ်ပေးရတာကောင်းပါတယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေဟာ ဒီလုပ်ငန်းအတွက် တိတိကျကျ သင်တန်းဆင်းထားတာမဟုတ်ဘူးလေ။ တကယ့် အရေးအကြောင်း အကြမ်းဖက်သမားတွေ ဝင်လာမယ်ဆိုရင် ကျွန်မတို့ရဲ့ အဖိုးတန် ရင်သွေးလေးတွေကို (Professionally) အသက်ပေးကာကွယ်တတ်မှာမဟုတ်ဘူး။ အဲဒီတော့ အဲဒီလိုတာဝန်တွေကို သင်တန်းတွေ အထပ်ထပ်တက်ထားတဲ့ ကျွမ်းကျင်သူကို လစာပေးပြီး ခန့်ထားသင့်ပါတယ်။ ပိုကောင်းတာက နိုင်ငံခြားကျောင်းတွေလိုမလိုအပ်ဘဲကျောင်းသားက လွဲလို့ကျောင်းဝင်းထဲကို ပြင်ပလူ လုံးဝအဝင်မခံရင် ဒီလုံခြုံရေးပြဿနာတွင်မကဘဲ အချို့မိဘတွေက သားသမီးအတွက် အတန်းပိုင်ဆရာ၊ ဆရာမတွေဆီ မလိုအပ်ဘဲချဉ်းကပ်တာတွေ စတဲ့ အပိုပြဿနာတွေပါ ရှင်းလင်းပြီးသားဖြစ်သွားပါမယ်။ ဆရာ၊ဆရာမတွေကိုလည်း မိမိမကျွမ်းတဲ့အလုပ်အစား မိမိစိတ်ဝင်စားတဲ့ ကျွမ်းကျင်ပြီး လုပ်သင့်တဲ့အလုပ်ကိုလုပ်နေစေသင့်ပါတယ်။ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားတွေဟာ သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ပတ်ဝန်းကျင်မှာ စာကို ပြည့်ပြည့်ဝဝ သင်ကြားသင်ယူနိုင်မယ်။ အားတဲ့အချိန်မှာ စာအုပ်စာပေများ အသိပညာအချက်အလက်များ ပေးနိုင်တဲ့ အင်တာနက်များနဲ့ အချိန်ကုန်နေမယ်ဆိုရင် မကောင်းတဲ့ အကျင့်အကြံ၊ မကောင်းတဲ့ အမူအကျင့်များနဲ့လည်း ကင်းဝေးသွားမယ်။ လုံခြုံနွေးထွေးတဲ့ ကျောင်းပတ်ဝန်းကျင်ကိုလည်း သံယောဇဉ်တွယ်တာစိတ်တွေရှိလာမယ်။ နိုင်ငံခြားကျောင်းတွေ၊ တက္ကသိုလ်တွေက လူငယ်တွေလိုပဲ ဝိုင်းဖွဲ့ပြီး စာပေဆွေးနွေးကြမယ်။ အားကစားလုပ်နေကြမယ်။ ကိုယ်လိုတဲ့ အသိပညာဗဟုသုတကိုပေးဝေနိုင်တဲ့ တာဝန်ကျဆရာ၊ ဆရာမတွေလည်းရှိ ဗဟုသုတဘဏ်တွေလည်းရှိတဲ့ ပတ်ဝန်းကျင်မှာ ဒီထက်ပိုပြီး တော်သောထက်သော နိုင်ငံသားကောင်းသမီးကောင်းတွေပေါ်ပေါက်လာမှာမလွဲပါဘူး။ ဒီအတွေး ဒီစိတ်ကူးလေးတွေနဲ့ပဲ နိုင်ငံရဲ့ အနာဂတ် ပညာရေးစနစ်သစ်ကို မျှော်လင့်နေပါတယ်။ ။

# Opinion

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# ဘုန်းကြီးတောင်မရှောင် လိမ်နေသူများ

**ဆရာတော်တစ်ပါး**

တစ်ခုသော နံနက်ပိုင်းတွင်ဖြစ်ပါ၏။ စာရေးသူကျောင်းသို့အင်္ကျီအပြာရောင် ဝတ်ဆင်ထားသော လူငယ်သုံးဦးရောက်လာကြ၏။

“ဘာကိစ္စကြောင့် ရောက်လာကြတာလဲ”ဟုမေးကြည့်တော့ “အရှင်ဘုရား၊ အခု မြို့ပေါ်က ဘုန်းကြီးကျောင်းတွေမှာ သံဃာတော်တွေ ဝမ်းရောဂါဖြစ်နေကြပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်တို့ အရှင်ဘုရားကျောင်းက အိမ်သာတွေမှာ ပိုးသတ်ဆေးဖျန်းချင်လို့ အထက်က အမိန့်နဲ့လာခဲ့တာပါဘုရား။ အရှင်ဘုရားကျောင်းမှာ အိမ်သာဘယ်နှလုံးရှိပါသလဲဘုရား”

“ဒကာလေးတို့၊ ဘုန်းကြီးကျောင်းမှာ အိမ်သာရှစ်လုံးရှိပါတယ်”

“ဒါဆိုရင်တပည့်တော်တို့ပိုးသတ်ဆေးဖျန်းပေးပါမယ်ဘုရား” ဆိုပြီး အိမ်သာတွေကို ဆေးလိုက်ဖျန်းကြ၏။

အိမ်သာတွေ ဆေးဖျန်းပြီး ကျောင်းပေါ် ပြန်တက်လာကြ၏။ ကျောင်းပေါ်ရောက်တဲ့အခါ လူငယ် သုံးယောက်ထဲမှ ခေါင်းဆောင်လုပ်သူက ဆေးဖျန်းတဲ့ သံပုံးကြီးထဲမှ ဆေးပုလင်းတွေ ထုတ်၍ စာရေးသူထိုင်နေရာရှေ့မှ စားပွဲပေါ်တင်ပြီး “အရှင်ဘုရား၊ ဒီဆေးတွေက အပြင်မှာ ဝယ်လို့မရပါဘူး ဘုရား။ ဒါကြောင့် အရှင်ဘုရား တပည့်တော်တို့နဲ့ကြုံတုန်း ဆေးပုလင်းတွေဝယ်ထားလိုက်ပါဘုရား။ သုံးပုလင်းက လှူပါတယ်ဘုရား၊ ကျန်တဲ့သုံးပုလင်းအတွက် အရှင်ဘုရားဝတ္ထုငွေပေးစွန့်ပါဘုရား။ ဟိုဘက်က ကျောင်းက ဆရာတော်ကတော့ တစ်ပုလင်း ကျပ်ခြောက်ထောင်နဲ့ သုံးပုလင်းဝယ်ထားပါတယ်ဘုရား” ဟု လျှောက်ထား၏။

စာရေးသူလည်း ဟုတ်များ ဟုတ်လေမလားဆိုပြီး တစ်ပုလင်း ငါးထောင်ကျပ်နှင့် သုံးပုလင်းယူထားလိုက်၏။

သူတို့ ပြန်သွားပြီး နှစ်ရက်အကြာတွင် ဆေးဘူးများကိုဖွင့်ကြည့်လိုက်သောအခါ မည်သည့်အနံ့မျှမရပါ။ အရောင်ကတော့ ဖြူဝါဝါအရောင်ဖြစ်ပါ၏။ ဆေးဝါမှုန့်တွေကို ရေနှင့်ရောထားသည်ဟုထင်ရပါ၏။ ဆေးဘူးအတုတွေဖြစ်နေပါ၏။

ဝန်ထမ်းအယောင်ဆောင်လူငယ်သုံးဦးတို့သည် ပန်းတောင်းမြို့နယ်အတွင်းရှိဘုန်းကြီးကျောင်းတိုင်းကိုဝင်ပြီး ဆေးဘူးအတုတွေကိုလိမ်လည်ရောင်းချနေကြောင်း ဘုန်းတော်ကြီးအချင်းချင်း ပြောကြား၍ သိရပါ၏။ ရှားရှားပါးပါး လူ့လောကကြီးတွင် ဘုန်းတော်ကြီးတွေကိုမှ လိုက်ပြီး လိမ်စားနေသူတွေရှိနေကြ၏။ တစ်လောက ခရီးသွားရင်း မြို့ပေါ်က ဘုန်းကြီးကျောင်းရောက်သွားရာ ထိုကျောင်းက ဆရာတော်က ပြောပြသဖြင့် မြို့ပေါ်က ဘုန်းတော်ကြီးကျောင်းတွေလည်း အလိမ်ခံနေကြရကြောင်း သိခဲ့ရပြန်၏။

မြို့ပေါ်က ဘုန်းကြီးကျောင်းတွေကို လိမ်ပုံမှာ “အရှင်ဘုရား၊ မနက်ဖြန်နံနက် အရဟတ်ဆွမ်းဘုဉ်းပေး ဘယ်လမ်း၊ အိမ်နံပါတ် ဘယ်လောက်ကို နံနက်ငါးနာရီအရောက်ကြွခဲ့ပါဘုရား။ အိမ်ရှေ့မှာ မီးဖွင့်ထားပါမယ်ဘုရား”

“မနက်ဖြန်နံနက် ဆွမ်းကပ်ဖို့အတွက် တပည့်တော်တို့မှာ ပန်းကန်၊ ခွက်ယောက်တွေ လိုနေပါတယ်ဘုရား။ သုံးပွဲစာလောက် ခေတ္တငှားလိုက်ပါဘုရား” ဟု လျှောက်ထားလို့ ကျောင်းထိုင်ဆရာတော်က ငှားလိုက်ရ၏။

နံနက်ငါးနာရီကျတော့ သူတို့ပြောတဲ့အတိုင်း ကြွသွားကြရာ ထိုအိမ်မှာ မီးထွန်းမထားသည်ကို တွေ့လိုက်ရ၏။ အိမ်နားရောက်သည်အထိ ကြွသွားရာ ထိုအိမ်မှာ ဆွမ်းကွမ်းချက်ပြုတ်နေသည်ကို မတွေ့လိုက်ရမှ သံဃာတော်တွေမှာ အလိမ်ခံရပြီဆိုတာသိလိုက်ရတော့၏။ နောက်ကြောင်းပြန်၍ ကျောင်းသို့ ပြန်ခဲ့ရပေတော့၏။

ပန်းကန်ခွက်ယောက်သုံးပွဲစာ အလိမ်ခံလိုက်ရ၏။ အဲဒီလို ဘုန်းကြီးကျောင်းတွေကိုလိုက်ပြီး လိမ်စားနေသူတွေရှိနေကြ၏။ ဆရာတော်၊ သံဃာတော်များ အထူးသတိထားကြရမည်ဖြစ်၏။

လူသာမန်ကိုလိမ်ခြင်းထက် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသည့် ရဟန်းသံဃာကိုလိမ်သည်က ပို၍အပြစ်ကြီးလေး၏။

ထိုသူတို့၏ သွားရာလမ်းခရီးကား အပါယ်သံသရာသို့ မြန်းကြရမည်မှာ သေချာပေါက်ဖြစ်နေ၏။ လူ့လောက၌ လူလိမ္မာ သူတော်ကောင်းတွေရှိသလို၊ လူလိမ်လူကောက်တွေလည်း ရှိနေကြ၏။ ဆရာတော်၊ သံဃာတော်တို့ အနေနဲ့ လူတိုင်းကို မယုံကြည်သင့်ပေ။ စဉ်းစားဆင်ခြင်ပြီး သတိထား၍ ပြုလုပ်သင့်ပါ၏။

ဆရာတော်၊ သံဃာတော်များ အလိမ်မမိစေရန်၊ အလိမ်မခံရစေရန် ရည်သန်၍ ဤသို့ သတိပေးရေးသားလိုက်ခြင်းဖြစ်ပါသည်။



## JOKE

### အိမ်ဖုန်း

အိမ်တစ်အိမ်တွင် ဖုန်းဘီလ်ဆောင်ရသည်မှာ အလွန်အမင်း များနေသဖြင့် ဖခင်က မိသားစုဝင်အားလုံးကိုခေါ်၍ မေးမြန်းသည်။ အဖေဖြစ်သူကပင်စ၍ “ဒါဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး။ ငါလည်း ဒီဖုန်းကို မသုံးဘူး။ ငါ့အလုပ်ထဲက ဖုန်းပဲငါသုံးတာ” ဟု ပြောလိုက်သည်။

မိခင်ဖြစ်သူကလည်း“ဟုတ်တယ်။ကျွန်မလည်းအလုပ်သွားအလုပ်ပြန်နဲ့အိမ်ဖုန်းကို သုံးခဲတယ်” ဟုဆိုသည်။

သမီးဖြစ်သူကလည်း“သမီးကလည်း အလုပ်ကပေးထားတဲ့ ဟန်းဖုန်းပဲသုံးတယ်”ဟုပြောပါလေ၏။

ဤတွင် မိသားစုဝင်အားလုံးက အိမ်ဖော်ဖြစ်သူအား လှမ်းကြည့်ရာအိမ်ဖော်က “အေးလေ၊ ငါတို့အားလုံး ကိုယ်အလုပ်လုပ်တဲ့နေရာက ဖုန်းပဲသုံးနေကြတာလေ”ဟုဆိုပါတော့သည်။

### ဝေးလွန်းလို့

ကျောင်းတွင် ဆရာမက ကျောင်းသားများအား ယခုလိုပြောလိုက်သည်။ “မနက်ဖြန်ကျရင် ငါတို့လကမ္ဘာအကြောင်း လေ့လာကြမယ်။ လူတိုင်း မပျက်မကွက်လာရမယ်နော်”။

ကျောင်းသားတစ်ယောက်ကမူ “ဆရာမ ကျွန်တော်လာနိုင်မယ်မထင်ဘူး”

“ဘာဖြစ်လို့လဲ၊ ဒေးဗစ်ရဲ့” ဟု ဆရာမက မေးရာ

“မေမေက အဲလောက်အဝေးကြီး လွှတ်မယ်မထင်ဘူးဆရာမ” ဟူ၍ ဒေးဗစ်က ပြန်ဖြေပါ၏။

# အငှားယာဉ်မောင်းများ ဝင်ငွေလျော့ကျ

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ်-၃၁**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် အငှားယာဉ်များသည် ဩဂုတ်လတစ်လလုံး ခရီးသည်ရရှိမှု သိသာစွာလျော့နည်းလာကြောင်း အငှားယာဉ်မောင်းများက ပြောသည်။

လဆန်းပိုင်းကာလများတွင် ပုံမှန်ခရီးသည်ရရှိမှုများပြားလှေ့ရှိသော်လည်း ယခုလဆန်းပိုင်းတွင်မူသိသိသာသာဝင်ငွေများကျဆင်းလာသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ကြောင်း ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် တက္ကစီယာဉ်မောင်းများကဆိုသည်။

“အခုလဆန်းကစပြီး ခရီးသည်ရရှိတာ သိသိသာသာလျော့သွားတယ်။ ဝင်တဲ့ပိုက်ဆံကပါ တော်တော်လေးနည်းလာတယ်။ အံ့နာကိုပေးဖို့နဲ့ ဆီဖိုးတွေဖယ်ပြီး တစ်ခါတလေဆို သုံးလေးငါးထောင်ပဲကျန်တယ်” ဟု အငှားယာဉ်မောင်းလုပ်သက် ငါးနှစ်ရှိပြီဖြစ်သည့် အသက် ၄၅ နှစ်အရွယ် ဦးစန်းမောင်ကပြောသည်။

လူအများစု၏ အသုံးစရိတ်ချွေတာလာမှုများခြင်းသည်လည်း ယခုကဲ့သို့တက္ကစီများ ငှားစီးမှုလျော့ကျလာခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်နေကြောင်း အငှားယာဉ်များကိုပုံမှန်ငှားစီးနေသူများကဆိုကြသည်။

“ပုံမှန်ဆို လဆန်းရက်တွေကဆွဲလို့ကောင်းတယ်။ဒီလတော့ လဆန်းလည်း မကောင်းဘူး။ ဘယ်တုန်းကစဆွဲလို့ မကောင်းတာလည်းဆိုတော့ ဇူလိုင်လလယ်ကတည်းက လူတွေအပြင်သိပ်မထွက်တော့ဘူး။ ညပိုင်းသမားတွေဆို တချို့ညလူတောင်သိပ်မတွေ့ရဘူးပြောတယ်”ဟု အငှားယာဉ်မောင်းတစ်ဦးကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

“အရင်ဆို တက္ကစီကို တစ်ပတ်ကို သုံးလေးခါလောက်ပုံမှန်ငှားစီးဖြစ်တယ်။ ခုနောက်ပိုင်း မငှားဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ဝင်ငွေတွေ လျော့လာတယ်။ နိုင်ငံခြားရောက်နေတဲ့ မိသားစုတွေဆီကနေ ခုနောက်ပိုင်းရလာတဲ့ပိုက်ဆံတွေကလည်း ဒေါ်လာဈေးတွေဆက်တိုက်ကျနေတော့ ရတာနည်းလာတယ်။ ဒါကြောင့် တက္ကစီငှားတဲ့နေရာမှာလိုသုံးတာတွေကို လျှော့လာကြတာပါ” ဟု ပုံမှန်တက္ကစီ ငှားစီးနေသူ ကုမ္ပဏီဝန်ထမ်း အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးကဆိုသည်။ ထို့အပြင် တက္ကစီယာဉ်မောင်းအချို့က ခရီးသည်ကို ခွင့်မတောင်းဘဲ လူပိုတင်ခြင်း၊ အငှားယာဉ်မောင်းများကိုယ်တိုင် လမ်းကြောင်းရွေးချယ်ခြင်း စသည်တို့ကြောင့် စီးသူနည်းလာခြင်းဖြစ်နိုင်ကြောင်းလည်း ခရီးသည်အချို့က ပြောသည်။

ယင်းကဲ့သို့ တက္ကစီများခရီးသည်ရရှိမှုလျော့နည်းလာခြင်းကို ပါရမီတက္ကစီများလည်းကြုံတွေ့နေရသည်။

စာ(၄၀) သို့

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၀ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7 DAY NEWS JOURNAL
Business
Vol.10, No.25 • SEPTEMBER 8, 2011

# အိမ်ခြံမြေအရောင်းအဝယ် နည်း၊ အငှားများ

**ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ- ၁**

မြန်မာငွေဈေးမြင့်မားလာခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ မတည်ငြိမ်မှုများကြောင့် အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်ထက် ငှားရမ်းသူ ပိုများလာကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများကပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လက အိမ်ခြံမြေအခွန်သက်တမ်းကို တစ်နှစ် ထပ်မံတိုးမြှင့်လိုက်သော်လည်း အရောင်းအဝယ်မှာ ၂၀၁၀ အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် အကြမ်းဖျင်း ၃၀ ရာခိုင်နှုန်းခန့်သာရှိပြီး ငှားရမ်းမှုမှာ ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၇၀ ရာခိုင်နှုန်းထိတက်လာသည်။ အရောင်းအဝယ်အေးနေသော်လည်း ဈေးကွက်တွင်းရှိအိမ်မြေဈေးနှုန်းများက အမြင့်ဆုံးဈေးနှုန်းများဖြင့် တည်ငြိမ်လျက်ရှိသည်ဟု အိမ်ခြံမြေအကျိုးဆောင်လုပ်ကိုင်သူအများစုကဆိုကြသည်။

"အိမ်မြေဈေးနှုန်းကတော့ ၁၅ နှစ်တာကာလမှာဆိုရင် အဆအားဖြင့် ၁၂ ဆလောက် မြင့်တက်လာပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်က ကျပ်သိန်း ၂၀၀ လောက်ပဲရှိတဲ့ အိမ်က အခုဆိုရင် သိန်းပေါင်း ၂,၅၀၀ ထိမြင့်လာတယ်"ဟု ယူနတီအကျိုးဆောင်လုပ်ငန်းမှ ကိုဇော်ဇော်က 7Day News သို့ ပြောသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ အိမ်ခြံမြေရောင်းဝယ်မှုတွင် ကျပ်သိန်းပေါင်း သောင်းဂဏန်းထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်အထိအမြင့်ဆုံးရောင်းဝယ်မှုမှာ ကျပ်ထောင်ဂဏန်းထိသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ဒီနှစ်မှာတော့ ဒေါ်လာဈေးကျလို့ အိတ်စ်ပို့၊ အင်ပို့သမားတွေ ကမောက်ကမဖြစ်တာရယ်၊ အိမ်မြေဈေးနှုန်းက အမြင့်ဆုံးရောက်နေတာကြောင့် လက်ဝယ်ရှိသူတွေက ပြန်မထုတ်ကြသလို ဈေးတွေကလည်း ရှိသင့်တဲ့ဈေးထက် အမြင့်ဘက်ခေါ်နေတော့ ဝယ်မယ့်သူက စောင့်တာပါတယ်" ဟု လှိုင်မြို့နယ်ရှိ အိမ်မြေပွဲစားတစ်ဦးကပြောသည်။

ထို့ပြင် ယခုနှစ်၌ တန်ဖိုးနည်းအိမ်ရာများပေါ်လာရာ ပထမအရစ် ကျပ်သိန်း ၂၀ ကျော်ပေးသွင်းပြီး လစဉ် ကျပ် သုံးသိန်းခန့် အရစ်ကျပေးရသည့် အိမ်ရာများကို လူစိတ်ဝင်စားမှုများသော်လည်း ယခုထက်သက်သာနိုင်မည့် အခွင့်အရေးကို စောင့်မျှော်နေကြောင်း အဆိုပါပွဲစားက ဆက်လက်ပြောသည်။

"တန်ဖိုးနည်းအိမ်ရာတွေ ပေါ်လာတာ ကောင်းပါတယ်။ ဒါပေမဲ့ တန်ဖိုးနည်းဆိုတော့ ကွာလတီလျှော့တာတို့ရှိနိုင်ပြီး အဆောက်အအုံ အနေအထားကိုကြည့်ပြီးတော့ ဒီဈေးနဲ့ တန် မတန်ဆိုတာ ဝယ်သူက ဆုံးဖြတ်ရမှာပါ" ဟု ကိုဇော်ဇော်ကပြောသည်။

# ထီဈေးကွက် အတက်ဘက်သို့ ဦးတည်နေဟုဆို

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ပုံမှန်အရောင်းပါးသည့် မိုးရာသီကာလရောက်ရှိနေသော်လည်း အောင်ဘာလေသိန်းထီမှာ ဈေးကွက်ကောင်းကာ အတက်ဘက်သို့ဦးတည်နေလျက်ရှိပြီး နောက်သုံးလေးလအတွင်း အရောင်းဆက်တက်နေဖွယ်ရှိသည်ဟု ထီကုန်သည် အချို့ကခန့်မှန်းပြောကြားသည်။

"အရင် ၂နှစ်၊ ၃နှစ်လောက်တုန်းကအတွေ့အကြုံနဲ့ဆိုရင် ထီဈေးကောင်းတာက အခိုက်အတန့်လောက်ပဲရှိခဲ့တာပါ။ အခုက တရားမဝင်ထီတွေ၊ လောင်းကစားတွေဖမ်းဆီးတာကြောင့်လို့အပြင်ပင်စင်လစာတိုးသွားတာနဲ့လည်း ဆိုင်နေပါတယ်။ ထီထိုးပုံမှန်ထိုးတဲ့သူအများစုကပင်စင်စားတွေဖြစ်တော့ အဲဒီအချက်ကလည်း အရောင်းတက်ရတဲ့ထဲမှာ ပါပါတယ်။နောက်သုံးလေးလအတွင်းမှာ တော့ ဈေးကွက်ကောင်းနေဦးမယ့်အနေအထားရှိပါတယ်" ဟု ထီကုန်သည်တစ်ဦးကပြောသည်။

အောင်ဘာလေထီအရောင်းအဝယ်ပုံမှန်ရှိနေချိန်တွင် နယ်မြို့များ၌ထီဈေးကစားမှုများရှိနေသည်။ ဌာနဆိုင်ရာအချို့က မဝယ်မနေရပုံစံမျိုးဖြင့် ထီရောင်းချမှုပြုလုပ်လျက်ရှိပြီး ထီကုန်သည်ထံမှတစ်ဆင့်ယူကာ လှည့်လည်ရောင်းချသူများမှာ ဈေးကွက်အပြိုင်အဆိုင်ဖြစ်နေကြောင်း ရှမ်းပြည်နယ်တောင်ပိုင်းဈေးကွက်တွင် ထီရောင်းချသူအချို့က ဆိုသည်။ ထီတစ်ဆင့်ဝယ်ယူဈေးမှာ ၂၇၀ ကျပ်ခန့်ရှိနေပြီး ဈေးကွက်တွင်း ရောင်းဈေးမှာ ၃၀၀၊ ၃၅၀ ကျပ်ရှိသည်ဟုသိရသည်။

"မနှစ်ကဒီလိုမိုးရာသီအချိန်ဆိုရင် အက္ခရာ ၂၃ လုံးနဲ့ရောင်းတာတောင်ဈေးကွက်ကပုံမှန်ပဲရှိတယ်။ ဈေးကွက်အနေအထားကိုကြည့်ပြီး ၂၇၁ ကြိမ်မှာအက္ခရာ ၂၄ လုံးနဲ့ရောင်းပေးတယ်။ တရားမဝင်ထီတွေ ဖမ်းဆီးတဲ့အပြင်ပင်စင်စားတွေ လစာတိုးပေးလိုက်တော့ ထီပိုရောင်းကောင်းနေတာတွေ့ရပါတယ်" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှတာဝန်ရှိသူက ပြောသည်။

နယ်ဈေးကွက်မှာပုံမှန်အားဖြင့်သယ်ယူပို့ဆောင်စရိတ်ကြောင့် ရန်ကုန်ထက်ဈေးပိုတတ်သည်ဟု သိရပြီး ရန်ကုန်ဈေးကွက်တွင်ပင် ၂၀၀ ကျပ်တန်အောင်ဘာလေထီတစ်စောင်လျှင် ၃၀၀၊ ၃၅၀၊ ၄၀၀ ကျပ်နှုန်းရောင်းဈေးရှိနေသည်။

၂၀၀ ကျပ်ဖြင့်ထီဝယ်ယူနိုင်သည့်ဆိုင်စာရင်းကို အောင်ဘာလေသိန်းဆုဌာနခွဲမှအခမဲ့ထုတ်ဝေသည့်ထီပေါက်စဉ်တွင်ဖော်ပြထားပြီးဆိုင် ၄၀ ခန့်ရှိသည်ဟုသိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၆၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၀၂ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၂၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၂ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၉၀ | ကျပ် |

၂၀၁၁ စက်တင်ဘာ ၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် စက်တင်ဘာ ၂ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၆၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၃၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၇၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၇၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၀၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၅. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၆၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၅၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၃၈၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၇၉၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၉. ၁၇၂၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၈၇၆. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၃၃၀ |
| ငွေ | ၁ အောင်စ | ၄၃. ၀၆၉ |
| ကြေးနီ | ပေါင် | ၄၁၂. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၇၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ စက်တင်ဘာ ၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011



# ရေထွက်ကုန်ပြည်ပတင်ပို့မှု ငါးလအတွင်း ကန်ဒေါ်လာ ၁၈၆ သန်းကျော်သာရရှိ

သန်းငွေး

**ရန်ကုန်၊ ဩဂုတ်-၃၀**

ယခုဘဏ္ဍာနှစ်တွင် ရေထွက်ကုန်များ ပြည်ပတင်ပို့လျက်ရှိရာ ငါးလတာအတွင်း အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၅၇၅ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန ပြည်ပတင်ပို့မှု အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။


ယခုဘဏ္ဍာနှစ် တင်ပို့မှုမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ကုန်တန်ချိန်ရော ရရှိငွေပါကျဆင်းခဲ့ကြောင်း ၎င်းကပြောသည်။

"မနှစ်က ဒီလိုအချိန်မှာဒေါ်လာ ၂၂၅ သန်းကျော်ရထားပြီးဖြစ်လို့ ဒေါ်လာ ၃၈ သန်းကျော်လျော့နည်းပါတယ်။ ဒီထဲမှာ ကုန်တန်ချိန် ၁၀,၁၈၅ မက်ထရစ်တန်လျော့နည်းတင်ပို့ခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ ကုန်တန်ချိန်လျော့နည်းစွာတင်ပို့ခဲ့ရသည့်အထဲတွင် ရေချိုငါးအမျိုးအစားများအနက် ငါးမြစ်ချင်းတစ်မျိုးတည်းမှ ၉၆၅၇ မက်ထရစ်တန်လျော့နည်းခဲ့သည်။ ငါးမြစ်ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅ သန်းလျော့နည်းရရှိခဲ့သောကြောင့် စုစုပေါင်း လျော့နည်းမှု၏ ၅၀ ရာခိုင်နှုန်းနီးပါးဖြစ်နေသည်။

ထိုသို့ဖြစ်ရသည်မှာ အာရှတိုက်အရှေ့အလယ်ပိုင်း နိုင်ငံများမှ ငါးမြစ်ချင်းဝယ်ယူမှု ခေတ္တရပ်ဆိုင်းရမှုနှင့်သက်ဆိုင်ကြောင်း ရေထွက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦး ကပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရေထွက်ပို့ကုန်တင်ပို့မှုအတွက် လျာထားချက်မှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။









7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

7DAY BOOK REVIEW

## မြန်မာမကျော်တဲ့ ကမ္ဘာကျော်စာရေးဆရာများ

(မင်းခက်ရဲ)




"ကျွန်တော်တို့ရဲ့ အသိပညာ ဖြစ်ထွန်းလာပုံဟာ ကမ္ဘာကြီးမှာ အထက်စီးကနေ နေရာယူထားတဲ့ လွှမ်းမိုးကြီးစိုးဆဲ အတွေးအခေါ်တွေ၊ ကျွန်တော်တို့ဆီ ဝင်လာတဲ့ စာအုပ်တွေ၊ ကျွန်တော်တို့ရဲ့ အင်စတီကျူးရှင်းက အသားပေးထားတဲ့အရာတွေ စတဲ့ လူမှုရေးအလေ့အကျင့်တွေအတွင်းက ထွက်လာတာပါ။ ဘေးဖယ်ထုတ်ခံစာပေ၊ အတွေးအခေါ်တွေကိုတော့ ကျွန်တော်တို့ဟာ အလိုလိုလျစ်လျူရှုခဲ့ရုံတင်မကဘူး 'တစ်စုံတစ်ရာ မှားယွင်းနေတဲ့နေရာ' တစ်ခုအဖြစ် ပါသတ်မှတ်ဆက်ဆံခဲ့ကြပါတယ်။ အထက်စီးက နေရာယူ လွှမ်းမိုးထားနိုင်ခဲ့တဲ့ ချက်ကော့၊ တော်စတွိုင်း၊ ဟဲမင်းဝေး တို့သာလျှင် စာကောင်းပေကောင်းရယ်လို့ဖြစ်လာတယ်။ ၎င်းအရာတွေသည်ပင်လျှင် ကျွန်တော်တို့ရဲ့ တွေ့ကြုံခံစားမှုနဲ့ စိတ်လှုပ်ရှားမှုကို လက်ဝါးကြီးအုပ်ထားခဲ့တယ်။ စာကြည့်တိုက်မှာ၊ စာအုပ်ဆိုင်တစ်ဆိုင်မှာ ချက်ကော့၊ တော်စတွိုင်း၊ ဘတိုင်းယီ၊ မိုရီဘလွန်ရှိုတို့ကို တင်ထားတဲ့အခါ ကျွန်တော်တို့ဟာ ချက်ကော့နဲ့ တော်စတွိုင်းကိုသာ ရွေးချယ်ဖတ်ရှုတော့မှာဖြစ်တယ်။ ဖတ်စရာမရှိတော့တဲ့အခါမျိုးမှာ ဘတိုင်းယီနဲ့ ဘလွန်ရှိုတို့ကို ရွေးချယ်မိသော်မှ ကျွန်တော်တို့ရဲ့ အာရုံသာယာမှုဟာ ချက်ကော့တို့အပေါ်ကိုသာ သာယာမိဖို့ အလေ့အကျင့်လုပ်ခံထားရတဲ့အတွက် ဘတိုင်းယီ၊ ဘလွန်ရှိုတို့ကို ကြိုက်ချင်မှကြိုက်ပါလိမ့်မယ်"

စာရေးဆရာမင်းခက်ရဲရဲ့ မြန်မာမကျော်တဲ့ ကမ္ဘာကျော် စာရေးဆရာများ စာအုပ်ထဲက အမှာစာပါ။ မင်းခက်ရဲဟာ မြန်မာစာပေလောကမှာ စာပေသီဝရီ၊ စာပေဝေဖန်ရေးဆိုင်ရာ စာအုပ်တွေနဲ့ အက်ဆေးတွေကို မပြတ်ရေးသားနေသူ တစ်ဦး ဖြစ်ပါတယ်။

ယခုစာအုပ်ကတော့ ယခင်ရေးနေကျ စာပေသီဝရီဆိုင်ရာ အယူအဆတွေ ဝေဖန်ရေးအက်ဆေးတွေ၊ စာအုပ်တွေနဲ့မတူပါဘူး။ မြန်မာစာပေလောက၊ စာဖတ်သူတွေကြားမှာ ဘာကြောင့်မှန်းမသိ ဘေးဖယ်ထုတ်ထားတဲ့ မြန်မာစာဖတ်သူကြား မရင်းနှီးမသိဖူး နာမည်မကြီးပေမယ့် ကမ္ဘာပေါ်မှာတော့ စာရေးဆရာကြီးတွေရယ်လို့ အသိအမှတ်ပြုခံ၊ နာမည်ကျော်ကြားတဲ့ စာရေးဆရာ ၁၃ ဦးအကြောင်း ရှာဖွေဖော်ထုတ်ထားတာ ဖတ်ရှုနိုင်ပါမယ်။

ယခုစာအုပ်မှာဖော်ပြထားတဲ့ စာရေးဆရာတွေဟာ လူသိနည်းတဲ့ အဓိပ္ပာယ်ထွက်ပေမယ့် အဓိကအားဖြင့် မြန်မာလူ့အဖွဲ့အစည်းအတွင်း လွှမ်းမိုးကြီးစိုးဆဲ အသိပညာ၊ ရသခံစားမှု၊ တန်ဖိုးစံတို့အတွင်း ရှိမနေတဲ့အတွက် ဘေးဖယ်ထုတ်ခံထားရတဲ့ စာရေးဆရာများလို့ ဆိုလိုထားပါတယ်။ ယနေ့ခေတ်ကို အဖိနှိပ်ခံတို့ ပြန်လာတဲ့ခေတ်လို့ခေါ် ဝေါ်ကြတယ်။ တစ်ချိန်က လက်မခံဘဲ ဘေးဖယ်ထုတ်ခံထားတဲ့တန်ဖိုး၊ အသိပညာ၊ ကိုယ်ကျင့်တရား၊ ရသခံစားမှုစတာတွေကို ပြန်လည်လေ့လာပြောဆိုနေကြတဲ့အချိန်ဖြစ်တယ်လို့ စာရေးသူကဆိုပါတယ်။ ဒါကြောင့် ဒီအပိုင်းမှာ တစ်ချိန်က ဘေးဖယ်ထုတ်ခံ စာရေးဆရာတွေကို ဦးစားပေးဖော်ပြထားပြီး လူသားအချင်းချင်းကြားမှာ ပိုမိုကျယ်ပြန့်ပြီး ရှင်သန်လှုပ်ရှားလာမယ့် တွေ့ကြုံခံစားမှုကို တိုးပွားဖို့ ရည်ရွယ်ထားတယ်လို့ဆိုပါတယ်။

နိုင်ငံတကာစာပေနဲ့အကျွမ်းတဝင်ရှိလိုသူများအဖို့ အလေးထား ဖတ်အပ်သောစာအုပ်ဖြစ်ပြီး စံမီရာ စာအုပ်တိုက်မှ တန်ဖိုး ၂,၀၀၀ ကျပ်နဲ့ ဖြန့်ချိပါတယ်။

## Knowledge ပဟုသုတ

### ထီးတွေ ဘယ်အချိန်တည်းက ရှိခဲ့တာလဲ

ထီးများကိုလွန်ခဲ့သည့်နှစ်ပေါင်း၄၀၀၀ကျော်ကတည်းကတီထွင်အသုံးပြုခဲ့ကြပြီး အီဂျစ်၊ အဆီးရီးယား၊ ဂရိနှင့် တရုတ်ရှေးဟောင်းအနုပညာနှင့် ရှေးလူ့အသုံးအဆောင်မှတ်တမ်းများတွင်လည်း တွေ့ရှိခဲ့ကြသည်။ ရှေးဟောင်းထီးများ(သို့မဟုတ်) နေကာထီးငယ်များကို နေပူဒဏ်မှကာကွယ်နိုင်ရန်အတွက် ပထမဆုံးတီထွင် အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ တရုတ်လူမျိုးများက မိုးဒဏ်ကာကွယ်နိုင်သည့်ထီးများကိုဦးဆုံးအသုံးပြုခဲ့ကြပြီး ထီးရွက်များကို ဖယောင်းသုတ်လိမ်းခြင်း၊ သစ်ဆေးသုတ်လိမ်းခြင်းများပြုလုပ်ကာ သုံးခဲ့ကြခြင်းဖြစ်သည်။

အနောက်ကမ္ဘာတွင်ထီးမှာ ၁၆ ရာစုမှစတင်၍ လူသိများ၊ အသုံးများလာပြီး အထူးသဖြင့် ဥရောပမြောက်ဘက်ပိုင်းမိုးရာသီကာလတွင် အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ အမျိုးသမီးများအတွက် အဆောင်အယောင်တစ်ခုအဖြစ်သာ အသုံးပြုခဲ့ရာမှ ပါရှန်းလူမျိုးခရီးသွား၊ စာရေးဆရာဂျိုနက်စ်ဟန်ဝေးဆိုသူက နှစ် ၃၀ ကြာအောင် အင်္ဂလန်တွင် ထီးအသုံးပြုခဲ့ရာမှ အမျိုးသားများအကြား ထီးအသုံးပြုမှုစတင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးထီးဆိုင်မှာ "ဂျိမ်းစမစ်နှင့်သားများ" ဟူ၍ဖြစ်ပြီး ၁၈၃၀ပြည့်နှစ်တွင်စတင်ဖွင့်လှစ်ခဲ့ကာ လန်ဒန်မြို့၊ နယူးအောက်စဖို့ဒ်လမ်း၊ အမှတ် ၅၃ ၌ ယနေ့တိုင် တည်ရှိနေဆဲဖြစ်သည်။ အစောပိုင်းဥရောပထီးများကို သစ်သား၊ ဝေလငါးရိုးတို့ဖြင့်ပြုလုပ်ပြီး ထီးရွက်ကိုတောင်အမေရိကအမွေးထူကုလားအုတ်သားရေ သို့မဟုတ် ဆီစိမ်ကင်းဗတ်စဖြင့်အသုံးပြုကြကာ ထီးလက်ကိုင်များကို ရင်းတိုက်သားဖြင့် ပြုလုပ်ကြကြောင်း ရှေးဟောင်းလူ့အသုံးအဆောင် မှတ်တမ်းများတွင်ပါရှိသည်။ ၁၈၅၂တွင်စတီးလက်ကိုင်းထီးများ ပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ်တွင် ပိုမိုပေ့ါပါးခေတ်မီသော ဒီဇိုင်းများဖြင့် အသုံးပြုလာကြသည်။

*—Source:About.com*

## တစ်ပတ်တာကံကြမ္မာ

စက် တင် ဘာ ၇ ရက် မှ ၁၃ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စာရွက်စာတမ်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းများ သတိနှင့်ဆောင်ရွက်ပါ။ စေတနာမှ ဝေဒနာဖြစ်တတ်သည်။ သူတစ်ပါး ပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ငွေရေးကြေးရေးတွင် အာမခံပေးမှုလွယ်ကူခြင်း၊ ကတိစကားပေးမှုလွယ်ကူခြင်းများ မရှိသင့်။ အဖိုးတန်သောပစ္စည်းများ ဝယ်ယူက အထူးသတိရှိရမည်။ ရောင်းမှားဝယ်မှားရှိတတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အထူးကောင်းသောကာလဖြစ်သည်။ ရန်နှင့်ယှဉ်၍တိုးတက်မှုရှာရမည်။ ကျန်းမာရေးဂရုစိုက်ပါ။ မိဘအကြီးအကဲ ကျန်းမာရေးကိုလည်း သတိရှိပါ။ ပစ္စည်းများ အပျောက်အရှများတတ်သည်။ အပျက်အစီးများတတ်သည်။ ငွေကြေးကိစ္စများတွင် ရန်အတိုက်အခံနှင့်ယှဉ်ပြီး စကားပြောရတတ်သည်။ လိုရာပြည့်မည်။ အရာရာအဆင်ပြေမည်။ စိတ်ချမ်းမြေ့ရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ရန်များမည်။ စိတ်အနှောင့်အယှက်ဖြစ်မည်။ လူယုံဒုက္ခပေးမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည် နှောင့်နှေးတတ်သည်။ မေတ္တာရေးကံကောင်းသည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ ကာလအတန်ကြာ ဆောင်ရွက်ထားပြီးသည့်ကိစ္စများမှ တစ်ပါးသူ အနှောင့်အယှက်ကြောင့် ရှေ့တိုး ဆောင်ရွက်ရန် ခက်ခဲတတ်သည်။ ရည်မှန်းထားသည်များ အကောင်အထည်ဖော်နိုင်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အထူးကောင်းသောကာလဖြစ်သည်။ ဘဝတိုးတက်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ အလိုရှိရာပြည့်စုံမည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ခြံ၊ မြေ၊ နေရာထိုင်ခင်းကိစ္စ စကားပြောဆိုမှုအောင်မြင်မည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စပြုပြင်ပြောင်းလဲခြင်းအောင်မြင်မည်။ အခွင့်အရေးကို စနစ်တကျ အသုံးချ၍ အောင်မြင်မည်။ တိုးတက်မှုများရရှိမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ပြဿနာများမည်။ စိတ်အနှောင့်အယှက်ဖြစ်စရာများကြုံမည်။ ရန်များမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်နှောင့်နှေးတတ်သည်။ ကာလအတန်ကြာ အေးနေသည့်ပြဿနာများ ပြန်လည်ဖြေရှင်းရမည်။ သူတစ်ပါးကိစ္စအတွက် တာဝန်ယူခေါင်းခံ၍ ဆောင်ရွက်ရင်း မိမိအတွက် အကျိုးမရှိဘဲဖြစ်တတ်လေသည်။ စိတ်ပူပင်စရာများလည်း ရှိနိုင်သောကာလဖြစ်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ထူးခြားသောအပြောင်းအလဲများရှိမည်။ ရည်မှန်းချက်သစ်များအောင်မည်။ အလုပ်အကြံအစည်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စိတ်ကူးသစ်များ ဆောင်ရွက်အဆင်ပြေမည်။ နေရာထိုင်ခင်းကိစ္စပြောဆိုခြင်းများ အဆင်ပြေမည်။ ဤကာလအတွင်း ဆောင်ရွက်သမျှကိစ္စအားလုံးတို့သည် ကြိုတင်ပြင်ဆင်မှုမရှိဘဲ ရုတ်ခြည်း ချက်ချင်းလုပ်ရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ကိုယ်ပိုင်အရည်အချင်းများ ပေါ်လွင်ထင်ရှားနေမည်။ ရည်မှန်းချက်များ အထူးအောင်မြင်မည်။ မိမိရည်မှန်းထားသည်များ ဆောင်ရွက်စဉ် အခက်အခဲကြုံပါက မိတ်ဆွေအကြီးအကဲထံမှ အကူအညီရတတ်သည်။ ပညာအတတ်နှင့်ပတ်သက်သောကံကောင်းသည်။ ငွေကြေးကိစ္စ စီစဉ်ဆောင်ရွက်အဆင်ပြေမည်။ လိုရာပြည့်စုံ၍ ရည်မှန်းထားသည်များအောင်မြင်မည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ဘက်စုံကောင်းသည်။ စိတ်ကူးရည်ရွယ်ထားသည်များ အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ကာလအတန်ကြာ စိတ်ရှုပ်နေသည်များကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ပိတ်နေသည့် လမ်းကြောင်းများပြန်ပွင့်မည်။ မိသားစုတွင် လုပ်ငန်းမရှိသူများ တိုးတက်မည်။ ဥစ္စာပိုင်းတွင် ကောင်းသောတိုးတက်မှုများရရှိမည်။ ပိတ်နေသည့်လမ်းကြောင်းများပြန်ပွင့်မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အလုံးစုံတိုးတက်သောအနေအထားရှိသည်။ စိတ်ကူးထားသည်များ လက်တွေ့အကောင်အထည်ဖော်၍ အောင်မြင်မည်။ ရပ်ဝေးနှင့်ပတ်သက်သည့် အလုပ်ကိစ္စ အကြံအစည်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ ရုတ်တရက် စိတ်ကူးမိသည်များကို လက်တွေ့လုပ်ဆောင်နိုင်သည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ အလုပ်လုပ်ရန် အချိန်အခါကောင်းဖြစ်နေမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ရွေးချယ်ရန် အခွင့်အလမ်းနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ စိတ်ကူးသစ်၊ ရည်မှန်းချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အတိုက်အခံများကြားမှ တက်လမ်းများရရှိမည်။ အဖျက်အနှောင့်အယှက်များကြားမှ လိုရာဆောင်ရွက်နိုင်မည်။ ငွေကြေးနှင့်ပတ်သက်ပြီး အကုန်အကျများတတ်သည်။ ဥစ္စာစီးပွားတိုးတက်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

စိတ်ချမ်းမြေ့စရာများ၊ ပျော်ရွှင်စရာများတစ်မျိုးပြီးတစ်မျိုးကြုံမည်။ မိသားစုနှင့်ပတ်သက်သော သတင်းကောင်းများကြားသိရမည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များဆောင်ရွက်၍ အကျိုးဖြစ်ထွန်းမည်။ အလှူအတန်းကိစ္စများ၊ လက်ထပ်မင်္ဂလာဆောင်ခြင်းများတွင် ကိုယ်တိုင်ပါဝင်ပတ်သက်ရမည်။ ကျန်းမာရေးချူချာမည်။ မေတ္တာကံနှစ်မျိုးစလုံးကောင်းသည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

လမ်းသစ်ထွင်၍ လုပ်ကိုင်သည်များမှ ထူးထူးခြားခြား အကျိုးရရှိမည်။ ငွေကြေးကံ၊ ဥစ္စာကံတိုးတက်ခြင်းများကြုံတွေ့ရမည်။ မိမိစိတ်ကူးထားသည်များ လက်တွေ့အကောင်အထည်ဖော်ရမည်။ ပညာအတတ်တစ်စုံတစ်ရာ လေ့လာရန်ဝန်မလေးသင့်ပါ။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စတာဝန်ယူခြင်း၊ အာမခံခြင်းများကို သတိနှင့်ဆောင်ရွက်ပါ။ ပြဿနာများဖြေရှင်းရမည်။

7 DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ကျိကျိတက်ချမ်းသာသူတွေကို ပူးပူးမှုတ်ထားတာ ရပ်လိုက်ပါတော့

**ကြည်နေဝင်းမင်း**



ကျွန်တော်တို့ခေါင်းဆောင်တွေက "မျှဝေပြီး စွန့်လွှတ်အနစ်နာခံကြဖို့" ပြောကြတယ်။ ဒါပေမဲ့ သူတို့အဲလိုတောင်းဆိုတဲ့နေရာမှာ ကျွန်တော့်ကိုတော့ ချန်ထားခဲ့ကြတယ်။ ကျွန်တော့်ရဲ့ အလွန့်အလွန်ချမ်းသာကြွယ်ဝတဲ့ သူငယ်ချင်းတွေကိုလည်း သူတို့ဘယ်လိုနာကျင်မှုတွေ မျှော်လင့်နေသလဲလို့ကျွန်တော်စူးစမ်းကြည့်တယ်။ သူတို့ကိုလည်း ဘယ်သူမှ မတို့မထိပါဘူး။

ဆင်းရဲသားနဲ့ အလယ်အလတ်တန်းစားတွေက အာဖဂန်နစ္စတန်မှာ ကျွန်တော်တို့အတွက် စစ်တိုက်ပေးနေချိန်၊ အမေရိကန်အများစုက တစ်လနဲ့တစ်လအလျှင်မီအောင်မနည်းရုန်းကန်နေရချိန်မှာ ကျွန်တော်တို့လို ကျိကျိတက်ချမ်းသာသူတွေကတော့ထူးထူးကဲကဲ အခွန်ကင်းလွတ်ခွင့်တွေ ဆက်လက်ရရှိနေတယ်။ ကျွန်တော်တို့ထဲက တချို့ဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်အလုပ်ကနေ ဒေါ်လာဘီလီယံနဲ့ချီပြီးဝင်ငွေရနေတဲ့ ရင်းနှီးမြှုပ်နှံသူ မန်နေဂျာတွေပါ။ ဒါပေမဲ့လည်း ကျွန်တော်တို့ရဲ့ဝင်ငွေကို"စုပေါင်းအတိုးနှုန်း" လို့သတ်မှတ်ခံရပြီးသက်သက်သာသာ ၁၅ ရာခိုင်နှုန်းအခွန်နှုန်းထားရရှိကြပါတယ်။ တချို့ကျတော့လည်း အနာဂတ်စတော့ညွှန်းကိန်းကို ဆယ်မိနစ်လောက်ပဲ ပိုင်ဆိုင်လိုက်ပြီး သူတို့ဝင်ငွေရဲ့ ၆၀ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်း အခွန်ကောက်ခံရတယ်။ ရေရှည်ရင်းနှီးမြှုပ်နှံသူတွေကျနေတာပါပဲ။

ဒါတွေနဲ့ တခြားကောင်းချီးပေးမှုတွေကို ဝါရှင်တန်က ဥပဒေပြုသူတွေက ကျွန်တော်တို့အပေါ် ပုံအောပေးထားတာဖြစ်ပါတယ်။ သူတို့က ကျွန်တော်တို့ကို အပြောက်ပါတဲ့ ဇီးကွက်တွေ ဒါမှမဟုတ် တခြားအန္တရာယ်ရှိသတ္တဝါတွေကို ကာကွယ်သလိုမျိုး ကျွန်တော်တို့ကို အကာအကွယ်ပေးရမယ်လို့ ခံယူထားကြပါတယ်။ ကြီးကြီးပိုင်းတွေမှာ မိတ်ဆွေတွေရှိတာကောင်းလိုက်တာ။

လွန်ခဲ့တဲ့နှစ်က ကျွန်တော့်ရဲ့ဖယ်ဒရယ်အခွန်ကျသင့်ငွေဟာ (ကျွန်တော်ပေးတဲ့ ဝင်ငွေခွန်နဲ့ ကျွန်တော်နဲ့ ကျွန်တော့်ကိုယ်စားပေးထားတဲ့ လစာငွေအခွန်စုစုပေါင်း) ကန်ဒေါ်လာ ၆,၉၃၈,၇၄၄ ဖြစ်ပါတယ်။ ဒါဟာပိုက်ဆံအများကြီးလို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့ကျွန်တော်ပေးခဲ့တာက အခွန်ဆောင်ရမယ့်ကျွန်တော့်ဝင်ငွေရဲ့ ၁၇ ဒသမ ၄ ရာခိုင်နှုန်းပဲရှိပါတယ်။ တကယ်တော့ ဒါဟာ ကျွန်တော့်ရုံးက တခြားလူအယောက် ၂၀ ပေးဆောင်ရတဲ့ နှုန်းထက် လျော့နည်းတဲ့ နှုန်းထားဖြစ်ပါတယ်။ သူတို့ဆောင်ရတဲ့အခွန်ငွေဟာ ၃၃ ရာခိုင်နှုန်းနဲ့ ၄၁ ရာခိုင်နှုန်းရှိပြီး ပျမ်းမျှခြင်းအားဖြင့် ၃၆ ရာခိုင်နှုန်းရှိပါတယ်။

အကယ်၍သာ ခင်ဗျားဟာ ငွေနဲ့ရင်းပြီး ငွေရှာရင် (တချို့ကျွန်တော်ရဲ့ ကျိကျိတက်မိတ်ဆွေတွေလုပ်သလိုမျိုးပေါ့) ခင်ဗျားရဲ့ အခွန်နှုန်းထားဟာ ကျွန်တော့်ထက်နည်းပါတယ်။ ဒါပေမဲ့ ခင်ဗျားအလုပ်တစ်ခုကနေ ဝင်ငွေရနေရင်ခင်ဗျားပေးဆောင်ရမယ့် အခွန်နှုန်းထားဟာ ကျွန်တော်ထက်များပါတယ်။ တော်တော်ကို များသွားလောက်ပါတယ်။

ဒါဟာ ဘာကြောင့်လဲ နားလည်နိုင်ဖို့ဆိုရင် အစိုးရရဲ့ဝင်ငွေရင်းမြစ်တွေကို ဆန်းစစ်ရပါလိမ့်မယ်။ မနှစ်တုန်းက အစိုးရဝင်ငွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ပုဂ္ဂလိကဝင်ငွေခွန်တွေနဲ့ လစာအခွန်ငွေတွေက လာတာဖြစ်ပါတယ်။ ကျိကျိတက်ချမ်းသာသူတွေဟာ သူတို့ရှာဖွေစုဆောင်းခဲ့တဲ့ဝင်ငွေအများစုအပေါ်မှာ ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်းပဲ ပေးဆောင်ကြပါတယ်။ လစာအခွန်ငွေတွေကိုတော့ လက်တွေ့မှာ မပေးသလောက်ပါပဲ။ ဒါပေမဲ့ လူလတ်တန်းစားတွေအတွက်တော့ ကွဲပြားခြားနားပါတယ်။ ထုံးစံအားဖြင့် သူတို့ဟာ ၁၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်း ဝင်ငွေအခွန်ပေးဆောင်ရမယ့် ဇယားကွက်ထဲရောက်နေပါတယ်။လစာအခွန်ငွေများများစားစားလည်း သူတို့အပေါ် ချမှတ်ခံရဦးမှာပါ။

၁၉၈၀ နဲ့ ၁၉၉၀ ပြည့်ကျော်နှစ်တွေတုန်းကဆိုရင် လူချမ်းသာတွေအတွက် အခွန်နှုန်းထားဟာ အများကြီးမြင့်တယ်။ ကျွန်တော်ပေးဆောင်ရတဲ့ နှုန်းထားဟာ အခွန်ပေးအုပ်စုရဲ့ အလယ်လောက်မှာရှိခဲ့တယ်။ ကျွန်တော်တစ်ခါတလေ ကြားသိရတဲ့ သီအိုရီအရဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုအမြတ်တွေနဲ့ အချိုးကျအမြတ်တွေအပေါ် အခွန်တွေကို သာတိုး ကောက်လိုက်ရင် ကျွန်တော် 'တက်ချက်'ပြီး ရင်းနှီးမြှုပ်နှံဖို့ငြင်းဆန်နေပါလိမ့်မယ်လို့ ဆိုတယ်။

ကျွန်တော်ရင်းနှီးမြှုပ်နှံဖို့ မငြင်းပယ်သလို တခြားသူတွေလည်းငြင်းမနေပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကျွန်တော်အနှစ် ၆၀ လောက်အလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ရရှိလာနိုင်တဲ့ အကျိုးအမြတ်အပေါ်အခွန်ကောက်တာကြောင့် လုပ်ကိုင်သင့်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုကနေလက်တွန့်ရှောင်ထွက်သွားတဲ့ လူမျိုး ကျွန်တော်မတွေ့မိသေးပါဘူး။ ၁၉၇၆-၇၇ တုန်းက အခွန်နှုန်း ၃၉ ဒသမ ၉ ရာခိုင်နှုန်းကောက်ခံခဲ့တုန်းကတောင်မတွေ့ခဲ့ပါဘူး။ လူတွေက အမြတ်ရဖို့ရင်းနှီးမြှုပ်နှံကြတာပါ။ ကောက်ခံလာနိုင်ခြေရှိတဲ့ အခွန်ငွေတွေက သူတို့ကို ကြောက်ရွံ့နောက်တွန့်သွားစေမှာ မဟုတ်ပါဘူး။ အခွန်နှုန်းမြင့်မားမှုဟာ အလုပ်အကိုင်ဖန်တီးမှုကို ထိခိုက်စေတယ်လို့ စောဒကတက်သူတွေအတွက်ကတော့ ၁၉၈၀ နဲ့ ၂၀၀၀ ပြည့်နှစ်တွေကြားမှာ အလုပ်အကိုင်သန်း ၄၀ နီးပါး ထပ်တိုးလာခဲ့တယ်ဆိုတာကို ကျွန်တော်မှတ်ချက်ပြုချင်ပါတယ်။ အဲဒီနောက်ပိုင်း ဘာဖြစ်တယ်ဆိုတာကိုတော့ ခင်ဗျားသိတဲ့အတိုင်းပါပဲ။ အခွန်နှုန်းထားတွေကျဆင်းလာပြီး အလုပ်အကိုင်ဖန်တီးမှုတွေလည်း လျော့ကျလာတာပါပဲ။

၁၉၉၂ ကနေစပြီး ဝင်ငွေအကောင်းဆုံးလို့ သတင်းပို့တဲ့ အမေရိကန်နိုင်ငံသား ၄၀၀ ဆီကောက်ခံရရှိငွေတွေကို စာရင်းပြုစုထားပါတယ်။ ၁၉၉၂ ခုနှစ်မှာ ထိပ်ဆုံးက လူ ၄၀၀ ရဲ့စုစုပေါင်းအခွန်ကောက်ခံနိုင်တဲ့ဝင်ငွေဟာ ကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံရှိပြီး အဲဒီထဲက ၂၉ ဒသမ ၂ ရာခိုင်နှုန်းကိုဖယ်ဒရယ်အခွန်ပေးဆောင်ခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ်မှာ ထပ်ဆုံး ၄၀၀ ရဲ့ဝင်ငွေဟာ ကန်ဒေါ်လာ ၉၀ ဒသမ ၉ ဘီလီယံဆီကို ထိုးတက်လာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအပေါ်မှာ အခွန်ပေးတဲ့နှုန်းကတော့ ၂၁ ဒသမ ၅ ရာခိုင်နှုန်းဆီကျဆင်းလာခဲ့ပါတယ်။

ဒီနေရာမှာ ကျွန်တော်ရည်ညွှန်းနေတဲ့ အခွန်ဆိုတာ ဖယ်ဒရယ်ဝင်ငွေခွန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ ၄၀၀ အတွက်လစာအခွန်ကောက်ရင်လည်း သူတို့ရဲ့ ဝင်ငွေနဲ့နှိုင်းယှဉ်ရင် ဘာမှမပြောပလောက်ဘူးဆိုတာ သေချာပါတယ်။ တကယ်တော့ ၂၀၀၈ ခုနှစ်မှာ အဲဒီလူ ၄၀၀ ထဲက ၈၈ ဦးဟာ လုပ်ခလစာ လုံးဝမရဘူးလို့ဆိုကြပါတယ်။ အရင်းအနှီးအကျိုးအမြတ်တွေတော့ လူတိုင်းရခဲ့ကြပါတယ်။ ကျွန်တော်တို့ညီအစ်ကိုတော်တွေထဲက တချို့ဟာ အလုပ်မလုပ်ဘဲသာနေချင်နေမယ်။ အားလုံးရင်းနှီးမြှုပ်နှံမှုတော့ လုပ်ကြတယ်။ (ဒါကို ကျွန်တော်နားလည်ပေးနိုင်ပါတယ်)

ကျိကျိတက်ချမ်းသာကြသူတော်တော်များများကို ကျွန်တော်ကောင်းကောင်း သိပါတယ်။ အများအားဖြင့်တော့ သူတို့ဟာ လူကောင်းတွေပါ။ သူတို့ဟာ အမေရိကန်နိုင်ငံကို ချစ်တယ်။ ဒီနိုင်ငံကသူတို့ကို ပေးအပ်ခဲ့တဲ့ အခွင့်အလမ်းကို သူတို့တန်ဖိုးထားတယ်။ အခွန်ပိုပေးဆိုလည်း အများစုက ဘယ်လိုမှ သဘောထားမှာမဟုတ်ပါဘူး။ အထူးသဖြင့် အခုလိုသူတို့ရဲ့ညီတော်နောင်တော်တစ်နိုင်ငံတည်းသားတွေ အမှန်တကယ်ဒုက္ခခံစားနေရတဲ့ အချိန်မျိုးမှာပေါ့။

ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေတွေကို ဘီလျံနာတွေအကြိုက်လိုက်လျောတတ်တဲ့ ကွန်ဂရက်က ဖူးဖူးမှုတ်ထားခဲ့တာကြာခဲ့ပါပြီ။ အခုအချိန်တွေမှာ အစိုးရဟာ "မျှဝေပြီးစွန့်လွှတ်အနစ်နာခံကြဖို့" ဆိုတာကို လေးလေးနက်နက်ရှိရမယ့် အချိန်ဖြစ်ပါတယ်။ (မှတ်ချက်။ ။ ယခုဆောင်းပါးကို အမေရိကန်ဘီလျံနာသူဌေးကြီး ဝါရင်းဘတ်ဖတ်က နယူးယောက်တိုင်းမ်စ် သတင်းစာတွင် ရေးသားခဲ့ခြင်းဖြစ်သည်။)

*—Ref: Stop Coddling the Super-Rich By: Warren Buffett*

## ဝီကီလိခ် ထပ်မံဖွင့်ချမှုများကို ကန်နိုင်ငံခြားရေးဝန်ကြီးဌာန စိုးရိမ်ပူပန်


**ဝါရှင်တန်၊ ဩဂုတ် - ၃၁**

လျှို့ဝှက်ချက်များကို ဖွင့်ချလေ့ရှိသည့် ဝီကီလိခ်ဝက်ဘ်ဆိုက်က ၎င်းတို့၏ အမေရိကန်သံတမန်ရေးရာ ကြေးနန်းများ အသစ်တစ်ဖန်ထပ်မံထုတ်ပြန်ခြင်းကို စိုးရိမ်ပူပန်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

လျှို့ဝှက်ထားသည့် အမေရိကန်သံတမန်ရေးကြေးနန်းပေါင်း ၁၃၃,၀၀၀ အား ယခင်သီတင်းပတ်အတွင်းဝီကီလိခ်ဝက်ဘ်ဆိုက်က ထပ်မံထုတ်ပြန်ခဲ့ကြောင်းသိရပြီးအမည်မဖော်ဘဲ ပြောကြားထားသည့် သတင်းရင်းမြစ်များကို ဖော်ပြထားသည်ဟု သတင်းများကဆိုသည်။ သို့သော် လျှို့ဝှက်မှုဆန့်ကျင်ရေး ဝက်ဘ်ဆိုက်ကမူ သတင်းရင်းမြစ်များ ဖော်ထုတ်ထားသည်ဆိုခြင်းကိုငြင်းဆိုထားသည်။

ဝီကီလိခ်က ဖော်ထုတ်ထားသောစာရွက်စာတမ်းများမှာ အစစ်အမှန်ဖြစ်မှုကို မည်သို့မျှမှတ်ချက်မပေးသော်လည်း ကန်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဗစ်တိုးရီးယားနိုလန်ကလျှို့ဝှက်ကန့်သတ်သတင်းအချက်အလက်များ တရားမဝင်ဖော်ထုတ်ခြင်းကို အမေရိကန်နိုင်ငံက ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ပြောကြားသည်။

ယင်းသို့ထုတ်ပြန်ခြင်းသည် အမေရိကန်၏ သံတမန်ရေး ကြိုးပမ်းမှုများကို ပျက်စီးစေသည်သာမကလူတစ်ဦးချင်းစီ၏ လုံခြုံရေးကိုအန္တရာယ်ရှိစေပြီး အမျိုးသားလုံခြုံရေးအား ခြိမ်းခြောက်နေကြောင်းနှင့် အတူတကွခံစားနေရသည့် ပြဿနာများကို အခြားနိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းရန် ကြိုးပမ်းမှုများကို အားနည်းစေကြောင်းပြောကြားသည်။



"ဒီလိုတရားမဝင်ဖော်ထုတ်မှုတွေကို ကျွန်မတို့စိုးရိမ်ပူပန်နေပါတယ်"ဟုကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

*—Ref: Ria Novosti*





# International

## မူရှာရက်ဖ်၏ ပိုင်ဆိုင်မှုများကို သိမ်းယူရန် တရားရုံးအမိန့်ထုတ်ပြန်


Photo-AP

**အစ္စလာမာဘတ်၊**
**ဩဂုတ် - ၃၁**


ဘနဇီယာဘူတိုလုပ်ကြံသတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်၍ တရားရုံးရှေ့မှောက်သို့ လာရောက်ရန် ပျက်ကွက်မှုအတွက် ပါကစ္စတန်အကြမ်းဖက်မှုတိုက်ဖျက်ရေး တရားရုံးက အငြိမ်းစားဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်၏ ပိုင်ဆိုင်မှုများနှင့်၎င်း၏ ဘဏ်စာရင်းများအားလုံးကို ထိန်းချုပ်ထားရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

လုံခြုံရေးမြင့်မားသည့် အာဒိုင်လာအကျဉ်းထောင်တွင် ပြုလုပ်သည့်ကြားနာမှုများအပေါ် တမင်တကာ ရှောင်ရှားနေခြင်းအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးတရားရုံးက မူရှာရက်ဖ်အပေါ် အမြဲတမ်း ဖမ်းဝရမ်းတစ်ရပ် ထုတ်ပြန်ထားသည်။ မူရှာရက်ဖ်၏ ရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုနှင့် မရွှေ့ပြောင်းနိုင်သောပိုင်ဆိုင်မှုများစာရင်းကိုလည်း တရားရုံးသို့ပေးအပ်ရန် ဖယ်ဒရယ်ထောက်လှမ်းရေးအေဂျင်စီ (FIA) ထံတောင်းဆိုခဲ့သည်။

သမ္မတဟောင်း၏ ပိုင်ဆိုင်မှုများ၌ ဘာလိုချီစတန်ပြည်နယ်တွင်မြေကွက်တစ်ကွက်၊ အစ္စလာမာဘတ်တွင် ယာအိမ်တစ်လုံး၊ ၎င်း၏ ဇနီးနာမည်နှင့် အခြားနေရာများတွင် စိုက်ပျိုးမြေများ ပါဝင်ကြောင်း ဘဏ်စာရင်း ၁၅ ခုတွင်လည်း ရူပီးငွေ သန်း ၈၀ ရှိကြောင်း FIA က တရားရုံးကို အသိပေးခဲ့သည်။

အငြိမ်းစားဗိုလ်ချုပ်ကြီး မူရှာရက်ဖ်၏ ပါကစ္စတန်နိုင်ငံလုံးဆိုင်ရာ မှတ်ဆလင်အဖွဲ့ချုပ်ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်ကမူ တရားရုံးတွင်တင်ပြထားသည့် မူရှာရက်ဖ်၏ ပိုင်ဆိုင်မှုများဆိုသည်မှာ လုပ်ကြံဖန်တီးထားသည့် စာရင်းဖြစ်ကြောင်း၊ လက်ရှိတရားရေးအဖွဲ့အစည်းကိုလည်း ယုံကြည်စိတ်ချမှုမရှိကြောင်း The Dawn သတင်းစာ အားပြောကြားခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

*—Ref: The Hindu*

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775)Processor | 54,400 |
| Intel P4 Core i5 3.2 GHz (1,156,650) Processor | 129,800 |
| Intel P4 Core i7 2.93 GHz (1156,870) Processor | 219,700 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 85,500 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 214,600 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 44,200 |
| MSI H55M-E32 (1156) | 63,800 |
| ASUS P8H67 (B3)(1155) | 97,200 |
| ASUS P8H61-MLE (B3) (1155) | 65,300 |
| ASUS P8H67MLE | 83,400 |
| Gigabyte P67A-UD3 (B3) (1155) | 126,900 |
| Gigabyte G41MT-S2P (775) | 45,000 |
| Gigabyte H55M- S2V (1156) | 72,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 34,800 |
| 1 GB DDR2 (800) Kingston | 13,100 |
| 2 GB DDR2 (800) Kingston | 19,600 |
| 4 GB DDR3 (1333) Kingston | 19,600 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick Sony 4 GB | 8,000 |
| Memory Stick Sony 8 GB (C003) | 13,500 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 11,000 |
| Memory Stick Imation 16 GB | 21,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA)(Light Scribe) | 22,500 |
| Liteon DVD Writer (SATA)(Light Scribe) | 23,900 |
| **အိတ်ဆောင်တီဗီငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ စက်တင်ဘာ(၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၅၀ |
| ဘိလပ်မြေ(ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၅၅၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၂၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ (၂) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀- ၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၅၀၀-၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ (၃) ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၅၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၉၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၇၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၆၀၀-၂၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၇၀၀-၆,၅၀၀ |
| ပုစွန်ကြော် | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၃၀၀-၃,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၆,၀၀၀- ၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

စက်တင်ဘာ(၂)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဆ | ၂၀၀ |
| စူဇူကီး R- (2Way) | CNG ၂ယ | ၁ဂ/၂ဂ | ၁၇၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၈က | ၂၈၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၇က/၈က | ၄၂၀ |
| မတ်ခ်တူး(ဓာတ်ဆီ) | ၉၉ | ၄ဂ | ၇၃၀ |
| ဆပ် | ၉၉ | ၄ဂ/၅ဂ | ၁,၁၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ/၅ဂ | ၁,၀၀၀ |

စက်တင်ဘာ (၃) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ပေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Aug (28) | Aug (29) | Aug (30) | Aug (31) | Sep (1) | Sep (2) | Sep (3) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 09-73037776**

### NCCE Computer Services

NCCE Computer Services & Network

ရန်ကင်း TTC ကျောင်းရှေ့။

**ဖုန်း-၀၉-၈၆၃၂၀၅၀၉-၇၃၀၅၂၆၅၉**

### Business Excel (Special)

Teach with actual course for Accountants, Cashers and Store Keepers. အမှတ်(၉၃၃)၊ပျဉ်းမပြင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ။

**ဖုန်း-၀၉-၇၃၀၃၇၂၅၁**

### Hnin Wai Wai Fashion Tailor

မင်္ဂလာဝတ်စုံ၊ထိုင်မသိမ်းနှင့်ပွဲထိုင်ဝတ်စုံအမျိုးမျိုး၊ကုမ္ပဏီဝတ်စုံအမျိုးမျိုးတို့ကို စိတ်တိုင်းကျ သေသပ်လှပစွာ စီစဉ်ချုပ်လုပ်ပေးနေပါသည်။

**ဖုန်း- ၀၉-၅၀၆၀၄၉၇**

### ငှားလိုသည်

တက္ကစီ၊ စီအင်န်ဂျီ၊ ဒီဇယ် လပြတ်ငှားလိုသည်။(ယာဉ်ပိုင်ရှင်များ ဆက်သွယ်ရန်) **ဖုန်း- ၀၉-၇၃၀၈၇၆၈**

### Ka Day Aung Service

Air-Con နှင့် ရေခဲသေတ္တာများကို အသစ်ကဲ့သို့ စွမ်းရည်ပြည့်ဝစွာ အသုံးပြုနိုင်ရန် ဆေးကြောတပ်ဆင်ပြုပြင် ရောင်းဝယ်သည်။

**ဖုန်း-၀၉-၄၃၀၅၇၀၈၉**

### ကုန်ကားရောင်းမည်

Condor (၆ ဘီး)၊ ၉က/. . . / 80 (turbo) ယခုလက်ရှိပြေးဆွဲနေသော ကားကောင်း၊ ဈေး- ၃၅၀ သိန်း။

**ဖုန်း- ၀၉-၂၂၀၁၅၇**

### Mr. English

Teaches with over 25 years' hands-on experience. SYNTAX & ARTICULATORY PHONETICS.

**PH: 01-522712**

### သူနာပြုအကူသင်တန်း

ရွှေပုပ္ပါးဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အခြေခံပညာအထက်တန်းအဆင့်ရှိရုံဖြင့် ခိုင်မာမွန်မြတ်သော အသက်မွေးဝမ်းကျောင်းပညာကို ရရှိစေနိုင်သည်။

**ဖုန်း- ၀၁-၅၅၆၀၀၁၊ ၀၁-၅၅၆၃၀၆**

### KNOWLEDGE BANK Library

E-book Reader များဖြင့် နိုင်ငံတကာမှ E-book များကို ဖတ်ရှုနိုင်ရန်စီစဉ်ပေးထားသည့်မြန်မာနိုင်ငံ၏ ပထမဆုံး Library ဖြစ်ပါသည်။

**ဖုန်း- ၀၁-၃၈၆၆၉၃၊ ၀၉-၅၀၄၆၇၆၉**

### Sa Yar Htunn Linn Aung

(MC-BTech)

၇၊ ၈ တန်း E, Math အိမ်လိုက်သင်သည်။ ၉၊ ၁၀ တန်း Bio, Eco ဘာသာစုံ အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉-၄၃၀ ၂၆၈၂၉**

### ဆရာဦးမြင့်သန်း

B.Sc (Maths.), B.Ed.

၇၊၈၊၉၊၁၀ တန်းများအတွက် သင်္ချာသီးသန့်အထူးဝိုင်းများ၊ အိမ်အရောက်သင်သည်။ **ဖုန်း- ၀၉-၇၃၁၆၃၀၄၄**

### လျှပ်စစ်နှင့် ရေပိုက် Service

နေအိမ်စက်ရုံများ ဝါယာတပ်ဆင်ခြင်း၊ ရေပိုက်အသစ်သွယ်တန်းခြင်းများ ဆောင်ရွက်ပေးသည်။

**ဖုန်း- ၀၁-၅၅၅၅၉၁ (ကိုဇာနည်)**

### Brother Service

လူကြီးမင်း၏ Air-con များကို အိမ်အရောက်ဈေးနှုန်းချိုသာစွာဖြင့် တပ်ဆင်ပြုပြင်ဆေးကြောပေးနေပါပြီ။

**ဖုန်း- ၀၉-၄၃၀၆၈၃၀၁**

### ဝန်ဆောင်မှု

ကမ္ဘာသစ်ကားလက်မှတ်အရောင်းဌာန လက်မှတ်ဝယ်ယူလျှင် အိမ်အရောက် အခမဲ့ပို့ဆောင်ပေးပါသည်။

**ဖုန်း- ၀၁-၃၉၁၃၁၆၊ ၀၉-၇၃၁၉၂၉၅၉**

### တိုက်ခန်းရောင်းမည်

တိုက် ၁၇ (ခ)၊ မြေညီထပ်၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ညှိနှိုင်းဈေး (ကျပ်သိန်း-၃၃၀)။

**ဖုန်း- ၀၉-၅၀၅၀၇၇၉**

### တိုက်ခန်းရောင်းမည်

အမှတ်(၁၈၂/၁၈၄)၅လွှာ(ညာဘက်) လမ်း(၅၀)၊ ၁၇×၅၅ ပေ။ ပါကေးခင်းပြီး ဖုန်း၊ စလောင်း၊ အဲကွန်း ၂ လုံး၊ ရေပူ၊ ရေအေး၊ အသင့်နေထိုင်ရန်။

**ဖုန်း- ၀၉-၅၁၅၁၂၈၈**

### ရောင်းမည်

၂၀× ၆၀ ပေ၊ ဝေဘာဂီလမ်းမကြီး ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

**ဖုန်း- ၀၉-၅၀၆၇၉၁၆**

### Computer Service

Software installation, System Service, Virus Clean & System Clean, Network installation& Services.

**PH: 09-73028190**

### တစ်ခိုင်လုံးရွှေအေးအေးမြင့်

မြန်မာအက၊ စောင်း၊ ပတ္တလား၊ ရုပ်သေးသင်တန်းများနှင့် နိုင်ငံခြားသွားမည့်သူများကိုအမြန်အတတ်သင်ကြားပေးပါသည်။

**ဖုန်း- ၅၅၂၂၅၀၊ ၀၉၄၃၀၃၃၂၅**

### Part-time Service

We Provide Part-time Accounting and Auditing Service Qualification. B.Com (Q), CPA, LCCI (Level III-UK)

**PH: 09-73174958**

### ဆရာမ Maw (B.A, Eng)

၂၀၁၁-၁၂ပညာသင်နှစ်အတွက်တန်းစုံအင်္ဂလိပ်စာသီးသန့် အိမ်အရောက်သင်သည်။ Grammar သီးသန့်သင်သည်။ **ဖုန်း- ၀၉-၇၃၀၆၃၀၉၃**

### ကွန်ပျူတာ အခြေခံသင်တန်း

တစ်ဦးချင်း သီးသန့် လက်ပ်တော့ဖြင့် အိမ်အရောက်သင်သည်။

**ဖုန်း- ၀၉-၄၉၃၃၇၉၂၅**

### English Speaking & Grammar

အခြေခံမှ စ၍သင်ပေးမည်။ တန်းစုံ Guide နှင့်ကျူရှင်။

**ဖုန်း- ၀၉-၄၉၃၃၆၀၄၈**

### K Mi Ko Dancing Club

ဘယ် Dancing Floor ပေါ်ရောက်ရောက်၊ ဘယ်သီချင်းကိုမဆို "က" နိုင်ဖို့အတွက် ကကွက်အဆန်းများကို လေ့ကျင့်သင်ကြားပေးသည်။

**ဖုန်း- ၀၉-၇၃၀၇၁၃၅၄**

### English Speaking သီးသန့်

၁၀ တန်းအောင်ပြီး နိုင်ငံခြားသွားမည့်သူများအတွက် သင်တန်းသားများစွာကိုလေ့ကျင့်ပေးခဲ့သူ Chief Engineer ကိုယ်တိုင်သင်ပေးသည်။

**ဖုန်း- ၀၉-၇၃၀၃၈၈၁၀**

### ဝန်ဆောင်မှု

သင့်လုပ်ငန်းအတွက် အသုံးပြုနိုင်သည့် ကွန်ပျူတာစနစ်များကို တိကျစွာ ရေးဆွဲပေးသည်။ **ဖုန်း- ၀၉-၇၃၀၄၁၇၁၂**

### ကားရောင်းမည်

(၃)တန် ကရိန်းကားများ ရောင်းရန်ရှိသည်။ **ဖုန်း- ၀၉-၇၃၁၅၄၃၉၂**

### တရုတ်စာ စကားပြောသင်တန်း

အပြည်ပြည်ဆိုင်ရာသုံး တရုတ်စကားပြောတန်းခွဲသစ်များဖွင့်သည်။အိမ်လိုက်သင်သည်။ **ဖုန်း- ၀၉-၇၃၀၄၉၅၄၃**

### နှင်းကေရီ

အိမ်၊ ခြံ၊ မြေနှင့် စက်မှုဇုန်(ရောင်း၊ ဝယ်၊ ငှား)နှင့် အခန်းဖွဲ့ခြင်းနှင့်အလှဆင်ပေးခြင်း။ **ဖုန်း- ၀၉-၄၃၁၀၈၃၂၀**

### PROFESSIONAL STUDY GUIDE

အဆင့်(၁) လိုချင်ပါသလား။

အစိုးရကျောင်းနှင့် ပုဂ္ဂလိက ကျောင်းများအတွက် မူကြိုမှ ၁၀ တန်းအထိ။

### Teaching & Guide

**ဖုန်း-၀၁-၂၂၂၆၇၊ ၀၉-၇၃၀၂၉၂၈၉**

Teacher Solomon

Special IELTS, IGCSE.

**PH: 09-5417781**

### တိုက်ခန်းရောင်းမည်

ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ ဒုတိယထပ်၊ ၁၂ ခွဲ× ၅၀ ပေ၊ ထပ်ခိုးပါ။ သိန်း (၃၀၀)။ ညှိနှိုင်း။ **ဖုန်း- ၀၉-၇၃၀၅၉၃၄၈**

### Guitar Training

Guitar ကိုအခြေခံမှစ၍ (Oriental, International) Note's ဖြင့်စနစ်တကျသင်သည်။ **ဖုန်း- ၀၁-၂၂၂၀၀၉**

### ပီတိပန်း

အီတလီ၊ စပိန်၊ ပြင်သစ်၊ ဂျာမန်၊ အင်္ဂလိပ်၊ အရဗီ၊ အုရ်ဒူ စသည့် နိုင်ငံခြားဘာသာသင်တန်းများသင်ကြားသည်။

**ဖုန်း- ၀၉-၄၉၂၈၃၃၆**

### ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ၈၀×၆၅ ပေ၊ နှစ် ၆၀ ဂရန်မြေ၊ ရေ၊ မီး၊ လက်ရှိနို့စားနွားမွေးမြူရေးလုပ်ငန်း။

**ဖုန်း-၀၁- ၆၃၆၇၆၇**

### သင်တန်း

Internet& Email အထူးသင်တန်း (၄,၀၀၀)၊ ကွန်ပျူတာအခြေခံ အထူးသင်တန်း (၉,၀၀၀) ကျပ်။

**ဖုန်း- ၀၁-၃၉၁၆၁၉**

### ဓာတုဗေဒအထူးသင်သည်

ဓာတုဗေဒကထိက/ဌာနမှူး(ငြိမ်း)စာစစ်မှူးဟောင်းကိုယ်တိုင် ၉၊ ၁၀ တန်း၊ ဓာတုဗေဒကို တစ်ဦးချင်း (သို့) ဝိုင်းအဖြစ်အိမ်အရောက်သင်သည်။

**ဖုန်း- ၀၉-၅၁၄၈၂၇၁**

### ရောင်းမည်

ပေ ၄၀×၆၀၊ ပျဉ်ထောင်အိမ်၊ အမှတ် (၅၆၈)၊ ယုဇန (၃)လမ်း၊ ၂ ရပ်ကွက် ဈေးအနီး၊ မြောက်ဥက္ကလာပမြို့။

**ဖုန်း- ၀၁-၆၆၄၁၄၇**

**(C/o ဒေါ်တင်ရွှေ)**

### ရုပ်ပြောင်ပုံတူပန်းချီ ရေးဆွဲပေးသည်

အမှတ်တရနဲ့ ကြည်နူးပျော်ရွှင်စရာ လက်ဆောင်ပေးချင်တယ်ဆိုရင် Carricature, Funnypicture.

**ဖုန်း- ၀၉-၇၃၁၉၂၅၅**

7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## စာ(၃၂) အငှားယာဉ်မောင်းများ ဝင်ငွေလျော့ကျ မှ

ပါရမီတက္ကစီများသည်လည်း သက်ဆိုင်ရာဌာနသို့ ပေးသွင်းရသည့် စပေါ်ငွေပမာဏမှာကျပ်သုံးသိန်းမှ ကျပ်ဆယ့်ငါးသိန်းထိ မြင့်တက်သွားသဖြင့် နေ့စဉ်ဝင်ငွေရရှိမှုအတွက် ပိုမိုရှာဖွေနေကြရကြောင်းသိရသည်။ "ပါရမီတက္ကစီတွေလည်း အဆင်မပြေပါဘူး။ စပေါ်ငွေကလည်းများသွားတော့ အဲ့ဒီပိုတင်လိုက်ရတဲ့ စပေါ်ငွေကိုလတ်တလောပြန်ပြီးရဖို့အတွက် ပိုက်ဆံပိုရှာမှရမှာ။ ဒါပေမဲ့ ခုရက်ပိုင်းခရီးသည်တွေမရဘူး။ သူတို့လည်း ချွေတာလာတာ အများကြီးပါတယ်" ဟု အသက် ၃၅ နှစ် အရွယ်ရှိပါရမီယာဉ်မောင်းတစ်ဦးကလည်း လက်ရှိအခြေအနေ များနှင့်ပတ်သက်ပြီးသုံးသပ်ပြောကြားသည်။ ယခုလက်ရှိမြို့တွင်း၌ ပြေးဆွဲနေသည့် အငှားယာဉ်များသည် ယာဉ်ပိုင်ရှင်ထံသို့ စပေါ်ငွေကျပ်သုံးသိန်းမှ ဆယ်သိန်းအထိပေးရသည်။ ယာဉ်မောင်းများအနေဖြင့် ၎င်းတို့၏ယာဉ်ပိုင်ရှင်များထံသို့ နေ့စဉ်ပေးသွင်းရသည့် အုံနာကြေးသည်လည်းမူလကထက်ကျပ်နှစ်ထောင်မှ သုံးထောင်အထိမြင့်တက်သွားကြောင်းလည်းသတင်းရရှိသည်။ထိုကဲ့သို့မြင့်တက်သွားသဖြင့် အုံနာများထံသို့ ပေးသွင်းရသည့် အုံနာကြေးမှာတစ်ရက်လျှင် ကျပ်တစ်သောင်းလေးထောင်မှ တစ်သောင်းငါးထောင်အထိရှိလာကြောင်းလည်း ယာဉ်မောင်းများကပြောသည်။

ထို့အပြင်ယခုနောက်ပိုင်း အလုပ်အကိုင်ရှားပါးလာသည့်အတွက် ယာဉ်မောင်းတတ်ပြီး အလုပ်အကိုင်မရှိသူများမှာ အငှားယာဉ်မောင်းအလုပ်ကို ဝင်ရောက်လုပ်ကိုင်မှုပိုများလာခြင်းကြောင့် တက္ကစီစီးရေများလာခြင်းမှာလည်း အငှားယာဉ်မောင်းများ ဝင်ငွေလျော့ခြင်း၏အကြောင်းရင်းတစ်ခုဖြစ်သည်။ "ကျွန်တော်တစ်နေ့က (ဩဂုတ်လကုန်ပိုင်း)စုဘူးဖောက်တာ တစ်သိန်းသုံးသောင်းကျော်ပဲရတယ်။ တစ်လလုံးဆွဲလို့ရတဲ့ပိုက်ဆံတွေကိုစုဘူးထဲထည့်ထားတာ၊ မိန်းမက ဈေးရောင်းတော့ ဈေးဖိုးမပေးရဘူး။ အရင်ကထက်စာရင် အများကြီးနည်းသွားတယ်။ အရင် ကဆို တစ်လကို အနည်းဆုံး လေး၊ ငါးသိန်းရတယ်" ဟု အငှားယာဉ်မောင်းသက် ၁၀ နှစ်ဝန်းကျင်ရှိသော ယာဉ်မောင်းတစ်ဦးက ကားဆွဲမကောင်းပုံကို ပြောသည်။

## စာ(၄၁) သံတွဲချောင်းမြစ်ကြောင်း ပြန်လည်တူးဖော်ရေး ဆောင်ရွက်မည် မှ

တာတမံများ မြစ်ကြောင်းထိန်းအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းပြခဲ့သည်။ "ရှေ့နှစ်နွေရာသီမှာ မြစ်ကြောင်းတူးဖော်ရေးတွေလုပ်သွားမယ်လို့ပြောပါတယ်။ သံတွဲမြို့ကပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ချောင်းထဲကို စွန့်ပစ် အမှိုက်တွေပစ်မချဖို့၊ စည်ပင်ကလည်း အမှိုက်သိမ်းစနစ်ကိုသေသေချာချာလုပ်ဖို့၊ အမှိုက်တွေမြစ်ထဲမရောက်အောင်သေသေ ချာချာသိမ်းဆည်းပေးဖို့ပါ။ ဒါမှဝန်ကြီးဌာနကလုပ်ပေးတာ အလဟဿမဖြစ်မှာပါ" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်က ပြောကြားသည်။


ရခိုင်ပြည်နယ် သံတွဲမြို့တွင် နေ့စဉ်ထွက်ရှိနေသောအမှိုက်များ ကိုစနစ်တကျ စွန့်ပစ်မှုအားနည်းပြီး၊ စည်ပင်မှ သိမ်းဆည်းသော အမှိုက်များကို သံတွဲပြည်သူ့ဆေးရုံအနောက်ဘက်ရှိ မြေကွက်လပ်တွင် စုပုံထားခြင်းကြောင့် အနီးဝန်းကျင်ရှိ ချောင်းလက်တက်များမှတစ်ဆင့် ချောင်းမကြီးထဲသို့ ရေစီးနှင့်အတူ မျောပါနိုင်ကာ မြစ်ကြမ်းပြင်တိမ်ကောမှုကို တွန်းအားပေးသကဲ့သို့ဖြစ်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ရခိုင်ပြည်နယ်သံတွဲမြို့သည် နှစ်စဉ်မိုးရာသီတွင် ရေဘေးအန္တရာယ် ကြုံတွေ့ရသည့်မြို့ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ခန့်ကစတင်ကာ ရေကြီးပြီးနောက် နုန်းမြေတင်ကျန်ခဲ့မှုများ ပိုများလာကြောင်း ဒေသခံများထံမှသိရသည်။

## စာ – ၁၃၊ ရင်သွေးငယ်ကို ဘယ်လိုမွေးမလဲ မှ

ထို့ပြင် ကိုယ်ဝန်ဆောင်တစ်ဦးသည် ကူးစက်ရောဂါသည်များအနားသို့ သွားရောက်ခြင်း ဝက်သက်၊ ဂျိုက်သိုးစသည့်ရောဂါများဖြစ်နေသူများအနားသို့ သွားရောက်ခြင်းများလည်း ရှောင်ကြဉ်ရန်လိုအပ်ကြောင်းသိရသည်။

အဆိုပါ ကူးစက်ရောဂါများ ကူးစက်ခံရပါက သန္ဓေသားကို ထိခိုက်စေနိုင်သည်ဟု ဆေးပညာရှင်များကပြောသည်။




ကိုယ်ဝန်ဆောင်စဉ်အချိန်တွင် မေးခိုင်ကာကွယ်ဆေးအား အနည်းဆုံးနှစ်ကြိမ်ထိုးရန်လိုအပ်ပြီး နောက်ဆုံးထိုးရမည့် မေးခိုင်ကာကွယ်ဆေးသည် မမွေးမီ တစ်လခွဲ အလိုတွင် ထိုးဖြစ်ပါက ပိုမိုကောင်းမွန်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ကာလ အတွင်းမေးခိုင်ကာကွယ်ဆေးထိုးနှံရခြင်းမှာ မွေးကင်းစ မေးခိုင်ရောဂါသည် မွေးကင်းစသေနှုန်းကို မြင့်တက်စေသည့်အကြောင်းကြောင့်ဖြစ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ကိုယ်ဝန်ဆောင်စဉ်အချိန်တွင် တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အထူးဂရုစိုက်ရန်လိုအပ်ပြီး မိမိတို့၏ ရင်သားများအားလည်း ဂရုစိုက်ရန်လိုအပ်ကြောင်း သိရသည်။

"တချို့မိခင်တွေက နို့သီးခေါင်းချိုင့်ဝင်နေတာတွေရှိတတ်တယ်။ အဲဒီလိုဖြစ်ရင် ကိုယ်ဝန်သွားပြကတည်းက ဆရာဝန်ကို ပြောပြီး အကြံဉာဏ်တောင်းခဲ့သင့်တယ်"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့အပြင်မိခင်များအနေဖြင့်လည်းမိမိ၏ သန္ဓေသားအား မိမိကိုယ်တိုင်ကပင်လိုလိုလားလားနှင့် ကောင်းမွန်စွာ ဆက်ဆံရန်လိုအပ်ပြီး အလျဉ်းသင့်လျှင် သင့်သလို စကားများ ပြောပေးနေရန်လည်း လိုအပ်သည်။

ကလေးမွေးဖွားလာပါကလည်း မွေးဖွားလာသည့်ကလေးအား နို့ဦးရည်တိုက်နိုင်ရန်မှာ အရေးအကြီးဆုံးသော အချက်တစ်ချက်ဖြစ်သည်။


နို့ဦးရည်သည် သာမန် နို့ရည်ထက် အသားဓာတ်(ပရိုတင်း) ငါးဆပိုမိုပါဝင်ပြီး ရောဂါပိုးမွှားများအား ကာကွယ်နိုင်သည့်ဓာတ်များလည်းများစွာပါဝင်သည်ဟု အာဟာရ ဗေဒပညာရှင်များက ဆိုသည်။ "နို့ဦးရည် တိုက်လိုက်တာဟာ ကလေးကို ပထမဆုံး ရောဂါကာကွယ်ဆေး တိုက်လိုက်တာနဲ့ အတူတူပါပဲ"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

မိခင်များသည် ကိုယ်ဝန်ဆောင်စဉ်က သန္ဓေသားအား ဂရုစိုက်ရသကဲ့သို့ မွေးဖွားလာသည့် အချိန်တွင်လည်း အထူးဂရုစိုက်ရန်လိုအပ်သည်။

မွေးကင်းစကလေးအား ရှေးယခင်ကပြုမူသကဲ့သို့ပင် အနီးဖြင့် ထုပ်ထွေးထားခြင်း၊အညှော်လုပ်ပါက ဆေးတို့ဖတ် အစရှိသည့်အခြားအနံ့ရှိသည့်ဆေးမှုန့်များ လူးပေးခြင်းများမပြုလုပ်ရန်လည်းလိုအပ်ကြောင်းသိရသည်။

"ဆေးတို့ဖတ်တို့တာတို့ ဘာတို့ဆိုတာ မကောင်းဘူးဆိုတာ တော့စာအုပ်တွေမှာ ဖတ်ဖူးတယ် ကိုယ့်ကလေးကျရင်လည်း အဲဒီလို မလုပ်ပါဘူး"ဟု မခင်ခင်ငြိမ်းက ပြောသည်။

မခင်ခင်ငြိမ်းကဲ့သို့ပင် အခြားသားဦးမိခင်လောင်းတစ်ဦးဖြစ်သည့် မယုယုကလည်း"ကလေးမွေးလာရင်တော့ သေသေချာချာပြုစုမှာပါ။ အရင်တုန်းက လုပ်တာတွေလိုမျိုးကလည်း တချို့မကောင်းတာတွေကို မလုပ်တော့ပါဘူး၊ကလေးကျန်းမာရေးနဲ့ပတ်သက်လို့ကလည်း ဘာပဲဖြစ်ဖြစ် ဆရာဝန်နဲ့ပဲ တိုင်ပင်ပြသမှာပါ"ဟုပြောကြားသည်။




မခင်ခင်ငြိမ်းနှင့် မယုယုတို့ နှစ်ဦးစလုံးတွင်တူညီသည်မှာနယ်မှရန်ကုန်သို့ လာရောက်အလုပ်လုပ်နေသူများဖြစ်သလို ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကလေးမွေးကင်းစကာလများတွင် မည်သို့မှန်ကန်စွာ နေထိုင်ရမည်ကို သိရှိပြီးသူများ ဖြစ်နေကြခြင်းပင် ဖြစ်သည်။ ကလေးနို့တိုက်မိခင်များအနေဖြင့်လည်း ကလေးနို့တိုက်နေစဉ်ကာလတွင် အစားရှောင်ရန်မလိုဘဲ တတ်နိုင်သမျှ အစား များများစားသုံးရန်လိုအပ်သည်။

ကလေးမီးနေခန်းသည်လည်း ရှေးက မီးနေခန်းများကဲ့သို့ မှောင်မည်းမနေသင့်ဘဲလေဝင်လေထွက်ကောင်းသည့် အခန်းဖြစ်သင့်ပြီး အလင်းရောင်ကောင်းစွာ ရရှိကာ သန့်ရှင်းရမည်ဖြစ်သည်။

အလားတူ ကလေး၏ ချက်သည် အချိန်တန်လျှင် ကြွေမည်သာဖြစ်သဖြင့် ချက်အကြွေမြန်စေရန် အခြားသော မအပ်စပ်သည့်ဆေးများထည့်ခြင်း၊ အချို့အရပ်များတွင် မြင်းချေးထည့်ခြင်းများ မပြုလုပ်သင့်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

မွေးကင်းစကလေးများအတွက် အစားအစာမှာ မိခင်နို့တစ်မျိုးတည်းသာဖြစ်သဖြင့် မိခင်နို့ကောင်းစွာစို့လျှင်ပင် ကလေး၏ ကျန်းမာရေးကောင်းမွန်နေသည်ဟု ယူဆ၍ရကြောင်းသိရသည်။

ထို့ကြောင့် မွေးကင်းစကလေးများအား မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် လိုအပ်ပြီး အခြားဖြည့်စွက်စာများကို ခြောက်လကျော်မှသာတိုက်ကျွေးသင့်သည်။

"ကလေးအသက်ခြောက်လကျော်မှ ဖြည့်စွက်စာကိုခြေနိုင်တဲ့ ဓာတ်တွေက ထွက်လာတာဆိုတော့ခြောက်လမပြည့်ခင်ဖြည့်စွက်စာကျွေးဖို့မလိုပါဘူး" ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

အလားတူ မိခင်နို့တွင် ရေဓာတ် ၈၀ ရာခိုင်နှုန်းပါဝင်သဖြင့် ကလေးရေငတ်မည်စိုးရိမ်ကာ ရေတိုက်ရန်လည်း မလိုအပ်ကြောင်း သိရသည်။ ကလေးငယ်၏ အစာအိမ်သည် သေးငယ်သဖြင့် ရေတိုက်ပါက အစာအိမ်အတွင်း ရေဖြင့်ပြည့်နေကာ နို့မစို့နိုင်ဘဲဖြစ်နိုင်ကြောင်း သိရသည်။

ကလေးငယ်သည် မှိန်းနေလျှင်သော်လည်းကောင်း၊ ငယ်ထိပ်ဖောင်းနေလျှင်သော်လည်း ကောင်း၊ နို့မစို့တော့လျှင်သော်လည်းကောင်း၊ အသက်ရှူသွင်းလိုက်ပါက ရင်ဘတ်အောက်ပိုင်းတွင် ချိုင့်ဝင်သွားလျှင်သော်လည်း ကောင်း၊ အသားဝါနေလျှင်သော်လည်းကောင်း အဆိုပါလက္ခဏာများသည် ကလေးငယ်အတွက် အန္တရာယ်ဖြစ်စေနိုင်သည့်လက္ခဏာများဖြစ်သဖြင့်ယင်းသို့သောလက္ခဏာများပြပါက ဆရာဝန်နှင့် အမြန်ဆုံးပြသသင့်ကြောင်း သိရသည်။

ကလေးငယ်များအား အထက်ပါ အကြောင်းအရာများအတိုင်း ရုပ်ပိုင်းဆိုင်ရာများကို စောင့်ရှောက်ရရုံမျှမက စိတ်ပိုင်းဆိုင်ရာကျန်းမာစေရန်လည်း အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သည်။ ကလေးငယ်သည် မိခင်နှင့် အဆက်မပြတ်ထိတွေ့မှုရရှိနေစေရန် မကြာခဏ နို့တိုက်ပေးခြင်း၊ နို့တိုက်သည့်အချိန်တွင် ကလေးငယ်အား ပြုံး၍ကြည့်နေခြင်း စသည့် စိတ်ပိုင်းဆိုင်ရာအဆက်အသွယ်များ ပြုလုပ်ပေးရန်လိုကြောင်းသိရသည်။

ရုပ်ပိုင်းသာမက စိတ်ပိုင်းဆိုင်ရာပါဖွံ့ဖြိုးသည့် ကလေးငယ်များ မွေးဖွားလာစေရန်အတွက် ကျန်းမာရေးအသိအမြင် ပြည့်ဝစွာဖြင့် မိဘများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် အရေးကြီးသည်ဟုလည်း ပညာရှင်များကဆိုသည်။

# Environment

7DAY NEWS JOURNAL

Vol.10, No.25 • SEPTEMBER 8, 2011


## လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းပြီးပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၂**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြင်ဆင်ပြီးပါကဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးတော့မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။



**ဧရာဝတီမြစ်ဆုံအနီး တောင်များကို ရှင်းလင်းနေသည်ကို ၂၀၁၀ခုနှစ်မတ်လအတွင်းကတွေ့ရစဉ်** ဓာတ်ပုံ - အေးမြကျော်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေမူကြမ်းအားခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်သည့်အစည်းအဝေးကို ဩဂုတ်လတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဦးဆောင်ပြီး ပြုလုပ်ခဲ့ သည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော် သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီး - (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)တက်ရောက်ခဲ့သည်။ ဥပဒေမူကြမ်းပြင်ဆင်ဖြည့်စွက်မည့်အစည်းအဝေးကျင်းပပြီး ရက်ပိုင်းခန့်တွင်နိုင်ငံတော်သမ္မတကလွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြီးပါက တရားဝင်ပြဋ္ဌာန်းတော့မည်ဟု နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေမူကြမ်းအားခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များပါဝင်ကြသည်။

၂၀၀၀ ပြည့်နှစ်တွင် ရေးဆွဲတင်ပြခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေမူကြမ်းနှင့်ပတ်သက်၍ ပထမဆုံးအကြိမ်ဆွေးနွေးပွဲလည်းဖြစ်သည်။

သမ္မတကြီး၏ မိန့်ခွန်းပြောကြားချက်ကိုကိုးကား၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေမူကြမ်းသည် ယခုအခါ ပြည်ထောင်စုလွှတ်တော်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သမ္မတက ယင်းကဲ့သို့ ပြောကြားခဲ့ဖွယ်ရှိကြောင်း ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်သမ္မတကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားမည်ဟုပြောကြားခဲ့သည်။

## ပန်းလှိုင်မြစ်တိမ်ကောမှုကြောင့် လယ်မြေများ ရေလွှမ်းမှုကာကွယ်ရန် စီမံကိန်းချ ဆောင်ရွက်

**နေလင်းအောင်**

**ရန်ကုန်၊ ဩဂုတ် - ၂၂**

ပန်းလှိုင်မြစ်တိမ်ကောမှု၏ အကျိုးဆက်အဖြစ် ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်း လယ်မြေများရေကြီးနစ်မြုပ်မှု ဖြေရှင်းရန် ဆည်မြောင်းဦးစီးဌာနက ယခုလမှစတင်၍စီမံကိန်းချဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်မြစ် တိမ်ကောမှုကြောင့် ယခုနှစ် ဇွန်လအတွင်း ထန်းတပင်မြို့နယ်ရှိ လယ်မြေ ၃,၅၈၃ ဧကနှင့် လှိုင်သာယာမြို့နယ်အတွင်း လယ်မြေ ၇၅၆ ဧက စုစုပေါင်း လယ်ဧက ၄,၀၀၀ ကျော် ရေလွှမ်းခံခဲ့ရသည်။

ယခင်က အဆိုပါမြို့နယ်များအတွင်းရှိ လယ်မြေများ ရေထုတ်နုတ်သည့် ထိုးဝါးချောင်းနှင့် မြစိမ်းရောင်ချောင်းတို့သည် ပန်းလှိုင်မြစ်သို့ရေများ ထုတ်နုတ်နိုင်ခဲ့ရာမှ ယခုအခါ ပန်းလှိုင်မြစ်သည် ပျောက်ကွယ်လုနီးပါး နုန်းပို့တိမ်ကောရုံသာမက ပန်းလှိုင်မြစ်ဘက်မှနုန်းများ ထိုးဝါးချောင်းနှင့် မြစိမ်းရောင်ချောင်းအတွင်း ဝင်ရောက်လာသဖြင့် ရေများ ပိတ်ဆို့ကာ လယ်မြေများ နစ်မြုပ်ရခြင်းဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ယခုအခါအဆိုပါကိစ္စများကို ဖြေရှင်းရန်အတွက်ဆည်မြောင်းဦးစီးဌာနက ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ပြီး တွေ့ရှိချက်အရ လှိုင်မြစ်နှင့် တစ်ဆက်တည်း ရေဆွဲအားကောင်းမွန်သည့် ရွှေလင်ပန်းချောင်းတွင် မြစ်ရေဝင်ရောက်မှုကာကွယ်နိုင်မည့်ရေတံခါးတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေကြီးမှု ဖြစ်ပေါ်နေသည့် မြစိမ်းရောင်ချောင်းအား ရွှေလင်ပန်းချောင်းသို့ ဆက်သွယ်ရန်အတွက်ယခုလမှစတင်၍ လုပ်ငန်းများ စတင်နေပြီဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် ညောင်တုန်းလမ်းမဘေးအား မြစိမ်းရောင်ချောင်းသို့ အရှည်ပေ တစ်သောင်းတူးဖော်ရမည်ဖြစ်ပြီး မြစိမ်းရောင်ချောင်းမှ တစ်ဆင့် ရွှေလင်ပန်းချောင်းသို့ ရေစီးလမ်းကြောင်းအရှည်ပေ ၁၀,၅၀၀ တူးဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

## သံတွဲချောင်းမြစ်ကြောင်း ပြန်လည်တူးဖော်ရေး ဆောင်ရွက်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၉**

မြစ်ကြမ်းပြင်တိမ်ကောလာခြင်းကြောင့်နှစ်စဉ်ရေကြီးရေလျှံသည့်သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ရလျက်ရှိသည့် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ သံတွဲချောင်းကို မြစ်ကြောင်းပြန်လည်တူးဖော်မည်ဆိုပါက ကျပ်သိန်း ၃,၃၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လုပ်ဆောင်သင့်သည့်ကိစ္စများကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကပြောကြားသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ရခိုင်မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လှိုင်၏ ‘ရခိုင်ပြည်နယ် သံတွဲမြို့ချောင်းမှာ သဲသောင်များပေါ်ထွန်းလာသဖြင့် နှစ်စဉ် ရေကြီးခြင်းဒုက္ခနှင့်တွေ့ကြုံနေရသည့် အရေးကိစ္စ’ နှင့်ပတ်သက်၍မေးမြန်းချက်ကို အထက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရခိုင်ပြည်နယ် သံတွဲမြို့သို့ဖြတ်သန်းစီးဆင်းနေသည့် သံတွဲချောင်းနှင့် ဆီးချောင်းတို့မှာ နုန်းမြေများကြောင့် ချောင်းအတွင်း သောင်များဖြစ်ထွန်းပြီး ရေစီးရေလာလမ်းကြောင်းများ တိမ်ကောလာရာမှ မိုးရာသီတွင် ရေကြီး၍ မြို့ပေါ် ရပ်ကွက်များရေကြီးမှုအန္တရာယ်ကျရောက်ခြင်းဖြစ်ကြောင်း၊ မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း၊ သဲနုန်းများတူးဖော်ခြင်း၊ တူးစာများအား ချောင်း၏ ကမ်းနှစ်ဖက်တွင် တာတမံပုံစံဖို့ပေးခြင်း၊

*စာ(၄၀) သို့*

**Environment** Cartoon






# Tourism

7DAY NEWS JOURNAL

Vol.10, No.25 · SEPTEMBER 8, 2011


## မန်းဟိုတယ်ဇုန်အသစ်တစ်ခုလျာထားမှုတွင် ရတနာပုံမြို့သစ်မှမြေကေ ၂၀၀ပါဝင်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

မန္တလေးမြို့အတွက် ဟိုတယ်ဇုန်အသစ်သတ်မှတ်ရန် မြေနေရာ ရွေးချယ်ရာတွင် ရတနာပုံမြို့သစ်မှ ဧကေ ၂၀၀ ကျော် ပါဝင်လာကြောင်း သတင်းရရှိသည်။

"သမ္မတရုံးက ပြန်လာတဲ့စာထဲမှာ ကျွန်တော်တို့တင်ထားတဲ့ ရောဝတီမြစ်ဘေးကနေရာအပြင် ရတနာပုံမြို့သစ်မှာ ဧကေ ၂၀၀ ပါလာတယ်။ အဲဒီတော့မှ သိရတာ" ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့ကြောင့် ရတနာပုံမြို့သစ်ဟိုတယ်ဇုန်အား သက်ဆိုင်ရာက ခွင့်ပြုပေးပါက မန္တလေးမြို့တွင် ဟိုတယ်ဇုန်နှစ်ခုရှိလာမည်ဖြစ်သည်။

အဆိုပါဟိုတယ်ဇုန်အသစ်နေရာများအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က မှတ်ချက်ပေးထားသည်။ ရန်ကုန်မြို့တွင်လည်း ဟိုတယ်ဇုန်အသစ်ကို မင်္ဂလာဒုံမြို့နယ်တွင် တည်ဆောက်ရန် သက်ဆိုင်ရာသို့တင်ပြထားပြီး ထိုနေရာကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်းဆောင်ရွက်ညွှန်ကြားလာကြောင်း သတင်းရရှိသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးစဉ်ဒေသအလိုက်ဟိုတယ်ဇုန်များသတ်မှတ်၍ ဟိုတယ်လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရန် ယခုနှစ် မေလပထမပတ်က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

## Asia Wings လေကြောင်းလိုင်း မြန်မာနိုင်ငံမြောက်ပိုင်းခရီးစဉ်နှစ်ခု တိုးချဲ့ပျံသန်း



Asia Wings **လေယာဉ်တစ်စင်းအား တွေ့ရစဉ်** ဓာတ်ပုံ-**Asia Wings**

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၃**


ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော Asia Wings လေကြောင်းလိုင်းက စက်တင်ဘာလဆန်းမှစ၍ မြန်မာနိုင်ငံမြောက်ပိုင်းခရီးစဉ်နှစ်ခုကို တိုးချဲ့ပျံသန်းနေပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

အပတ်စဉ် ကြာသပတေးနေ့တွင် ရန်ကုန်-မန္တလေး-မြစ်ကြီးနား-မန္တလေး-ရန်ကုန်နှင့်တနင်္ဂနွေနေ့တွင် ရန်ကုန်-မန္တလေး-မြစ်ကြီးနား-ဗန်းမော်-မန္တလေး-ရန်ကုန် ခရီးစဉ်တို့အား တိုးချဲ့ပျံသန်းမည်ဖြစ်သည်။ ရန်ကုန်-မြစ်ကြီးနားခရီးစဉ်ကို ရန်ကုန်မြို့မှ နံနက် ၆ နာရီခွဲတွင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားမြို့သို့ နံနက် ၉ နာရီ မိနစ် ၂၀ ၌ ရောက်ရှိမည်ဖြစ်သည်။

ထို့အပြင် ဗန်းမော်ခရီးစဉ်အား ရန်ကုန်မြို့မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး ဗန်းမော်မြို့သို့ နံနက်၉ နာရီခွဲ၌ ရောက်ရှိမည်ဖြစ်သည်။

Asia Wings လေကြောင်းလိုင်းသည် ယခုအခါ ATR-72 လေယာဉ်နှစ်စင်းဖြင့် ပြည်တွင်းပုံမှန်ခရီးစဉ်များ ပျံသန်းပေးလျက်ရှိကြောင်း သိရသည်။



## မြန်မာ့အစားအစာကို ကမ္ဘာသိအောင် . . .

**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးကျော်မြတ်မိုးနှင့်ကို ၂၀၁၁ ဇွန်လက တွေ့ဆုံမေးမြန်းဖော်ပြခဲ့သည်နှင့်ပတ်သက်၍ အယ်ဒီတာအဖွဲ့ထံသို့ဒေါက်တာဝင်းသိန်း(ကျန်းမာ-အစားအစာ)မှ ပေးပို့လာသောအကြံပြုစာဖြစ်ပြီးစာဖတ်သူများအတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

မြန်မာ့အစားအစာများ ကမ္ဘာ့ဈေးကွက်ကိုပို့ဖို့ကြိုးစားမည်ဟုမြန်မာနိုင်ငံ အစားအသောက်ဆိုင် လုပ်ငန်းရှင်များက ( June-9/ 7Day News)က ဆိုပါသည်။

ထိုစကားကို ကြိုဆိုပါသည်။

နမူနာကောင်းတွေလည်း ဆွဲ ပြစရာ အများကြီးရှိပါသည်။ ကျွန်တော်တို့နှင့် နီးစပ်လှသည့် 'ထိုင်းအပူ' သည် ယခုအခါ 'ကမ္ဘာ့ပထမတန်းစားအပူ'ဖြစ်နေပါပြီ။ ကျွန်တော်တို့ ခုစလုပ်လျှင် သိပ်မကြာမီမှာ "မျှော်မှန်းစရာ၊ မျှော်မှန်းသည့် အရာ" ရနိုင်ပါသည်။

သည်နေရာတွင် ကျွန်တော် အမြင်ကို ထောက်ပြလိုပါသည်။

မြန်မာအစားအသောက်ကို ယုံကြည်မှုရအောင် ပထမကြိုးစားရပါမည်။ ကြိုးစားရမည့် ယုံကြည်မှုမှာ 'မြန်မာအစားအစာသည် စားလျှင်အန္တရာယ်မရှိ၊ စားလို့ရသည်'ပဲဖြစ်ပါသည်။

သိပ်မကြာသေးမီက နိုင်ငံခြားသားတစ်ယောက် ကျွန်တော့်ကို မေးဖူးပါသည်။ မြန်မာနိုင်ငံတွင် သူ့ကို ဒုက္ခမပေးမည့် စားနိုင်မည့် မြန်မာ အစားအသောက်ပြပါဟုပဲဖြစ်ပါသည်။ သူ့ကို ဒုက္ခမပေးမည့် ရန်ကုန်တွင် စားနိုင်မည့် အစားအသောက်ကို သေသေချာချာချက်ထားပြီး ပူပူနွေးနွေးစားနိုင်သော အစားအသောက်ဆို ကျွန်တော့်ဘက်က ယုံပြီ။ ဒီတော့ ရွှေတောင်တန်းက 'ဟော့ပေါ့'ကိုလက်ညှိုးထိုးမိပါသည်။ မြန်မာအစားအသောက် စစ်စစ်မဟုတ်သော်လည်း (ကျွန်တော်သည် မြန်မာအစားအစာ ကျွမ်းကျင်သူမဟုတ်ပါ။ မြန်မာပြည်မှာ (ရန်ကုန်မှာ)ရနိုင်ပြီး၊ သောက်စရာဆို၍ ကော်ဖီပူပူ၊ ဒါမှမဟုတ် ဘီလပ်ရည်သောက်ဟုသာ ညွှန်းရဲပါသည်။

ကျွန်တော် မုန့်ဟင်းခါးကို မညွှန်းပါ။ မုန့်ဟင်းခါးဟင်းက ပူပူဆိုသော်လည်း (အေးလည်း အေးနိုင်ပါသည်)မုန့်ဖတ်က ဘယ်တုန်းက ဆိုင်ပေါ်ရောက်နေသလဲ ဘယ်သူတွေဘယ်လိုကိုင်ထားသလဲဟု မေးစရာရှိ၍ ဖြစ်ပါသည်။

မြန်မာ့ဆီပြန်-နှပ်တွေကိုလည်း မညွှန်းရဲပါ။ ကျက်အောင်ချက်ထားသည် ဆိုသော်လည်း ဘယ်တုန်းထဲက ဆိုင်ပေါ်ရောက်နေသလဲမသိဖြစ်ပါသည်။ ထမင်းလည်း ထို့အတူဖြစ်ပါသည်။

(နည်းပညာပိုင်းအရပြောရပါလျှင် ကျက်ပြီးထမင်းဟင်းများ လေးနာရီထက်ပို၍ ဆိုင်ပေါ်တွင် တည်ခင်းပြသမထားရပါ။ ထားရမည့် အပူချိန်လည်း သတ်သတ်မှတ်မှတ် ရှိပါသည်)

သည်ခြားထဲတည်ခင်းမှုအပိုင်းကလည်း အလွန်အားနည်းနေပါသေးသည်။ ဒီတော့ မြန်မာ့အစားအစာအပေါ် ယုံကြည်စေချင်ပါသည်ဆိုပါက'စားလို့ရသည်"တည်ခင်းမှုက အစားအသောက် သန့်ရှင်းမှုအဆင့်မီသည်'ကိုလုပ်ပြရပါမည်။


မြန်မာအစားအသောက်ကို ကမ္ဘာက ကြိုက်ဖို့ မြန်မာ့စားဖိုမှူးများ ကြိုးစားပြပါဟုသာ အားပေးချင်ပါသည်။ တစ်ခုတော့ အမှာစကားပါးချင်ပါသည်။ လုပ်သာလုပ်ပါ။ ရဲရဲသာ လုပ်ပါ။ ခုအခါ ကမ္ဘာက ရွာကြီးဖြစ်နေလေတော့ အားလုံးက ဝိုင်းလက်ခံမှာပဲဖြစ်ပါသည်။

ဒီတော့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရအောင်ပါ။

*ဒေါက်တာဝင်းသိန်း*

*(ကျန်းမာ-အစားအစာ)*

## Cartoon 2000
























7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## လစ်ဗျားအသွင်ကူးပြောင်းရေးကောင်စီကို ဖိလစ်ပိုင် အသိအမှတ်ပြု



**မနီလာ၊ ဩဂုတ် - ၃၀**

ဖိလစ်ပိုင်နိုင်ငံသည် လစ်ဗျားအတိုက်အခံအဖွဲ့ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ NTC အား လစ်ဗျား၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်က ကြေညာသည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ယခုကြေညာချက်သည် ကဒါဖီမိသားစု လစ်ဗျားမှ ထွက်ခွာကာ အိမ်နီးချင်းအယ်လ်ဂျီးရီးယားသို့ ထွက်ပြေးခိုလှုံချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ ဖိလစ်ပိုင်အစိုးရ၏ ကြေညာချက်၌ NTC အဖွဲ့အား လစ်ဗျားပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်အဖွဲ့အဖြစ် ဖော်ပြထားပြီး တိုင်းပြည်ကို ငြိမ်းချမ်းမှုနှင့် လုံခြုံမှုရရှိအောင် ဦးဆောင်ရန် တိုက်တွန်းထားသည်။

ဖိလစ်ပိုင်သည် မူလက ကဒါဖီအစိုးရဘက်မှ နိုင်ငံအား ထိန်းချုပ်ထားဆဲတွင် နိုင်ငံတွင်းရှိ ဖိလစ်ပိုင်လုပ်သားများ လုံခြုံရေးအတွက် ကဒါဖီ၏ အတိုက်အခံ NTC ကိုတရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုရန် တုံ့ဆိုင်းနေခဲ့သည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂဦးဆောင်သော နိုင်ငံများကမူ ယခုနှစ်အစောပိုင်းမှ စတင်၍ ကဒါဖီအစိုးရအား အသိအမှတ်ပြုထားခြင်းကို ရပ်စဲခဲ့ပြီး NTC ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် လစ်ဗျားတွင် ဖိလစ်ပိုင်လုပ်သား ၁၀,၀၀၀ ခန့်ကို ကယ်တင်ခဲ့ပြီး နိုင်ငံတွင်းမှ ထွက်ခွာရန် ငြင်းဆန်ထားသည့် လုပ်သား ၂,၀၀၀ ခန့်မှာမူ လစ်ဗျားတွင်တိုက်ပွဲများ အကြားဆက်ရှိနေခဲ့သည်။

*—Ref: AP*






## ဂျပန်နိုင်ငံတွင် ဇူလိုင်လအထိ အလုပ်လက်မဲ့ ၄ ဒသမ ၇ ရာခိုင်နှုန်း ရှိလာ

**တိုကျို၊ ဩဂုတ် - ၃၀**

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ပြီးခဲ့သော ဇူလိုင်လက ၄ ဒသမ ၇ ရာခိုင်နှုန်းအထိရှိခဲ့ရာ ဇွန်လကထက် ၀ ဒသမ ၁ ရာခိုင်နှုန်း ထပ်မံမြင့်တက်ခဲ့ကြောင်း ဂျပန်ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။ အစိုးရမှထုတ်ပြန်သော အခြားအချက်အလက်များအရ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း တည်ရှိမှုနှုန်းမှာ အလုပ်ရှာသူ ၁၀၀ ဦးအတွက် အလုပ်နေရာ ၆၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဆိုသည်။ သို့သော် ဝန်ကြီးဌာနက ၎င်းတို့၏ နောက်ဆုံးထုတ်ပြန်သောစာရင်းတွင် မတ်လ ၁၁ ရက်က ငလျင်နှင့်ဆူနာမီဒဏ် ပြင်းထန်စွာခံစားခဲ့ရသော အီဝါတီ၊ မီယာဂီနှင့် ဖူကူရှီးမားဒေသများမှ အချက်အလက်များ မပါဝင်သေးကြောင်းထုတ်ပြန်သည်။

ဝန်ကြီးဌာန၏စာရင်းတွင် ဂျပန်အိမ်ထောင်စုများ၏ လစာရရှိမှုဝင်ငွေမှာလည်း ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ပြီး တစ်လလျှင် ဝင်ငွေ ၅၇၂,၆၆၂ ယန်း (ကန်ဒေါ်လာ ၇,၄၄၈) အထိရှိလာကြောင်း ဖော်ပြသည်။

*—Ref: Xinhua*



## ဗီယက်နမ်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား တစ်သောင်းကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေး

**ဟနွိုင်း၊ ဩဂုတ် - ၃၀**

ဗီယက်နမ်အစိုးရသည် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သည့် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၁၀,၂၄၄ ဦးနှင့် ပြစ်ဒဏ်မပြည့်သေးသည့်အကျဉ်းသား ၂၉၁ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နယူးစ်သတင်းစာ၏ အဆိုအရ သမ္မတရုံးက ထုတ်ပြန်သော လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် ဗီယက်နမ်သမ္မတ ထရောင်တန်ဆန်က လက်မှတ်ရေးထိုးထားပြီး အကျဉ်းသားများအား နိုင်ငံအတွက် အသုံးတည့်သော နိုင်ငံသားများဖြစ်လာရန်ရည်ရွယ်၍ ပါတီနှင့် နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ကို အတည်ပြုပေးခဲ့ကြောင်းဆိုသည်။

သတင်းစာတွင် ယခုလွတ်ငြိမ်းချမ်းသာခွင့်ကို ဒီမိုကရေစီနှင့် ပွင့်လင်းမြင်သာမှု၊ စည်းကမ်းတင်းကျပ်မှု အခြေခံမှုများအရ ထုတ်ပြန်ခဲ့ကြောင်း အကျဉ်းသားများသည် အမျိုးသားလွတ်ငြိမ်းချမ်းသာခွင့်ကောင်စီ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လွတ်မြောက်ခွင့်ရမည်ဖြစ်ကြောင်း ဖော်ပြသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများတွင် တရုတ်နိုင်ငံသားလေးဦး၊ လာအိုလူမျိုး နှစ်ဦး၊ အမေရိကန်၊ အိန္ဒိယ၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံသား တစ်ဦးစီ ပါဝင်ကြောင်းသိရသည်။ သတင်းက အကျဉ်းသားငါးဦးမှာ အမျိုးသားလုံခြုံရေးချိုးဖောက်မှုပြစ်ဒဏ်ကျခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြသည်။

*—Ref: Xinhua*

7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

## Leader's Profile

# ဂျပန်ဝန်ကြီးချုပ်သစ် ယိုရှိဟီကိုနိုဒါ

ရဲမင်း



ယိုရှိဟီကိုနိုဒါသည် လက်ရှိဂျပန် အာဏာရဒီမိုကရက်တစ်ပါတီ (DPJ) ၏ခေါင်းဆောင်နှင့် ဂျပန်အောက်လွှတ်တော်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ပါတီခေါင်းဆောင်ရွေးချယ်ပွဲတွင် ဘန်ရီကိုင်အီဒါအား အနိုင်ရရှိပြီးနောက် အာဏာရပါတီ ခေါင်းဆောင်အဖြစ်နိုင်ငံဝန်ကြီးချုပ်ဖြစ်လာသည်။

နိုဒါအား ချီဘားခရိုင်ဒေသကြီးဖူနာဘာရှိ ဒေသတွင် ၁၉၅၇ ခုနှစ်မေလ ၂၀ ရက်၌ မွေးဖွားခဲ့သည်။ အဘိုးအဘွားမှာ လယ်သမားများဖြစ်၍ ဖခင်မှာ ဂျပန်တပ်မတော်အမှုထမ်းတစ်ဦးဖြစ်သည်။

နိုဒါသည်၁၉၈၀ပြည့်နှစ်တွင် ဝါဆယ်ဒါတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက်ပိုင်း ဂျပန်နိုင်ငံတွင် နာမည်ကြီးကျောင်းဖြစ်သည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးမတ်ဆူရှီတာအင်စတီကျူဒ်သို့တက်ရောက်ခွင့် ရရှိခဲ့သည်။ ယင်းအင်စတီကျူဒ်မှာ ဂျပန်နိုင်ငံ၏ အနာဂတ်အရပ်ဘက်ခေါင်းဆောင်များ မွေးထုတ်ရန်ရည်ရွယ်၍ Panasonic ကုမ္ပဏီကို တည်ထောင်ခဲ့သူ မစ္စတာကိုနိုဆူကီမတ်ဆူရှီတာ ထူထောင်ခဲ့သောကျောင်းဖြစ်သည်။

မတ်ဆူရှီတာအင်စတီကျူဒ်တွင် တက်ရောက်နေစဉ် နိုဒါသည် ၎င်း၏မွေးရပ်ချီဘားခရိုင်ဒေသကြီးတွင် ဂက်စ်မီတာဖတ်သည့်အလုပ်ကို အချိန်ပိုင်းအလုပ်အဖြစ်လုပ်ကိုင်ခဲ့သည်။ နောင်တွင်ရွေးကောက်ပွဲဝင်ပါက ၎င်း၏ မဲဆန္ဒနယ်မှ ပြည်သူများကို ရင်းနှီးနေစေရန် တစ်စိတ်တစ်ပိုင်းရည်ရွယ်ခြင်းလည်း ဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် အသက် ၂၉ နှစ်အရွယ်၌ နိုဒါသည် ချီဘားခရိုင်ဒေသကြီးအုပ်ချုပ်ရေးအဖွဲ့၌ရွေးချယ်ခံရသည်။

၁၉၉၃ ခုနှစ်တွင် နိုဒါသည် ချီဘားခရိုင်မဲဆန္ဒနယ်အမှတ်(၄)အားကိုယ်စားပြု၍ ဂျပန်အောက်လွှတ်တော်သို့ ပထမဆုံး အကြိမ်ရွေးကောက်တင်မြှောက်ခံရသည်။ ယခုဖျက်သိမ်းလိုက်ပြီဖြစ်သော ဂျပန်သစ်ပါတီကို ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ဂျပန်ဒီမိုကရက်တစ်ပါတီ (DPJ) သို့ဝင်ရောက်ခဲ့သည်။ နိုဒါသည် DPJ ပါတီ၏ ဂျပန်အောက်လွှတ်တော်ရေးရာ အကြီးအကဲအဖြစ်တာဝန်ယူခဲ့သလို ပါတီ၏ လူထုဆက်ဆံရေး အကြီးအကဲအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် DPJ ပါတီက ဂျပန်အောက်လွှတ်တော်၌ လူများစုဖြစ်လာသောအခါ နိုဒါက ပထမလက်ထောက် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ဇွန်လတွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည်။

ယိုရှိဟီကိုနိုဒါသည် ပြုပြင်ပြောင်းလဲရေးသမားဟု လူသိများပြီး DPJ ပါတီအတွင်းရေးမှူးချုပ်ဟောင်းဖြစ်သူနှင့် ပါတီအပေါ်ဩဇာကြီးမားသူ အီချီရိုအိုဇာဝါအားဝေဖန်ပြောကြားလေ့ရှိသည့် ပါတီတွင်း အုပ်စုကို ဦးဆောင်သူဖြစ်သည်။ အမေရိကန်နှင့် မဟာမိတ်ဖွဲ့ထားခြင်းမှာ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးပိုင်ဆိုင်မှုဟု ပြောဆိုသော်လည်း အချို့အခြေအနေများတွင် ဂျပန်နိုင်ငံသည် အမေရိကန်နှင့် အမှီအခိုကင်းရပ်တည်မှုများ ပြုလုပ်ရမည်ဟု ပြောကြားဖူးသူဖြစ်သည်။ ထို့အပြင် ဒုတိယကမ္ဘာစစ်အတွင်း ထိပ်တန်းစစ်ရာဇဝတ်ကောင်များဟုမဟာမိတ်များက သတ်မှတ်ခဲ့သူများသည် ၎င်း၏အမြင်တွင် စစ်ရာဇဝတ်ကောင်များ မဟုတ်ကြောင်း ဂျပန်စစ်ရှုံးခြင်း အထိမ်းအမှတ်အခမ်းအနားပြုလုပ်သည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ယိုရှိဟီကိုနိုဒါက ပြောကြားခဲ့သည်။

ယိုရှိဟီကိုနိုဒါသည် ဂျူဒိုခါးပတ်နက်ရရှိထားသူ ကလေးနှစ်ယောက်ဖခင် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ —*Ref: Wikipedia*

### နောက်ကျောဖုံး - သဘော်ပိတ်ဆို့မှုအရေး တူရကီက အစရေးကို တရားစွဲဆိုမည် မှ

အစ္စရေးသံအမတ်ကြီးအား တူရကီနိုင်ငံမှ နှင်ထုတ်လိုက်ပြီးနောက် တူရကီနိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ တူရကီနိုင်ငံက အစ္စရေးနိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရပ်တန့်ခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဂျက်ဖရီပါလ်မာနှင့် ကိုလံဘီယာသမ္မတဟောင်း အယ်လ်ဗာရိုအူရိုက်တို့ ပြုစုခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာကို အတည်မပြုထားသည့်အတွက်ဥပဒေအရ လိုက်နာရန် တာဝန်မရှိကြောင်း၊ ထို့အတွက် ဥပဒေအရတုပ်နှောင်မှုရှိစေရန် ICJ ကို ဆုံးဖြတ်စေခြင်းဖြစ်ကြောင်း အာမက် ဒါဗူတိုဂလူကပြောကြားသည်။

ICJ မှာနိုင်ငံများအကြားတွင် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများကိုဖြေရှင်းရန် သည်ဟေ့ဂ်မြို့၌ အခြေစိုက်ထားသည့် ကုလသမဂ္ဂရုံးဖြစ်သည်။ —*Ref: BBC*



### နောက်ကျောဖုံး - ဆီးရီးယားအနာဂတ်အရေး BRICS နိုင်ငံများက အစီအစဉ် ဖော်ထုတ် မှ

"စေ့စပ်ဆွေးနွေးမှုကိုထပ်ခါထပ်ခါ ပယ်ချရေး အတိုက်အခံအုပ်စုထဲက တချို့ အင်အားစုတွေကိုမလှုံ့ဆော်ရပါဘူး။ ဒါဟာလစ်ဗျားဖြစ်စဉ်မျိုးထပ်ဖြစ်အောင်လုပ်တာနဲ့အတူတူပါပဲ"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

အဆိုပါအဖွဲ့ဝင်နိုင်ငံများသည် လစ်ဗျားနိုင်ငံနှင့်ပတ်သက်၍ စည်းစည်းလုံးလုံးရပ်တည်နေကြောင်းနှင့် လစ်ဗျားနိုင်ငံ၏ လက်ရှိအခြေအနေများ အပေါ် စိတ်မချမ်းမသာဖြစ်နေရကြောင်း ပြောကြားသည်။ —*Ref: The Hindu*

## လစ်ဗျား ဒီမိုကရေစီအသွင် ကူးပြောင်းရေး အကူအညီလိုမည်ဟု ကုလသမဂပြောကြား

**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၁**

လစ်ဗျားသူပုန်များသည်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့များကို အလိုမရှိကြသော်လည်း ၎င်းတို့မည်သည့်အချိန်ကမှ မသိရှိခဲ့သော ဒီမိုကရေစီနှင့် အကျွမ်းတဝင်ရှိလာစေရန် ပြင်ပအကူအညီလိုအပ်လိမ့်မည်ဖြစ်ကြောင်း မွမ်မာကဒါဖီခေတ်လွန် လစ်ဗျားအတွက် စီမံကိန်းရေးဆွဲနေသူ ကုလသမဂ္ဂအရာရှိ၏အဆိုအရသိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးအကြံပေး အီယန်းမာတင်သည် ရွေးကောက်ပွဲဆိုသည်ကို မှတ်မိသူမရှိသလောက်ဖြစ်နေသည့် နိုင်ငံတွင်နိုင်ငံရေးသက်ဝင်လှုပ်ရှားမှုရှိလာစေရန် ပြန်လည်လုပ်ဆောင်နေသည်မှာ လပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေး(NTC)သည် စစ်ဘက်လေ့လာရေးအရာရှိများကို တောင်းဆိုလိမ့်မည်ဟု မျှော်လင့်မထားကြောင်း လစ်ဗျားပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်တွင်အီယန်းမာတင်ကပြောသည်။

"ကုလသမဂ္ဂ ဒါမှမဟုတ် တခြားနေရာကနေ ဘယ်လို စစ်ဘက်(တပ်များ)ချထားမှုမျိုးကိုမဆို လစ်ဗျားက ရှောင်လွှဲလိုတယ်ဆိုတာကတော့ ရှင်းနေပါတယ်" ဟု ကုလအကြံပေးကပြောကြားသည်။

သို့သော် ကုလသမဂ္ဂအနေဖြင့် လစ်ဗျားနိုင်ငံအား ကူညီရန်အလို့ငှာ ရဲတပ်ဖွဲ့သင်တန်းဆရာများ၊ စောင့်ကြည့်လေ့လာသူများ ပါဝင်မည့်နိုင်ငံစုံတပ်ဖွဲ့တစ်ဖွဲ့ကို စည်းရုံးပေးနိုင်ကြောင်းဆိုသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ၎င်း၏ လစ်ဗျားနိုင်ငံ အကြံပေးနှင့်အခြားထိပ်တန်းခေါင်းဆောင်များသည် သူပုန်အစိုးရခေါင်းဆောင်မူစတာဖာအဗ္ဗဒီဂျာလီနှင့်အတူ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲတစ်ရပ်ပြုလုပ်မည်ဖြစ်သည်။

—*Ref: AFP*

## လစ်ဗျား နိုင်ငံခြားရေးဝန်ကြီးကို ဖမ်းဆီးရမိ

**ဂျန်ဇိုအာ၊ စက်တင်ဘာ - ၁**

မွမ်မာကဒါဖီ၏ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒီလက်တီအိုဘိုင်ဒီအား ထရီပိုလီမြို့အနောက်ဘက် ဆင်ခြေဖုံးဒေသ ဂျန်ဇိုအာရှိ ၎င်း၏လယ်တောတွင် ဖမ်းဆီးရမိခဲ့ကြောင်း ရိုက်တာသတင်းထောက်တစ်ဦးကပြောကြားသည်။

အိုဘိုင်ဒီအားဖမ်းဆီးကြစဉ် လစ်ဗျားအား လက်ရှိအုပ်ချုပ်နေသည့် လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေး(NTC)တပ်ဖွဲ့များက 'ဘုရားသခင်သည်အကြီးမြတ်ဆုံးဖြစ်သည်'ဟု ကြွေးကြော်ကြကြောင်းနှင့် အိုဘိုင်ဒီမှာ လစ်ဗျားရိုးရာအဝတ်အစားသာ ဝတ်ဆင်ထားကြောင်း ရိုက်တာသတင်းထောက်တစ်ဦးကပြောသည်။

ကဒါဖီနှင့် နီးစပ်သူတစ်ဦးဖြစ်သူ အဗ္ဗဒါလာအယ်လ်ဟီဂျာဇီအားလည်း အသွင်ကူးပြောင်းရေးတပ်ဖွဲ့များက ထရီပိုလီမြို့တွင် ဖမ်းဆီးခဲ့ကြောင်း NTC သတင်းရင်းမြစ်များကပြောကြားသည်။

ကဒါဖီ၏ ၄၂ နှစ်ကြာ အုပ်ချုပ်မှုအား ပြုတ်ကျသွားစေခဲ့သည့် ပုန်ကန်ထကြွမှုများ စတင်ချိန်မှစ၍ ကဒါဖီအုပ်စုသည် ဘက်ပြောင်းလာမှုများ၊ ဖမ်းဆီးခံရမှုများ၊ သတ်ဖြတ်မှု အများအပြားကြုံတွေ့ခဲ့ရသည်။

NTC တိုက်ခိုက်ရေးသမားများသည် တိုက်ပွဲများအတွင်း ကဒါဖီ၏သား ခါမစ်နှင့် ၎င်း၏ ထောက်လှမ်းရေးအကြီးအကဲ အဗ္ဗဒူလာအယ်ဆာနူဆီတို့အား သတ်ဖြတ်နိုင်ခဲ့သည်ဟုယုံကြည်ကြောင်း အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီကပြောကြားသည်။ ကဒါဖီ၏ ဇနီးနှင့် သားသုံးယောက်သည် အယ်လ်ဂျီးရီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံကပြောကြားသည်။ —*Ref: Reuters*

### နောက်ကျောဖုံး - မွမ်မာကဒါဖီ ဘယ်ဆီရောက်နေလဲ မှ

- ကဒါဖီသည် မိုဘိုင်းဖုန်းနှင့် မည်သည့်အခါမျှ စကားမပြောကြောင်းနှင့် ၎င်း၏အဖွဲ့ဝင် အတွင်းလူများ၏ ဖုန်းခေါ်ဆိုမှုများကိုလည်း ဖမ်းယူနားထောင်၍မရကြောင်း ကြားဖြတ်အုပ်ချုပ်သူများကပြောသည်။
- ကဒါဖီသည်အီရတ်မှဆက်ဒမ်ဟူစိန်ထက်ပို၍အချိန်ကြာကြာပုန်းအောင်းနေနိုင်မည့်အလားအလာရှိကြောင်း NTC အရာရှိအချို့ကပြောသည်။ ဆက်ဒမ်ဟူစိန်အား ၎င်း၏ အစိုးရပြုတ်ကျပြီး ကိုးလအကြာတွင်မှ ဖမ်းဆီးရမိခဲ့သည်။ —*Ref: Reuters*

7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011



# “ ပြည်သူတွေက သူတို့ရဲ့ ညီညွတ်မှုကို ပြသခဲ့ပါတယ်

## လစ်ဗျားအမျိုးသား အသွင်ကူးပြောင်းရေးကောင်စီ၏ ဥရောပသမဂ္ဂကိုယ်စားလှယ် မိုဟမ်မက်ဖာဟတ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

မကြာမီရက်ပိုင်းအတွင်းကပဲ ထရီပိုလီမြို့တော်ကို လစ်ဗျားသူပုန်တပ်ဖွဲ့တွေရယ်လို့ နိုင်ငံတကာမှာ ခေါ်ဝေါ်နေကြတဲ့ အမျိုးသားအသွင်ကူးပြောင်းရေး ကောင်စီ NTC ရဲ့တပ်ဖွဲ့ဝင်တွေက သိမ်းပိုက်စီးနင်းနိုင်လိုက်ခြင်းဟာ ယခုရက်သတ္တပတ်ရဲ့ ထိပ်တန်းသတင်းတွေဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် NTC တပ်ဖွဲ့တွေရဲ့ ကဒါဖီနန်းတော်ကို သိမ်းပိုက်နိုင်အပြီး ထွက်ပေါ်လာခဲ့တဲ့ သတင်းတွေ၊ ဓာတ်ပုံတွေမှာလည်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီကတည်းက စတင်ခဲ့တဲ့ လစ်ဗျားတော်လှန်ရေးရဲ့ အဆုံး၊ ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းတော့မယ့် လစ်ဗျားနိုင်ငံသစ်ရဲ့ အစကို ကမ္ဘာ့ပြည်သူတွေ မြင်တွေ့ခွင့်ရလာခဲ့ပါတယ်။ ဒါပေမဲ့ နေတိုးတပ်ဖွဲ့ရဲ့ စစ်ရေးအရ ဝင်ရောက်အရေးယူမှုနဲ့အတူ ကဒါဖီပြုတ်ကျထွက်ပေးခဲ့ရတဲ့အထိဖြစ်ခဲ့တဲ့ လစ်ဗျားရဲ့ ဒီမိုကရေစီခရီးလမ်းဟာ မရေရာလှသေးတဲ့အနာဂတ်ကို မျက်မှောက်ပြုနေရဆဲဖြစ်ပါတယ်။ ယခုဩဂုတ် ၃၁ ရက်အထိရရှိတဲ့ နောက်ဆုံးသတင်းများအရတော့ ကဒါဖီဟာ အယ်လ်ဂျီးရီးယားနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံသွားပြီလို့ သိရသလို လစ်ဗျားအရေးအတွက် ကုလသမဂ္ဂဦးဆောင်တဲ့ နိုင်ငံတကာဆွေးနွေးပွဲကိုလည်း စတင်တော့မှာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ယူရို သတင်းဝက်ဘ်ဆိုက်ဟာ လစ်ဗျားရဲ့ NTC အဖွဲ့မှာ ဥရောပသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ဖြစ်တဲ့ပြောခွင့်ရပုဂ္ဂိုလ် မိုဟမ်မက်ဖာဟတ်နဲ့ ဩဂုတ် ၂၃ ရက်ကပဲ တွေ့ဆုံမေးမြန်းပြီး လစ်ဗျားရဲ့ နောက်ဆုံးအခြေအနေ၊ မရေရာသေးတဲ့အနာဂတ်အကြောင်းတွေကိုသိရအောင် အချိန်မီမေးမြန်းထားခဲ့တဲ့တစ်ခုတည်းသောအင်တာဗျူးကိုအပြည့်အစုံ ပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။

**ပထမဆုံးအနေနဲ့ ကဒါဖီဘယ်မှာရှိနေသလဲဆိုတာရယ်၊ ဘာ့ကြောင့်ခင်ဗျားတို့ကောင်စီက သူ့သားဆာအစ်အယ်လ်အစ္စလာမ်ကိုဖမ်းမိပြီလို့ကြေညာခဲ့ပြီးမှ သတင်းမှားဖြစ်ခဲ့ရတယ်ဆိုတာတွေကိုသိပါရစေ။**

NTC ရဲ့သတင်းရင်းမြစ်တွေ အဆိုအရတော့ ကဒါဖီဟာ လစ်ဗျားမှာ ရှိနေဆဲပါ။ နိုင်ငံအနောက်ပိုင်းမှာဖြစ်ဖို့ များတယ်။ ဖြစ်နိုင်ခြေရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ရက်အတွင်း ထရီပိုလီမှာ ဖြစ်ပျက်ခဲ့တဲ့ အခုလိုမျိုး ထူးခြားအခြေအနေမှာ သတင်းအမျိုးမျိုးလည်း ပြန့်နေမှာပါပဲ။ ဒါပေမဲ့ အခု ကျွန်တော်ပြောသလိုပါပဲ။ ဆာအစ်ဖ်အယ်အစ္စလာမ်ကို လက်ရဖမ်းမိထားတာတို့၊ သူလွတ်သွားနိုင်ခြေရှိတယ်လို့ ဒါမှမဟုတ် သူ့ကိုတစ်ခါမှကို မဖမ်းမိသေးဘူးလို့ သတင်းအမျိုးမျိုးဖြစ်တာကို ကျွန်တော်တို့ မသိရပေမယ့် အဲဒီကိစ္စကထရီပိုလီကို အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီတပ်ဖွဲ့ဝင်တွေကတကယ်ပဲ ၉၀ ရာခိုင်နှုန်းထိန်းချုပ်ထားနိုင်နေပြီဆိုတဲ့ အချက်ကိုတော့ ပြောင်းလဲပစ်နိုင်မှာမဟုတ်ပါဘူး။

**ခင်ဗျားတို့ကောင်စီမှာလစ်ဗျားကို အုပ်ချုပ်ဖို့ နည်းပညာအရ နိုင်ငံရေး ကျွမ်းကျင်မှုတွေ ရှိပါရဲ့လား။**

ကျွန်တော်တို့ NTC ကောင်စီဟာ ပြီးခဲ့တဲ့ ခြောက်လအတွင်း လစ်ဗျားအကျပ်အတည်း (ပြည်တွင်းစစ်) ကိုအောင်အောင်မြင်မြင် စီမံခန့်ခွဲနိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ပြီးတော့ ဒီအောင်မြင်မှုကပဲ ကဒါဖီအလွန် တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရေးအတွက် စီမံလုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။

**လစ်ဗျားမှာ ပြည်တွင်းစစ် အန္တရာယ်ရှိနေတယ်လို့ရော ထင်မိပါသလား။**

ပြည်တွင်းစစ်ဖြစ်မှာကို ကြောက်ရလောက်အောင် ဖြစ်နေတဲ့ ဘယ်အထောက်အထားမှ ကျွန်တော်တို့မှာ မရှိပါဘူး။ ဒါကလည်း လစ်ဗျားပြည်သူတွေရဲ့ အစိတ်အပိုင်းအမျိုးမျိုးကြားမှာ ဘာသာရေးကွဲပြားမှုနဲ့ပဋိပက္ခတွေမရှိတာကို ကျေးဇူးတင်ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာတော့ကဒါဖီရဲ့အစိုးရဟာ ပဋိပက္ခပုံစံအမျိုးမျိုးဖြစ်အောင် ကြိုးစားခဲ့ပြီး လစ်ဗျားလူမျိုးတွေ အချင်းချင်းတိုက်ခိုက်အောင် ဖန်တီးခဲ့ပါသေးတယ်။ ဒါပေမဲ့ လစ်ဗျားပြည်သူတွေက သူတို့ရဲ့ ညီညွတ်မှုကို ပြသခဲ့ပါတယ်။

**လစ်ဗျားရဲ့ ဩဇာကြီးတဲ့ လူမျိုးစုတွေရဲ့ အခန်းကဏ္ဍကရော ဘယ်လိုဖြစ်လာမလဲ သိပါရစေ။**

လူမျိုးစုတွေက ဒီတော်လှန်ရေးကို သူတို့ထောက်ခံကြောင်း ပြောခဲ့ပါတယ်။

**လစ်ဗျားရဲ့ ရေနံတွင်းတွေကို အကြမ်းဖက်တိုက်ခိုက်နိုင်တာတွေနဲ့ပတ်သက်လို့ရော စိုးရိမ်မိပါသလား။**

လက်နက်ကိုင်ထားဆဲဖြစ်တဲ့ကဒါဖီရဲ့လူတွေဆီက အကြမ်းဖက်ခြိမ်းခြောက်မှုတွေကိုတော့ သူတို့အရေးအတွက် နည်းနည်းပဲရှိတာတောင်မှ ကျွန်တော်တို့မျှော်လင့်ထားတယ်။ ဒါပေမဲ့ NTC စစ်တပ်ဟာ ရေနံချက်စက်ရုံတွေကိုကာကွယ်ဖို့ကြိုတင်သတိပေးထားပြီးတတ်နိုင်သမျှထုတ်လုပ်မှု မြန်မြန်ပြန်စနိုင်အောင် ရေနံတင်ပို့မှုတွေ လုပ်နိုင်အောင်လုပ်ဆောင်နေပါတယ်။

**လာမယ့်အနာဂတ်မှာ အနောက်တိုင်းနဲ့ဆက်ဆံရေးကို ဘယ်လိုစီမံမှာပါလဲ။ လစ်ဗျားနဲ့ပတ်သက်လို့ အနောက်တိုင်းနိုင်ငံခြားရေးပေါ်လစီအပေါ်ကိုရော ဘယ်လို ဩဇာလွှမ်းမိုးမှုတွေရှိလာမလဲ။**

လစ်ဗျားဟာ မြေထဲပင်လယ်တစ်ဝိုက်က နိုင်ငံတွေနဲ့ အာရပ်ကမ္ဘာရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တာမို့ အားလုံးကိုလေးစားစွာဆက်ဆံသွားမယ် ထင်ပါတယ်။ ကျွန်တော်တို့ဟာ သဘောတူစာချုပ်တွေအားလုံးကိုလေးစားလိုက်နာမှာ ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းဖို့ လုပ်ဆောင်မှာပါ။ တရားမဝင်ရွှေ့ပြောင်း အခြေချမှုတွေကို တိုက်ဖျက်ရာမှာပါဝင်ပြီး ဥရောပနဲ့လည်း ပြန်ပြည့်ဖြိုးမြဲစွမ်းအင် ကုန်သွယ်ရေးကဏ္ဍကို တည်ဆောက်သွားမှာပါ။ ဥရောပတိုက်နဲ့ အနောက်အုပ်စုတစ်ခုလုံးနဲ့ ကျွန်တော်တို့ ဆက်ဆံရေးဟာလည်း အပြန်အလှန်လေးစားမှု၊ ဘုံအကျိုးစီးပွား ပူးပေါင်းဆောင်ရွက်မှုဝါဒတွေအပေါ် အခြေခံလို့ ဖြစ်ပေါ်လာမှာပါ။

**လစ်ဗျားအမျိုးသား အသွင်ကူးပြောင်းရေး ကောင်စီဟာ နိုင်ငံပိုင်နက်အတွင်း နေတိုးတပ်ဖွဲ့တွေရဲ့ စစ်ရေးအရ တည်ရှိမှုကိုရော အတည်ပြုလက်ခံထားပါသလား။**

အကျပ်အတည်းကာလအတွင်းအဲဒါကို ကျွန်တော်တို့အတည်မပြုခဲ့ပါဘူး။ အခုတော့ ကျွန်တော်တို့ဟာ နိုင်ငံပြန်လည်တည်ဆောက်ရေးအဆင့်မှာ ရောက်ရှိနေပါပြီ။ အခုအချိန်မှာကိုပဲ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီတွေရဲ့ လက်နက်ကိုင်တပ်တွေဟာ ပိုပြီးအင်အားကြီးမားလာ၊ စုစည်းမိလာနေပြီး နိုင်ငံတွင်းမှာအနောက်တိုင်းတပ်ဖွဲ့တွေ တည်ရှိနေမှုကို အားကိုးပြီး အကူအညီယူမယ်ဆိုတဲ့ စိတ်ကိုပိုရှိ ပိုရှိရှောင်ကြဉ်လာနေကြပါပြီ။

*—Ref: "Shedding Light on Libya's Uncertain Future", Euronews, Wikipedia*

### လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ

ဥက္ကဋ္ဌ - **မူစတာဖာ အဗ္ဗဒူလ်ဂျာလီလ်**
ဒုဥက္ကဋ္ဌ - **အဗ္ဗဒူလ်ဟာဖစ်ဂိုဂါ**
အဖွဲ့ဝင်ဦးရေ - **၃၃ ဦး**
စတင်တည်ထောင်သည့်နေ့ - **၂၇ ဖေဖော်ဝါရီ၊ ၂၀၁၁**
ဝက်ဘ်ဆိုက်လိပ်စာ - **ntclibya.com**
တာဝန်ယူထားသည့် အစိုးရပုံစံ - **ကြားဖြတ်အစိုးရ**
သမ္မတ - **မူစတာဖာအဗ္ဗဒူလ် ဂျာလီလ်**
ဒုသမ္မတ - **အဗ္ဗဒူလ်ဟာဖစ်ဂိုဂါ**
ဝန်ကြီးချုပ် - **မာမွတ်ဂျီလ်ဘရီလ်**

### လစ်ဗျားဆက်ဆံရေးအုပ်စု (Libya Contact Group)

လစ်ဗျားအတွက် နိုင်ငံတကာဆက်ဆံရေးအုပ်စု International Contact Group For Libya ဟု လူသိများသော ဤအဖွဲ့သည် လစ်ဗျားပြည်တွင်းစစ် ဖြေရှင်းရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ အဖွဲ့ကို ၂၀၁၁၊ မတ်လတွင်လန်ဒန်-လစ်ဗျားအရေးကွန်ဖရင့်ပြီးနောက် ဖွဲ့စည်းခဲ့သည်။ ဇူလိုင်လတွင်ကျင်းပသော စတုတ္ထအကြိမ်အစည်းအဝေးအပြီး ဆက်ဆံရေးအုပ်စုပါနိုင်ငံများက ကဒါဖီတပ်ဖွဲ့များကို စုပေါင်းတိုက်ခိုက်နေသောမဟာမိတ်အဖွဲ့ဖြစ်သည့် NTC ကိုလစ်ဗျား၏ တရားဝင်အုပ်ချုပ်ရေးအာဏာပိုင်အဖြစ် အသိအမှတ်ပြုခဲ့သည်။

အဖွဲ့ဝင် နိုင်ငံများ မှာ-

| | | |
|---|---|---|
| ၁။ အမေရိကန် | ၂။ ဗြိတိန် | ၃။ ဂျာမနီ |
| ၄။ ပြင်သစ် | ၅။ ဩစတြေးလျ | ၆။ ဘာရိန်း |
| ၇။ ဘယ်လ်ဂျီယံ | ၈။ ဘူလ်ဂေးရီး ယား | ၉။ ကနေဒါ |
| ၁၀။ ဒိန်းမတ် | ၁၁။ ဂရိ | ၁၂။ အီတလီ |
| ၁၃။ ဂျပန် | ၁၄။ ဂျော်ဒန် | ၁၅။ ကူဝိတ် |
| ၁၆။ လက် ဘနွန် | ၁၇။ လူဇင်ဘတ် | ၁၈။ မော်လ်တာ |
| ၁၉။ မော်ရိုကို | ၂၀။ နယ်သာလန် | ၂၁။ နော်ဝေ |
| ၂၂။ ကာတာ | ၂၃။ စပိန် | ၂၄။ ဆွီဒင် |
| ၂၅။ တူရကီ | ၂၆။ ယူအေအီး | ၂၇။ ဖိလစ်ပိုင်တို့ဖြစ်သည်။ |

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.25 · SEPTEMBER 8, 2011



## တေလာနဲ့ ပြန်တွဲမလို့လား တေလာ

**လော့စ်အိန်ဂျလိစ်-ဩဂုတ် ၂၉**

ကျေးလက်ဂီတတေးသီမလေး တေလာဆွစ်ဖ်ဟာလော့စ်အိန်ဂျလိစ်မှာကျင်းပတဲ့သူမရဲ့ဂီတဖျော်ဖြေပွဲမှာပရိသတ်အတွင်းဆင်းပြီးတော့ သူမရဲ့ရည်းစားဟောင်း တေလာလော့ဒ်နာကိုပွေ့ဖက်ခဲ့လို့ သူတို့နှစ်ယောက်ပြန်တွဲကြတော့မလားလို့ ပရိသတ်တွေက ထင်ကြေးပေးနေကြပါတယ်။

တေလာဆွစ်ဖ်ဟာ သူမရဲ့ ဖျော်ဖြေပွဲတိုင်း ပရိသတ်ကိုစင်မြင့်ပေါ်က ဆင်းပြီးပွေ့ဖက်တာ၊လက်ဆွဲနှုတ်ဆက်တာတွေဟာပြုလုပ်နေကျပေမယ့်တေလာလော့ဒ်နာကိုတော့သူ့ဆီတန်းတန်းမတ်မတ်သွားပြီး ပွေ့ဖက်ခဲ့တာကြောင့် ပရိသတ်တွေ အံ့သြခဲ့ကြပါတယ်။

အဲဒီဖျော်ဖြေပွဲညမှာဘဲ တေလာလော့ဒ်နာကိုရည်ရွယ်စပ်ဆိုထားခဲ့တဲ့ သူမရဲ့သီချင်း Back to Decemberကိုဆိုရာမှာစာသားတချို့ကိုပြောင်းလဲဆိုခဲ့ပြီးသီချင်းမဆိုခင်မှာလည်း ဒီသီချင်းဟာမီချီကန်ပြည်နယ်က ကောင်လေး အတွက်လို့ပြောသွားခဲ့ပါတယ်။မီချီကန်ပြည်နယ်ကဆိုတာတေလာလော့ဒ်နာကိုရည်ညွှန်းတာပါ။

အဲဒီညကတော့ တကယ်ကိုထူးခြားခဲ့တဲ့ညလို့ ဆိုရလောက်အောင် တေလာဆွစ်ဖ်ကသူမနဲ့တွဲခဲ့တဲ့ မင်းသားဂျိတ်ရဲ့ရည်းစားရက်စဲဝစ်သာစပွန်း၊ သူမရဲ့ရည်းစားဟောင်းဂျိုးဂျိုးနတ်နဲ့ သူ့ရည်းစားတို့ကိုလည်း ပွေ့ဖက်နှုတ်ဆက်ခဲ့ပါသေးတယ်။

Ref : Hollywoodlife



## ဘယ်သူ ပိုလှလဲ

တော်ဝင်မင်းသားဝီလျံရဲ့ခယ်မ ပစ်ပါမယ်ဒယ်တန်၊ မင်းသမီးလေး ရေချယ်နဲ့ ဟောလိဝုဒ်နဲ့ The Help ဇာတ်ကားကြောင့်တစ်ရှိန်ထိုးအောင်မြင်လာတဲ့ အမ်မာစတုန်းတို့ရဲ့နွေရာသီအနီရောင်ဖက်ရှင်တွေကို People မဂ္ဂဇင်းကတွဲဖက်ဖော်ပြထားပါတယ်။ ကဲ....ဘယ်သူကအနီရောင်ဝတ်စုံနဲ့ပိုလိုက်ဖက်တယ်ဆိုတာ ပရိသတ်ကြီးကပဲ အကဲဖြတ်ပေးလိုက်ပါဦး။

Ref; People



## ဂျူဂျူးကေ ပြောပြတဲ့ တယောအနုပညာရှင်ဘဝ အကြောင်း

ချမ်းခိုက်ခိုက်

**နာမည်ရမော်ဒယ်တစ်ယောက်အဖြစ် ရပ်တည်လှုပ်ရှားပြီးမှ တယောတစ်လက်ကိုင်ပြီး ဖျော်ဖြေရတဲ့ တယောအနုပညာရှင်တစ်ယောက်အနေနဲ့ပါ အောင်မြင်မှုလမ်းစတစ်ဖက်ဆီ ခြေချလိုက်နိုင်တဲ့သူလေးက Miss Tourism, Miss Enat, Miss ICT, Miss လှိုင်ကထုံ၊ Miss Lisange စတဲ့ ဆုငါးဆုရ ဂျူဂျူးကေပါ။ တယောကိုင်ပြီး ဖျော်ဖြေတီးခတ်ရတဲ့ဘဝကို ပိုပြီး မြတ်နိုးချစ်ခင်မိတယ်လို့ ဆိုတဲ့ ဂျူဂျူးကေက တယောတီးခတ်ပြီးမှ ပြောင်းလဲသွားတဲ့ သူမရဲ့ စိတ်နေစိတ်ထား၊ ခံယူချက်တွေကိုပြောပြခဲ့ပါတယ်။**

မော်ဒယ်လုပ်ပြီးတစ်နှစ်အကြာမှာ အဖေကတယောတီးစသင်ပေးတယ်။ အဖေကအရင်တုန်းကတည်းကတီးဝိုင်းတွေမှာ တယောထိုးတယ်။ နိုင်ငံတကာ အဆင့်မီတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုရင် တူရိယာတစ်ခုခု တီးတတ်ရင် ပိုကောင်းမယ်ဆိုတဲ့ စိတ်ကူးနဲ့ ညီအစ်မနှစ်ယောက်လုံးကိုအဖေကတယောသင်ပေးခဲ့တာပါ။ အဲဒီအချိန်တုန်းကတော့ ကိုယ့်မှာ စွမ်းရည်တစ်ခုအနေနဲ့ တတ်ထားတယ်ဆိုတာပဲရှိပြီး ပရိသတ်ကို ထုတ်မပြခဲ့ဖူးဘူး။ ဒီနှစ်စပိုင်းလောက်မှာ ညီမတယောတီးတတ်တာကိုသိတဲ့ ကုမ္ပဏီတစ်ခုက ကမ်းလှမ်းလို့ ပွဲတစ်ပွဲစတီးဖြစ်သွားတယ်။

စာ(၄၉)သို့

ဓာတ်ပုံ-ရဲအောင်အောင်(အမရပူရ)



ဓာတ်ပုံ-ဆာတိုရီ

## ရေစိုခဲ့သော လက်စွပ်နံပါတ်၄

ဘီ


**ရန်ကုန်-စက်တင်ဘာ ၁**

ဗီဒီယိုဇာတ်လမ်းတွေရိုက်ကူးခြင်းကိုရပ်နားထားတာသုံးနှစ်နီးပါးရှိပြီဖြစ်တဲ့ ဒါရိုက်တာမောင်တင်ဦးနဲ့ ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးတို့ လက်တွဲပြီး ရိုက်ကူးခဲ့တဲ့လက်စွပ်နံပါတ်၄ ရိုက်ကွင်းတစ်ခုလုံး မိုးမရွာဘဲ ရေစိုခဲ့ရပါတယ်။

အောင်မြင်ကျော်ကြားတဲ့မော်ဒယ်အဖြစ် ပါဝင်သရုပ်ဆောင်တဲ့ ရဲတိုက်နဲ့အခြားမော်ဒယ်တွေမော်ဒယ်လျှောက်မယ့်ဇာတ်ဝင်ခန်းရိုက်ကူးဖို့ ကုန်သည်ကြီးများဟိုတယ်ရဲ့ တောင်ငူခန်းမမှာ ရိုက်ကွင်းတည်ထားခဲ့ပြီး မော်ဒယ်လျှောက်လမ်းကို မီးထိုးထားတဲ့ Color lighterက အရေးပေါ် မီးငြှိမ်းသတ်ရေးကိရိယာ(fire alarm)ကို အပူပေးသလိုဖြစ်ပြီး ရေတွေပန်းထွက်လာတဲ့အတွက် ရိုက်ကွင်းပေါ်က မင်းသမီးတွေ၊ မော်ဒယ်လျှောက်မယ့်သူတွေ အကုန်ရေတွေရွှဲခဲ့ပြီးမင်းသမီးတွေရဲ့မိတ်ကပ်ဘူးတွေပါ ရေရွှဲကုန်ခဲ့တယ်လို့ ရိုက်ကွင်းအမှတ်တရကို ဆာတိုရီက ဒါရိုက်တာရီဇော်ကပြောပြခဲ့ပါတယ်။

“မီးအပူပေးသလိုဖြစ်ပြီး ရေတွေပန်းကျလာတာ အခန်းတစ်ခုလုံး စိုသွားပါရော။ လူတွေရော မိတ်ကပ်ဘူးတွေရော၊ အကုန်ရေစိုပြီး ဝရုန်းသုန်းကားဖြစ်သွားတယ်’လို့ ဒါရိုက်တာရီဇော်က ရိုက်ကွင်းပေါ်က ရယ်မောစရာအမှတ်တရတစ်ခုကိုပြောပြခဲ့ပါတယ်။

လက်စွပ်နံပါတ်၄ ဇာတ်ကားမှာ ရဲတိုက်က အောင်မြင်နေတဲ့ မော်ဒယ်အဖြစ် သရုပ်ဆောင်ထားပြီး ဝိုင်းစုခိုင်သိန်း၊ မေ၊ ခင်လေးနွယ်တို့က သူ့ကို ဝိုင်းဝန်းပံ့ပိုးပြီး ချစ်ကြိုက်မိနေတဲ့ ကောင်မလေးသုံးယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ သူ့ကိုကြိုက်နေတဲ့ ကောင်မလေးတွေကို ရဲတိုက်က အရောင်မတူတဲ့ လက်စွပ်တစ်ကွင်းစီပေးထားပြီး သူ့မှာရှိတဲ့ လက်စွပ်နဲ့ ဘယ်သူ့လက်စွပ်အရောင်တူမလဲဆိုတာတော့ ဇာတ်လမ်းရဲ့ လျှို့ဝှက်ချက်ပါ။ ဇာတ်ညွှန်းကိုတော့ကိုဇော်နိုင်ဦးက ရေးဖွဲ့ပေးထားပါတယ်။ ဆာတိုရီနဲ့ ဒါရိုက်တာဦးတင်ဦးတို့ရဲ့ ပထမဆုံးလက်တွဲမှုဖြစ်ပြီး အောက်တိုဘာလမှာလည်း ဒုတိယလက်တွဲမှုအဖြစ် နောက်ထပ်ဇာတ်ကားတစ်ကားရိုက်ကူးဖို့ကမ်းလှမ်းထားကြောင်းလည်း ဆာတိုရီက သိရပါတယ်။



7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# ဝသန် ရုပ်ရှင်ပြပွဲနှင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပြုလုပ်မည်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၂၃**

ပထမဆုံးအကြိမ်ပြည်တွင်းရုပ်ရှင်ပြပွဲနှင့်ပြိုင်ပွဲအဖြစ် ဝသန်ရုပ်ရှင်ပြပွဲနှင့်ပြိုင်ပွဲကို စက်တင်ဘာလ ၁၅ ရက်မှ ၁၈ ရက်အထိ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ပြုလုပ်မည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီဝင်တစ်ဦးဖြစ်သူ မသူသူရှိန်က ပြောသည်။

"Film Festival ဖြစ်တဲ့ အတွက် အနုပညာပိုင်းကိုဦးစားပေးထားပါတယ်။ နည်းပညာပိုင်းကို သိပ်ဦးစားပေးမထားပါဘူး။ နောက်တစ်ခုကပြသမယ့် ကားတွေဟာ ဗီဒီယိုတွေပဲဖြစ်ပေမယ့်လို့ နိုင်ငံတကာစံနှုန်းနဲ့ညီအောင် Film လို့ပဲသုံးလိုက်ပါတယ်။ နိုင်ငံတကာမှာရုပ်ရှင်သင်တန်းတွေ သွားပြီးလေ့လာဆည်းပူးတဲ့အခါ သူတို့နိုင်ငံလိုပဲ ကိုယ့်နိုင်ငံမှာလည်းရှိစေချင်တဲ့အတွက် အကြံတူသူတွေပေါင်းပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကိုအကူအညီတောင်းပြီး ဒီပွဲလေးလုပ်ဖြစ်ခဲ့တာပါ။ ဒီပွဲလေးလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ရုပ်ရှင်ဖန်တီးလိုသူတွေကို စုစည်းပေးတယ်။

စာ(၄၉)သို့






# ဘီယွန်စေး ကလေးမီးဖွားမည့်သတင်းကြောင့် တွစ်တာတွင်ဝင်ရောက်ရေးသားမှုများ စံချိန်တင်

**ဆန်ဖရန်စစ္စကို၊**

**ဩဂုတ် - ၃၀**

ပြီးခဲ့သည့် အမ်တီဗီဂီတဆုချီးမြှင့်ပွဲတွင် ပေါ့ပ်အဆိုတော် ဘီယွန်စေးက ကလေးမွေးဖွားရန် မျှော်လင့်နေကြောင်း သတင်းစကားပြောကြားပြီးနောက် ထိုသတင်းနှင့်ပတ်သက်၍ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွစ်တာတွင် ပရိသတ်များက စာရေးသားမှုအကြိမ်အရေအတွက်မှာ တစ်စက္ကန့်လျှင် ၈,၈၆၈ ကြိမ်နှုန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့ကြောင်းသိရသည်။

ဆန်ဖရန်စစ္စကို အခြေစိုက် တွစ်တာဂလိုဘယ် ပီအာရ်ကုမ္ပဏီ၏ ကြေညာချက်၌ဩဂုတ် ၂၉ ရက်ည ၁၀ နာရီ ၃၅ မိနစ်တွင် ဘီယွန်စေးသတင်းကြောင့် တွစ်တာတွင် စာရေးသားမှုပေါင်း တစ်စက္ကန့်လျှင် ၈,၈၆၈ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

အမ်တီဗီဆုပေးပွဲအခမ်းအနားတွင် ဘီယွန်စေးက ၎င်းနှင့် ခင်ပွန်းသည် ရက်ပ်ပါဂျေးဇီးတို့သည် မိသားစု၏ ပထမဆုံးကလေးကို မကြာမီမြင်တွေ့ရတော့မည်ဖြစ်ကြောင်းဆိုခဲ့ရာ ယခုကဲ့သို့စာရေးသားသတင်းပေးမှုများ တွစ်တာတွင် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယခင်က တွစ်တာတွင်စာရေးသားမှု အမြင့်ဆုံးစံချိန်ဟောင်းမှာ ဇူလိုင်လက ဂျပန်အမျိုးသမီး အမေရိကန်အသင်းကို အနိုင်ရကာ အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်စွဲခဲ့သည့်အချိန်ဖြစ်သည်။ ထိုစဉ်က စာရေးသား သတင်းပို့မှုနှုန်းမှာ တွစ်တာတွင် တစ်စက္ကန့်လျှင် ၇,၁၉၆ ကြိမ်ရှိခဲ့သည်။

၂၀၀၆ ခုနှစ်ကတည်ထောင်ခဲ့သည့်တွစ်တာကုမ္ပဏီသည်ပြီးခဲ့သည့်ဇွန်လတွင် ဝက်ဘ်ဆိုက်အသုံးပြုသူများ၏ စာရေးသားမှုများ မြင့်တက်လာခဲ့ပြီး တစ်နေ့လျှင် စာရေးသားမှုပေါင်းသန်း ၂၀၀ ခန့်ရှိကြောင်း သိရသည်။

—Ref: NA

7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

## ဂျူဂျူးကေပြောပြတဲ့ တယောအနုပညာရှင်ဘဝအကြောင်း မှ

အဲဒီပွဲကနေတော်တော်များများ သတိထားမိသွားပြီး နောက်ပိုင်းပွဲတွေလည်း ဆက်တိုက်ကမ်းလှမ်းခံလိုက်ရလို့ တယောထိုးတာကို လုပ်ဖြစ်သွားပါတယ်။

အမှန်အတိုင်းပြောရရင် တယောထိုးဖို့စသင်ရတုန်းက ဝါသနာမပါဘူး။ တတ်ထား သင့်တယ်ဆိုလို့သာသင်လိုက်တာ။ တယောဆိုတာ ခုချိန်မှာ သိပ်မှ မတီးကြတော့တာ။ အခုခေတ်စားနေတာကဂစ်တာတို့ကီးဘုတ်တို့ဆိုတော့တယောတီးသင်တာကိုရှက်နေတယ်။ ဟယ်ငါ့ကိုများ လှောင်နေကြမလား၊ ဟားနေကြမလား၊ ဒိတ်အောက်နေပြီ။ ဘာတွေတီးနေတာလဲ။ ပျင်းစရာကောင်းတယ်လို့ပြောကြမှာ စိုးရိမ်တယ်။ ဒါကြောင့် အရင်က တယောတီးတတ်တယ်ဆိုတာ ကို သိပ်မပြောဖြစ်ဘူး။ နောက်ပိုင်း မော်ဒယ်မှာ အောင်မြင်လာတဲ့အခါ၊ တီးလာတာကြာတဲ့အခါမှာ တယောတီးတတ်တယ် ဆိုတာကို ပြောကြည့်တော့ လူတိုင်းက တအံ့တဩနဲ့ ချီးကျူးကြတော့မှ ဂုဏ်ယူရကောင်းမှန်း သိလာတယ်။ အဲဒီနောက်ပိုင်း တယောကို ပိုပြီး မြတ်နိုးလာတယ်။ ပိုချစ်လာတယ်။

နိုင်ငံကိုယ်စားပြုအဖြစ် အာဆီယံ အနုပညာပွဲတော်ကို မနှစ်က တက်ရောက်ခဲ့ရတယ်။ အဲဒီမှာ ကိုယ်က အတတ်ပညာတစ်ခုအနေနဲ့ တယောထိုးပြခဲ့ရတာ အမှတ်တရပဲ။ နိုင်ငံကိုယ်စားပြုသွားတဲ့အခါ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်နိုင်ငံသားတွေအတွက် ကိုယ့်အရည်အချင်းကို ကြည့်ပြီးတော့ အထင်သေးတာ အထင်ကြီးတာဖြစ်နိုင်တာဆိုတော့ ကိုယ့်နိုင်ငံ ၊ကိုယ့်လူမျိုးကို အထင်ကြီး၊ ဂုဏ်တက်စေချင်တယ်။ နိုင်ငံကိုယ်စားပြုဆုအဖြစ် Best Performance ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

နောက် ဗြိတိသျှသံအမတ်ကြီးရဲ့နေအိမ်မှာ အဲလိဇဘတ်ဘုရင်မမွေးနေ့အတွက် ပါတီပွဲမှာ မမိုး (မတင်မိုးလွင်)ရဲ့ဆက်သွယ်ပေးမှုနဲ့တီးဖြစ်ပါတယ်။

တယောတီးဖို့ လက်ရည်တက်နေအောင် အားရင်အားသလိုလေ့ကျင့်တယ်။ အဖေကလည်း အနီးကပ်ကိုယ့်ဆရာဖြစ်နေတော့ သုံးယောက်လုံးဆုံတဲ့အချိန် လေ့ကျင့်ရတယ်။ ရှူတင်တွေရှိရင် တောင် ရှူတင်ကပြန်လာရေမိုးချိုးထမင်းစားပြီးတာနဲ့ လေ့ကျင့်ရတာ။ ည ၁၂နာရီကျော်လောက်မှ အဖေကပေးအိပ်တာ။ ခရီးသွားမှပဲ မလေ့ကျင့်ဖြစ်တာ။ ခရီးစဉ်တွေမရှိရင်တော့ တစ်နေ့ကို နှစ်ခေါက်လေ့ကျင့်ဖြစ်ပါတယ်။

လေ့ကျင့်တဲ့အခါမှာ လည်း မြန်မာသီချင်းတွေထဲကဆိုခုချိန်မှာ ပြန်နားထောင်ချင်ရင်တောင် ရှားပါးနေတဲ့'မှုံရွှေရည်' တို့'ရိုင်းတဲ့စင်ရော်' တို့ဆို ညီမတို့တီးမှပဲလူတွေက ပြန်ကြားရတာ။ အဲဒီလိုပဲ နိုင်ငံတကာကရိုးရာဂီတသံစဉ်လေးတွေ၊ ငြိမ့်ညောင်းပြီးနားစွဲလွယ်မယ့်သီချင်းလေးတွေ၊ နောက် အဖေအရင်တုန်းက တီးခဲ့တဲ့ သီချင်းလေးတွေကို လေ့လာပြီး လေ့ကျင့်တယ်။

တယောနဲ့ ဖျော်ဖြေခဲ့တဲ့ သီချင်းတွေထဲက အားလုံးကိုတော့ ကြိုက်ပါတယ်။ ဘယ်ဟာကို ပိုကြိုက်တယ်ပြောလို့ မရဘူး။ ခုတလောစိတ်ထဲမှာတီးချင်နေတဲ့ သီချင်းပုံစံကတော့ Boom အဖွဲ့တီးတဲ့သီချင်းပုံစံလေးတွေတီးချင်နေတယ်။ ဒါပေမဲ့ သူတို့က Orchestra နဲ့လူအင်အားတွေ အများကြီးသုံးပြီးအချိန် အတော်ကြာ လေ့ကျင့်ပြင်ဆင်ထားတာဆိုတော့ သူတို့လိုဖြစ်ဖို့တော့ ဝေးနေပါသေးတယ်။

တယောအနုပညာရှင် နဲ့ မော်ဒယ်ဘဝကိုခွဲခြားပြောရရင် မော်ဒယ်အနေနဲ့ အလုပ်တွေလာကမ်းလှမ်းတာကျတော့ ကိုယ့်ရဲ့လုပ်ရိုးလုပ်စဉ်လိုဖြစ်နေပြီ။ တယော အနုပညာရှင်အဖြစ် ကမ်းလှမ်းတာကို ပိုပြီး စိတ်လှုပ်ရှားတယ်။ ညီမကြိုးစားဆဲပညာဝယ် အဆင့်မှာပဲရှိပါသေးတယ်။ ကိုယ့်ရှေ့က ဆရာဆရာ့တွေ နိုင်ငံခြားကပညာရှင်တွေကိုလည်းလေ့လာရတယ်။

ဒါပေမဲ့ တချို့ပွဲတွေမှာ ညီမတို့ တယောနဲ့ လိုက်ဖက်တဲ့ Concept မျိုးရှိတယ်။ တချို့ပွဲတွေကျတော့ မလိုက်ဖက်ပေမယ့် အထူးအဆန်းလေးဖြစ်ချင်လို့ ညီမတို့ကို သဘောကျလို့ ခေါ်တီးတယ်။ ဒါပေမဲ့ပွဲအခြေအနေက ဆူဆူညံညံတွေ၊ အရမ်းမြူးတာကိုပဲ လက်ခံတဲ့ပရိသတ်တွေရှိတော့ သူတို့ကြိုက်မယ့်အမျိုးလေးတွေတီးပေးရတယ်။ များသောအားဖြင့်တော့ တယောက သံစဉ်ချိုပြီး သာယာငြိမ့်ညောင်းတဲ့အတွက် ဒီလိုမျိုးလက်ခံတဲ့ပရိသတ်အတွက်ပဲ ငှားတာများပါတယ်။

ကိုယ့်ရဲ့စိတ်ထွက်ပေါက် အနေနဲ့ တယောကိုတီးဖြစ်လားဆိုတာကတော့ နည်းနည်းလေးပြောရခက်သွားပြီ။ တယောကိုတီးပြီးဆိုတာနဲ့ စိတ်ကသူ့အပေါ် အပြည့်အဝ အာရုံနှစ်မထားနိုင်ရင် သံစဉ်ကောင်းမထွက်ဘူး။ ဘယ်လောက်ပဲ လေ့ကျင့်လေ့ကျင့် စိတ်မပါဘဲတီးရင် ထွက်လာတဲ့သံစဉ်က နားဝင်မချိုဘူး။ ကိုယ့် စိတ်နဲ့တယောဘိုးတံနဲ့ လက်ကွက်နဲ့က တစ်သားတည်း တစ်ထပ်တည်းဖြစ်မှသံစဉ်ကကောင်းမယ်။

အခု ညီမတယောနဲ့ ပြန်တီးချင်တဲ့သီချင်းတွေ အများကြီးရှိပေမယ့် ကိုယ်က ပညာရည် သိပ်မပြည့်ဝသေးတဲ့အတွက် အဖေရွေးပေးတဲ့သီချင်းလေးတွေပဲတီးဖြစ်နေတယ်။ နောက်ပိုင်း အဖေက 'မြပန်းခွေ' တို့၊ 'နဂါးနီ' တို့ တီးဖို့ စိတ်ကူးထားတယ်လို့ ပြောပါတယ်။ တယောက ညီမရဲ့ စိတ်ပိုင်းဆိုင်ရာကို ရင့်ကျက်လာစေတယ်။ အရင်က တစ်ခုခုဆို လွယ်လွယ်နဲ့ အရှုံးပေးတယ်။ ငါပြီး ငါလုပ်လည်း ဖြစ် မှာမဟုတ်ဘူးပေါ့။ ခုနောက်ပိုင်းကျတော့ မရရအောင် လုပ်မယ်ဆိုတဲ့စိတ်ဝင်လာတယ်။ စိတ်ရှည်လာတယ်။ သည်းခံတတ်လာတယ်။

ဒီကဏ္ဍလေးကနေပြောချင်တာက တယောတီးသင်ရမယ်လို့ မဟုတ်ပါဘူး။ ဘယ်တူရိယာပဲ သင်သင် တူရိယာတစ်ခုဟာ ကိုယ့်ရဲ့ စိတ်ကိုပြုပြင်ပြောင်းလဲစေပါတယ်။ ကလေးအရွယ်ကစပြီး သင်ရင် ပိုပြီးထိရောက်ပါတယ်။ စိတ်မရှည်တာတို့၊ ဇွဲမရှိတာတို့ဟာ တူရိယာတစ်ခုခုကို သင်လိုက်ရင် အဲဒီစိတ်အခြေခံလေးတွေရလာမယ်။ ဘယ်လုပ်ငန်းပဲလုပ်လုပ်၊ ဘယ်နေရာပဲဖြစ်ဖြစ် လွယ်လွယ်နဲ့ မကျရှုံးတော့ဘူး။ လွယ်လွယ်နဲ့ နောက်မဆုတ်ဖြစ်တော့ဘူး။အောင်မြင်ဖို့လည်း ပိုပြီးနီးစပ်မယ်လို့ ထင်ပါတယ်။



**အေးသူစံ**

■ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသော 3 'သုံး'ကို ဩဂုတ်လ ၉ရက်မှ စတင်ဖြန့်ချိတော့မည်ဖြစ်သည်။ 3'သုံး'တွင် ရဲတိုက်၊ ဖွေးဖွေး၊ မိုးမိုးတို့အဓိကပါဝင်သရုပ်ဆောင်ထားပြီး သူငယ်ချင်းသုံး ယောက်အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်သည်။ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဆာတိုရီမှပင် ရေးသားထားပြီး ဒါရိုက်တာရီဇော်က ရိုက်ကူးထားသည်။

■ အဆိုတော်ယုန်လေး၏ 'အိမ်မပိုင်ရင်ဂေါ်လီမလုပ်နဲ့' ဒီဗီဒီကာရာအိုကေ စာနယ်ဇင်းမိတ်ဆက်ပွဲကို စက်တင်ဘာ ၁ရက်နေ့က စင်ထရယ်ဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

■ရဲတိုက်ဖောင်ဒေးရှင်းမှ စေတနာ့ဝန်ထမ်းလူငယ်များကို သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ သိကောင်းစရာများကို သင်တန်းအဖြစ် ပို့ချသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၀၊ ၁၁နှင့် ၁၇၊ ၁၈ ရက်များတွင်ပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် သဘာဝဘေးအန္တရာယ်အရေးပေါ် ကယ်ဆယ်ရေးအတွေ့အကြုံရှိပြီး ကြက်ခြေနီအသင်း၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဦးဇော်ထူးဦးနှင့် ပြည်တွင်းမှသဘာဝဘေးကယ်ဆယ်ရေးဆောင်ရွက်နေသောအဖွဲ့ အစည်းများမှ တာဝန်ရှိသူများက ပို့ချပေးသွားမည်ဖြစ်ကြောင်း ရဲတိုက်ဖောင်ဒေးရှင်းမှသိရသည်။

■ရော့ခ်ဂီတဖျော်ဖြေပွဲကြည့်ရှုလိုသူများအတွက် ဘိုဘို အန်တာတိန်းမန့်မှ ဦးစီးကျင်းပမည့် Sunsilk Concert ဖျော်ဖြေပွဲကို စက်တင်ဘာလ ၁၈ ရက်-တွင် သုဝဏ္ဏမိုးလုံလေလုံအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲတွင် Wanted, Idiots, Reason ၊ ဘန်နီဖြိုး၊ ဥက္ကာလင်းအောင်၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အေသင်ချိုဆွေတို့နှင့် ညီ့သည်အဆိုတော်များ သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

■တော်ဝင်ပတ္တမြားရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် 'အားလုံးက ဟော့မှကြိုက်တယ်' ရုပ်ရှင်ကားကို အောက်တိုဘာလတွင်ရုံတင်ပြသမည်ဖြစ်ကြောင်းသတင်းရရှိသည်။ ယင်းဇာတ်ကားသည် အကြည်တော်၏ ဇာတ်လမ်းကို ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားပြီး ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ ချောရတနာ၊ ခင်လေးနွယ်၊ သဇင်၊ အေးမြတ်သူတို့ သရုပ်ဆောင်ထားသည်။

■နာရေးကူညီမှုအသင်း၏ ဦးစီးဦးဆောင်သူ ဦးကျော်သူနှင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်ဖေ(ခ)ရွှေဇီးကွက်တို့၏ မင်္ဂလာသက်တမ်းနှစ် ၃၀ပြည့်ပုလဲရတုကို ဩဂုတ်လ ၃၁ ရက်က နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် ကျင်းပခဲ့ သည်။

## စာ-၄၈၊ ဝသန် ရုပ်ရှင်ပြပွဲနှင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပြုလုပ်မည် မှ

အတွေ့အကြုံ တွေ ဖလှယ်မယ်၊ နောက်ဇာတ်လမ်းတိုရိုက်ကူးမှုလေးတွေကျယ်ပြန့်လာစေဖို့ ရည်ရွယ်ပါတယ်" ဟု လူငယ်ဒါရိုက်တာ သူသူရှိန်က ပြောသည်။ ဝသန်ရုပ်ရှင်ပွဲတော်တွင် ကိုယ်တိုင်ရိုက်ကူးတည်းဖြတ်ထားသော ဇာတ်လမ်းတိုများ Short Film ၊ မှတ်တမ်းရုပ်ရှင်များ Documentary ပြိုင်ပွဲဝင်နိုင်ပြီး ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နောက်ပိုင်း ရိုက်ကူးထားခြင်းဖြစ်ရ မည်ဖြစ်သည်။ မှတ်တမ်းရုပ်ရှင်များသည် ပြသချိန် ၂၅ မိနစ်ထက် မပို၊ ဇာတ်လမ်းတိုများသည် ပြသချိန် ၁၅ မိနစ်ထက် မပိုသော ဇာတ်လမ်းများဖြစ်ရမည်။ ပြိုင်ပွဲဝင်ခွင့်ရသည့် ရုပ်ရှင်စာရင်းကို စက်တင်ဘာလ ၇ ရက်တွင် အသိပေးအကြောင်းကြားမည်ဖြစ်ပြီး စက်တင်ဘာလ ၁၈ရက်တွင် ဆုရွေးချယ်ပေးအပ်မည်ဖြစ်သည်။

အကောင်းဆုံးဇာတ်လမ်းတိုရုပ်ရှင်ဆု၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆုနှင့် အမြင်သစ်ရုပ်ရှင်ဆုတို့ကို ချီးမြှင့်မည်ဖြစ်ပြီး ဆုတစ်ဆုကို ကျပ်သုံးသိန်း သတ်မှတ်ချီးမြှင့်မည်ဖြစ်သည်။ ရုပ်ရှင်ပြပွဲနှင့်အတူ ရုပ်ရှင်နှင့်အနုပညာ နယ်ပယ်အသီးသီးမှ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများ၊ ဗဟုသုတများနှင့် ထင်မြင်ယူဆချက်များကို နှီးနှောဖလှယ်တင်ပြနိုင်ရန် အနုပညာဆိုင်ရာနှီးနှော ဖလှယ်ပွဲများကိုလည်း ထည့်သွင်းထားပြီး Seminar, Workshop များပြုလုပ်နိုင်ရန် အတတ်ပညာရှင်များကိုကမ်းလှမ်းထားသည်ဟု သိရသည်။ စိတ်ဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ထားသည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Help | Dream Works Studios | ၉၆,၈၃၃,၄၂၃ | ၃ |
| ၂။ | Colombiana | Sony Pic. | ၁၀,၄၀၈,၁၇၆ | ၁ |
| ၃။ | Rise of the Planet of the Apes | 20th Century Fox | ၁၄၈,၆၇၄,၀၁၈ | ၄ |
| ၄။ | Don't Be afraid of the Dark | Flim District | ၈,၅၂၅,၇၂၈ | ၁ |
| ၅။ | Our Idiot Brother | The Weinstein Company | ၇,၀၁၁,၆၃၁ | ၁ |
| ၆။ | Spy Kids: All the Time in the World | The Weinstein Company | ၂၁,၉၉၀,၂၂၉ | ၂ |
| ၇။ | The Smurfs | Sony Pic. | ၁၂၅,၉၄၈,၂၃၄ | ၅ |
| ၈။ | Conan the Barbarian | Lionsgate | ၁၆,၆၆၀,၆၆၉ | ၂ |
| ၉။ | Crazy, Stupid, Love | Warner Bros. Pic. | ၆၉,၇၃၂,၅၀၂ | ၅ |
| ၁၀။ | Fright Night | Walt Disney | ၁၄,၂၈၁,၇၇၈ | ၂ |

## Movie Review


### Shaolin



တစ်ဖက်နှင့်တစ်ဖက် မသင့်မြတ်သောစစ်ဘုရင်များ ၎င်းတို့၏ အာဏာပါဝါကိုချဲ့ထွင်နိုင်ရန်တိုက်ခိုက်ကြရာ သေကျေပျက်စီးမှုများဖြစ်ပေါ်လာသည်။ ရှောင်လင်ဘုန်းကြီးများက ဆင်းရဲသားများနှင့် အားနည်းသူများကို ကာကွယ်ပေးပြီး ဒဏ်ရာရသူများကိုကုသပေးသည်။ ဗိုလ်ချုပ်ကြီး ဟောင်မှာ ရက်စက်သူဖြစ်ပြီး အရပ်သားရော၊ စစ်သားရော ခွဲခြားမှုမရှိသတ်ဖြတ်ရာတွင် ၎င်းအား ဗိုလ်ချုပ်ကြီးချောင်မန်းက သစ္စာမခံဘဲ တော်လှန်ရာ ဟောင်မှာ ထွက်ပြေးပုန်းရှောင်ရတော့သည်။ တောင်တန်းများ သို့ထွက်ပြေးခဲ့ရာမှ ရှောင်လင်ကျောင်းတွင် ခိုလှုံနေရင်း ၎င်း၏ အမှားများကိုသိမြင်လာခဲ့သည်။ ချောင်မန်းတို့ကလည်း ဟောင်၏ အတိတ်က လုပ်ရပ်များကို ခွင့်မလွှတ်ဘဲ တိုက်ခိုက်ရန်ကြိုးစားကြရာ ရှောင်လင်ဘုန်းကြီးများနှင့် ထိပ်တိုက်တွေ့ကြတော့သည်။

Jackie Chan၊ Andy Lau၊ Nicholas Tse တို့ဦးဆောင်ပါဝင်ထားသည့် ဇာတ်ကားအား ဒါရိုက်တာ Benny Chan Muk Sing က ရိုက်ကူးထားသည်။ စွန့်စားခန်း၊ အက်ရှင်ကားအား Well Go USA က စက်တင်ဘာ ၉ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011



# "ဒီပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲမယ်လို့တော့ ကတိမပေးနိုင်ပါဘူး"

## ယူ-၁၉ မြန်မာလက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ်နှင့် တွေ့ဆုံခြင်း

**ဗိုလ်ဗိုလ်ဝင်း**

အသက် ၁၉ နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှစ၍ ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင်ကျင်းပတော့မည်ဖြစ်သည်။ အိမ်ရှင် မြန်မာလူငယ်အသင်းမှာ အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ဘရူနိုင်း အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု(က)တွင် ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သည်။ မြန်မာလူငယ်အသင်း၏ ပြင်ဆင်မှု အနေအထားနှင့်ပတ်သက်ပြီး နည်းပြချုပ် ဂျာမနီလူမျိုး မစ္စတာ ဟော့စ်တ်ဇီဆီနဲ့ စက်တင်ဘာ ၂ရက်ကတွေ့ဆုံမေးမြန်းထားမှုများမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**လက်ရှိအသင်းရဲ့ အခြေအနေလေးပြောပြပါ။**

အသင်းက အဆင်ပြေပါတယ်။ ကစားသမားတွေ ကောင်းကောင်းပြင်ဆင်ထားတယ်။ ပွဲစဉ်တွေအတွက် အသင့်ဖြစ်နေပါပြီ။ အဖွဲ့ချုပ်ကလည်း အများကြီး ထောက်ပံ့ပေးတယ်။ စင်ကာပူ၊ မန္တလေး နဲ့ နေပြည်တော်တွေမှာ ခြေစမ်းပွဲတွေ ကစားရတယ်။ ရလဒ်တွေသိပ်မကောင်းခဲ့ပေမယ့် အတွေ့အကြုံကောင်းတွေရခဲ့ပြီး၊ ကျွန်တော်တို့ ဘာလုပ်နိုင်တယ်၊ ဘာမလုပ်နိုင်ဘူးဆိုတာသိလိုက်ရပါတယ်။

**မြန်မာအသင်းရဲ့ အားသာချက်နဲ့အားနည်းချက်ကို သိချင်ပါတယ်။**

အားသာချက်ကတော့ ကစားသမားကောင်းတချို့ရှိတယ်။ ဘယ်လိုတိုက်စစ်ဆင်ရမလဲဆိုတာသိတယ်။ အားနည်းချက်ကတော့ တိုက်စစ်ဆင်နေတဲ့အချိန် တိုက်စစ်နေရာယူထားပြီး ဘောလုံးဆုံးရှုံးတဲ့အခါမှာ အခက်အခဲဖြစ်တာပါပဲ။ ဒါက ကျွန်တော်တို့ တင်မဟုတ်ပါဘူး။ တခြားအသင်းတွေမှာလည်း ကြုံတွေ့နေရတဲ့ပြဿနာပါ။

**ဘယ်အသင်းတွေက အဓိကပြိုင်ဘက်တွေလို့ထင်ပါသလဲ။**

ဗီယက်နမ်နဲ့ အင်ဒိုနီးရှားက တောင့်တင်းတဲ့အသင်းတွေပါ။ သူတို့ကို သတိထားရပါမယ်။ ဘရူနိုင်းနဲ့ လာအိုတို့ရဲ့ အင်အားကို တော့မသိပါဘူး။ တစ်ဖက် အုပ်စုမှာတော့ ထိုင်းနဲ့ မလေးရှားအသင်းတွေက အင်အားကောင်းတယ်လို့ထင်ပါတယ်။

**ပွဲဦးထွက် ယှဉ်ပြိုင်ရမယ့် ဗီယက်နမ်အသင်းအကြောင်း ဘယ်လောက်သိထားပါသလဲ။**

လွန်ခဲ့တဲ့နှစ်လလောက်က ကျွန်တော် ဗီယက်နမ်ကို သွားထားပါတယ်။ ကျွန်တော်နဲ့သိတဲ့ လက်ရွေးစင်အသင်းနည်းပြနဲ့ တွေ့တယ်။ သူ့ဆီက ဗီယက်နမ်အသင်းအကြောင်း သတင်းတချို့သိထားပါတယ်။

**ပြီးခဲ့တဲ့(ဆူဇူကီးဖလား) နိုင်ငံ လက်ရွေးစင်အသင်းပွဲမှာ မြန်မာက ဗီယက်နမ်ကို ၇-၁ ဂိုးနဲ့ အရှုံးကြီးရှုံးခဲ့တယ်။ အဲဒီ့အဖြစ်အပျက်က လာမယ့်ပွဲကို ဖိအားဖြစ်စေမယ်လို့ထင်လား။**

ကျွန်တော့်အတွက် ဖိအား မရှိပါဘူး။ ဒါက တခြားပွဲစဉ်တစ်ခုနဲ့ တခြားအသင်းပါ။ လာမယ့်ပွဲမှာဘာတွေဖြစ်လာမလဲတော့မသိပေမယ့် အဲဒီလို ရလဒ်မျိုးထွက်လာမယ်လို့တော့ မမျှော်လင့်ပါဘူး။ ဒီပွဲမှာ အမှားတစ်ခုကနေ ပွဲအဖြေဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကလေးတွေကို ဂရုစိုက်ကြဖို့ပြောထားပါတယ်။

**နိုင်ငံတကာပွဲစဉ်တွေမှာ မြန်မာလူငယ်တွေ အဝါကတ်၊ အနီကတ်တွေ မကြာခဏအပြစ်ခံနေရတဲ့အတွက် စည်းကမ်းပိုင်းဆိုင်ရာ ဘယ်လိုပြင်ဆင်ထားပါသလဲ။**

ကျွန်တော်တို့အဲဒီ့အကြောင်းကိုပြောပြထားပြီးပါပြီ။ ဒိုင်တွေကို လေးစားဖို့နဲ့ ဒိုင်တွေကိုကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်ပြောဆိုတာမျိုးတွေမဖြစ်စေဖို့ပါ။ ကလေးတွေက တွန်းတွန်းတိုက်တိုက် ကစားတဲ့အတွက် အဝါကတ်အပြစ်ခံရနိုင်ပေမယ့် အနီကတ်ဆိုရင်တော့ မကောင်းပါဘူး။

**လူကြီးမင်း နှစ်သက်တဲ့ မြန်မာလူငယ်ကစားသမားတွေရှိရင်သိချင်ပါတယ်။**

ကစားသမားကောင်းတချို့ရှိပါတယ်။ ကောင်းဆက်နိုင်၊ ဖြိုးမောင်မောင်ကျော်၊ ရဲကိုဦးတို့က ကျွန်တော် အထင်ကြီးရတဲ့ကစားသမားတွေပါ။ ကစားသမားအားလုံးကိုလည်း သဘောကျပါတယ်။ လေ့ကျင့်ရေးကွင်းမှာ အကောင်းဆုံးကြိုးစားကြလို့ပါ။

**မြန်မာဘောလုံး အနာဂတ်အလားအလာကို သုံးသပ်ပေးပါ။**

မြန်မာဘောလုံးလောက ဖွံ့ဖြိုးလာနေပါတယ်။ မြန်မာနေရှင်နယ်လိဂ်ပေါ်လာတာနဲ့ နိုင်ငံခြားသား ကစားသမားတွေ ရောက်လာတာကောင်းပါတယ်။ အနာဂတ်မှာ လက်ရွေးစင်အသင်းကြီးလည်း ပိုကောင်းလာမယ်လို့ထင်ပါတယ်။ ကျွန်တော့်အသင်းက ကစားသမားတွေလည်း ခေါ်လို့ရတယ်လေ။

**ဒီပြိုင်ပွဲမှာ ဘယ်လိုရလဒ်မျိုးကို မျှော်လင့်ထားပါသလဲ။**

ကျွန်တော်တို့ သိပ်မဆိုးဘူးလို့တော့ လူတိုင်းမျှော်လင့်ထားပါတယ်။ ဘောလုံးဆိုတာ ပြောဖို့တော့ခက်ပါတယ်။ ကစားသမားလေးတွေကို ဖိအားအများကြီးတော့ မပေးသင့်ပါဘူး။ တချို့ကလေးတွေက ငယ်သေးလို့ ဖိအားတွေအတွက် အသင့်မဖြစ်သေးပါဘူး။ ဒီပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲမယ်လို့တော့ ကတိမပေးနိုင်ပါဘူး။ ကျွန်တော်တို့ဦးတည်ချက်ကတော့ အမှားနည်းအောင်ကစားသွားဖို့ပါပဲ။ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားသွားမှာပါ။

*အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။*



# ကမ္ဘာ့အဆင့်တစ် ဘယ်သန်စနူကာကစားသမား

# မက်ဝီလီယံ

ကိုထိုက်

အမည်ရင်း မက်ဂျိမ်းစ်ဝီလီယံဟုခေါ်သည့် မက်ဝီလီယံသည် ၂၀၀၀နှင့် ၂၀၀၃ ခုနှစ်များတွင်ကမ္ဘာ့ချန်ပီယံပြိုင်ပွဲများ၌ နှစ်ကြိမ်ဗိုလ်စွဲခဲ့ကာ ကမ္ဘာ့စနူကာကစားသမားများအဆင့်သတ်မှတ်ချက်တွင်လည်း ၂၀၀၀-၀၁၊ ၂၀၀၁-၀၂နှင့် ၂၀၀၃-၀၄ ရာသီများတွင် ကမ္ဘာ့အဆင့်တစ်ရရှိခဲ့ကာ လက်ရှိ၌လည်း ၂၀၁၁-၁၂ရာသီ၏ ကမ္ဘာ့အဆင့်တစ်နေရာရရှိထားသူဖြစ်သည်။ ဝေးလ်စ်ပြည်နယ်သားတစ်ဦးဖြစ်သော မက်ဝီလီယံသည် အသက် ၁၁ နှစ်သားအရွယ်ကပင် စနူကာ ကစားနည်းကို စတင်ကစားခဲ့ပြီး၊ လူငယ်အဆင့်ပြိုင်ပွဲများတွင် အကြိမ်ကြိမ်ဗိုလ်စွဲခဲ့သည်။ ၎င်းသည် ငယ်စဉ်က အပျော်တမ်း လက်ဝှေ့သမားတစ်ဦးဖြစ်ရန် ရည်မှန်းခဲ့သော်လည်း စနူကာကစား သမားတစ်ဦးအဖြစ်သာ ရပ်တည်ရန်ဆုံးဖြတ်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦးဘဝကိုစတင်ခဲ့သည်။

ဝီလီယံသည်၁၉၉၆ခုနှစ်တွင်Welsh Open စနူကာပြိုင်ပွဲတွင်စတင်ဗိုလ်စွဲခဲ့ပြီးနောက် ထိုနှစ်ထဲမှာပင် ဂရင်းပရီစနူကာပြိုင်ပွဲကို ဗိုလ်စွဲခဲ့သည်။ ထို့နောက် ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်များတွင် ဗြိတိသျှအိုးပင်းနှင့် အိုင်းရစ်ရှ်အိုးပင်းပြိုင်ပွဲများကိုပါ ဗိုလ်စွဲနိုင်ခဲ့ပြီး ယခင် ၁၉၉၃-၉၄ ရာသီ ကမ္ဘာ့အဆင့်-၁၁၉ မှ လေးနှစ်အတွင်း ကမ္ဘာ့အဆင့်-၄ နေရာသို့ လျင်မြန်စွာတက်လှမ်းနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၉၉-၂၀၀၀ ရာသီတွင် အောင်မြင်မှုအထွဋ်အထိပ်သို့ရောက်ခဲ့ပြီး UK Championship နှင့် World Championship ပြိုင်ပွဲနှစ်ခုစလုံးကို အနိုင်ရခဲ့ကာ ကမ္ဘာ့အဆင့်-၁ နေရာသို့ ပထမဆုံးအကြိမ်ရောက်ခဲ့သည်။ ထို့နောက် ၎င်းသည် ၂၀၀၁-၀၂ ရာသီတွင်မှ China Open ပြိုင်ပွဲတစ်ရပ်တွင်သာ အနိုင်ရခဲ့ပြီး ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယအဆင့်၌ အန်ထော်နီဟမ်မီလ်တန်ကို ရှုံးနိမ့်ခဲ့ပြီး၊ အဆင့်-၁ နေရာကိုလည်း ရွန်နီဆူလေဗန်သို့ လွှဲပြောင်းပေးခဲ့ရသည်။ သို့သော် ဝီလီယံသည် ၂၀၀၃-၀၄ ရာသီတွင်လည်း Welsh Open၊ ကမ္ဘာ့စနူကာ ချန်ပီယံရှစ်နှင့် LG Cup ပြိုင်ပွဲတို့တွင် ဗိုလ်စွဲခဲ့ကာ ၂၀၀၃-၀၄ ရာသီ၏ ကမ္ဘာ့အဆင့်-၁ နေရာ ပြန်လည်ရရှိခဲ့သည်။ ထို့နောက် ၎င်းသည် ၂၀၀၅-၀၆ ရာသီမှစ၍ China Open ပြိုင်ပွဲတစ်ရပ်သာ ဗိုလ်စွဲနိုင်ခဲ့ပြီး၊ ကမ္ဘာ့အဆင့် ၉ သာရခဲ့ကာ ၂၀၀၈-၀၉ ရာသီတွင် အနိမ့်ဆုံးအဖြစ် ကမ္ဘာ့အဆင့်-၂၂ သို့ကျဆင်းခဲ့ရသည်။

၂၀၀၉-၁၀ ရာသီတွင်လည်း ဝီလီယံသည် ရာသီအစတွင် ခါးဒဏ်ရာကြောင့် ရှန်ဟိုင်း မာစတာ၊ ဂရင်းပရီစနူကာပြိုင်ပွဲများတွင်လည်း ဒုတိယအဆင့်၊ ဆီမီးဖိုင်နယ်အဆင့်များမှ ရှုံးနိမ့်ထွက်ခွာခဲ့ရသည်။ ထို့နောက် ၎င်းသည် ၂၀၁၀ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်၌ ရှုံးနိမ့်ခဲ့ရသည်။ ထို့နောက် UK Championship ပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ခဲ့သော်လည်း ဂျွန်ဟစ်ဂင်းအား ရှုံးနိမ့်ခဲ့သည်။ မက်ဝီလီယံသည် ၂၀၁၁ ၏ ပထမဆုံး ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတစ်ခုဖြစ်သော ဂျာမန်မာစတာပြိုင်ပွဲတွင် မက်ဆယ်လ်ဘေအား အနိုင်ရခဲ့ပြီး၊ China Open ပြိုင်ပွဲ တွင်မူ ချန်ပီယံဘွဲ့မကာကွယ်နိုင်ခဲ့ဘဲ ပထမအဆင့်ပတ်လည်ပြိုင်ပွဲ၌ပင် စတီဖင်လီအား ရှုံးနိမ့်ခဲ့ရသည်။ ထို့နောက် ၂၀၁၁ ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ မက်အယ်လင်အားအနိုင်ရကာ ၂၀၀၃ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည်။ ၎င်းသည် ဆီမီးအဆင့်၌ ဂျွန်ဟစ်လင်းအား ရှုံးနိမ့်ခဲ့သော် လည်း ပြိုင်ပွဲမှာ ဆယ်လ်ဘေ ရှုံးနိမ့်ထွက်ခွာခဲ့၍ ပြိုင်ပွဲပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် နံပါတ်-၁ နေရာ ပြန်လည်ရရှိလာခဲ့သည်။ ၎င်းသည် ယခုလကုန်တွင်မူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အနိုင်ရရှိကာ ကမ္ဘာ့အဆင့်-၁ နေရာ၌ ရပ်တည်နေဆဲပင်ရှိသည်။

### ဝီလီယံ၏ ကစားဟန်

ဘယ်သန်ကစားသမားတစ်ဦးဖြစ်သော မက်ဝီလီယံသည် စနူကာကစားနည်းပညာရှင်များ၏အဆိုအရ ဘောလုံးကို တစ်ချက်တည်းနှင့် ကျင်းဝင်အောင်ထိုးခြင်း ပေါ့တ်(Pot)ထိုးရာတွင် အရှည်လျားဆုံးအကွာအဝေးမှ ပေါ့တ်ထိုးနိုင်သူ(Greatest Long Potters in the Game) တစ်ဦးအဖြစ် သတ်မှတ်ခံထားရသည်။ ၎င်းသည် နည်းဗျူဟာကျကျကစားနိုင်သူဖြစ်ပြီး ပြန့်ကြဲနေသော ဘိလိယက်ဘောလုံးများကို တစ်လုံးနှင့်တစ်လုံးမထိဘဲ သပ်ရပ်စွာထိုးချနိုင်သူဖြစ်သည်။ မက်ဝီလီယံသည် အရောင်ခွဲခြားနိုင်စွမ်းအား နည်းသူတစ်ဦးဖြစ်ပြီး၊ အနီနှင့် အညိုရောင်ဘောလုံးများကို ခွဲခြားနိုင်စွမ်း အားနည်းသည်။ ၎င်းသည် တစ်ကြိမ်က အညိုရောင်ဘောလုံးတစ်လုံးကို အနီဟုထင်ကာ ပေါ့တ်ထိုးရာတွင် မှားခဲ့ဖူးသည်။

### ပုဂ္ဂိုလ်ရေးဘဝ

မက်ဝီလီယံသည် ဂေါက်သီးရိုက်ခြင်းနှင့် ပေါ်ကာကစားခြင်းတို့ကို နှစ်သက်ပြီး ဝေးလ်စ်လူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသူတစ်ဦးဖြစ်သည်။ ၎င်း၏ကိုယ်ပေါ်တွင်ဝေးလ်နဂါးတစ်ကောင်အင်္ဂလိပ်အလံကို ကိုက်စားနေဟန် ဆေးမင်ကြောင်ရုပ်ထိုးထားသည်။ ဝီလီယံသည်ဇနီးသည်ဂျိအန်းနှင့် သားနှစ်ဦးရရှိထားပြီး နာမည်ကျော် လက်ဝှေ့သမား ဂျိုးကာလ်ဇာဂီ၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးဖြစ်သည်။ ၎င်းသည် ဗြိတိန်ဘုရင်မကြီးက ပေးအပ်သော ဂုဏ်ထူးဆောင် MBE ဘွဲ့ကို ၂၀၀၄ ခုနှစ် ဇွန်လက ရရှိခဲ့သည်။


ဓာတ်ပုံ - အောင်အောင်

# အာဆီယံ ယူ-၁၉ လက်မှတ်နှုန်းထား ပြောင်းလဲရန်မရှိ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၁**

အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၏ လက်မှတ်နှုန်းထားများ လျှော့ချပေးရန် ပရိသတ်အချို့၏တောင်းဆိုမှုများ ရှိနေသော်လည်း ပြောင်းလဲသွားရန် အစီအစဉ်မရှိကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အာဆီယံ ၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြမည့် အသက် ၁၉ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ တစ်ရက်နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ရာ အုပ်စုပွဲစဉ်များ၏ ကွင်းဝင်ကြေးအဖြစ် တစ်ဦးလျှင် အထူးတန်းကျပ်နှစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ထားသည်။

"လက်မှတ်စျေးနှုန်းက များတယ်လို့မဆိုနိုင်ပါဘူး။ နိုင်ငံတကာပွဲလည်းဖြစ်တယ်။ နှစ်ပွဲလည်းကြည့်ရမယ်။ ရှုံးပွဲတွေ၊ လက်ဖွေ့ပွဲတွေတောင်လက်မှတ်ခကသောင်းဂဏန်းအထိရှိတာပါ" ဟုဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် ယခင်က သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့သည့် နိုင်ငံတကာပွဲစဉ်များ၌ အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာသာ သတ်မှတ်ခဲ့ပြီး တစ်ရက်နှစ်ပွဲနှုန်း ကျင်းပခဲ့သည့် AFC Challenge Cup ပြိုင်ပွဲတွင်လည်း ၎င်းနှုန်းထားအတိုင်းသာ သတ်မှတ်ခဲ့သည်။

ပြီးခဲ့သည့် ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ၌လည်း ရိုးရိုးတန်းဝင်ပေါက်များအား ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ခွင့်ပေးခဲ့ပြီး ပရိသတ်အထူးများပြားခဲ့သည့် မြန်မာ-အိုမန်ပွဲစဉ်တွင်မူ ကွင်းအတွင်းသို့ အရာဝတ္ထုမျိုးစုံနှင့် ပစ်ပေါက်ခဲ့မှုကြောင့် ပွဲပျက်ခဲ့ရသည်။

"နောက်ဘယ်တော့မှလည်း ကွင်းဝင်ကြေးအခမဲ့လုပ်ပေးဖို့ အစီအစဉ်မရှိတော့ပါဘူး။ အာဆီယံ ယူ-၁၉ ပြိုင်ပွဲမှာလည်း ကွင်းဘေးမှာ ပိုက်ကွန်တွေ ကာရံသွားမှာဖြစ်ပြီး၊ လုံခြုံရေးအစီအစဉ်တွေ တင်းတင်းကျပ်ကျပ်ဆောင်ရွက်သွားမှာပါ။ ရိုင်းရိုင်းစိုင်းစိုင်းဆဲဆိုတဲ့သူတွေကိုလည်း အရေးယူသွားမှာပါ" ဟု အဖွဲ့ချုပ်မှတာဝန်ရှိသူကဆိုသည်။

အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်သုံးထောင်နှင့် ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။










SOE ELECTRIC & MACHINERY CO., LTD.
SEM
The NAME U CAN TRUST U & RELY


UPG PREMIER
THOUSANDS
of designing colors
Through Tinting System
UNITED PAINTS GROUP CO., LTD


WATER DOCTOR
Chemical Treatment
Biological Treatment


For a better quality of life
uPVC Pipes
(National, National Plast & Apple)
uPVC Pipe
Chemical Engineering Production
Co-operative Society Limited


OKi
detergent cream
UNITED PACIFIC CO., LTD.


WIM
WELDING INDUSTRIES MALAYSIA SDN.BHD
Electric Welding & Cutting Equipment


CALTEX
apoil
ENJOY
1.9.2011 to 29.2.2012
LUBRICANTS & GREASES
- Automotive
- Commercial
- Industrial
- Marine
Promotion Bonus for,
- Trip to abroad (or) Premium Gift
- Special Discount %
- Presents
More Points
More Gifts
Please Join Fast
Delo
AUNG THEIN THAN CO., LTD.
Please visit at Booth No. 21/22

7DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

# တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် ဖိလစ်ပိုင် သမ္မတကြိုးပမ်း

**ဘေဂျင်း၊ စက်တင်ဘာ - ၁**

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုသည် ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အဦကဏ္ဍများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးအတွက် လမ်းဖွင့်ထားပါကြောင်း ပြောကြားသည်။

နိုင်ငံတွင် အဂတိလိုက်စားမှုကို တိုက်ဖျက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် တန်းတူရည်တူ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း အကွီနိုက ၎င်း၏ ငါးရက်တာ ခရီးစဉ်အတွင်းတွင် အခိုင်အမာပြောကြားသည်။

"ရင်းနှီးမြှုပ်နှံသူတွေဟာလုပ်ငန်းထူထောင်ဖို့ အဆက်အသွယ်တွေကို အားကိုးဖို့ မလိုတော့ပါဘူး။ စည်းမျဉ်းစည်းကမ်းတွေကို ကျော်လွှားဖို့ မလိုပါဘူး။ ဥပဒေအတိုင်း သွားပါမယ်။ ကြိုတင်ခန့်မှန်းနိုင်ပြီး တည်ငြိမ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးသွားပါမယ်" ဟုဘေဂျင်းမြို့ကုန်သွယ်ရေး ဖိုရမ်တစ်ခုတွင် အကွီနိုက ပြောကြားသည်။



တောင်တရုတ်ပင်လယ်နယ်မြေအစိတ်အပိုင်းများအား သူပိုင်ကိုယ်ပိုင် အငြင်းပွားနေမှုတွင် တရုတ်နိုင်ငံ၏ ရန်လိုမှု၊ အနိုင်ကျင့်မှုများကို ဖိလစ်ပိုင်နိုင်ငံ၏ စွပ်စွဲမှုများ တိုးလာနေစဉ် ဖိလစ်ပိုင်သမ္မတ၏ တရုတ်နိုင်ငံသို့အလည်အပတ်ခရီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အကွီနိုသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင်လည်းထိလွယ်ရှလွယ်သောအရေးကိစ္စများ ဖော်ထုတ်ပြောဆိုခဲ့ကြောင်း သို့သော်၎င်း၏ အဓိကအာရုံစိုက်မှုမှာ စီးပွားရေးဆက်ဆံမှုတိုးတက်ရေးပင်ဖြစ်ကြောင်းဖိလစ်ပိုင်ပြောရေးဆိုခွင့်ရှိသူ အက်ဒွင်လာစီယာဒါက သတင်းထောက်များအား ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ၏ အလည်အပတ်ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် သဘောတူညီချက်ကိုးခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်း၌ ၂၀၁၆ ခုနှစ်အရောက်တွင် နှစ်ဖက်ကုန်သွယ်ရေး ကန်ဒေါ်လာ ၆၀ ဘီလီယံသို့ရောက်ရှိရေးငါးနှစ်စီးပွားရေးစီမံကိန်းနှင့် ၂၀၁၆ ခုနှစ်တွင် နှစ်ဖက်တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအနည်းဆုံး ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရောက်ရှိရေးလည်း ပါဝင်သည်။ —*Ref: AFP*

## တရုတ်နှင့် ဗီယက်နမ်ကြား ကာကွယ်ရေး ဖုန်းလိုင်း ထူထောင်ရန် စီစဉ်

**ဟနွိုင်း၊ စက်တင်ဘာ - ၁**

တရုတ်နှင့်ဗီယက်နမ်နိုင်ငံကြားတွင်အနီးကပ်စစ်ဘက်ဆက်ဆံရေးအတွက် နှစ်နိုင်ငံကာကွယ်ရေးဌာနများအကြား၌ အချိန်မရွေးခေါ်ဆိုနိုင်မည့် ဖုန်းလိုင်းထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘေဂျင်းမြို့တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် နှစ်စဉ်ကာကွယ်ရေးနှင့် လုံခြုံရေးတွေ့ဆုံဆွေးနွေးမှု၌ နှစ်ဖက်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် သဘောတူညီခဲ့ကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် Vietnam News သတင်းစာတွင်ဖော်ပြသည်။

နှစ်ဖက်ဆက်ဆံရေးကို နယ်ပယ်သစ်များသို့တိုးချဲ့ပြီး စစ်ဘက်ကိုယ်စားလှယ်များ စေလွှတ်ခြင်း၊ စစ်ဘက်ကျောင်းသားများ အပြန်အလှန်လည်ပတ်ရေး၊ နှစ်ဖက်ကာကွယ်ရေးဝန်ကြီးဌာနများကြားတွင်အချိန်မရွေးဆက်သွယ်နိုင်သည့် ဖုန်းလိုင်းထူထောင်ရေးအတွက်ဆွေးနွေးခဲ့ကြောင်း သတင်းစာကဖော်ပြသည်။

လွန်ခဲ့သောနှစ်အနည်းငယ်ကလည်းနှစ်နိုင်ငံကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ်အချင်းချင်း ဆက်သွယ်ရေးဖုန်းလိုင်းတစ်လိုင်းထူထောင်ခဲ့သည်။

ဘေဂျင်းတွင်ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးမှုကို ဗီယက်နမ်ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တရုတ်တပ်မတော်ဒု-ဦးစီးချုပ်တို့ ဦးဆောင်ခဲ့ကြောင်းသိရသည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် အရင်းအမြစ်များ ကြွယ်ဝသည်ဟုယူဆကြသည့် စပရက်တလေကျွန်းစုများနှင့်ပတ်သက်၍ အငြင်းပွားနေသည့် အိမ်နီးချင်းနိုင်ငံများလည်းဖြစ်သည်။ —*Ref: AFP*






7 DAY NEWS JOURNAL
Vol.10, No.25 · SEPTEMBER 8, 2011

## ပြီးခဲ့သည့် ဩဂုတ်လသည် အမေရိကန်အတွက် အာဖဂန်နစ္စတန်စစ်ပွဲအတွင်း အသေအပျောက် အများဆုံးလဖြစ်

**ကဘူးလ်၊ ဩဂုတ် – ၃၁**

ဆယ်နှစ်နီးပါးကြာမြင့်ခဲ့သော အာဖဂန်နစ္စတန်စစ်ပွဲတွင် ဩဂုတ်လသည် အမေရိကန်နိုင်ငံအတွက် လူအသေအပျောက် အများဆုံးလဖြစ်ခဲ့ပြီး ယင်းအခြေအနေကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံသို့ပြန်လည်ရုပ်သိမ်းလာရေး အိုဘားမားအစိုးရအပေါ် ဖိအားများလာသည်။

ဩဂုတ်လအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၆ ဦးသေဆုံးခဲ့ရာ ၂၀၁၀၊ ဇူလိုင်လတွင် သေဆုံးခဲ့သည့် ၆၅ ဦးစံချိန်ထက်ပိုများခဲ့သည်။ ဩဂုတ်လ ၆ ရက်တွင် အမေရိကန် ရဟတ်ယာဉ်တစ်စီး ပစ်ချခံခဲ့ရပြီး အမေရိကန် ရေတပ်အထူးတပ်ဖွဲ့ဝင် အများအပြား အပါအဝင်ကန်တပ်ဖွဲ့ဝင် ၃၀ ဦးသေဆုံးခဲ့သည်။

မဟာမိတ်တပ်ဖွဲ့များက သူပုန်များအား ၎င်းတို့၏ အမာခံနယ်မြေ အာဖဂန်တောင်ပိုင်းတွင် စစ်ဆင်ရေးများ ဆင်နွှဲနေသော်လည်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာသည်။ ရှေ့လာမည့် ပွင့်လင်းရာသီတွင်လည်း တာလီဘန်များက တန်ပြန်ထိုးစစ် များပြန်လည်ဆင်နွှဲလာနိုင်၍ အကျအရှုံးများနိုင်သည်ဟု အမေရိကန်စစ်ဘက်က ခန့်မှန်းထားသည်။

အာဖဂန်နစ္စတန်စစ်ပွဲသို့ ထပ်မံပို့လွှတ်ထားသည့် တပ်ဖွဲ့ဝင် ၃၃,၀၀၀ ကိုလည်း ပြန်လည်ရုပ်သိမ်းရေး သမ္မတအိုဘားမားက အမိန့်ပေးထားရာ ယင်းကို ကန်စစ်ဘက်က စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ ယခုနှစ်တွင် အိုဘားမားက တပ်ဖွဲ့ဝင်တစ်သောင်း ရုပ်သိမ်းရန် အမိန့်ပေးထားပြီး ၂၀၁၂ ခုနှစ်နွေရာသီရောက်ချိန်တွင် နောက်ထပ်တပ်ဖွဲ့ဝင် ၂၃,၀၀၀ ကိုပြန်လည် ရုပ်သိမ်းရန်လည်းစီစဉ်ထားသည်။

—*Ref: AP*

## ကဒါဖီအား လွှဲပြောင်းပေးရန် လူ့အခွင့်အရေးလှုပ်ရှားသူများက လစ်ဗျားကိုတောင်းဆို

**သည်ဟောဂ်၊ စက်တင်ဘာ – ၁**



မွမ်မာကဒါဖီအား ဖမ်းဆီးရမိရန် နီးစပ်လာပြီဟု၍ လစ်ဗျားသူပုန်များက ပြောဆိုနေကြစဉ်မှာပင် လူ့အခွင့်အရေးလှုပ်ရှားသူများက လစ်ဗျားအာဏာရှင်အား နိုင်ငံတကာရာဇဝတ်မှုခုံရုံးသို့လွှဲပြောင်းပေးရန်နှင့် ၎င်းတို့ကိုယ်တိုင် အရေးယူအပြစ်ပေးခြင်း မပြုရန် သူပုန်များအားတိုက်တွန်းနေကြောင်း သိရသည်။

ယင်းတောင်းဆိုမှုများကို ဦးဆောင်နေသူမှာ နိုင်ငံတကာတရားရုံး၏ အာဂျင်တီးနားနိုင်ငံသားဥပဒေအရာရှိ လူးဝစ်မိုရီနိုအိုကမ်ပိုဖြစ်သည်။ မစ္စတာအိုကမ်ပိုမှာ အစိုးရအပေါ် ဆန့်ကျင်ဆန္ဒပြမှုများကို ဖေဖော်ဝါရီလမှစ၍ နှိပ်စက်သတ်ဖြတ်သူများ ပြုလုပ်နေခဲ့ခြင်းအတွက် မစ္စတာကဒါဖီ၊ ၎င်း၏သားဆာအစ်အယ်လ် အစ္စလာမ်နှင့် ထောက်လှမ်းရေးအကြီးအကဲ အဗ္ဗဒူလာအယ်လ်ဆာနူဆီတို့အား တရားစွဲဆိုခဲ့သူဖြစ်သည်။

"ဥပဒေမှာတော့ ဖမ်းဝရမ်းတစ်ရပ်ထုတ်ပြန်ထားဆဲ ဖြစ်ပြီး လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရဆိုရင်လစ်ဗျားက နိုင်ငံတကာခုံရုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဝတ္တရားရှိပါတယ်" ဟုမိုရီနိုက သတင်းထောက်များကိုပြောကြားသည်။

မစ္စတာကဒါဖီအား ဖမ်းဆီးရမိပါက မည်သို့အရေးယူဆောင်ရွက်မည်ကို သူပုန်များက အမျိုးမျိုးပြောနေကြပြီး နိုင်ငံတကာရာဇဝတ်မှု ခုံရုံးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောကြားသလို ကဒါဖီအား လစ်ဗျားတရားရုံးတွင် စွဲချက်တင် တရားစွဲဆိုဖွယ်ရှိကြောင်းလည်းပြောဆိုနေကြသည်။

—*Ref: AP*



# International

Vol.10, No.25 • SEPTEMBER 8, 2011


## သင်္ဘောပိတ်ဆို့မှုအရေး တူရကီက အစ္စရေးကို တရားစွဲဆိုမည်

**အန်ကာရာ၊ စက်တင်ဘာ - ၄**

ဂါဇာဒေသသို့သွားသော သင်္ဘောများကို အစ္စရေးနိုင်ငံက တားဆီးပိတ်ဆို့ခဲ့ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ နိုင်ငံတကာတရားရုံး(ICJ)တွင် စိန်ခေါ်သွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံက ထုတ်ပြန်ပြောကြားသည်။

ယင်းမှာ ပြီးခဲ့သည့်နှစ်အတွင်း ဂါဇာဒေသသို့သွားသော သင်္ဘောများကို အစ္စရေးနိုင်ငံက စီးနင်းခဲ့ခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံကြား ယိုယွင်းလာသည့်ဆက်ဆံရေး၏ နောက်ဆုံးအမှတ်အသားဖြစ်သည်။ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ စီးနင်းမှုကြောင့် တူရကီနိုင်ငံသား ကိုးဦးသေဆုံးခဲ့ရသည်။

အစ္စရေးနိုင်ငံ၏ ပိတ်ဆို့တားဆီးမှုသည် ဥပဒေနှင့် ညီညွတ်သည့် လုံခြုံရေးအရ အရေးယူဆောင်ရွက်မှုဟုဆိုထားသည့် ကုလသမဂ္ဂအစီရင်ခံစာတွေ့ရှိချက်များကို တူရကီနိုင်ငံက လက်မခံကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူကပြောကြားသည်။ **စာ(၄၅)သို့**



Photo- Getty Images

တာလက်စ်တိုင်ဖွန်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမစီရင်စု၊ နာချီကာဆူရာမြို့တွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးသွားသည့် လမ်းနှုတ်ခမ်းပေါ်၌ ဒေသခံများသွားလာနေကြသည်ကို စက်တင်ဘာ ၃ ရက်နေ့က တွေ့ရစဉ်။ မုန်တိုင်းကြောင့် အနည်းဆုံး လူ ၃၄ ဦးသေဆုံးပြီး ၅၀ ခန့် ပျောက်ဆုံးနေသည်။

## ဆီးရီးယားအနာဂတ်အရေး BRICS နိုင်ငံများက အစီအစဉ် ဖော်ထုတ်


**မော်စကို၊ စက်တင်ဘာ - ၄**

BRICS နိုင်ငံများဖြစ်သည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများသည် လစ်ဗျားနိုင်ငံတွင်ဖြစ်ပျက်ခဲ့သော အခြေအနေမျိုးကို ဆီးရီးယားနိုင်ငံတွင် ထပ်မံ၍ ဖြစ်ပျက်ခွင့်ပြုမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ကပြောကြားသည်။

"BRICS နိုင်ငံများရဲ့ လမ်းစဉ်သာ အဆင်ပြေခဲ့ရင် လစ်ဗျားဖြစ်စဉ်မျိုး ဆီးရီးယားမှာ ထပ်ပြီးဖြစ်ပေါ်မှာမဟုတ်ပါဘူး"ဟု မော်စကိုမြို့၌ အလည်အပတ်ရောက်ရှိနေသော ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုပက် ထရီရောတာနှင့်ပြုလုပ်သည့် ပူးတွဲ သတင်းစာရှင်လင်းပွဲတွင် ဆာဂျီလက်ဗ်ရော့ကပြောကြားသည်။

အဆိုပါအဖွဲ့ဝင်နိုင်ငံများ၏ အစီအစဉ်ကိုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဖော်ထုတ်ခဲ့သည်။

ဆီးရီးယားနိုင်ငံမှ အကြမ်းဖက်သွေးထွက်သံယိုမှုများကို ဆန့်ကျင်ကြောင်း လုံခြုံရေးကောင်စီက တင်းမာစွာ ထုတ်ဖော်ပြောကြားပြီး အစိုးရနှင့် အတိုက်အခံအပါအဝင် ဘက်ပေါင်းစုံက လူ့အခွင့်အရေးကို လေးစားပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရေးကို လုံခြုံရေးကောင်စီကပြောကြားရန် အဆိုပါအဖွဲ့ဝင်နိုင်ငံများက အဆိုပြုသွားမည်ဖြစ်သည်။ **စာ(၄၅)သို့**



## မွမ်မာကဒါဖီ ဘယ်ဆီရောက်နေလဲ

**တူးနစ်၊ စက်တင်ဘာ - ၅**

၄၂ နှစ်ကြာ အုပ်ချုပ်ရေးကို ပြုတ်ကျစေခဲ့သော သူပုန်ထမှုဖြစ်ပေါ်ပြီးနောက် လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ၎င်းအား ရှာဖွေရေးအတွက် ကြိုးပမ်းမှုများကိုဖော်ပြလိုက်ပါသည်။

- နေတိုးထောက်ခံမှုရရှိထားသည့် လစ်ဗျားအမျိုးသား အသွင်ကူးပြောင်းရေးကောင်စီ(NTC)သည် ကဒါဖီ၏ နောက်လိုက်များထဲမှ သတင်းပေးများကိုအသုံးချ၍ ၎င်းအား ရှာဖွေလျက်ရှိသည်။
- ကဒါဖီအား သတ်ဖြတ်နိုင်သူ(သို့မဟုတ်)ဖမ်းဆီးနိုင်သူ မည်သူကိုမဆိုပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးမည်ဟု NTC က ကြေညာထားသလို ဆုကြေးငွေ ကန်ဒေါ်လာ ၁ ဒသမ ၃ သန်း ကိုလည်း ထုတ်ပြန်ထားသည်။
- ကဒါဖီသည် ဘေးကင်းလုံခြုံစွာရှိနေပြီး ၎င်းအား ကာကွယ်ပေးသူများက ဝန်းရံထားကြောင်း၊ သို့သော် ခေါင်းဆောင်ကဒါဖီမည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရှိကြောင်း ကဒါဖီ၏ ပြောခွင့်ရပုဂ္ဂိုလ် မော်ဆာအီဗရာဟင်က တူးနစ်မြို့မှ တယ်လီဖုန်းဖြင့် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**စာ(၄၅)သို့**

## ပြည်နယ်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အန်ဂျလာမာကယ်၏ ပေါင်းအဖွဲ့ ရှုံးနိမ့်

**ဘာလင်၊ စက်တင်ဘာ - ၅**

ဂျာမနီနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ် မက်လင်ဘာ့ဂ်-ဖော်ပေါ်မင်တွင် ပြုလုပ်ခဲ့သည့်ရွေးကောက်ပွဲ၌ ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်၏ ပါတီနှင့် ၎င်း၏ မဟာမိတ်ပါတီများ အုပ်စုသည် ရှုံးနိမ့်မှု ထပ်မံကြုံတွေ့ခဲ့ရကြောင်း သိရသည်။




Photo- Reuters

ARD ကွန်ရက်၏ ခန့်မှန်းချက်အရ ခရစ်ယာန်ဒီမိုကရက်ပါတီ(CDU)အပေါ် ထောက်ခံမှုမှာ ၂၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၂၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။ ယင်းမှာ လူဦးရေကျဲပါးသည့်ပြည်နယ်တွင် CDU အပေါ် ထောက်ခံမှုအနည်းဆုံးဖြစ်သည်။

ဝန်ကြီးချုပ်မာကယ်၏ CDU ပါတီနှင့် မဟာမိတ်ဖွဲ့ထားသည့် လွတ်လပ်သော ဒီမိုကရက်များ (FDP) ပါတီမှာလည်း ၂၀၀၆ ခုနှစ်တွင် ထောက်ခံမှု ၉ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ရာမှ ယခုရွေးကောက်ပွဲတွင် ၃ ဒသမ ၁ ရာခိုင်နှုန်းသာရရှိခဲ့သည်။

ယခုနှစ်မှာ ဝန်ကြီးချုပ် မာကယ်အတွက် အားလျော့စိတ်ပျက်စရာနှစ်တစ်နှစ်လည်း ဖြစ်သည်။ ဖယ်ဒရယ်ရွေးကောက်ပွဲများ ကျင်းပရန် ၂ နှစ်အလိုတွင် CDU ပါတီသည် အမျိုးသားထင်ပြင်ချက်စစ်တမ်းများအရထောက်ခံမှုကျဆင်းနေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ယူရိုဇုန်အကျပ်အတည်းနှင့်ပတ်သက်၍ မာကယ်၏ တွန့်ဆုတ်နေသော ခေါင်းဆောင်မှုအပေါ် မကျေမချမ်းဖြစ်ခြင်းမှာ အကြောင်းတစ်ခုအပါအဝင်ဖြစ်သည်။

မာကယ်၏ CDU နှင့် ၎င်း၏ မဟာမိတ် FDP တို့၏ ညွန့်ပေါင်းအုပ်စုသည် အခြားပြည်နယ်ခြောက်ခု ရွေးကောက်ပွဲများတွင်လည်း စိတ်ပျက်စရာရလဒ်များနှင့် ကြုံတွေ့ခဲ့ရကြောင်းသိရသည်။

*—Ref: Reuters*




# နေပြည်တော်တွင် ကျောက်စိမ်းဇုန် တည်ထောင်မည်

**နေပြည်တော်၊ စက်တင်ဘာ - ၅**

နေပြည်တော်တွင်ကျောက်စိမ်းဇုန်တစ်ခု တည်ထောင်သွားမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က စက်တင်ဘာလ ၂ ရက်တွင် အမျိုးသားလွှတ်တော်၌ ပြောကြားသွားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်က ကျောက်စိမ်း၊ ကျောက်မျက်စီးပွား ရေးကဏ္ဍနှင့်ပတ်သက်သော ဆွေးနွေးတင်ပြချက်ကို ပြန်လည်ဆွေးနွေးစဉ် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

နေပြည်တော်တွင် ကျောက်စိမ်း၊ ကျောက်မျက်၊ တန်ဖိုးမြင့် လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းနှင့် ပန်းချီပန်းပုများ အဆင့်မြင့်စွာ ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်ကာ ကျောက်စိမ်းဇုန်ဖော်ထုတ်ရန်စီစဉ်ခြင်းဖြစ်ကြောင်းကိုလည်း ပြောကြားသွားသည်။

ကျောက်စိမ်းဇုန်တွင်ပြည်တွင်း၊ ပြည်ပမှ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ပန်းပုပညာရှင်များအတွက် မြေနှင့်အခြေခံအဆောက်အအုံများရရှိရေး ဆောင်ရွက်ပေးသွားမည်ဟုပြောကြားသွားသော်လည်း ကျောက်စိမ်းဇုန်အဖြစ် သတ်မှတ်မည့်နေရာကိုပြောကြားသွားခြင်းမရှိပေ။

ယခုအခါ ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်တွင် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုရာ၌စာချုပ်ချုပ်ဆိုပြီးနောက် စာချုပ်ဖောက်ဖျက်ခြင်း၊ စာချုပ်ပါတန်ဖိုးအတိုင်း ငွေပေးသွင်းရန်ပျက်ကွက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဝန်ကြီးဌာနအနေနှင့်ဝယ်ယူသူကုန်သည်များထံမှ စပေါ်ငွေများကိုတစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့် ရယူခြင်းများအပါအဝင် အခြားကိစ္စများကိုလည်း ဝင်ရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

လက်ရှိငွေပေးချေမှုစနစ်မှာ ကြိုတင်ငွေ ၁၀ ရာခိုင်နှုန်းကို ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းစေပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ရာခိုင်နှုန်းပြည့် အပြည့်ငွေချေရန်သတ်မှတ်ထားကြောင်းလည်း ပြောကြားခဲ့သည်။ လက်ရှိ ငွေပေးချေမှုစနစ်ကို နောင်တွင် ပြောင်းလဲလာမည့် အခြေအနေများအပေါ် မူတည်ကာ ပြောင်းလဲသွားရန်လည်းရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

# ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက် စုဆောင်းမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းထား

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ-၅**

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များနှင့် အကြံဉာဏ်များရယူလိုပါက ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက်စုဆောင်းမြှင့်တင်ရေးအဖွဲ့သို့ လာရောက်ဆွေးနွေးနိုင်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ကုမ္ပဏီများဆိုင်ရာညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကပြောကြားသည်။

ယင်းအဖွဲ့ကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး(ရုံးအမှတ် ၃၂)တွင် အပတ်စဉ် ဗုဒ္ဓဟူးနှင့် သောကြာနေ့လယ် ၁ နာရီ တွင် လာရောက်တွေ့ဆုံနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အဆိုပါအဖွဲ့ကို ၂၀၁၁ ဇွန်လမှစတင်၍ ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနများနှင့် တစ်ပေါင်းတစ်စည်းတည်းလုပ်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

"ဒါက အဆိုပြုချက်မတင်ခင် ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး (Clear Massage)ရှင်းလင်းတဲ့ အချက်အလက်ရစေချင်လို့ပါ"ဟု ဦးအောင် နိုင်ဦးကရှင်းပြသည်။

အဆိုပါ အဖွဲ့သို့ သွားရောက်မေးမြန်းလိုသူသည် စာတင်စရာမလိုဘဲ လူကိုယ်တိုင်လာရောက်မှတ်ပုံတင်ပြီး သိလိုသူများကိုမေးမြန်းနိုင်ပါကြောင်းသိရသည်။

အဆိုပါ အဖွဲ့အစည်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က တာဝန်ယူပြီး ပြည်တွင်းအခွန်၊ အကောက်အခွန်အပါအဝင် ကျန်ဝန်ကြီးဌာနများမှ အရာရှိအဆင့်တာဝန်ရှိသူများက ဖြေကြားအကြံပေးမည်ဖြစ်ကြောင်းသိရသည်။

သို့သော် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များကို အဆိုပါအဖွဲ့ကချမှတ်ပေးနိုင်မည်မဟုတ်ကြောင်းကိုလည်း ဦးအောင် နိုင်ဦးကဆိုသည်။

# ချေးငွေနှင့်အပ်ငွေ ဘဏ်အတိုးနှုန်း ၂ ရာခိုင်နှုန်းစီလျှော့

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

ဘဏ်များ၏ အတိုးနှုန်းများကို စက်တင်ဘာ ၁ ရက်မှစတင်၍ ၂ ရာခိုင်နှုန်းစီ လျှော့ချလိုက်ကြောင်း ဘဏ်လုပ်ငန်းနှင့် နီးစပ်သူအသိုင်းအဝိုင်းမှ သတင်းရရှိသည်။



ဘဏ်အတိုးနှုန်းမြင့်မားကြောင်း သတင်းဖော်ပြခဲ့စဉ်

ယခင်က ဘဏ်ချေးငွေအပေါ် ယူသည့်အတိုးနှုန်းသည် တစ်နှစ်လျှင် ၁၇ ရာခိုင်နှုန်းဖြစ်သည်။ ယခုအခါ ချေးငွေအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အပ်ငွေအတိုးနှုန်းကိုလည်း ယခင်၁၂ရာခိုင်နှုန်းသတ်မှတ်ခဲ့ရာမှ စက်တင်ဘာ ၁ ရက်မှစ၍ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအကြား မိမိဘဏ်မှ နှစ်သက်သလိုပြောင်းလဲသတ်မှတ်ရန် ဗဟိုဘဏ်က ခွင့်ပြုကြောင်း အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လွင်ရွှေကပြောသည်။

ဘဏ်အများစုမှာ အပ်ငွေအတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းသတ်မှတ်ရန်စီစဉ်နေကြောင်းလည်းသတင်းရရှိသည်။

"ကျွန်တော်တို့ကို စက်တင်ဘာ ၂ ရက်က အကြောင်းကြားလာတာပါ။ အခုနှုန်းထားက သင့်တော်တဲ့နှုန်းကိုစိစစ်ပြီး ဆောင်ရွက်ပေးတယ်လို့ထင်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ယင်းကဲ့သို့ ဘဏ်ချေးငွေကို အတိုးနှုန်းစတင်လျှော့ချမှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များကလည်း ကြိုဆိုကြသည်။ သို့သော် လက်ရှိ ၁၅ ရာခိုင်နှုန်းမှာလည်း များနေသေးကြောင်း သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

မြန်မာနိုင်ငံ၏ ဘဏ်တိုးနှုန်းသည် အာရှနိုင်ငံများတွင် အမြင့်မားဆုံးနိုင်ငံဖြစ်သည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများတွင် ဘဏ်တိုးနှုန်းသည် ချေးငွေအပေါ် ၅ ရာခိုင်နှုန်း၊ အပ်ငွေအပေါ် ၃ ရာခိုင်နှုန်းသာပေးကြသည်။ ပြည်တွင်း ဘဏ်တိုးနှုန်းမှာ ယခင်က ချေးငွေအပေါ်တွင် ၁၇ ရာခိုင်နှုန်း၊ အပ်ငွေအပေါ် ၁၂ ရာခိုင်နှုန်းပေးသည်။ ထို့ကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသည် ဘဏ်ချေးငွေဖြင့် လုပ်ငန်းလုပ်ကိုင်ရန် အခက်အခဲများ ရှိနေသည်။

# ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ



**မျက်နှာချင်းဆိုင်တိုက်မိပြီးနောက် ကုန်ကားနှစ်စီး တိမ်းမှောက်နေစဉ်**

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၅**

သတ်မှတ်ကုန်တင်ချိန်ထက် ပိုတင်လာသောခြောက်ဘီးကုန်တင်ယာဉ်နှစ်စီး စက်တင်ဘာ ၃ ရက်တွင် မျက်နှာချင်းဆိုင်တိုက်မိကာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

၎င်းယာဉ်တိမ်းမှောက်မှုသည် လမ်းကြောလု၍ မောင်းနှင်စဉ်တွင် တန်ပိုအလေးချိန်ကြောင့် လွတ်ကင်းအောင် တိမ်းရှောင်နိုင်မှု မရှိကြဘဲ တိုက်မိကြခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံး တိမ်းမှောက်သွား၍ ယာဉ်ပေါ်၌ပါရှိသောကုန်ပစ္စည်းအချို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မှော်ဘီ-မြောင်းတကာမှ ဓာတ်မြေဩဇာအိတ် ၄၀၀ (ကုန်ချိန်တန် ၂၀ ) တင်ဆောင်လာသော ၂ခ/၆၃၈၂ ခြောက်ဘီးယာဉ်နှင့် အုတ်ဖိုမြို့မှ မတ်ပဲအိတ် ရေ၃၅၀(ကုန်တန်ချိန် ၂၂တန်ခွဲ) တင်ဆောင်လာသော စ/၁၅၄၉ ခြောက်ဘီးယာဉ်သည် ရန်ကုန်-ပြည်လမ်းမပေါ်ရှိ မင်းလှမြို့နယ်အတွင်းက မိုင်တိုင်အမှတ် ၁၀၅/ ၃ မှ ၁၀၅/၄ အကြားတွင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ခြောက်ဘီးကုန်တင်ယာဉ်များသည် ဝင်ရိုးနှစ်ချောင်းဖြစ်၍ အာဆီယံယာယီစံသတ်မှတ်ခွင့်ပြုတန်ချိန်မှာ ယာဉ်+ကုန် ၁၈ တန်သာဖြစ်၍ ၎င်းယာဉ်တိုက်မှုဖြစ်သော ကားများမှာ ၁၀ တန်ဝန်းကျင်ထိ ပိုမိုတင်ဆောင်လာကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကို သာယာဝတီခရိုင်ရှိမင်းလှမြို့နယ်ရဲစခန်းတွင်ပ/၃၁၈/၂၀၁၁ပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၎င်းယာဉ်နှစ်စီးကို ယာဉ်တိုက်မှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်းအပြင် အာဆီယံစံချိန်ထက် တန်ပိုတင်ဆောင်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက သိရှိထားပြီးဖြစ်၍ လမ်းမကြီးများဥပဒေအရလမ်းတံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်တိုက်မှုဖြစ်စဉ်တွင် ကားနှစ်စီးလုံးပေါ်၌ပါရှိခဲ့သူများ ထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

# ယာဉ်မှတ်ပုံတင်ခြင်းနယ်မြေများ ပြင်ဆင်သတ်မှတ်

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်များ၏ မှတ်ပုံတင်ခြင်းနယ်မြေအား ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က. ည. န)ရုံးများတွင်မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များကို ရုံးများအလိုက် အစီးရေ မျှတစေရန်၊ မြေဝေးကွာမှုမရှိစေရန်၊ ပြည်သူများ စိတ်ချမ်းမြေ့စွာ လုပ်ငန်းများမြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်၊ အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေစေရန် အတွက်ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀၁၁ ဇူလိုင် ၂၂ ရက် ရက်စွဲပါ စာအမှတ် ၁/၄၂-က. ည. န/၂၀၁၁/(၁၉၂၈)အရ မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းနယ်မြေအား ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်အောက်ရှိ ယာဉ်မှတ်ပုံတင်သောရုံးခွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးရုံး၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ အရှေ့ပိုင်းခရိုင်ရုံး၊ အနောက်ပိုင်းခရိုင်ရုံး၊ မြောက်ပိုင်းခရိုင်ရုံး၊ တောင်ပိုင်းခရိုင်ရုံးဟူ၍ ရုံးခြောက်ရုံး ခွဲခြားဖွင့်လှစ်ထားခဲ့သည်။

ယာဉ်မှတ်ပုံတင်ခြင်းနယ်မြေပြောင်းလဲသတ်မှတ်ခဲ့ခြင်းကြောင့် ယခင် ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး လက်အောက်မှ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်မြို့နယ်များမှ ယာဉ်လုပ်ငန်းများအား ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးသို့လည်းကောင်း၊ ယခင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး လက်အောက်မှ တောင်ဥက္ကလာပနှင့် သဃ်န်းကျွန်းမြို့နယ်များမှယာဉ်လုပ်ငန်းများအား ရန်ကုန် အနောက်ပိုင်းခရိုင်ရုံးသို့လည်းကောင်း လုပ်ငန်းများလွှဲပြောင်းလုပ်ကိုင်ရမည်ဖြစ်သည်။ မြောက်ဥက္ကလာပမြို့နယ်ရှိယာဉ်လုပ်ငန်းများမှာ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးသို့လည်းကောင်း၊ ဒဂုံဆိပ်ကမ်း၊ ဒေါပုံနှင့် သာကေတမြို့နယ်များမှ ယာဉ်လုပ်ငန်းများမှာ တောင်ပိုင်း ခရိုင်ရုံးသို့လည်းကောင်း အသီးသီးလွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)တွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းမှအပ ယာဉ်လုပ်ငန်းများအား ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးသို့ လွှဲပြောင်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ မှတ်ပုံတင်နယ်မြေများ ပြောင်းရွှေ့ပြင်ဆင်သတ်မှတ်ပြီးနောက် စတင်ဆောင်ရွက်မည့်ရက်အတိအကျကိုထပ်မံထုတ်ပြန်သွားမည်ဟုသတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.25 • SEPTEMBER 8, 2011

# ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများ ကုလသတ်မှတ်ချက်နှင့်မကိုက်ညီဟုဆို

**မေသီ**

**ရန်ကုန်၊ ဩဂုတ် - ၂၉**

မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားသည့်ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာအများစုမှာ ကလေးသူငယ်များပြုစုစောင့်ရှောက်ခြင်းဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းကချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း မြန်မာနိုင်ငံရှိကလေးသူငယ်စောင့်ရှောက်ရေး ဂေဟာ/သင်တန်းကျောင်းများမှ ကလေးသူငယ်အခြေအနေလေ့လာဆန်းစစ်မှု ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာ၏ အဆိုအရ စိုးရိမ်ဖွယ်ရာအချက်မှာ ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာ/သင်တန်းကျောင်းတွင်နေထိုင်သည့် ကလေးသူငယ်စုစုပေါင်း၏ လေးပုံသုံးပုံနီးပါးမှာ မိဘတစ်ဦး(သို့မဟုတ်)နှစ်ဦးစလုံးအသက်ရှင်လျက်ရှိပြီး အဆိုပါကလေးများ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ပုဂ္ဂလိက ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သည်ဟူသည့်အချက်ဖြစ်သည်။

ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာနှင့် သင်တန်းကျောင်းများသို့ရောက်ရှိလာသည့် ကလေးသူငယ်ထက်ဝက်ကျော်ကိုမိဘများကိုယ်တိုင်နှင့် စောင့်ရှောက်ရန်တာဝန်ရှိသည့် ဆွေမျိုးများကိုယ်တိုင် ဂေဟာသို့ ခေါ်ဆောင်လာကြပြီး အဆိုပါအလေ့အထမှာကုလသမဂ္ဂအဖွဲ့အစည်းကချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့် မကိုက်ညီဟုသိရသည်။

မိသားစုစောင့်ရှောက်မှုမှ ဖယ်ထုတ်ခံရသည့် ကလေးငယ်တစ်ဦးအပေါ် စောင့်ရှောက်မှုကို မလွှဲမရှောင်သာမတတ်သာသည့် အဆုံး၊ နောက်ဆုံးမှသာကျင့်သုံးရမည်ဟုသတ်မှတ်ထားပြီး ဖြစ်နိုင်ပါက အချိန်တိုဆုံးအတိုင်းအတာတစ်ခုအထိသာ ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများတွင် ခေတ္တယာယီစောင့်ရှောက်သင့်ကြောင်းနှင့်ကလေးသူငယ်အကျိုးစီးပွားကိုထည့်သွင်းစဉ်းစားသင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခု လေ့လာဆန်းစစ်မှုသည်ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာနှင့် သင်တန်းကျောင်းများတွင်ရှိသော ကလေးသူငယ်များအတွက် အမှန်တကယ်လိုအပ်သည့် ကူညီစောင့်ရှောက်မှုကို ဖော်ထုတ်ပြသနေကြောင်း၊ ကလေးသူငယ်စောင့်ရှောကရေးဂေဟာနှင့်သင်တန်းကျောင်းများရှိကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုအတွက် အနိမ့်ဆုံးရှိရမည့်စံနှုန်းများကို တရားဝင်ညွှန်ကြားချက်များအဖြစ် ထုတ်ပြန်ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် လူငယ်သင်တန်းကျောင်းများနှင့် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများအားလုံးသို့ အဆိုပါ တရားဝင်ညွှန်ကြားချက်များကိုဖြန့်ဝေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်က အစီရင်ခံစာပူးတွဲထုတ်ပြန်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထိုဂေဟာနှင့် သင်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများသည်လည်း ဂေဟာရှိ ကလေးသူငယ်တိုင်းကို မိသားစုအသိုင်းအဝိုင်းတွင် သဘာဝအတိုင်းရရှိနိုင်သည့်ပြုစုစောင့်ရှောက်မှုမျိုး၊စိတ်ပိုင်းဆိုင်ရာထိတွေ့ဆက်နွှယ်မှုမျိုး ပေးနိုင်ခြင်းမရှိသလို ကလေးသူငယ်၏ ဦးနှောက်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုအပေါ်တွင်လည်း လွှမ်းမိုးနိုင်မှု မရှိခြင်းတို့ကြောင့် ဂေဟာရှိ ကလေးသူငယ်များ လျစ်လျူရှုခံနေရသည့် စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှု၊ အကျိုးသက်ရောက်မှုရှိနိုင်မှုများကို ယူနီဆက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတိုင်ပင်ခံ မစ္စဒီယန်းဆွေးစ်က ဆွေးနွေးတင်ပြခဲ့သည်။

မြန်မာဆာဗေးသုတေသနအဖွဲ့၏ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၁၁ ဇန်နဝါရီ ၁၆ ရက်အထိ သုတေသနပြုချက်များအရ မြန်မာနိုင်ငံ၌ အစိုးရမှ ဖွင့်လှစ်ထားသည့် ဂေဟာနှင့် သင်တန်းကျောင်း ၁၄ ခုရှိပြီး ပုဂ္ဂလိကမှ ဖွင့်လှစ်ထားသည့်ဂေဟာနှင့် သင်တန်းကျောင်း ၁၃၃ ခု၊ စုစုပေါင်း ၁၄၇ ကျောင်းရှိပြီး ဗုဒ္ဓဘာသာပရဟိတ ကျောင်း ၆၂ ကျောင်း၊ ခရစ်ယာန်ပရဟိတ ကျောင်း ၂၉ ကျောင်းနှင့် ဘာသာရေးမဟုတ်သောပရဟိတကျောင်း ၅၆ ကျောင်းရှိသည်ဟုသိရသည်။

# မြို့ပတ်ရထားနောက်ဆုံးတွဲတိမ်းမှောက်၍ လူငါးဦး ဒဏ်ရာရ

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ရန်ကုန်မြို့တွင်း ခရီးသည်တင်မြို့ပတ်ရထားတစ်စင်း၏ နောက်ဆုံးတွဲ ဆိုင်းပြုတ်ထွက်ကာ တိမ်းမှောက်သွားသောကြောင့် လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



တွဲဆိုင်းပြုတ်ထွက်ကာ တိမ်းမှောက်နေသောရထားတွဲအားတွေ့ရစဉ်

ဓာတ်ပုံ - သန်းဌေး



ဖြစ်ပွားပုံမှာ အင်းစိန်ဘူတာမှရန်ကုန်ဘူတာကြီးသို့စက်ခေါင်းအမှတ်(DD-936)ဖြင့် လူစီးတွဲဆိုင်းခြောက်တွဲအား စက်တင်ဘာ ၁ ရက်တွင် ဦးဝင်းမင်းဦးက လက်ဝဲရစ်မောင်းထွက်လာသည်။ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာအကြား ရွာမကွေ့နှင့် ရထားလမ်းဆုံအကျော် မိုင်တိုင်အမှတ် ၅/၄ နှင့် ၅/၅ အကြား နေ့လယ် ၁ နာရီ ၅၅ မိနစ်ခန့်တွင် နောက်ဆုံးလူစီးတွဲ အမှတ် (LBTx915)တွဲဆိုင်းမှာပြုတ်ထွက်ပြီး တိမ်းမှောက်သွားကြောင်း ၎င်းကပြောသည်။

"သစ်သားဇလီဖားတုံးတွေ နှစ်ကာလကြာတော့ ဆွေးမြေ့နေတာကြောင့် ရထားလမ်းကုတ်သံချောင်းတွေလည်း ပြုတ်ထွက်ပြီး အခုလိုဖြစ်တာလို့ယူဆပါတယ်" ဟုအဆိုပါတာဝန်ရှိသူပြောသည်။

ယင်းဖြစ်စဉ်ကြောင့် တွဲဆိုင်းပေါ် လိုက်ပါလာသော ရထားတွဲထိန်းနှင့် အင်းစိန်ဘူတာရုံပိုင်ကြီး အပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကာ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

"တောင်ပျံ့(တ-ဂ)မှောက်တာ။ သူ့ရှေ့မှာ ကန်စွန်း(ကစ)က ကပ်လျက်သွားထားလို့ လူနည်းနည်းပဲပါတာ။ ဒါတောင် အယောက် ၂၀ လောက်ဆွဲထုတ်လိုက်ရတယ်"ဟု ယင်းဖြစ်စဉ်တွင် ကူညီကယ်ဆယ်ခဲ့သူ အမျိုးသားတစ်ဦးကပြောသည်။

ရထားတွဲဆိုင်းမှာ ၎င်း၏ အနောက်ဘက်ခြမ်းရှိ အင်းစိန်သို့ လက်ယာရစ်အပြန် သံလမ်းပေါ် မေးတင်ကာ ၆၀ ဒီဂရီခန့် တိမ်းစောင်းလျက်မှောက်ခဲ့သည်။ ရထားတွဲဆိုင်း ညာဘက်တစ်ခြမ်းလုံး မြေကြီးနှင့်ထိကပ်ပြီး ကျန်ဘီးများ ထောင်လျက်အနေအထားဖြစ်နေကြောင်း တွေ့ရှိရသည်။

"မိုးတွေက မည်းမှောင်နေလို့။ ပထမတော့ ကြားကြားချင်း မိုးကြိုးပစ်တယ်ပဲထင်တာ။ ရထားမှောက်တယ် မထင်မိဘူး။ ပြီးမှ လူတွေက ဝိုင်းအုံလာနေလို့ အိမ်ပြင်ထွက်ကြည့်တော့မှ ရထားကြီးမှောက်နေတာတွေ့ရတယ်။ ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး"ဟု ရထားတိမ်းမှောက်နေသော အနီးအနားရှိ ရပ်ကွက်တွင်းနေ အမျိုးသမီးကြီးတစ်ဦးကပြောသည်။

ထိုသို့ရထားတွဲဆိုင်းတစ်ဆိုင်း တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် သစ်သားဇလီဖားတုံး ၁၀ တုံးခန့် ထက်ပိုင်းကျိုးကြေပြီး ကွန်ကရစ်ဇလီဖားတုံး လေး၊ ငါးတုံးခန့်မှာလည်း အတွင်းမှ သံချောင်းငယ်လေးများ ပေါ်သည်အထိ ကျိုးပဲ့ပျက်စီးကုန်သည်။

"အခုလို ဘာကြောင့်ဖြစ်လဲဆိုတာစုံစမ်းစစ်ဆေးနေဆဲပါ" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ ရထားတွဲဆိုင်းတိမ်းမှောက်မှုကြောင့် ရန်ကုန်နှင့် အင်းစိန် အသွားအပြန် ရထားလမ်းမှာ လေးနာရီခန့် ရပ်နားခဲ့ရကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသော မြို့ပတ်ရထားတိမ်းမှောက်မှုဖြစ်စဉ်မျိုးကို ၁၉၈၀ ခုနှစ်ဝန်းကျင်က လှည်းတန်းဘူတာနှင့် ဟံသာဝတီဘူတာအကြား လမ်းကွေ့တွင် တစ်ခါကြုံခဲ့ရဖူးကြောင်း လှည်းတန်းဘူတာအနီးတွင် နေထိုင်သော အမျိုးသားကြီးတစ်ဦးက ပြောသည်။

ထိုစဉ် လှည်းတန်းမှ လက်ဝဲရစ်မောင်းလာသောမြို့ပတ်ရထားမှာ ဟံသာဝတီဘူတာသို့ မဝင်မီ လမ်းကွေ့တွင် စက်ချွတ်ယွင်းမှုဖြစ်၍ ရပ်နားထားစဉ် ၎င်းနောက်မှ မောင်းဝင်လာသော ရထားတစ်စင်းက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ထိုမတော်တဆမှုကြောင့် လူသေဆုံး ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့သည်။

ရန်ကုန်ဘူတာကြီးမှ အင်းစိန်ဘူတာသို့ လက်ယာရစ်၊ လက်ဝဲရစ်မြို့ပတ်နှင့်ခေါင်းလှည့်ရထားများကို ဘူတာ ၃၈ ဘူတာသို့ နေ့စဉ်ပြေးဆွဲနေသည်။

# ရေဖိတ်စဉ်လေလွင့်မှုများကြောင့် ရန်ကုန်တွင် နေ့စဉ် ရေဂါလန် ၆၄ သန်း ဆုံးရှုံး

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ရန်ကုန်မြို့နေလူထုအတွက် နေ့စဉ်ပေးဝေနေသော ရေဂါလန်သန်း ၁၆၀ အနက် ရေပြုန်းတီးမှုနှင့် လေလွင့်ဆုံးရှုံးမှုမှာ ၄၀ ရာခိုင်နှုန်းရှိနေရာ ရေပြုန်းတီးမှုများကို ကာကွယ်နိုင်ရန်အတွက် ရေဖိတ်စဉ်လေလွင့်နေမှုများအား လိုက်လံစစ်ဆေးခြင်း၊ အခမဲ့ပြုပြင်ပေးခြင်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်၊ ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူက ဆိုသည်။

မြို့တော်စည်ပင်မှ နေ့စဉ်ရေဖြန့်ဝေပေးလျက်ရှိသည့် ပိုက်လိုင်းတစ်လျှောက် ရေဖြုန်းတီးမှုများ၊ ရေပြုန်းတီးမှုများဖြစ်နေခြင်း၊ နေအိမ်၊ အစိုးရဌာန၊ နေအိမ်၊ ကျောင်း စသည့်နေရာများတွင် ရေပိုက်ခေါင်းများ မကောင်းခြင်း၊ မလုံခြင်း၊ ရေတိုင်ကီများ ရေအဆင်းဘားများ မလုံခြင်း၊ ပိုက်ဆက်များမလုံခြင်း၊ ပိုက်များ ကွဲအက်နေခြင်း စသည့် နည်းလမ်းစုံဖြင့် ရေများ ယိုစိမ့်ပြုန်းတီးနေမှုများကို ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ပြုပြင်သွားမည်ဖြစ်ကြောင်းသိရသည်။

"စည်ပင်ပိုက်ပေါက်နေရင် စည်ပင်ကပြင်မယ်။ ကိုယ့်အိမ်မှာ ပိုက်ပေါက်နေတာတွေ့ရင် အိမ်ရှင်က လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ထားပေးပါ။ စည်ပင်ဝန်ထမ်းတွေက အခမဲ့လာရောက်ပြုပြင်ပေးပါ့မယ်။ အခကြေးငွေတောင်းခံရင်လည်း တိုင်ကြားနိုင်ပါတယ်။ ချက်ချင်းအရေးယူပေးသွားပါမယ်"ဟု ရန်ကုန်မြို့တော် စည်ပင်၊ ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ယနေ့ သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ရန်ကုန်မြို့နေလူထုအတွက် လှော်ကား၊ ဂျိုးဖြူနှင့် ဖူးကြီး စသည့် ရေလှောင်ကန်များမှ နေ့စဉ် ရေပေးဝေလျက်ရှိရာ နှစ်စဉ်နွေရာသီတွင် ရေဖြန့်ဝေပေးလျက်ရှိသည့် ရေပိုက်လိုင်းများ၏ အစွန်အဖျားမြို့နယ်၊ ရပ်ကွက်များ၌ ရေဖိအားနည်းကာ ရေလုံလောက်စွာမရရှိခြင်းများမှာ ရေလေလွင့်ပြုန်းတီးမှုများကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကလည်း ပါဝင်ကူညီစေလိုကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရေပိုက်များ ပြုပြင်ခြင်း၊ ရေအလေအလွင့်ဖြစ်ပွားနေသည်ကို သတင်းပေးလိုခြင်း၊ ရေရရှိမှုခက်ခဲနေခြင်းများနှင့်ပတ်သက်၍ ဆက်သွယ်အကူအညီတောင်းခံလိုပါက အင်ဂျင်နီယာဌာန၊ ရေနှင့် သန့်ရှင်းမှု ဖုန်း-၀၁-၃၈၂၉၉၀၊ အရှေ့ပိုင်းရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၀၄၁၈၄၁၊ အနောက်ပိုင်းရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၁၉၆၂၉၃၊ တောင်ပိုင်းရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၁၁၂၄၀၆နှင့်မြောက်ပိုင်းရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၀၈-၁၂၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

# သစ်တောရေးရာဝန်ကြီးဌာနအား အမည်ပြောင်း

သီဟ

**နေပြည်တော်၊ စက်တင်ဘာ - ၅**

သစ်တောရေးရာဝန်ကြီးဌာနအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အမည်သို့ ပြောင်းလဲသတ်မှတ်ရန် ယနေ့ကျင်းပပြုလုပ်သည့်ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် အတည်ပြုလိုက်သည်။

ပြည်ထောင်စုလွှတ်တော်က သဘောတူညီခဲ့သည့် ဝန်ကြီးဌာန ၃၄ ခုအနက် သစ်တောရေးရာ ဝန်ကြီးဌာနအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအမည်သို့ ပြောင်းလဲရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားခြင်းဖြစ်ကြောင်းသိရှိရသည်။

"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမည်သို့ပြောင်းလဲသတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၀၂ပုဒ်မခွဲ(က)နှင့်အညီ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ယနေ့ကျင်းပသည့်ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များ၏ သဘောတူညီချက် မေးမြန်းရာ၌ ပြောကြားသွားသည်။



# ပြည်သူ့လွှတ်တော်တွင် ဆန္ဒမဲပေးရာ မတ်တတ်ရပ်သောစနစ်ကို ဦးစားပေး ကျင့်သုံးမည်

သီဟ

**နေပြည်တော်၊ စက်တင်ဘာ - ၅**

ပြီးခဲ့သည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေးအတွင်း ရွေးကောက်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲပေးရသည့်စက်ခလုတ်အား အယုံအကြည်မရှိကြောင်း သိရသည့်အတွက် ရှေ့ဆက်ပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများတွင် ဆန္ဒမဲပေးရာ၌စက်ခလုပ်အား အဓိကအားထားစရာမလိုဘဲ ဖြောင်ကျကျမတ်တတ်ရပ်၍ ဆန္ဒမဲပေးခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ပြောကြားသည်။

လွှတ်လပ်စွာပြောဆိုခွင့်၊ လွှတ်လပ်စွာဆန္ဒပြခွင့်ရှိသည့်အတွက် မိမိ၏ဆန္ဒကိုထုတ်ဖော်ရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်စရာ၊ ရွံ့စရာမလိုကြောင်းကိုလည်း သူရဦးရွှေမန်းကပြောကြားသွားသည်။

"မိမိရဲ့ ယုံကြည်ချက်၊ မိမိရဲ့ဆန္ဒကိုလည်း ထုတ်ဖော်ခွင့်ရှိပါတယ်။ အဲဒီလိုထုတ်ဖော်လို့လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ဒုက္ခပေးလိမ့်မည်မဟုတ်၊ ဒုက္ခပေးနိုင်သည့် အခွင့်အရေးလည်း မရှိကြောင်းကို လွှတ်တော်ဥက္ကဋ္ဌတစ်ယောက် အနေနဲ့တင်ပြလိုပါတယ်" ဟု သူရဦးရွှေမန်းကပြောကြား သည်။

သူရဦးရွှေမန်းက ယနေ့ကျင်းပပြုလုပ်သည့်ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

စက်ခလုတ်နှိပ်၍ မဲပေးခြင်းအား လွှတ်တော်များတွင် ခေတ်မီသည့်အခြေအနေတစ်ရပ်၌သာ ထားရှိမည်ဖြစ်ပြီး နောက်ပိုင်းတွင် သေချာရေရာသည့် ဖြောင်မဲပေးစနစ်ကိုသာ အများဆုံး ကျင့်သုံးသွားမည်ဟုသိရသည်။

# စစ်လက်ကျန်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် လူ ၇ ဦးသေ ၃ ဦးဒဏ်ရာရ

**မာန်ယုကျော်(ရွှေဝမြေ)**

**စစ်တွေ၊ စက်တင်ဘာ- ၁**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ သဲချောင်းကျေးရွာအုပ်စု၊ ဇော်ဂါရီကျေးရွာအနီး ပင်လယ်ကမ်းစပ်တွင် ဩဂုတ်လ ၃၁ ရက်၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်အချိန်၌ စစ်လက်ကျန်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ဇော်ဂါရီကျေးရွာမှ လူ ၇ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇော်ဂါရီကျေးရွာမှ ကျေးရွာသား ၄ ဦး ဖြစ်သည့် ဆွေဒူမူယာ(အသက် ၃၅ နှစ်)၊ နူမာမက် (အသက်-၂၅ နှစ်)၊ နူရဒင် (အသက်- ၃၀နှစ်)၊ အဒူဟာမိတ် (အသက် -၄၀ နှစ်)တို့သည် အဆိုပါဗုံးတွင် ပါရှိခဲ့သည့် ခဲနှင့် ကြေးဝါများကို ခွာယူရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ၎င်းကျေးရွာသား ၄ ဦးမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြသည့် အနီးအနားတွင် ရပ်ကြည့်နေကြသည့်ယာဇူမူစတာ(အသက်-၁၀နှစ်)၊အိုင်ယက်စ် (အသက်- ၁၀ နှစ်)နှင့် မာမက်ဂျူဘေ (အသက်- ၂၀နှစ်) တို့ပါ ဗုံးထိမှန်သေဆုံးသွားသည့်အပြင် အခင်းဖြစ်ပွားရာနေရာနှင့် မနီးမဝေးတွင် တည်ရှိသော အိမ်တစ်အိမ်ထဲရှိ အမျိုးသမီး သားအမိနှစ်ယောက် (ဆာရာဟူဒူအသက် ၄၅ နှစ်နှင့် သူ၏သမီးဖြစ်သူ) တို့စကားပြောနေရာမှ ဗုံးပေါက်ကွဲသံကြောင့် နားစည်များ ပိတ်ကာ အကြားအရုံ ချွတ်ယွင်းသွားကြကြောင်းနှင့် အနားတွင်ရှိသည့် ဟိုက်ရူဆောင်း(အသက် - ၂၅ နှစ်)တွင်လည်း ရင်ညွန့်၌ ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း သိရသည်။

မြေထဲမှပေါ်ထွက်လာသည့် ယခုကဲ့သို့စစ်လက်ကျန်မြေမြှုပ်ဗုံးများတွင် ပါရှိသော ခဲများနှင့် ကြေးဝါများကိုခွာယူရောင်းချခြင်းမှာ ယခင်ကလည်း ရှိခဲ့ဖူးပြီး ခဲနှင့် ကြေးဝါများခွာယူပြီးသွားသည့် ဗုံးများကို ပင်လယ်ပြင်သို့ သွားရောက်ပစ်ချခဲ့ဖူးကြကြောင်း ဒေသခံများကပြောသည်။

ယခုပေါက်ကွဲခဲ့သည့် ဗုံးမှာ ဂျပန်လုပ်စစ်လက်ကျန်မြေမြှုပ်ဗုံးတစ်လုံးဖြစ်ပြီးပင်လယ်ကမ်းစပ်တွင် ရေတိုက်စား၍ မြေပြိုရာမှ ပေါ်ထွက်လာခဲ့သည့် ဗုံးတစ်လုံးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စစ်လက်ကျန်ဗုံးများအား နောက်ထပ်တွေ့ရှိပါကလည်း သက်ဆိုင်ရာသို့အမြန်ဆုံး အကြောင်းကြား၊ အသိပေးသင့်ကြောင်းဖြင့် သဲချောင်းကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းရွှေက ပြောသည်။

ရခိုင်ဒေသသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်မြေပြင်တစ်ခုဖြစ်ခဲ့သည့်အတွက် စစ်လက်ကျန် ဗုံးများအား ရခိုင်ပြည်နယ်၏ နေရာအချို့တွင် တွေ့နေရသည်။ ၂၀၀၉ ခုနှစ်အတွင်းကလည်း မြောက်ဦးမြို့တွင် စစ်လက်ကျန်ဗုံးတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် ဒေသခံတစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

# ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးစတင်

**ရန်ကုန်၊ စက်တင်ဘာ- ၁**

ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးတိုးချဲ့နေသော မြန်မာနိုင်ငံသည် ဩဂုတ် ၂၅ရက်နေ့တွင် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်ရေးတိုးချဲ့လိုက်ကြောင်း စက်တင်ဘာ ၁ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

အဆိုပါနိုင်ငံနှစ်နိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ကောင်းမွန် စေရန် သံအမတ်ကြီးအဆင့်ဖြင့် သံတမန်ဆက်ဆံရေးစတင်ပြုလုပ်လိုက်ခြင်းဖြစ်ပြီး ယင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၀၄ နိုင်ငံမြောက် သံတမန်ထူထောင်သည့်နိုင်ငံဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

ထိုသို့သံတမန်ဆက်ဆံရေးပြုလုပ်သွားရန် သဘောတူညီချက် ကိုမြန်မာနိုင်ငံမှ အမြဲတမ်းကိုယ်စားလှယ်နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တို့သည် ဩဂုတ်လ ၂၅ရက်က အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

# ခရိုင်တစ်ခု ထပ်မံတိုးလာ

## ကျေးရွာနှင့် ကျေးရွာအုပ်စုအချို့ကိုလည်း ပြင်ဆင်၊ ပြောင်းလဲဖွဲ့စည်း

သီဟ

**နေပြည်တော်၊ စက်တင်ဘာ - ၅**

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်(သို့မဟုတ်)ခရိုင်များအား ပြင်ဆင်ခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်းနှင့် အမည်ပြောင်းခြင်းတို့အား ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မှတ်တမ်းတင်လိုက်သည်။

လားရှိုးခရိုင်အတွင်းမှ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်၊ ပန်ဆိုင်း (ပန်ခန်း)မြို့နယ်များနှင့် မန်ခံမြို့နယ်ခွဲတစ်ခု၊ ကျိုင်းတုံခရိုင်အတွင်းမှ မက်မန်းမြို့နယ်တစ်မြို့နယ်၊ ကွမ်းလုံခရိုင်အတွင်းမှ ဟိုပန်မြို့နယ်တစ်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲနှင့် နမ့်တစ်မြို့နယ်ခွဲတို့ အားစုစည်း၍ ဟိုပန်ခရိုင်အဖြစ် ဖွဲ့စည်းခဲ့ကြောင်းကို မှတ်တမ်း တင်ခဲ့သည်။ ထို့ကြောင့် ခရိုင်အသစ်တစ်ခုတိုးလာခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်အတွင်း ကျေးရွာတစ်ရွာတိုးချဲ့ပြီး၊ ကျေးရွာတစ်ရွာ အမည်ပြောင်းကာ ကျေးရွာတစ်ရွာအား တည်နေရာပြောင်းရွှေ့ခဲ့သည်။ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကျေးရွာငါးရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်းတွင် ကျေးရွာနှစ်ရွာ တိုးချဲ့ပြင်ဆင်ခဲ့သည်။ ထို့အတူ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအုပ်စုနှစ်စုနှင့် ကျေးရွာနှစ်ရွာအား အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့ပြုလုပ်ခဲ့သည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိကျေးရွာများ၊ မြို့နယ်များအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်း၊ ခရိုင်ပြောင်းလဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

# ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်း

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂**

ပြည်ထောင်စုအစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်သည့်ကြေညာချက်ထုတ်ပြန်ပြီး ၁၃ ရက်အကြာ ရှစ်ရက်မြောက် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ်ဖွဲ့စည်းရန်အတည်ပြုခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှဦးထွန်းလွင်တင်သွင်းသည့် အဆိုကို အမျိုးသားလွှတ်တော်မှ တိုင်းရင်းသားအများစု ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်ဆယ်ဦးနှင့် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့က ထောက်ခံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး လွှတ်တော်က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြည်ထောင်စု အနှစ်သာရ ပိုမိုထင်ရှားစေသည့် လူမျိုးအသီးသီး၏ ရပိုင်ခွင့်များကို အခြေခံဥပဒေက ပြဋ္ဌာန်းပေးပြီး ဖြစ်ပြီး၊ ကော်မတီတွင် နှစ်ဖက်စလုံးက လက်ခံသည့် ပါတီစုံမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အများ ကြည်ညိုလေးစားသူများ ပါဝင်သော ကော်မရှင်တစ်ရပ် ဖွဲ့စည်းစေလိုကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီလျော်ကန်မှန်ကန်သည့် စေ့စပ်ဆွေးနွေးမှုများကို စနစ်တကျအကောင်အထည်ဖော်ရန် ယခုအခြေအနေမှာ မရှိမဖြစ်လိုအပ်နေသောအချိန်ဖြစ်သည့်အတွက် ကော်မတီဖွဲ့စည်းရေးကို ထောက်ခံကြောင်း တပ်မတော်သားကိုယ်စားလှယ်ဖြစ်သော ဗိုလ်မှူးမောင်မောင်ကြီးက ဆွေးနွေး ပြောကြားခဲ့သည်။

လက်နက်ကိုင်တိုက်ပွဲများ အဓိကဖြစ်ပွားရာ ကချင်ပြည်နယ်မှ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဝင်တစ်ဦးဖြစ်သော ဒေါ်ဘောက်ဂျာက "ကော်မတီမှာ ဘယ်သူတွေပါဝင်လဲဆိုတာပြည်သူက လက်ခံတဲ့ ယုံကြည်ရမယ့်သူဖြစ်ဖို့လိုပါတယ်။ ဒီအတွက် အောက်ခြေက ပြည်သူလူထုရဲ့ အသံကို နားထောင်တတ်ဖို့ လိုပါတယ်"ဟုပြောကြားခဲ့သည်။

ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းများနှင့်ပတ်သက် ၍ ယခင် ငြိမ်းချမ်းရေးကြိုးပမ်းမှု မအောင်မြင်ခဲ့ရခြင်း အကြောင်းရင်းများကိုလည်းပြန်လည်အဖြေရှာသင့်ပါကြောင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်က ပြောကြားခဲ့သည်။

# လူကူးမျဉ်းကျားတွင် ယာဉ်တိုက်မှုဖြစ်ပါက ကျေအေး မရတော့ဟုဆို

**သိမ့်သိမ့်စိုး၊ ဟိန်းထက်**

**ရန်ကုန်၊**

**စက်တင်ဘာ - ၁**

လူကူးမျဉ်းကျားတွင် ယာဉ်တိုက်မှုဖြစ်ပေါ်ပါက အတိုက်ခံရသည့်ဘက်မှ ကျေအေးသည့်တိုင် ယာဉ်မောင်းများအနေဖြင့်ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**လူကူးမျဉ်းကျားပေါ်မှ ဖြတ်သန်းမောင်းနှင်နေသော မော်ဒယ်မြင့်ယာဉ်တစ်စီး**

မျဉ်းကျားတွင် ယာဉ်တိုက်မှုဖြစ်ပါက သာမန် ယာဉ်တိုက်မှုဆိုလျှင် ပုဒ်မ-၂၇၉ အရ ထောင်ဒဏ်သုံးနှစ် သတ်မှတ်ထားသည်။ ယာဉ်တိုက်ခံရသူမှ ကျေအေးပေးသည့် တိုင် ထောင်ဒဏ်နှစ်လ ယာဉ်မောင်းသူမှကျခံရမည်ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိပါက ပုဒ်မ-၃၃၇ အရထောင်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်သည်။ အတိုက်ခံရသူဘက်မှ ကျေအေးပေးသော်လည်း အနည်းဆုံး ထောင်ဒဏ်နှစ်လကျခံရမည်ဖြစ်သည်။ ထို့အပြင် ပြင်းထန်စွာ ဒဏ်ရာရရှိပါက ပုဒ်မ-၃၃၈ အရဆိုလျှင် ထောင်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်သည်။ ၎င်းကို အတိုက်ခံရသူက ကျေအေးခဲ့လျှင် ထောင်ဒဏ်သုံးလကျခံရမည်ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့်သေဆုံးသည်အထိဖြစ်ပါက ပုဒ်မ-၃၀၄(က)အရ ထောင်ဒဏ်ခုနစ်နှစ်ကျခံရမည်ဖြစ်သည်။ အတိုက်ခံရသူဘက်မှကျေအေးသည့်တိုင်ထောင်ဒဏ်ခြောက်လကို ယာဉ်မောင်းအား ကျခံစေမည်ဖြစ်သည်။

"အရင်က ပြစ်ဒဏ်တွေ သတ်မှတ်ထားပေမယ့် အတိုက်ခံရတဲ့သူဘက်က ကျေအေးပေးရင် ပြစ်ဒဏ်က လွတ်တာတွေရှိတယ်။ အခု အတိုက်ခံရတဲ့သူဘက်က ကျေအေးပေးရင်လည်း အနိမ့်ဆုံး ပြစ်ဒဏ်တော့ ကျခံရဦးမှာပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထို့ကြောင့် လူကူးမျဉ်းကျားတွင် ယာဉ်တိုက်မှုမဖြစ်ပေါ်စေရန် အရှိန်ပြင်းစွာ မောင်းနှင်လာသောယာဉ်များကို ထိရောက်စွာ အရေးယူတော့မည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အရှိန်ပြင်းစွာ မောင်းနှင်လေ့ရှိသောယာဉ်များကို ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မ. ထ. သ၊ အနောက်ပိုင်းခရိုင်နှင့် သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူများ ပူးပေါင်းကာ စစ်ဆေးဖမ်းဆီးမှုများပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

"ယာဉ်တိုက်မှုဖြစ်လို့ရဲစခန်းမှာ အမှုဖွင့်ပြီးသွားရင် ယာဉ်ထိန်းတပ်ဖွဲ့မှာလာပြီး ကျေအေးလို့မရဘူး။ တရားရုံးရောက်မှ တရားလိုဘက်က ကျေအေးချင်ရင် ကျေအေးစာတင်လို့ရတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်မြို့တွင်း မောင်းနှင်လာသောယာဉ်များအနေဖြင့် လူကူးမျဉ်းကျားများသို့ ရောက်ရှိပါက အရှိန်လျှော့၍ မောင်းနှင်ရမည်ဖြစ်သည်။ အရှိန်လျှော့မောင်းနှင်ခြင်းမရှိဘဲ မဆင်မခြင်မောင်းနှင်လာပါက မော်တော်ယာဉ်နည်းဥပဒေပုဒ်မ-၁၇/၆၄ အရ စီမံချက်ဒဏ်ငွေ ၃၁,၅၀၀ ကျပ်ပေးဆောင်ရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း၌ လူကူးမျဉ်းကျားပေါင်း ၁၉၉ ခုရှိသည်။

# မျက်နှာဖုံး-ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ ဒေါ်လာတန်ဖိုးကို ဈေးကွက်ပေါက်ဈေးအတိုင်း မကြာမီသတ်မှတ်ပေးနိုင်ဖွယ်ရှိ မှ

ဟုဦးအောင်နိုင်ဦးကရှင်းပြသည်။

ယင်းနှင့်ပတ်သက်၍ ပြည်တွင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကလည်း "ငွေက အမျိုးမျိုးဖြစ်နေတာကနေတစ်မျိုးတည်းလုပ်လိုက်တာပါ။ နိုင်ငံတကာမှာလည်း ဒီတိုင်းပဲလုပ်နေကြတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကတော့ ပိုကောင်းလာမယ်လို့မျှော်လင့်လို့ရပြီ"ဟု ရှင်းပြသည်။

ယခင်က ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် နိုင်ငံခြားရင်းနှီးမှုများအတွက် ငွေလဲနှုန်း တန်ဖိုးသတ်မှတ်မှုမှာ တစ်ဒေါ်လာလျှင် ၆ကျပ်ခန့်သာရှိသည်။

ထိုဥပဒေမှာ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်စတင်ယူပြီး ၁၉၈၈ နိုဝင်ဘာမှ စတင်ထုတ်ပြန်ခဲ့သည့် ဥပဒေဖြစ်သည်။ ယင်းကာလက ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းစဉ် စတင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး ၂၉ နှစ်ကြာမြင့်ပြီဖြစ်သဖြင့် လက်ရှိအခြေအနေနှင့် မကိုက်ညီသောကြောင့် ပြောင်းလဲရခြင်းဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ဆိုသည်။

မြန်မာနိုင်ငံရှိရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံက ၂၀၁၁ ဇူလိုင်လကုန်အထိ လုပ်ငန်းပေါင်း ၄၅၄ ခုတွင် အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံကျော် (ဒေါ်လာသန်းပေါင်း ၃၆,၀၇၁ ဒသမ ၈၈၈) ရင်းနှီးမြှုပ်နှံထားသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံသောကဏ္ဍမှာ လျှပ်စစ်ကဏ္ဍဖြစ်ပြီး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ဒုတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျွမ်းကျင်သူ ဒေါ်မြသူဇာက နေပြည်တော်၌ ကျင်းပခဲ့သော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင်တင်သွင်းသောဂင်း၏စာတမ်း၌ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်မှာ လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံထားပြီး ၃၈ ရာခိုင်နှုန်းကျော်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

## ပြင်ဆင်ချက်

7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၂၄) Health စာမျက်နှာတွင် ပါဝင်ခဲ့သော 'စရိတ်မျှပေးကျန်းမာရေးနှင့်နိုင်ငံ့ကျန်းမာရေးအသုံးစရိတ်' ဆောင်းပါးတွင်ပြည်တွင်းမှ သွားဆရာဝန်များအစား ဆရာဝန်များဟုလည်းကောင်း၊ စာမျက်နှာ ၃၀၌ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကန်ဒေါ်လာ ၁၁၀ အစား ကန်ဒေါ်လာသန်း ၁၁၀ ဟုပြင်ဆင်ဖတ်ရှုပါရန်။

# နေပြည်တော်တွင် ပုံစံ ၆၆ ပြုလုပ်ပေးခြင်း ယာယီရပ်ဆိုင်း

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ် - ၂၅**

နေပြည်တော်ဒေသတွင် မိသားစုလူဦးရေစာရင်းပုံစံ ၆၆ အားပြီးခဲ့သည့် လပိုင်းအတွင်းကစ၍ ထုတ်ပေးခဲ့သော်လည်း ဩဂုတ် ၂၂ ရက်မှစတင်ကာ ယာယီရပ်နားလိုက်ကြောင်းကိုယ်တိုင်သွားရောက်ပြုလုပ်သူ အချို့နှင့် ရပ်ကွက်နှင့်ကျေးရွာအချို့မှ တာဝန်ရှိသူများထံမှသတင်းရရှိသည်။

"ကျွန်တော်တနင်္လာနေ့(၂၂ ရက်)က ဇဗ္ဗူသီရိရုံးကို ပုံစံ ၆၆ သွားလုပ်တာ သူများတွေ ရပြီဆိုတာနဲ့ကိုယ်လည်း လိုချင်လို့သွားလုပ်တာပေါ့။ အဲဒါအဲဒီရုံးက တာဝန်ရှိသူကဒီနေ့ကစပြီး ယာယီရပ်နားလိုက်ပြီလို့ ပြောလိုက်တယ်။ အဲဒါနဲ့ပဲ ပြန်လာရတယ်"ဟု ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာနေ အသက် ၄၀ အရွယ်ပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ယင်းကဲ့သို့ပင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းနေ ရပ်ကွက်တစ်ခုမှတာဝန်ရှိသူတစ်ဦးက လည်း ယခုတစ်ပတ်ကစ၍ ပုံစံ ၆၆ ရပ်နားလိုက်ပြီဖြစ်ပြီး မည်သည့် အချိန်ပြန်ပေးမလဲဆိုသည်ကိုမသိရှိရသေးကြောင်း ပြောကြားသည်။ နေပြည်တော်တွင် ပုံစံ ၆၆ ပြုလုပ်ပေးခြင်းကို ယခင်က ရပ်ဆိုင်းထားခဲ့ပြီး ပြီးခဲ့သည့် လပိုင်းအတွင်းမှ ပြန်လည်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ နေပြည်တော်တွင် နေထိုင်ကြသူ အများစု၌ မိသားစုလူဦးရေစာရင်းပုံစံ မရှိကြသေးကြောင်းသတင်းရရှိသည်။

# စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရက် နှစ်ပတ်နောက်ဆုတ်ပေး

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအတွက် ပြန်လည်ပေးဆပ်ရမည့်ရက်ကို ယခင်ဖေဖော်ဝါရီ ၁၅ ရက်အစား ဖေဖော်ဝါရီလကုန်အထိ တိုးမြှင့်ခွင့်ပြုပြီး ကောက်ခံသွားမည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ပြောကြားခဲ့ကြောင်းစက်တင်ဘာ ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ပြန်လည်ပေးဆပ်ရမည့် နောက်ဆုံးသတ်မှတ်ရက်အား ၂၀၁၂ မတ် ၃၁ ရက် (သို့မဟုတ်) မတ်လတတိယပတ်အကုန်အထိစောင့်ဆိုင်းကောက်ခံပေးရေး ရှိ၊ မရှိ သိလိုကြောင်း အမေးကို အထက်ပါအတိုင်း ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

ထို့ကြောင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရန် ချေးငွေရယူသူများမှာ လာမည့်နှစ် ဖေဖော်ဝါရီလကုန်မှ ချေးငွေပြန်ဆပ်ရမည်ဖြစ်ပြီး ယခင်ထက် နှစ်ပတ်အချိန် ပိုရမည်ဖြစ်သည်။